The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 19, NO. 12 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | March 25, 2019

# jyKef;wD;aysmufuG,fnftE&Å,fS
# umuG,fapmif;&Sm;ef;vkyfiefeaomjrefrmhef;

စာမျက်နှာ - ၁၈ ➤



## ဆန်ပြည်တွင်း ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

စာမျက်နှာ - ၁၄ ➤

## ပွင့်လင်းရာသီ အရောင်းအဝယ် သွက်လျက်ရှိသော မြန်မာ့လက်မှုရိုးရာ အနုပညာ ပုသိမ်ထီးနှင့် ပြည်တွင်း ပြည်ပ ဈေးကွက်

စာမျက်နှာ - ၂၂ ➤

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မကာအို အုပ်ချုပ်ခွင့်ရဒေသတွင် " The 7th Macao International Travel (Industry) Expo" ကုန်စည်ပြပွဲ ကျင်းပပြုလုပ်မည်

စာမျက်နှာ - ၂၃ ➤



**T Home**

THAILAND TRUST MARK

# LUXURY CURVED TV



Full HD 1920x1080

DVB T2

DOLBY DIGITAL

- 180° ရှုထောင့်ပေါင်းစုံမှ ကြည့်ရှုနိုင်သော မှန်ကွေး
- သဘာဝကျသောရုပ်ထွက်
- ကြည်လင်ပြတ်သားသော အသံစနစ်

Wai Yan Electronics ဆိုင်များနှင့် အမြို့မြို့ အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ် ဆိုင်များတွင် ရရှိနိုင်ပါသည်။

+959-9-974005522

facebook.com/thomeelectronics

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၏ (၁/၂၀၁၉) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



မော်တော်ယာဉ် တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၏ (၁/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးကို မတ် ၁၉ ရက် ၁၃:၀၀ နာရီက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက် အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ကော်မတီအနေဖြင့် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလအထိ မော်တော်ယာဉ် အရောင်းစင်တာ ၁၃၂ ခု၊ အရောင်းပြခန်း ၃၈ ခုတို့အား ဖွင့်လှစ်ရောင်းချခွင့်ပြုခဲ့ကြောင်း၊ စည်းကမ်းချက်များ လိုက်နာရန်ပျက်ကွက်ခဲ့သည့် အရောင်းစင်တာ ၈၅ ခုကိုလည်း ပိတ်သိမ်း အရေးယူခဲ့ပြီးဖြစ်ကြောင်း၊ ကော်မတီမှ ဆုံးဖြတ်သည့် အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် နှစ်စဉ်သတ်မှတ်ထုတ်ပြန်ခဲ့သော ပြည်ပမှတင်သွင်းယာဉ် ထုတ်လုပ်သည့် ခုနှစ်သတ်မှတ်ချက်ကို ဌာနများအနေဖြင့် လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး၊ ဌာနမှထုတ်ပြန်ထားရှိသည့် လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များကိုလည်း မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများကြီးကြပ်ရေးကော်မတီ၏ လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များနှင့် ကိုက်ညီရန် လိုအပ်ကြောင်း၊ ကော်မတီအဖွဲ့ဝင်များအနေဖြင့် လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များနှင့် ပတ်သက်ပြီး ဌာနဆိုင်ရာအချင်းချင်း လုပ်ထုံးလုပ်နည်း မတူညီမှုမရှိစေရေးအတွက် ဝိုင်းဝန်းအဖြေရှာ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် မော်တော်ယာဉ် တင်သွင်းခြင်းနှင့်ပတ်သက်၍ အခက်အခဲများအား ဖြေရှင်းဆောင်ရွက်နိုင်မှာဖြစ်ကြောင်းနှင့် ဌာနဆိုင်ရာအဖွဲ့ဝင်များအနေဖြင့် ဝိုင်းဝန်းဆွေးနွေးအကြံပြုကြပါရန် စသည်ဖြင့် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြရာ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးခဲ့ပြီး ညှိနှိုင်းပေါင်းစပ်ကာ နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

MOC (IR)

---

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် DaNa Facility Empowering Enterprise ၏ Senior Technical Adviser ဖြစ်သူ Dr. Peter Brimble ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် DaNa Facility Empowering Enterprise ၏ Senior Technical Adviser ဖြစ်သူ Dr. Peter Brimble ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မတ် ၁၈ ရက် ၁၅:၀၀နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့ သည်။

ထိုသို့တွေ့ဆုံစဉ် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော် ဒုတိယသမ္မတ (၁) ဦးဆောင်ပြီး လစဉ်ကျင်းပနေသည့် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစည်းအဝေးများ ပိုမို ထိရောက်စေရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ပူးပေါင်းဆောင်ရွက်သွားရေး၊ တိုင်းနှင့် ပြည်နယ်များအကြား ညှိနှိုင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာစေရေးနှင့် အစိုးရ-ပုဂ္ဂလိက တွေ့ဆုံဆွေးနွေးပွဲများ (Private–Public Dialogue) များ ဖြစ်ပေါ်လာစေရေးအတွက် ပုဂ္ဂလိကကဏ္ဍ အား တွန်းအားပေး ဆောင်ရွက်သွားနိုင်ရေးအတွက် DaNa Facility မှ ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOC (IR)

---

## မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာ-ဂျပန် ချစ်ကြည်ရေးအသင်း၏ ဥက္ကဋ္ဌဖြစ်သူ Mr. Hideo Watanab ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မြန်မာ-ဂျပန် ချစ်ကြည်ရေးအသင်း၏ ဥက္ကဋ္ဌဖြစ်သူ Mr. Hideo Watanabe ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား မတ် ၂၂ ရက် ၁၄:၀၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် သီလဝါအထူးစီးပွားရေးဇုန် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာအထူး စီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့၏ ကြီးကြပ်လမ်းညွှန်ချက်နှင့်အညီ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၊ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၊ Japan International Cooperation Agency (JICA) တို့နှင့်အတူ ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ထားသည့် ကုမ္ပဏီများအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှု တိုးမြှင့်နိုင်ရေးနှင့် ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများအား ပူးပေါင်းညှိနှိုင်းဖြေရှင်းနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူး ချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOC (IR)

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မြင့်လွင်
မင်းမင်း
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
သိန်းထွန်းဦး

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။ ဖုန်း-၂၅၁၀၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ဝင်းမာသိန်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Vol: 19, No.12 Monday March 25 2019

# ယခုတစ်ပတ် ဆန်တင်ပို့မှု အနည်းငယ်လျော့ကျ

မတ်လ ၉ ရက်မှ ၁၅ ရက်အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁ဒသမ ၅၆၅ သန်းတန်ဖိုးရှိ ဧည့်မထဆန် ၄၉၉၉ တန်ကျော် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ စခန်းအလိုက်တင်ပို့မှုများမှာ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ၄၉၅၁တန်ခန့်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ၂၈ တန်ကျော်၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ တန်ချိန် ၂၀ တင်ပို့ခဲ့တာဖြစ်ပြီး ယခင်တစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၁၈၂၇ တန်လျော့ကျခဲ့ကြောင်းသိရပါတယ်။ ယခုတစ်ပတ်မှာအမေရိကန်ဒေါ်လာ သုည ဒသမ ဝ၃၂သန်းတန်ဖိုးရှိဆန်ကွဲ တန်ချိန်၁၂၀ ကို မြဝတီကုန်သွယ်ရေးဇုန်မှ တင်ပို့ခဲ့ကြောင်းသိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ မတ်လ ၁၀ရက်မှ ၁၆ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ဒသမ ၁၈၃သန်းတန်ဖိုးရှိ ဧည့်မထဆန်၊ ငစိန်ဆန်နဲ့ပေါင်းဆန် ၆၃၇၁တန်ကျော် တင်ပို့ခဲ့ကြောင်းသိရပါတယ်။ နိုင်ငံအလိုက် တင်ပို့မှုများမှာ အာဖရိကနိုင်ငံများဖြစ်တဲ့ တိုဂိုနိုင်ငံသို့တန်ချိန် ၁၂၇၀၊ကင်မရွန်နိုင်ငံသို့ တန်ချိန် ၁၅၀၀၊ဈေးကွက်သစ်နိုင်ငံဖြစ်တဲ့ မိုဇမ်ဘစ်နိုင်ငံသို့ တန်ချိန်၅၀၀ တင်ပို့ပြီး အာရှနိုင်ငံများဖြစ်တဲ့ စင်ကာပူနိုင်ငံသို့ တန်ချိန်၅၀၊ တရုတ်နိုင်ငံသို့ ၅၂တန်နီးပါး၊ ရုရှားနိုင်ငံသို့ တန်ချိန်၂၅၀နဲ့ အီးယူနိုင်ငံများသို့ ၂၇၄၉တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၂၃၀၃၆ တန် အပို့လျော့ကျခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ၄ ဒသမ ၀၇၈ သန်းတန်ဖိုးရှိ ဆန်ကွဲ ၁၅၂၀၅ တန် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ် တင်ပို့မှုများမှာ အင်ဒိုနီးရှားနိုင်ငံသို့၆၃၀၅ တန်၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၁၀၀နဲ့ အီးယူနိုင်ငံများသို့ တန်ချိန် ၈၈၀၀တင်ပို့ပြီး ယခင်တစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၇၄၂၅ တန် ပိုမိုတင်ပို့နိုင်ကြောင်းသိရပါတယ်။

ယခုတစ်ပတ် ဆန်တင်ပို့မှုစုစုပေါင်းမှာ တန်ချိန် ၁၁၃၇၀နဲ့ ဆန်ကွဲတင်ပို့မှုစုစုပေါင်းမှာ တန်ချိန် ၁၅၃၂၅ဖြစ်ပြီး ဆန်တင်ပို့မှုလျော့ကျခဲ့ကြောင်း သိရပါတယ်။

**ယဉ်ယဉ်အေး**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၂-၃-၂၀၁၉ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၉၀ | ၃၉၅ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၀ | ၃၈၅ | △ | ၃၄၇ | ၃၅၀ | △ | ၄၀၀ | ၄၁၀ | △ | ၃၅၇ | ၃၅၃ | ▽ |
| ဆန်ဖြူ ၁၀% | ၃၇၉ | ၃၈၄ | △ | ၃၄၂ | ၃၄၅ | △ | - | - | - | ၃၅၂ | ၃၄၈ | ▽ |
| ဆန်ဖြူ ၁၅% | ၃၇၇ | ၃၈၀ | △ | ၃၃၇ | ၃၄၀ | △ | - | - | - | ၃၄၇ | ၃၄၃ | ▽ |
| ဆန်ဖြူ ၂၅% | ၃၆၈ | ၃၇၃ | △ | ၃၂၇ | ၃၃၀ | △ | ၃၇၀ | ၃၇၅ | △ | ၃၂၂ | ၃၂၂ | □ |
| ပေါင်းဆန် | ၄၀၈ | ၄၁၄ | △ | - | - | - | ၃၇၈ | ၃၉၃ | △ | ၄၀၈ | ၄၀၈ | □ |

*Source: liverice*

# ပြည်တွင်းမြို့ကြီးများ၏ (၂၂-၃-၂၀၁၉)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၆၀၀ | □ | ၂၃၀၀၀ | □ | ၉၃၅၀ | □ | ၄၃၀၀၀ | □ |
| ပုသိမ် | ၅၃၀၀ | □ | ၂၀၀၀၀ | □ | ၈၉၀၀ | △ | ၃၈၀၀၀ | □ |
| ပဲခူး | ၅၅၀၀ | □ | ၂၂၅၀၀ | □ | - | - | ၄၃၀၀၀ | □ |
| ရွှေဘို | ၈၀၀၀ | △ | ၃၂၀၀၀ | □ | ၁၆၉၀၀ | △ | ၅၇၀၀၀ | △ |
| စစ်တွေ | ၅၃၀၀ | □ | ၂၄၀၀၀ | □ | ၉၂၀၀ | □ | ၄၁၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၅၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၇၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၄၃၀ | △ | ၂၀၅၀၀ | □ | - | - | ၄၉၀၀၀ | □ |
| မန္တလေး | ၇၀၀၀ | □ | ၂၅၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၇၅၀၀ | □ | ၂၃၅၀၀ | □ | - | - | ၅၀၅၀၀ | □ |
| မော်လမြိုင် | ၆၂၀၀ | □ | ၂၂၀၀၀ | □ | ၉၆၆၀ | □ | ၃၈၀၀၀ | □ |
| လှိုင်ကော် | ၉၃၂၀ | △ | ၄၄၅၀၀ | △ | - | - | ၆၇၀၀၀ | △ |
| မြိတ် | ၆၀၀၀ | □ | ၂၄၅၀၀ | □ | - | - | ၄၂၀၀၀ | □ |
| ဘားအံ | ၅၈၀၀ | □ | ၂၁၀၀၀ | ▽ | - | - | ၄၆၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

# ပုသိမ်မြို့နယ် ဆန်၊ စပါးဈေးကွက်မိုးဧည့်မထစပါး ဈေးနှုန်းအနည်းငယ်ကျဆင်း ကျန် ဆန်၊စပါး ဈေးနှုန်းတည်ငြိမ်လျက်ရှိ

ပုသိမ်မြို့နယ် ဆန်၊ စပါးဈေးကွက်တွင် မိုးဧည့်မထ စပါးဈေးနှုန်း အနည်းငယ် ကျဆင်း၍ကျန်ဆန်၊ စပါးဈေးနှုန်းများတည်ငြိမ်လျက်ရှိပြီး ယခင်မိုးဧည့်မထမနောသုခ၊ မျိုးပွားစပါး ပေါင် ၅၀ တင်း ၁၀၀ ကို ကျပ် ၆၂၀၀၀၀-၆၃၀၀၀၀ဈေး ဆန်တစ်အိတ်ကို ကျပ် ၂၂၀၀၀-၂၂၅၀၀ ဈေးနှင့် ရောင်းဝယ်လျက်ရှိပြီး ယခုစပါးဈေး ကျပ် ၆၀၀၀၀၀ ဝန်းကျင် ဈေးနှုန်းသာရှိ၍ ဆန်ဈေးနှုန်း ပြောင်းလဲမှုမရှိဘဲ စပါးတင်း ၁၀၀ ကို ကျပ် ၂၀၀၀၀ ခန့်ဈေးနှုန်းကျဆင်းမှုရှိကြောင်း သိရသည်။ ယခုအချိန်ရာသီဥတုမှာ ယခင်ကထက် အပူဘက်သို့ ရောက်ရှိလာပြီး ယခင်က မိုးမနောသုခ၊ မျိုးပွားစပါးတင်း ၁၀၀ ကြိတ်ခွဲလျှင် ဆန်အိတ် ၂၅၊ ၂၆ အိတ်ရရှိသော်လည်း ယခုအချိန် ရာသီဥတု ပူပြင်းလာသောကြောင့် ဆန်အထွက်နှုန်းလျော့ပြီး ဆန်အိတ် ၂၂၊ ၂၃ အိတ်သာထွက်ရှိ၍ စပါးအရည်အသွေးကျဆင်းမှုကြောင့် ဈေးနှုန်းကျဆင်းခြင်းဖြစ်ကြောင်း ဆန်စပါးဈေးကွက်သတင်းများမှ သိရသည်။

လက်ရှိဈေးကွက် ဧရာဝတီပေါ်ဆန်း ၅၂ ပေါင်ခွဲတင်း ၁၀၀ ကို ကျပ် ၁၂ သိန်း ၊ ဆန်တစ်အိတ်ကို ကျပ် ၃၉၀၀၀-၄၀၀၀၀၊ ပေါ်ဆန်းရင် စပါး ၅၂ ပေါင်ခွဲတင်း ၁၀၀ ကို ကျပ် ၁၀သိန်းဝန်းကျင် ဆန်တစ်အိတ် ကျပ် ၃၇၀၀၀-၃၈၀၀၀ ဈေး



ဧည့်မထအုပ်စုတွင် အမြင့်ဆုံး ရွှေသွယ်စပါးတင်း ၁၀၀ ကို ကျပ် ၈၀၀၀၀၀၊ ဆန်တစ်အိတ်ကို ကျပ် ၂၉၀၀၀-၃၀၀၀၀ဈေးနှင့် ပုံမှန်ရောင်းဝယ်လျက်ရှိကြောင်း ဆန်ကုန်သည်၊ ဆန်စက်ပိုင်ရှင်အသိုင်းအဝိုင်းမှ သိရသည်။

**ဧရာမြေ(ပသ)**

# ဆန်ချောနဲ့ဆန်ကြမ်းတချို့ ဈေးထပ်ကျ

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်ချောနဲ့ဆန်ကြမ်းတချို့ ဈေးထပ်မံကျကြောင်းသိရပါတယ်။ ရန်ကုန်ဝါးတန်းဆန်ကုန်စည်ရဲ့ ဆန်လက်ကားဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကို ကျပ်၄၀၀၀၀ နဲ့ လတ်စတစ်အိတ်ကို ကျပ်-၃၈၀၀၀၊ပုသိမ်၊မြောင်းမြပေါ်ဆန်းဆန် ထိပ်စတစ်အိတ်ကို ကျပ်၄၂၀၀၀နဲ့ လတ်စတစ်အိတ်ကို ကျပ် ၄၀၀၀၀၊ ကျိုက်လတ်ပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကို ကျပ်၃၆၀၀၀နဲ့ လတ်စတစ်အိတ်ကို ကျပ်၃၄၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ်ကို ကျပ် ၄၈၀၀၀-၅၂၀၀၀ ၊ ပေါ်ဆန်းဆန်အသစ် တစ်အိတ်ကို ကျပ် ၃၃၀၀၀-၃၅၅၀၀ရှိပြီး ဈေးငြိမ်နေပါတယ်။ ကျားပျံပေါ်ဆန်းဆန်တစ်အိတ်ကို ကျပ်၃၈၀၀၀-၄၂၀၀၀ရှိပြီး ယခင်တစ်ပတ်ထက် တစ်အိတ်ကိုကျပ် ၂၀၀၀ ခန့် ဈေးကျကြောင်းသိရပါတယ်။

ယခုတစ်ပတ်မှာ ဆန်အဝင်ပုံမှန်ရှိသော်လည်း အရောင်းအဝယ်အေးတဲ့အတွက် ဆန်ကြမ်းတချို့ဈေးအနည်းငယ်ကျကြောင်းကုန်စည်ဒိုင်မှသိရပါတယ်။ ဧည့်မထ ၂၅ မှတ်တစ်အိတ်ကို ကျပ် ၁၉၀၀၀-၁၉၂၀၀၊ ရက် (၉၀)ဆန်တစ်အိတ်ကို ကျပ် ၂၀၀၀၀-၂၀၅၀၀၊ သီးထပ်ရှယ်တစ်အိတ်ကိုကျပ် ၂၀၂၀၀-၂၀၅၀၀ရှိပြီး တစ်အိတ်ကို ကျပ် ၂၀၀၀ ခန့် ဈေးကျကြောင်း ဝါးတန်းကုန်စည်ရဲ့ဆန်လက်ကားဈေးနှုန်းများအရသိရပါတယ်။

**ယဉ်ယဉ်အေး**

# သနပ်ပင်မြို့နယ်အတွင်းရှိ ဆန်ဈေးနှုန်း

ယခုတစ်ပတ် သနပ်ပင်မြို့နယ်တွင် ဧည့်မထစပါးပေါက်ဈေးမှာ ပေါင် ၅၀ တင်း ၁၀၀ ကို ကျပ် ၆၀၀၀၀၀ ၊ ဆန်ဈေးမှာ ကျပ် ၂၀၀၀၀ ပေါက်ဈေးရှိပြီး ပဲတီစိမ်း မှာတစ်တင်းလျှင် ကျပ် ၄၁၀၀၀ ရှိပါတယ်။ ယင်းဆန်များကို ရန်ကုန်ဘုရင့်နောင်ပွဲရုံသို့ တင်ပို့နေကြကြောင်း၊ သယ်ယူပို့ဆောင်ခမှာ တစ်အိတ်လျှင်ကျပ် ၄၀၀ ပေးရကြောင်းနှင့် မန္တလေးသို့တင်ပို့ပါက တစ်အိတ်လျှင်ကျပ် ၁၄၅၀ ပေးရကြောင်း သိရှိရပါတယ်။

**သိန်းဆွေ(သနပ်ပင်)**

၁၆-၃-၂၀၁၉ မှ ၂၂-၃-၂၀၁၉ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 302 | 14,522,455.480 |
| 2 | Form D | 134 | 4,855,068.300 |
| 3 | Form E | 121 | 21,672,267.210 |
| 4 | Korea GSP | 13 | 370,899.210 |
| 5 | Form AK | 85 | 6,324,331.630 |
| 6 | Form AJ | 7 | 268,149.346 |
| 7 | Form AI | 51 | 2,524,940.560 |
| 8 | Form AANZ | 16 | 317,865.720 |
| 9 | Form DFTP | 1 | 80,500.000 |
| 10 | Form CHINA | 1 | 121,871.850 |
| Grand Total | | 731 | 51,058,349.306 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၂-၃-၂၀၁၉ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၅/၃ | ၂၂/၃ | ပြောင်းလဲမှု | ၁၅/၃ | ၂၂/၃ | ပြောင်းလဲမှု | ၁၅/၃ | ၂၂/၃ | ပြောင်းလဲမှု | ၁၅/၃ | ၂၂/၃ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၀၉၇ | ၁၁၀၆ | ▲ | ၁၁၃၃ | ၁၁၆၇ | ▲ | ၁၁၅၀ | ၁၁၅၀ | ■ | ၁၀၅၀ | ၁၁၄၀ | ▲ |
| ပဲစင်းငုံ | ၁၁၇၂ | ၁၂၀၀ | ▲ | ၁၃၀၀ | ၁၂၀၀ | ▼ | ၁၃၁၀ | ၁၃၇၅ | ▲ | ၁၃၀၀ | ၁၃၆၀ | ▲ |
| ပဲတီစိမ်း | ၁၅၅၀ | ၁၅၅၀ | ■ | ၁၇၇၈ | ၁၇၇၈ | ■ | ၁၇၆၃ | ၁၇၆၃ | ■ | ၁၆၃၀ | ၁၆၃၀ | ■ |
| ကုလားပဲရိုးရိုး | ၁၀၀၀ | ၁၀၀၀ | ■ | ၁၂၄၉ | ၁၂၅၈ | ▲ | ၁၂၇၃ | ၁၂၇၈ | ▲ | ၁၂၈၅ | ၁၃၁၀ | ▲ |
| ပဲလွန်းဖြူ | ၉၆၅ | ၉၇၅ | ▲ | ၁၁၆၇ | ၁၁၃၃ | ▼ | ၁၃၁၅ | ၁၃၁၅ | ■ | ၁၁၈၅ | ၁၁၀၅ | ▼ |
| ထောပတ်ပဲ | ၂၀၈၅ | ၂၀၀၀ | ▼ | ၂၀၄၄ | ၂၀၈၀ | ▲ | ၁၈၁၅ | ၁၉၇၃ | ▲ | ၂၃၁၅ | ၁၉၂၀ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၉.၃.၁၉)ထိ | ယခုတစ်ပတ် (၁၆.၃.၁၉)ထိ | (၁.၁.၁၉) မှ (၁၆.၃.၁၉) ထိ |
| မတ်ပဲ | ၇၉၃၉၁ | ၁၆၇၄ | ၈၁၀၆၅ |
| ပဲတီစိမ်း | ၅၀၂၆၃ | ၁၂၁၄၆ | ၆၂၄၀၉ |
| ပဲစင်းငုံ | ၂၃၅၅၃ | ၆၂၅ | ၂၄၁၇၈ |
| ကုလားပဲ | ၁၂၈၇၅ | ၁၉၃၇ | ၁၄၈၁၂ |
| ပဲလွန်းဖြူ | ၇၀၀၈ | ၂၂၂၄ | ၉၂၃၂ |
| မြေထောက်ပဲ | ၁၁၃၁ | ၁၇၆ | ၁၃၀၇ |

## ပြည်ဈေးကွက်တွင် ဝယ်လက်များကြောင့် မြေပဲဆန်ဈေးမြင့်

ပဲခူးတိုင်းဒေသကြီးအနောက်၊ ပြည်ဈေးကွက်သို့ ကံမ၊ မင်းတုန်း၊သရက်နှင့်ရွှေတောင်ဘက်မှတစ်နေ့လျှင် မြေပဲဆန်အိတ် ၈၀၀ ခန့်လောက်ဝင်ရောက်မှုရှိနေသေးတဲ့အတွက် အရောင်းအဝယ်ပုံမှန်ဖြစ်တာတွေ့ရပါတယ်။ မိုးမြေပဲဆန်များကို ရန်ကုန်ဝယ်လက်များက အဝယ်ရှိနေတဲ့အတွက် ယခင်တစ်ပတ်ကထက် ဈေးမြင့်လာတာတွေ့ရပါတယ်။

ယခုတစ်ပတ် မြေပဲဆန်ဈေးများမှာ ဆီဆန် (အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၇၅၀ နှင့် (အနီ) တစ်ပိဿာလျှင် ကျပ် ၂၉၀၀ ဖြစ်ပြီး လုံးဆန် (အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၆၅၀ နှင့် (နီ) တစ်ပိဿာလျှင် ကျပ် ၂၉၀၀ အထိမြင့်တက်လာတာတွေ့ရပါတယ်။ လုံးဆန် (အဖြူ)ကို ရန်ကုန်ဝယ်လက်များက အဝယ်ရှိပြီး လုံးဆန် (အနီ) ကို ပဲလှော်၊ ပဲကြော်သမားများက အဝယ်ရှိလို့ တစ်နေ့လျှင် အိတ်၇၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း (ပြည်)**

## ပဲကြီးအဝင်နည်းလာ၍ဈေးမြင့်ပြီး ပဲကြော်ဖိုများမှ ဝယ်ယူနေ

ရေနံချောင်းမြို့နယ်နှင့် နတ်မောက်မြို့နယ်တွင် ယခုတစ်ပတ် ပဲကြီးအသစ်ဝင်ရောက်မှု နည်းလာသည့်အပြင် ပဲကြော်ဖိုများမှဝယ်သောကြောင့် တစ်တင်းလျှင်ကျပ် ၂၀၀၀ ခန့်ဈေးမြင့်နေကြောင်း ပဲဈေးကွက်က သိရသည်။

ပြီးခဲ့တဲ့ဖေဖော်ဝါရီလဆန်းကစ၍အသစ်ပေါ်ပြီး ကျပ်၃၀၀၀၀ ဝန်းကျင်ရှိနေခဲ့ကာ ဈေးပြန်မတက်ဘဲဖြစ်နေကြောင်း၊ ပဲ တင်း ၁၀၀ ဝန်းကျင်ထွက်သော တောင်သူကြီးများက မရောင်းဘဲ တက်ဈေးမျှော်သောကြောင့် ကုန်ဝင်နည်းလာခြင်းဖြစ်ကြောင်း ရေနံချောင်းမြို့မှပွဲစားများထံကသိရသည်။

ရေနံချောင်းမြို့နယ်နှင့် နတ်မောက်မြို့နယ် ဆက်စပ် လမ်းတစ်လျှောက်ရှိ ကျေးရွာများတွင်ပဲကြီးကို အဓိကစိုက်ကြပြီး အထွက်ကောင်းသဖြင့် တောင်သူများတွက်ခြေကိုက်ကြောင်းရေနံချောင်းမြို့နယ် ညောင်ပင်ဝန်းကျေးရွာအုပ်စုမှ တောင်သူ ဦးစိန်မြက ပြောသည်။လက်ရှိပဲကြီးတစ်တင်းလျှင် ကျပ် ၃၂၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။ **ရွှေဇင်(ရေနံချောင်း)**

## ပခုက္ကူကုန်စည်ဒိုင်တွင် ပဲစင်းငုံနီအသစ် ပြန်လည်ဈေးမြင့်နေ



ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် ၂၀၁၉ ခုနှစ်ထွက် ပဲစင်းငုံနီအသစ်မှာ ယခင်တစ်ပတ် ဈေးအနည်းငယ်တက်နေပါသည်။ ယခင်တစ်ပတ်၏ ပဲစင်းငုံနီအသစ်တစ်တင်းလျှင် ကျပ် ၂၆၂၀၀ ရှိခဲ့ ပြီး ယခုတစ်ပတ် ၂၀၁၉ ခုနှစ်ထွက် ပဲစင်းငုံနီအသစ်တစ်တင်းလျှင် ကျပ် ၁၃၀၀ တက်ခဲ့ပါတယ်။

ယခုတစ်ပတ်၏ ၂၀၁၉ ခုနှစ်ထွက် ပဲစင်းငုံနီအသစ်တစ်တင်းလျှင် ကျပ် ၂၇၅၀၀ ဖြင့် အိတ်ရေ ၅၀ မှ ၁၀၀၊ ၂၀၁၇ ခုနှစ်ထွက် ပဲစဉ်းငုံနီအဟောင်း တစ်တင်းလျှင်ကျပ် ၂၃၇၀၀ ဖြင့်အိတ်ရေ ၅၀ မှ ၁၀၀ ထိ ဥပုသ်နေ့မှလွဲ ပုံမှန်အရောင်းအဝယ်ဖြစ်နေပါသည်။

ကုလားပဲဝါ HL အသစ်မှာလည်း ပြန်လည်ဈေးမြင့်နေပါသည်။ ယခင်တစ်ပတ်က တစ်တင်းလျှင် ကျပ် ၂၇၀၀၀ရှိခဲ့ပြီး ယခုတစ်ပတ်တွင် တစ်တင်းလျှင် ကျပ် ၂၈၀၀၀ ဖြင့်အိတ်ရေ ၅၀၊ တစ်တင်းလျှင် ကျပ် ၁၀၀၀ တက်ခဲ့ပါတယ်။ ကုလားဖြူလုံးကြီး V2 အသစ်မှာတစ်တင်းလျှင် ကျပ် ၂၄၁၀၀ ဖြင့် အိတ် ၅၀၊ ကုလာပဲဝါလုံးကြီး ၉၂၉ တစ်တင်းလျှင် ကျပ် ၂၅၁၀၀ ဖြင့်အိတ်ရေ ၅၀ပဲယင်း(မြစ်ခြေ) တစ်တင်းလျှင်ကျပ် ၂၃၀၀၀ ဖြင့်အိတ်ရေ ၅၀၊ ပဲဇီးကွက် တစ်တင်းလျှင်ကျပ် ၁၈၇၀၀ ဖြင့်အိတ်ရေ ၅၀၊ ထောပတ်ပဲဖြူ(ကျွန်း)တစ်တင်းလျှင် ကျပ် ၃၆၀၀၀ ဖြင့်အိတ်ရေ ၅၀၊ ထောပတ်ပဲဖြူ(ယော) တစ်တင်းလျှင် ကျပ် ၃၇၅၀၀ဖြင့် အိတ်ရေ ၅၀၊ ပြောင်းဖူးစေ့ (CP) တစ်တင်းလျှင် ကျပ်၇၃၀၀ ဖြင့်အိတ် ၅၀၊ အညာဒေသမှ ထွက်ရှိသော မန်ကျည်းသီးမှည့် အတောင့်တစ်ပိဿာလျှင် ကျပ် ၈၄၀ ဖြင့်ကုန်ချိန် ၅၀၀၀ မှ ၇၀၀၀ ထိ ဥပုသ်နေ့မှလွဲ၍ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ **လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## လှော်ပဲသမားများ အဝယ်များနေတဲ့ ပြည်စားတော်ပဲ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲဈေးကွက်မှာ လက်လီသာရောင်းဝယ်မှုအဖြစ်များတဲ့ စားတော်ပဲသီးနှံဟာ ယခုတစ်ပတ်အတွင်း လှော်ပဲသမားများလည်း ဝယ်ယူနေခဲ့တယ်လို့သိရပါတယ်။ ပဲဝင်ရောက်မှုမှာ တစ်ရက်အိတ် ၄၀ /၅၀ ကျော်ဝင်ရောက်ခဲ့ပြီး ပန်းတောင်း၊ မင်းတုန်း၊ ကံမ ဘက်မှ ဝင်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ စားတော်ပဲသီးနှံမှာ နှစ်စဉ်လိုလို ဈေးကောင်းရခဲ့ပေမယ့် ယခုနှစ်မှာ ကျပ် ၃၀၀၀၀ အောက်လျော့နည်းနေပြီး ထောပတ်ပဲသီးနှံထက်လည်း ဈေးလျော့နေခဲ့ပါတယ်။ ပဲဝင်ရောက်မှုများချိန် ပဲထွက်ပေါ်ချိန်ကာလများတွင်သာ လက်လီ/လက်ကား အရောင်းအဝယ်ဖြစ်ပေမယ့် ပဲအဝင်ပါးချိန်မှစ၍ လက်ကျန်လှော်ပဲများသာ ဒေသတွင်း ဝယ်ယူမှုရှိခဲ့ကြောင်း သိရပါတယ်။ **ခင်ဆွေဝင်း (ပြည်)**

## ဟင်္သာတမြို့နယ်တွင် မတ်ပဲ ဈေးတည်ငြိမ်လျက်ရှိ

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်တွင် ပဲမျိုးစုံ ပွဲရုံ ၂၀၅ ရုံရှိပြီး ဖေဖော်ဝါရီလကုန် မတ်လဆန်းမှစ၍ ဟင်္သာတခရိုင်အတွင်းမှ မတ်ပဲများ စတင်ဝင်ရောက်လာရာ ယခုလလယ်တွင် လှိုင်လှိုင်ဝင်ရောက်လာခဲ့ပါသည်။ မတ်ပဲဈေးနှုန်းမှာလည်း စပေါ်ချိန်တွင် တစ်တင်းလျှင် ကျပ် ၂၁၀၀၀ ဈေးဖြင့် စတင်ခဲ့ပြီး ယခုအခါ ကျပ် ၂၃၀၀၀ မှ ၂၄၀၀၀ အတွင်း ဈေးတည်ငြိမ်လျက်ရှိပါသည်။ လာရောက်ရောင်းချသူ တောင်သူများမှာလည်း မတ်ပဲကို အကုန်ရောင်းချခြင်းမပြုဘဲ ငွေလိုသလောက် အနည်းငယ်သာ ရောင်းချ၍ ကျန်ပဲများကို အပ်ကုန်အဖြစ် ပွဲရုံများတွင် အပ်နှံကြပြီး ကြိုက်ဈေးရမှ ရောင်းချရန် ဈေးစောင့်ဆိုင်းလျက်ရှိကြောင်းသိရှိရပါသည်။ **မောင်မောင်မြတ်ခိုင်**

## ပြည်ဈေးကွက်တွင် ထောပတ်ပဲသီးနှံဈေးကောင်းရ

ပြည်ဈေးကွက်အတွင်း ဆောင်းပဲသီးနှံတစ်မျိုးဖြစ်သော ထောပတ်ပဲသီးနှံဟာ ယခုအချိန်မှာ အဝင်လှိုင်ချိန်ကာလဖြစ်ပြီး လက်လီလက်ကား ရောင်းဝယ်မှုဖြစ်နေတဲ့ ပဲသီးနှံဖြစ်ခဲ့ကာ ကျန်ကာလများမှာတော့ လက်လီသမားလောက်သာ ပုံမှန်ရောင်းဝယ်မှုဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ထောပတ်ပဲသီးနှံအား ဒေသတွင်းလက်ကားသမားများအပြင် မန္တလေးဝယ်လိုအား လည်းရှိခဲ့ပါတယ်။ ပဲဈေးမှာတော့ တစ်တင်း ကျပ် ၃၆၀၀၀ ဖြင့် ယခင်ပတ်ကဈေးထက်လည်း ဈေးပိုရလာခဲ့ပါတယ်။ ထောပတ်ပဲသီးနှံမှာ ယခင်နှစ်ကလည်း ဈေးကောင်းရခဲ့ပြီး တစ်နှစ်တာလုံး ဈေးကောင်းရခဲ့သလို ယခုနှစ်လည်း ဈေးကောင်းရလျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။ **ခင်ဆွေဝင်း(ပြည်)**

## ပြည် မတ်ပဲသီးနှံ အရောင်းအဝယ်သွက်

ယခုတစ်ပတ် ပြည်ပဲဈေးကွက်မှာ မတ်ပဲသီးနှံ ပဲဝင်ရောက်မှုများနေသလို အရောင်းအဝယ်လည်း သွက်နေတယ်လို့သိရပါတယ်။ ပြည်အနီးတစ်ဝိုက် ဒေသများမှ နေ့စဉ်ဝင်ရောက်ခဲ့ပြီး အိတ် ၄၀၀ /၅၀၀ ကျော်ဝင်ရောက်ခဲ့လို့ ဝယ်လိုအားအနေဖြင့် လှော်ပဲသမားရော ရန်ကုန်ဝယ်လက်သမားပါ ဝင်ရောက်လာသမျှ ဝယ်ယူနေခဲ့ကြပါတယ်။

ပဲဈေးမှာ လျော့သွားတယ်လို့ ဆိုရမှာဖြစ်ပြီး ပဲတစ်တင်း ကျပ် ၂၃၀၀၀ ဖြင့် လဆန်းရက်က ဈေးထက် လျော့နေခဲ့ပေမယ့်၊ ပဲသစ်ပေါ်စ အချိန်ဈေးထက်တော့ ဈေးပိုရနေတယ်လို့ သိရပါတယ်။ **ခင်ဆွေဝင်း(ပြည်)**

## ပြည်ဈေးကွက်တွင် ပဲစင်းငုံသီးနှံဈေးငြိမ်နေ

ယခုတစ်ပတ် ပြည်ပဲဈေးကွက်မှာ ပဲစင်းငုံသီးနှံသည်လည်း မတ်ပဲသီးနှံနှင့်ယှဉ်လျှင် ပဲဝင်ရောက်မှုလျော့လာတာကိုတွေ့ရပါတယ်။ ပဲလက်ကျန်များရှိတဲ့အတွက် ပဲဟောင်း/ပဲသစ် (၂) မျိုးစလုံးရောင်းဝယ်နေခဲ့ကြပြီး ပဲဈေးနှုန်းအနေဖြင့် ပဲသစ်ဈေးတစ်တင်း ကျပ် ၂၆၀၀၀၊ ပဲဟောင်းဈေး တစ်တင်း ကျပ် ၂၂၀၀၀ တို့ဖြင့် ဈေးအတက်အကျ သိပ်မဖြစ်ဘဲ ရန်ကုန် ဝယ်လက်ဝယ်လိုအားအပေါ်မူတည်၍ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခုနှစ်မှာ ပဲစင်းငုံသီးနှံသည် မတ်ပဲသီးနှံနှင့်ယှဉ်လျှင် ပဲသစ်ပေါ်စကတည်းက ဈေးပိုရလျက်ရှိပြီး ယခုတစ်ပတ်မှာလည်း မတ်ပဲသီးနှံထက် ဈေးပိုရလျက်ရှိကြောင်း သိရပါတယ်။ **ခင်ဆွေဝင်း (ပြည်)**

# ရွှေဈေးနှုန်းမြင့်တက်ရခြင်းအကြောင်းရင်းများ

[ သိန်းမြင့်ဝေ ]

၂၀၁၀ ပြည့်နှစ်နှင့် နောက်ပိုင်း ရွှေအကြောင်းနှင့်ပတ်သက်သော ဖော်ပြချက်အမျိုးမျိုးကို တွေ့ရှိရသည်။ ဖော်ပြချက်အမျိုးမျိုး၏ ရိုးရှင်းသော သတင်းအချက်အလက်မှာ ရွှေဈေးနှုန်းဆက်လက်မြင့်တက်မည်ဟူ၍ ဖြစ်သည်။ ရွှေဈေးနှုန်းမည်မျှမြင့်တက်မည်၊ မည်မျှမြန်ဆန်မည်ဟူသော အချက်မှာ မေးခွန်းထုတ်စရာဖြစ်ပါသည်။

ကမ္ဘာ့ထိပ်တန်းရွှေနှင့် ကျောက်မျက်ကုမ္ပဏီအချို့က ရွှေဈေးနှုန်း ၁% မြင့်တက်ခြင်းသည် ရွှေသိုလှောင်မှု ၂% မှ ၃%ထိမြင့်တက်စေကြောင်း ယုံကြည်ပြောဆိုသည်။ ရွှေဈေးနှုန်းသည် ၂၀၁၀ ပြည့်နှစ်ဈေးနှုန်းဖြစ်သော တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၀၀၀ ဒေါ်လာမှ ၁၀၀% မြင့်တက်မည်ဟု မျှော်မှန်းနိုင်ပါသည်။ ဈေးနှုန်း ၁၀၀% မြင့်တက်ခြင်းသည် တစ်အောင်စလျှင် ဒေါ်လာ ၂၀၀၀ ကျော်မြင့်တက်မည်ဟူသော အချက်သည် ရွှေသိုလှောင်မှုကို ၂၀၀-၃၀၀% ထိ မြင့်တက်မည်ဟူ၍အဓိပ္ပာယ်ရပါသည်။ ဈေးနှုန်းကစားလိုသောကြောင့် ကိုင်ဆောင်ထားမည့် ရွှေပမာဏသည် အဆိုပါ မျှော်မှန်းချက်ထက် ပိုမိုများပြားနေမည်ဖြစ်သည်။ ရွှေဈေးနှုန်းမြင့်တက်စေသောအကြောင်းရင်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

**ရွှေအဖွဲ့အစည်း၏ရွှေရောင်းချခြင်း**

ရွှေအဖွဲ့အစည်း (gold cartel) တွင် အဓိကအားဖြင့် အစိုးရ၊ ဗဟိုဘဏ်များနှင့် ရွှေကုန်သည်များ ပါဝင်သည်။ ဗဟိုဘဏ်များသည် ဈေးကွက်ကို ထိန်းကျောင်းရန်နှင့် ရွှေဈေးနှုန်းကို ကျဆင်းစေရန်တို့အတွက်ရွှေများကို အဓိကထုတ်ရောင်းသူများဖြစ်သည်။ ထိုသို့ဆောင်ရွက်သော်လည်း ဈေးကွက်နှင့်ဈေးနှုန်းကို ထိရောက်စွာ ထိန်းချုပ်ခြင်းမပြုနိုင်ကြောင်း တွေ့ရှိရပါသည်။ ရွှေဈေးနှုန်းကို ထိန်းချုပ်ရန်အတွက် ရွှေပမာဏများစွာကို ရောင်းချခြင်းဖြစ်သည်။ သို့ရာတွင် ထိုသို့ရောင်းချရန်အတွက် ရွှေကိုလုံလုံလောက်လောက် ထိန်းချုပ်နိုင်ခြင်းမရှိပေ။ထို့ပြင်လက်ကျန် ရွှေများလျော့နည်းသွားခြင်းကိုလည်း ထိန်းမထားနိုင်ပေ။ ရွှေဝယ်လိုအားကို ကျဆင်းစေသည့် နည်းလမ်းမှာ ရွှေဈေးနှုန်းမြင့်တက်မှုကို ခွင့်ပြုထားရန်သာဖြစ်သည်။ ဈေးကွက်ကို ထိန်းကျောင်းရန် ခက်ခက်ခဲခဲကြိုးပမ်းသော်လည်း သို့မဟုတ် ဈေးကွက်အတွင်း အစိုးရက ကြားဝင်ဆောင်ရွက်သော်လည်း ဝယ်လိုအားနှင့် ရောင်းလိုအားကို လွှမ်းဆန်နိုင်မည်မဟုတ်ပေ။ တစ်နည်းအားဖြင့် ထိုသို့ကြားဝင်ဆောင်ရွက်သော်လည်း ဝယ်လိုအားနှင့် ရောင်းလိုအားတို့ကသာ အနိုင်ရရှိမည် ဖြစ်သည်။

**ရွှေရောင်းလိုအား ပြတ်လပ်မှု**

လက်ရှိစီးပွားရေးအခြေအနေများနှင့် ထုတ်လုပ်မှုစရိတ်မြင့်မားခြင်းတို့က ရွှေတူးဖော်ထုတ်လုပ်မှုကို ကျဆင်းစေသည်။ ထို့ပြင် အခြေခံအဆောက်အအုံပြဿနာများသည်လည်း ရွှေထွက်ရှိမှုကို သိသိသာသာ ထိခိုက်ကျဆင်းစေပြီး ရွှေရောင်းလိုအားပြတ်လပ်မှုကို ဖြစ်စေပါသည်။

**ရွှေသိုလှောင်ရာနေရာများပြောင်းရွှေ့ခြင်း**

နိုင်ငံများသည် ဥပမာ-ဟောင်ကောင်နိုင်ငံသည် အဆင့်မြင့်နည်းပညာသုံးရွှေတိုက်ခန်း (High-tech security volt) ကို မကြာမီက ဆောက်လုပ်ပြီးစီးခဲ့သည်။ ဟောင်ကောင်အာဏာပိုင်များသည်လန်ဒန်မြို့တွင် ထားရှိသော ၎င်းတို့နိုင်ငံ၏ရွှေများကို ဖော်ပြပါရွှေတိုက်ခန်းသစ်သို့ ပြောင်းရွှေ့သိုလှောင်ထားရှိခဲ့သည်။ ဤအချက်က ဟောင်ကောင်သည် ရွှေစုဆောင်းမည်ဖြစ်ကြောင်း၊ မိမိတို့၏ မျက်မြင်ထိန်းချုပ်နိုင်သော လုံခြုံစိတ်ချရသည့်နေရာတွင်ထားရှိခြင်းဖြစ်ကြောင်း၊ မိမိတို့၏ရွှေများကို အချိန်မရွေးရရှိနိုင်ပြီး အန္တရာယ်ကင်းဝေးသည့်အစီအစဉ်ဖြစ်ကြောင်းဖော်ပြလိုက်သည့်သဘောဖြစ်သည်။

**စစ်နှင့်လူမှုရေးမငြိမ်သက်မှုများ တိုးပွားလျက်ရှိခြင်း**

စစ်နှင့် လူမှုရေးမငြိမ်သက်မှုများသည် အချိန်မရွေး မြန်ဆန် ပြင်းထန်စွာဖြစ်ပေါ်လာနိုင်သည်။ ဒုတိယကမ္ဘာစစ်နောက်ပိုင်းမှစတင်၍ကမ္ဘာကြီးသည်ပိုမိုရှုပ်ထွေးသောပဋိပက္ခများဖြစ်ပေါ်လျက်ရှိပါသည်။ အထူးသဖြင့် တရုတ်လူမျိုးတို့သည်ဖော်ပြပါအကြောင်းအချက်တို့ကြောင့် ရွှေနှင့်ငွေ (Gold & Silver) တို့ကို စုဆောင်းထားရှိကြပါသည်။

**တရုတ်နိုင်ငံ၏ ရွှေလက်ကျန်မြှင့်တင်ခြင်း**

တရုတ်နိုင်ငံသည် ရွှေလက်ကျန်များကို ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှ စတင်၍မြှင့်တင်လျက်ရှိပါသည်။ ၂၀၁၈ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ရွှေကိုင်ဆောင်မှုပမာဏမှာ ၁၈၅၂ ဒသမ ၅ မက်ထရစ်တန်ရှိပါသည်။ ကမ္ဘာ့ပဉ္စမမြောက် ရွှေအများဆုံးကိုင်ဆောင်သောနိုင်ငံဖြစ်ပါသည်။

**တရုတ်နိုင်ငံ၏ ရွှေဝယ်ယူရန်တိုက်တွန်းခြင်း**

ကမ္ဘာ့လူဦးရေအများဆုံးဖြစ်သော စီးပွားရေးတိုးတက်မှုအမြန်ဆန်ဆုံးနိုင်ငံများတွင် ပါဝင်သည့် တရုတ်နိုင်ငံသည် ၎င်း၏နိုင်ငံသားများကို ရွှေနှင့်ငွေတို့ကိုဝယ်ယူကြရန် တရားဝင်တိုက်တွန်းလျက်ရှိသည်။ အဆိုပါ အဖိုးတန်သတ္တုများဖြစ်သည့် ရွှေနှင့်ငွေတို့ကိုဝယ်ယူ၍ ရင်းနှီးမြှုပ်နှံကြရန်လည်း တိုက်တွန်းလျက်ရှိပါသည်။

**အိန္ဒိယနိုင်ငံ၏ရွှေဝယ်ယူခြင်း**

အိန္ဒိယသည် ကမ္ဘာ့ရွှေအများဆုံးဝယ်ယူသောနိုင်ငံဖြစ်ပြီး ကမ္ဘာ့ဒသမမြောက် ရွှေအများဆုံးကိုင်ဆောင်သောနိုင်ငံဖြစ်ပါသည်။ ယခုအချိန်ထိလည်း ရွှေနှင့်ကျောက်မျက်များကို ဆက်လက်ဝယ်ယူလျက်ရှိပြီး ပိုမိုရင်းနှီးမြှုပ်နှံလျက်ရှိသည်။ ကမ္ဘာ့နှစ်စဉ် ရွှေထုတ်လုပ်မှု၏အမြောက်အများကို အိန္ဒိယနိုင်ငံက ဝယ်ယူလျက်ရှိပါသည်။ ဤအချက်က အပြိုင်ဖြစ်ပေါ်လျက်ရှိသော တိုးပွားလျက်ရှိသည့် ရွှေလိုအားကို ကန့်သတ်ရာရောက်သည်။

**ရွှေကုမ္ပဏီကြီးများ၏ရွှေဝယ်ယူခြင်း**

ရွှေကုမ္ပဏီကြီးများနှင့် ရွှေအသင်းအဖွဲ့များသည် ၎င်းတို့၏ရှယ်ယာများကို ကျောထောက် နောက်ခံပြုရန်အတွက် ရွှေများကို ဝယ်ယူကြသည်။ လက်ရှိအချိန်ကာလတွင် GLD, the SPDR Gol d Trust ၏ ရွှေဝယ်ယူထားရှိမှုမှာ တန် ၁၅၀၀ ကျော်ရှိသည်။ ဤပမာဏသည် တရုတ်နိုင်ငံ၏ ရွှေကိုင်ဆောင်ထားသည့် ပမာဏနီးပါးရှိသည်။ ၎င်းတို့၏ရွှေဝယ်ယူမှုသည် ရွှေဈေးနှုန်းမြင့်တက်စေသော အဓိကကျသည့် အချက်တစ်ချက်ဖြစ်ပါသည်။

**ငွေကြေးဖောင်းပွခြင်းနှင့်ငွေကြေးကျုံ့ဝင်ခြင်း**

ငွေကြေးကျုံ့ဝင်မှု (Deflation) ကာလဖြစ်ပေါ်ပြီး နောက်ပိုင်းတွင် ငွေကြေးဖောင်းပွမှု (Inflation)ဖြစ်ပေါ်လာသည်။ အဘယ်ကြောင့်ဆိုသော် ငွေကြေးကျုံ့ဝင်ခြင်းနှင့် စီးပွားရေးကျဆင်းခြင်းကို ကုစားရန်အတွက် ဈေးကွက်အတွင်း ငွေကြေးများစွာ ထိုးထည့်ခြင်းကြောင့်ဖြစ်သည်။ Inflation က ရွှေဈေးနှုန်းကို မြင့်တက်စေပါသည်။ ၁၉၈၀ပြည့်နှစ်တွင် ကမ္ဘာ့ရွှေဈေးနှုန်းသည် တစ်အောင်စလျှင် ကန်ဒေါ်လာ ၈၈၇ ဒေါ်လာအထိ မြင့်တက်ခဲ့သည်။ ထိုအချိန်တွင် ငွေကြေးဖောင်းပွမှုသည် ၂၀% ကျော်သို့(အမြင့်ဆုံးသို့) ရောက်ရှိခဲ့ပါသည်။ အဆိုပါအခြေအနေတွင် အပေါင်ဆိုင်များ (အပေါင်လုပ်ငန်းရှင်များ)က ၁၇% ကျော်သာ အတိုးပေးခဲ့သည်။ ငွေကြေးဖောင်းပွမှုနှုန်းကို မကာမိသော အတိုးနှုန်းက အဖိုးတန်သတ္တုများဖြစ်သည့် ရွှေနှင့်ငွေဝယ်ယူမှုကို ထပ်မံတိုးတက်စေပါသည်။

**စက္ကူငွေကြေးတန်ဖိုးကျဆင်းခြင်း**

စက္ကူငွေကြေးတန်ဖိုးသိသိသာသာကျဆင်းခြင်း တစ်နည်းအားဖြင့် အမေရိကန်ဒေါ်လာ၏တန်ဖိုး သိသိသာသာကျဆင်းခြင်းသည် ရွှေဈေးနှုန်းကိုမြင့်တက်စေသည်။ သို့သော်လည်း ပို့ကုန်တန်ဖိုး တိုးတက်ရေး၊ ငွေကြေးလည်ပတ်မှုအားကောင်းရေးတို့အတွက် စက္ကူငွေကြေးများ (Currencies) ၏ တန်ဖိုးကို အပြိုင်အဆိုင်လျှော့ချလျက်ရှိသည်။ ငွေကြေးအမျိုးအစားအားလုံးသည်ယုံကြည်စိတ်ချရမှုမရှိခြင်း၊ ကြာရှည်လုံခြုံမှုမရှိခြင်းတို့ကြောင့် ရွှေသည်ငွေကြေးသစ်(New money) ဖြစ်လာသည်။ ထို့ကြောင့် ရွှေကိုပိုမိုဝယ်ယူကိုင်ဆောင်လာပါသည်။

**အခြားအချက်များ**

လွန်ခဲ့သည့် ၁၅ နှစ်ကျော်မှစတင်၍ ရွှေဈေးနှုန်း သိသိသာသာမြင့်တက်ခဲ့သည်။ ဤသို့မြင့်တက်ခြင်းက လူတစ်ဦးချင်းနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် အဖိုးတန်သတ္တုဖြစ်သော ရွှေကို ဝယ်ယူရင်းနှီးမြှုပ်နှံစေပါသည်။ ရွှေကို ဝယ်ယူရင်းနှီးမြှုပ်နှံမှု၏ ကောင်းကျိုးနှစ်ရပ်မှာ ရင်းနှီးမြှုပ်နှံသူအတွက် ပြန်ရချက်များ (Returns) ကို တိုးပွားစေခြင်းနှင့် ဆုံးရှုံးနိုင်ချေ (Risk) အတွက် ကာကွယ်ပေးခြင်းတို့ဖြစ်သည်။တင်းမာမှုများသည် ရွှေဈေးနှုန်းကို အဓိကမြင့်တက်စေသော အချက်ဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်းတွင်ရှိသော ပထဝီဝင်နိုင်ငံရေးတင်းမာမှုများ (Various geo-political tensions)က မသေချာမှု (Uncertainty)ကို ဖြစ်ပေါ်စေပါသည်။ ဤအချက်က ရင်းနှီးမြှုပ်နှံသူများက ၎င်းတို့၏ အစုရှယ်ယာကဲ့သို့သော ဆုံးရှုံးနိုင်ခြေရှိသည့် ရင်းနှီးမြှုပ်နှံမှုများကိုရောင်းချပြီး ရွှေကိုဝယ်ယူထားစေပါသည်။ အကျိုးဆက်အနေဖြင့် မသေချာမှုကို ထင်ဟပ်ဖော်ပြသည့်အနေဖြင့် ရွှေဈေးနှုန်းကို မြန်ဆန်စွာ မြင့်တက်စေပါသည်။

ရွှေဈေးနှုန်းကို မြင့်တက်စေသော အခြားအချက်မှာ ဒေါ်လာတန်ဖိုးကျဆင်းခြင်း (Weak dollar) ဖြစ်ပါသည်။ ယခင်က အမေရိကန်ဒေါ်လာကို ရွှေနှင့်တိုက်ရိုက်ချိတ်ဆက်ထားခဲ့သည်။ သို့သော်လည်း ၁၉၇၀ ခုနှစ်များတွင် အမေရိကန်နိုင်ငံသည် ရွှေစံချိန်စနစ် (Gold standard) ကို စွန့်လွှတ်ခဲ့သည်။ ဤအချက်က ငွေကြေးတစ်မျိုးနှင့်တစ်မျိုးလဲလှယ်သည့် ငွေကြေးအမျိုးမျိုး၏ အတက်အကျများကို ဖြစ်ပေါ်စေသည်။ ဆိုလိုသည်မှာ ဒေါ်လာတန်ဖိုးနှင့် ရွှေတန်ဖိုးတို့၏ ပြောင်းပြန်ဆက်စပ်မှုကို ဖြစ်စေပါသည်။ တစ်နည်းအားဖြင့် ဒေါ်လာတန်ဖိုး (ဈေးနှုန်း) ကျဆင်းလျှင်ရွှေတန်ဖိုး (ဈေးနှုန်း) မြင့်တက်ပြီး ဒေါ်လာဈေးနှုန်းမြင့်တက်လျှင် ရွှေဈေးနှုန်းကျဆင်းမည် ဖြစ်သည်။

■

## မြန်မာ့ဆိပ်ကမ်းတွင် ၂၁.၃.၂၀၁၉ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

**(က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ**

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း(၁) | - UNI AMPLE | TEU ၆၁၅ တင် ၆၁၅ ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၁) | - MITRA BHUM | TEU ၆၂၇ တင် ၆၅၈ ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၂) | - ALS SUZURAN | TEU၄၄၀ တင် ၈၇၄ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၁) | - SINAR BANDUNG | TEU ၇၃၅ တင် ၇၀၈ ချဆဲ |
| ဆူးလေဆိပ်ကမ်း(၅) | - TAN BINH-246 | ဆန် ၁၄၅၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၇) | - BLUE LOTUS | Urea(In Bulk) ၁၂၀၀၀ ချဆဲ |
| သီလဝါဆိပ်ကမ်း(၁) | - YANTRA BHUM | TEU ၂၆၅တင်ဆဲ |
| သီလဝါဆိပ်ကမ်း(၅) | - SEABOURN OVATION | Cruise Vessel Pax 527 |
| WILMAR JETTY | - MANDARIN FORTUNE | Coil(In Bulk )၃၀၈၀၀ ချဆဲ |
| PUMA JETTY | - MT ERICA-10 | Bitumen ၅၀၀ ချဆဲ |
| Green Asia JETTY | - MT YU HAI | DieselOil+Mogas (92Ron) ၁၈၄၆၁ ချဆဲ |

**(ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ**

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| CHARITY | Fertilizer 2490 ချရန် | MITT | ၁၉.၃.၂၀၁၉ |
| AQUA BLUE | Iron Pipe ၃၃၂၂ ချရန် | MIPL | ၂၀.၃.၂၀၁၉ |
| AMKE SELMER | Steel&Fertilizer ၂၁၃၆ ကုန်ချရန် | MITT | ၂၂.၃.၂၀၁၉ |
| WINDS-3 | Calclum Sillca Fertilizer ၁၁၀၀၀ ကုန်ချရန် | MITT | ၂၂.၃.၂၀၁၉ |
| TRUONG MINH OCEAN | UREA (In Bulk) ၁၂၆၀၀ ကုန်ချရန် | INDONESIA | ၂၂.၃.၂၀၁၉ |
| HAI PHUONG ASIA | Steel Plate ၃၀၀၀ ကုန်ချရန် | INDONESIA | ၂၂.၃.၂၀၁၉ |
| OTUG;SURYA WIRA, BG;SURYA NAWA | Coal (In Bulk) ၆၂၂၉ ကုန်ချရန် | INDONESIA | ၂၂.၃.၂၀၁၉ |
| TAY SON-3 | D Bar ၁၂၀၀၀ ကုန်ချရန် | INDONESIA | ၂၃.၃.၂၀၁၉ |
| ZEALAND ALMERE | Steel Plate ၂၉၂၅၈ကုန်ချရန | CHINA | ၂၅.၃.၂၀၁၉ |
| LEMANS EXPRESS | Unite Vehicle (RO/RO) ၁၀၄ ကုန်ချရန | JAPAN | ၂၅.၃.၂၀၁၉ |
| SEVENSEAS NAVIGATOR | Cruise Vessel Nos Pax ၅၀၀ | THAI | ၂၅.၃.၂၀၁၉ |
| SILVER SHADOW | Cruise Vessel Nos Pax ၃၂၆ | MALAYSIA | ၂၅.၃.၂၀၁၉ |
| JIN SUI | Steel Feertilizer ၂၉၀၀၀ ကုန်ချရန် | CHINA | ၂၇.၃.၂၀၁၉ |
| AN NING | STEEL ၂၄၀၀၀ ကုန်ချရန် | CHINA | ၃၁.၃.၂၀၁၉ |

**(ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း**

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| CHERRY VESTA | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၁.၃.၂၀၁၉ |
| MCC DHAKA | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၂၂.၃.၂၀၁၉ |
| PACITA | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၂၃.၃.၂၀၁၉ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၄.၃.၂၀၁၉ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၄.၃.၂၀၁၉ |
| NESHAT | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၅.၃.၂၀၁၉ |
| AREZOO | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၅.၃.၂၀၁၉ |
| TOVE MAERSK | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၅.၃.၂၀၁၉ |
| SINAR BALI | SINGAPORE | အေးရှားဝေါလ်/ထီးတန်းဆိပ်ကမ်း | ၂၆.၃.၂၀၁၉ |
| NEFELI | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၇.၃.၂၀၁၉ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၇.၃.၂၀၁၉ |
| OCEAN PROBE | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၈.၃.၂၀၁၉ |
| MAERSK WIESBADAN | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၉.၃.၂၀၁၉ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀.၃.၂၀၁၉ |
| MITRA BHUM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀.၃.၂၀၁၉ |

**(ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း**

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.GLORY STAR | Diesel | Green Asia JETTY | ၂၂.၃.၂၀၁၉ |
| MT.OCEAN MARLIN | MOGAS(92 RON) | MMTM JETTY | ၂၂.၃.၂၀၁၉ |
| MT.VIET STAR | P.Oil(In Bulk) | INDONESIA | ၂၃.၃.၂၀၁၉ |
| MT.ARMONIA | P.Oil(In Bulk) | INDONESIA | ၂၃.၃.၂၀၁၉ |
| MT.SK LINE -1 | P.Oil(In Bulk) | INDONESIA | ၂၃.၃.၂၀၁၉ |
| MT.YU DONG | Diesel | SINGAPORE | ၂၃.၃.၂၀၁၉ |
| MT. FLY GURNARD | Diesel | SINGAPORE | ၂၃.၃.၂၀၁၉ |
| MT.CHAO ANOMA | P.Oil(In Bulk) | INDONESIA | ၂၅.၃.၂၀၁၉ |
| MT. PRIMROSE | P.Oil(In Bulk) | INDONESIA | ၂၈.၃.၂၀၁၉ |

## ကြက်သွန်

# တောင်ငူမြို့ ကြက်သွန်ဖြူဈေးပုံမှန်ရှိ

တောင်ငူမြို့ ဈေးများအတွင်းသို့ အထက်အညာဒေသနှင့် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသောကြက်သွန်ဖြူဥများမှာ အကြီးစ၊ အလတ်စ၊ အသေးစအရွယ်အစားအမျိုးမျိုးရှိရာ အညာဒေသထွက် ကြက်သွန်ဖြူအကြီးမှာတစ်ပိဿာလျှင် ကျပ် ၁၇၀၀ မှ ၂၀၀၀ ၊ အလတ်စမှာတစ်ပိဿာလျှင် ကျပ် ၁၃၀၀ မှ ၁၅၀၀ နှင့် အသေးစမှာတစ်ပိဿာလျှင်ကျပ် ၁၁၀၀ မှ ၁၂၅၀ ဈေးရှိပါသည်။ ရှမ်းပြည်ထွက် ကြက်သွန်ဖြူအကြီးမှာတစ်ပိဿာလျှင်ကျပ် ၂၀၀၀ မှ ၂၂၀၀ ဖြစ်ပြီး ကြက်သွန်ဖြူ ဈေးနှုန်းမှာ ပုံမှန်အနေအထားတွင်ရှိသော်လည်း အရောင်းအဝယ်မှာပုံမှန်ထက် အနည်းငယ်ရောင်းအားကောင်းလျက်ရှိကြောင်း တောင်ငူမြို့ ကြက်သွန်ဖြူပွဲရုံ များထံမှ သတင်းရရှိပါသည်။ **သင်းသင်းအေး(တောင်ငူ)**

# တရုတ်သို့ ကြက်သွန်နီတင်ပို့မှု တက်သော်လည်း ဈေးငြိမ်

ယခုရက်သတ္တပတ်အတွင်း မတ် ၁၃ ရက်မှ ၁၉ ရက်ထိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ တရုတ်ပြည်သို့ တင်ပို့လျက်ရှိသော ကြက်သွန်နီဈေးနှုန်းမှာ တစ်ပိဿာလျှင် ၃၉၅ ကျပ်မှ ကျပ် ၄၀၀ ဝန်းကျင်သာရှိနေပြီး ဈေးပြောင်းလဲခြင်းမရှိဘဲ အရောင်းအဝယ် ဖြစ်နေပါသည်။ မတ် ၆ ရက်မှ မတ် ၁၂ ရက်ထိ တင်ပို့မှုမှာ ကားအစီးရေ ၄၇ စီး၊ တင်ပို့တန်ချိန် ၁၉၄၀ တန်ဖြစ်ကာ ဈေးနှုန်းမှာ ကျပ် ၃၉၀-၄၀၀ ဖြစ်သည်။ မတ် ၁၃ ရက်မှ ၁၉ ရက်ထိ ကားစီးရေ ၇၃ စီး၊ တင်ပို့တန်ချိန် ၂၃၈၈ ဒသမ ၅ တန် အရောင်းအဝယ်ဖြစ်သဖြင့် မြန်မာမှ တရုတ်သို့ ကြက်သွန်နီတင်ပို့မှု တန်ချိန်မြင့်တက်လာခဲ့သော်လည်း ဈေးနှုန်းမှာ အပြောင်းအလဲမရှိဘဲ ပုံမှန်အနေအထားအတိုင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ကုန်စည်ဒိုင်စာရင်းများအရသိရပါသည်။ ငွေဈေးအားဖြင့် အမေရိကန် တစ်ဒေါ်လာလျှင် ကျပ် ၁၅၁၀ - ၁၅၁၂ ကျပ်ဝန်းကျင် ပေါက်ဈေးဖြစ်ခဲ့ပါသည်။

မတ် ၁ ရက်မှ ၁၉ရက်အတွင်း တရုတ်ငွေဈေးမှာ တစ်ယွမ်လျှင် ၂၂၃ - ၂၂၅ ကျပ်ဈေးဖြစ်ပြီး ကြက်သွန်နီတစ်တန်လျှင် မြန်မာငွေကျပ် ၂၄၂၀၀၀ - ၂၄၅၀၀၀ ရရှိပါသည်။ တစ်ပိဿာဈေးနှုန်းမှာ မြန်မာငွေကျပ် ၃၉၅ မှ ၄၀၀၊ တရုတ်ယွမ် ၁ ဒသမ ၇၁ယွမ်ဖြင့် ဆက်လက်ရှိနေကြောင်း ပဲ၊ ပြောင်း၊ နှမ်းကုန်စည်ဒိုင်စာရင်းအရ သိရှိရပါသည်။

**စိုးသန္တာထွန်း (မောဝ်ရွှေလီကုန်သွယ်မှုဇဟိုဌာန)**

## အာလူး

# တောင်ငူမြို့ အာလူးအရောင်းအဝယ် ပုံမှန်အနေအထားတွင်ရှိသော်လည်း ဈေးကောင်းရလျက်ရှိ

တောင်ငူမြို့ဈေးများအတွင်းသို့ အထက်အညာဒေသများဖြစ်သည့် မြင်းခြံ၊ ပျော်ဘွယ်နှင့် ရှမ်းပြည်နယ်တို့ဘက်မှ အာလူးများ ဝင်ရောက်လျက်ရှိပြီး ဈေးနှုန်းမှာအနည်းငယ်မြင့်တက်လျက်ရှိပါသည်။ အသေးစဂေါ် လီသီးတစ်ပိဿာလျှင် ကျပ် ၅၅၀ မှ ၆၀၀၊ အလတ်စမှာတစ်ပိဿာလျှင်ကျပ် ၈၀၀ မှ ၁၂၀၀ နှင့် အကြီးစမှာ တစ်ပိဿာလျှင် ကျပ် ၁၃၀၀ မှ ၁၄၀၀ ဈေးရလျက်ရှိသော်လည်း အရောင်းအဝယ်မှာပုံမှန်အနေအထားသာရှိကြောင်း တောင်ငူမြို့ရှိအာလူးပွဲရုံများမှ သိရှိရပါသည်။

**စိန်ကြိုင်(တောင်ငူ)**

## ချင်း

# ဒီတစ်ပတ် ချင်းတင်ပို့မှုလျော့

မတ်လ ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်းချင်း ၁၄၂၂ ဒသမ ၄၂၇ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၁၂၆၀၊ အိန္ဒိယနိုင်ငံသို့ ၄၈ တန်၊ အင်ဒိုနီးရှားနိုင်ငံသို့ ၁၀၈ ဒသမ ၆၆ တန်၊ ယူအက်စ်အေ သို့ ၅ ဒသမ ၇၆၇ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံး တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ်က ချင်းတန်ချိန် ၁၈၃၀ ကျော်တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၄၀၀ ကျော် တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရ ပါတယ်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၄၄၉၆၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

# ဟိုပုံးဈေးကွက်မှာ ရှမ်း/ချင်းလှိုင်လှိုင်ပေါ်နေ

ဒီနှစ်ထွက်တဲ့ချင်းအသစ်တွေက ဈေးကွက်မှာအဝင်လှိုင်လာပါပြီ။ ဟိုပုံးဈေး ကွက်မှာလည်း ချင်းအသစ်က ဝင်နေဆဲပဲလို့ ဈေးကွက်ကသိရပါတယ်။ ရှမ်းချင်းက ဈေးကောင်းနေတာ နှစ်နှစ်၊ သုံးနှစ်ခန့်ရှိပါပြီ။ ဈေးကွက်ကိုဝင်လာတဲ့ချင်းကိုလည်း အရည်အသွေးပေါ် မူတည်ပြီး ဈေးနှုန်းသတ်မှတ်ကြပါတယ်။

လောလောဆယ်တော့ အကြမ်းစနဲ့အချောစဆိုပြီး နှစ်မျိုးခွဲခြားပြီး အရောင်း အဝယ်ဖြစ်နေတယ်လို့လည်းသိရပါတယ်။ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ အိန္ဒိယကို တင်ပို့ ဖို့အတွက် စစ်တွေ၊ တောင်ကုတ်ဝယ်လက်တွေက ဝယ်ယူနေတာရယ်၊ ပြည်တွင်းသုံး အတွက် ဝယ်ယူနေတာကြောင့် တစ်ပတ်အတွင်းမှာ ခန့်မှန်းခြေပိဿာချိန်နှစ်သိန်း ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ပြည်တွင်းသုံးဝယ်လက်တွေကတော့ ရန်ကုန်ကအများဆုံးဝယ်ယူပြီး ဘုရင့် နောင်မှတစ်ဆင့် တစ်ပြည်လုံးကို ဖြန့်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ဟိုပုံးဈေး ကွက်မှာ ရှမ်းချင်းကတစ်ပိဿာကို ကျပ်၁၂၅၀ မှ ၁၄၀၀ ဈေးရှိပါတယ်။ ချင်းခြောက်ကိုတော့ ချင်း(စို)ဈေးကောင်းလာတဲ့ လွန်ခဲ့တဲ့နှစ်နှစ်၊ သုံးနှစ် ကတည်းကစပြီး လုပ် ကိုင်ခြင်းမရှိတော့ဘူးလို့လည်းသိရပါတယ်။ လက်ကျန်ချင်းခြောက်လည်း နည်းသွားပါပြီ အရောင်းအဝယ်ကလည်း ခပ်အေးအေးသာဖြစ်တယ်လို့သိရပါတယ်။

အောင်ပန်းဈေးကွက်မှာလည်း ချင်းအသစ်က အဝင်များနေပါတယ်။ ပြည်ပ ဝယ်လက်ရှိတာကြောင့် ချင်း(စို)က အရောင်းအဝယ်ကောင်းနေပါတယ်။ အရင် တစ်ပတ်ကထက်လည်း ဈေးတက်လာပြီး တစ်ပတ်အတွင်းမှာ ပိဿာချိန်ပေါင်း လေးသိန်းခန့် အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒီတစ်ပတ်ပေါက်ဈေးကတော့ တစ် ပိဿာကို အနိမ့်ဆုံးကျပ် ၇၀၀ မှ အမြင့်ဆုံး ကျပ် ၁၃၀၀ ဈေးရှိပါတယ်။

**ဇေခိုင် (တောင်ကြီး)**

## မန်ကျည်း

# ဈေးအနည်းငယ်ထပ်ကျလာတဲ့ ပြည်မန်ကျည်းမှည့်

ပြည်မန်ကျည်းမှည့်ပွဲရုံများသို့ မန်ကျည်းမှည့်အဝင်ပိုလာတာတွေ့ရပါတယ်။ ဒေသခံတောင်သူများထံမှလည်း မန်ကျည်းမှည့်ထုတ်ရောင်းလာတာတွေ့ရပါတယ်။ အညာဒေသတို့မှလည်း အဝင်ရှိလာတာကြောင့် ဒိုင်များမှာအဝင်ပိုလာပြီး ဈေးအနည်းငယ်ကျလာကာ အစေ့မပါသော အသားချည်းသာဝင်ရောက်ခြင်း ဖြစ်ပါတယ်။

ယခုတစ်ပတ်ပွဲရုံပေါက်ဈေး တစ်ပိဿာလျှင် ကျပ် ၁၇၀၀ ဖြစ်ပြီး ဒေသတွင်းလက်လီတစ်ပိဿာဈေးကတော့ ကျပ် ၂၀၀၀ ဈေးဖြစ်ပါတယ်။ မန်ကျည်းပွဲရုံများမှတစ်ဆင့် ရန်ကုန်သို့ ပုံမှန်တင်ပို့ရကြောင်းလည်း သိရပါတယ်။ **နီနီဝင်း(ပြည်)**

# မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀ သိန်းကျော်ဝင်

မတ်လ ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်းမန်ကျည်း ၃၄၄၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၁၀၄ တန်၊ အင်ဒိုနီးရှားနိုင်ငံသို့ ၇၅ တန်၊ အီရန်နိုင်ငံသို့ တန်ချိန်၁၀၀၊ မလေးရှားနိုင်ငံသို့ ၈၄၄ တန်၊ ပါကစ္စတန်နိုင်ငံသို့ တန်ချိန်၇၅၀၊ စင်ကာပူနိုင်ငံသို့ ၂၄၅ တန်၊ ထိုင်းနိုင်ငံသို့တန်ချိန် ၁၀၀ နဲ့ ဗီယက်နမ်နိုင်ငံသို့ ၁၂၂၂ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က မန်ကျည်းတန်ချိန် ၃၄၂၀ ကျော် တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၂၀ ကျော် တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ တစ်သိန်းကျော် ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။ **သီတာဝင်း(DOT)**

## ပြောင်း

# ထိုင်းနိုင်ငံနဲ့တရုတ်နိုင်ငံများသို့ ပြောင်းပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ မတ် ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁၄ သန်း တန်ဖိုးရှိ ပြောင်းဖူးစေ့ ၆၉၈၁ တန်ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့၃၉၉၂ တန်နဲ့ နှိုင်းယှဉ်ပါက ၂၉၈၉ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ကန်ပိုက်တီမှလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၅၄၄ သန်း တန်ဖိုးရှိပြောင်း ၂၈၄၃ တန် တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၁၉၈၇ တန်ကျော်၊ လွယ်ဂျယ်မှ ၆၁၅တန်၊ ကန်ပိုက်တီမှ တန် ၂၄၀ ဖြစ်ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ မတ် ၉ ရက်မှ ၁၅ ရက်အတွင်း ပြောင်းတစ်တန်ဈေးမှာ ယခင်တစ်ပတ်အတိုင်း ပြောင်းလဲမှုမရှိကြောင်း၊ မူဆယ်သို့ ယခုတစ်ပတ်ပြောင်းကား ၆၂ စီးဝင်ရောက်ခဲ့ကြောင်းသိရပါတယ်။

**မော်မော်အောင်**



# တောင်ငူ နွေပြောင်းဖူး ဈေးကောင်းရနေ

တောင်ငူမြို့နယ် ရှမ်းဝတီးကျေးရွာတွင် နွေပြောင်း အနည်းငယ်သာ စိုက်ပျိုးသော်လည်း နွေပြောင်း ထွက်ရှိကာလတွင် ပြောင်းဖူး ၁၀၀ ဖူးလျှင် ကျပ် ၈၀၀၀ မှ ၉၀၀၀ အထိ ယခင်နှစ်ကထက် ဈေးပိုမိုရရှိသဖြင့် ပြောင်းစိုက်ပျိုးထုတ်လုပ်သူများ အနေဖြင့် နောက်နှစ်တွင် ပြောင်းပိုမို စိုက်ပျိုးလာဖွယ်ရှိကြောင်း ပြောင်းစိုက်ပျိုးသူ တောင်သူတစ်ဦးထံမှ သိရှိရပါသည်။ **ကျော်ကျော်(တောင်ငူ)**

## နနွင်း

# ဒီတစ်ပတ် နနွင်းတင်ပို့မှုလျော့

မတ်လ ၁၀ ရက်မှ ၁၆ ရက် သီတင်းပတ်အတွင်း နနွင်း ၉၀ ဒသမ ၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံသို့ သုညဒသမ ၈တန်၊ အိန္ဒိယနိုင်ငံသို့ ၇၅ တန်နဲ့ မလေးရှားနိုင်ငံသို့ ၁၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က နနွင်းတန်ချိန် ၃၁၀ ကျော်တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၂၀၀ ကျော်တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၄၂၀၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

Vol: 19, No.12 Monday March 25 2019

# GSP အခွင့်အရေး ဆက်လက်ရရှိနိုင်မည့် မြန်မာ့ဆန်အမျိုးအစားများ

**DOCA (CTQM)**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့် အားလျော်စွာ နိုင်ငံခြားဝင်ငွေရရှိမှုအတွက် စိုက်ပျိုးရေးအခြေခံထုတ်ကုန်များအပေါ်တွင် အဓိက မှီခိုအားထားရလျက် ရှိပါသည်။ စိုက်ပျိုးရေး ထွက်ကုန်များဖြစ်သော ဆန်စပါး၊ ပဲအမျိုးမျိုးစသည့် ကောက်ပဲသီးနှံများသည် နိုင်ငံ၏အဓိကဝင်ငွေကို ဖော်ဆောင်ပေးသော ကဏ္ဍများဖြစ်ကြပေသည်။ မျက်မှောက်ခေတ် မြန်မာ့ကုန်သွယ်ရေးစနစ်ကို လေ့လာသုံးသပ်ပါက နယ်စပ်ကုန်သွယ်မှုများအပေါ်တွင် မှီခိုအားထားနေရကြောင်း တွေ့ရှိရပါသည်။ စိုက်ပျိုးအခြေခံထုတ်ကုန်များကို တင်ပို့ရာတွင် ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့ကြီး (WTO) မှချမှတ်ထားသော အပင်နှင့် အပင်ပိုးမွှားကင်းရှင်းမှု ဆိုင်ရာသဘောတူညီချက် (SPS)၊ ကုန်သွယ်မှုဆိုင်ရာ နည်းပညာ အတားအဆီး (TBT) နှင့် သက်ဆိုင်ရာနိုင်ငံ အဖွဲ့အစည်းအလိုက် ချမှတ်ထားသော အစားအစာဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်း စသည်တို့ကို လိုက်နာကျင့်သုံးရပါသည်။

မြန်မာ့ကုန်သွယ်မှုတွင် နောက်ဆုံးငါးနှစ်အတွင်း ဆန်စပါးကဏ္ဍသည် သိသာထင်ရှားစွာ တိုးတက်မှုများရှိခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွင်း ဆန်တန်ချိန် ၃ ဒသမ ၅၈ သန်းစံချိန်တင် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံကျော်ရရှိခဲ့ပါသည်။ မြန်မာ့ဆန်သည် နယ်စပ်လမ်းကြောင်းမှတစ်ဆင့် တရုတ်နိုင်ငံသို့တင်ပို့မှုများပြားလျက်ရှိပြီး၊ ဥရောပသမဂ္ဂနိုင်ငံများ၊ သီရိလင်္ကာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ တင်ပို့လျက်ရှိပါသည်။ ၂၀၁၃ ခုနှစ်တွင် EU အနေနဲ့ မြန်မာနိုင်ငံအပေါ် GSP အခွင့်အရေးပြန်လည်ပေးအပ်ခဲ့ပြီးနောက် မြန်မာ-EU ကုန်သွယ်မှုပမာဏသည် နှစ်စဉ်တိုးတက်လျက်ရှိပြီး ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အထိ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံအထိ ရှိလာခဲ့ပြီဖြစ်ပါတယ်။ GSP အခွင့်အရေးဆိုသည်မှာ ဖွံ့ဖြိုးမှုနည်းပါးတဲ့ LDC (Least Developed Countries) နိုင်ငံတွေအပေါ် ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့် အရေးဖြစ်ပြီး အကောက်ခွန်သက်သာခွင့်တစ်ရပ်ဖြစ်ပါတယ်။ GSP/EBA(Everything but Arms) လက်နက်ပစ္စည်းများမှလွဲ၍ မည်သည့်ကုန်ပစ္စည်းအမျိုးအစားကိုမဆို အကောက်ခွန်ကင်းလွတ်ခွင့်ပေးထားပြီး အရှေ့တောင်အာရှနိုင်ငံများထဲကမှ မြန်မာနှင့် ကမ္ဘောဒီယားနိုင်ငံတို့ဟာ အဆိုပါအခွင့်အရေးကို ရရှိထားပါသည်။

ဥရောပသမဂ္ဂနိုင်ငံများသို့ မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံများမှ ဆန်တင်ပို့မှုမှာ ၁၃ရာခိုင်နှုန်းမှ ၂၁ ရာခိုင်နှုန်းခန့်ရှိပါသည်။ စင်စစ်အားဖြင့် ကမ္ဘောဒီးယားနိုင်ငံသည် ဥရောပသို့ ဆန်ချောတင်ပို့ရာတွင် 20 kg အောက်အထုပ်ငယ်များဖြင့် ထုပ်ပိုးတင်ပို့မှုများပြားပြီး ဥရောပ small package ဈေးကွက်၏ ၃၇ ရာခိုင်နှုန်းခန့်ရရှိထားပါသည်။ မြန်မာနိုင်ငံအနေဖြင့် EU သို့ ပြီးခဲ့တဲ့နှစ်အတွင်းဆန်တန်ချိန် ၉ သောင်းခန့်နှင့် ဆန်ကွဲတန်ချိန် ၃ သိန်းခန့်တင်ပို့နိုင်ခဲ့ပြီး မြန်မာ့ဆန်ကွဲ တင်ပို့မှု၏ ၅၀ ရာခိုင်နှုန်းနီးပါးခန့် တင်ပို့နိုင်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၆ ရက်နေ့ EU ကော်မရှင်ရဲ့ ထုတ်ပြန်ကြေညာချက်အရ မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံများမှ တင်သွင်းသည့် ဆန်များကိုသုံးနှစ်တာ အကောက်ခွန်သက်သာခွင့် အခွင့်အရေး ရုပ်သိမ်းပြီး ပထမတစ်နှစ်အတွက် ဆန်တစ်တန်လျှင် ၁၇၅ ယူရို၊ ဒုတိယနှစ်အတွက် တစ်တန်လျှင် ၁၅၀ ယူရိုနှင့် တတိယနှစ်အတွက် တစ်တန်လျှင် ၁၂၅ ယူရိုနှုန်းဖြင့် နှစ်အလိုက် အကောက်ခွန်ကင်းလွတ်ခွင့်ပြန်လည်ရုပ်သိမ်းခဲ့ပါသည်။ အဆိုပါကြေညာချက်တွင် အကျုံးဝင်သော ဆန်အမျိုးအစားများမှာ လုံးရှည် ဆန်အမျိုးအစားဖြစ်၍ CN code 10063027, 10063048, 100630,67, 1063098 တို့ဖြစ်ပါသည်။ အဆိုပါ CN code များအရ လုံးရှည်ဆန်များအနက် အလျားအနံ အချိုး ၃ နှင့် အထက်ရှိသော လုံးရှည်ဆန်၊ ပေါင်းဆန်၊ တစ်စိတ်တစ်ပိုင်း ကြိတ်ခွဲထားသောဆန်၊ အရောင်တင်ထားသောဆန် စသည်တို့အတွက် EU ဈေးကွက်သို့တင်ပို့ပါက မလွဲမသွေအခွန်ပေးဆောင်ရမည်ဖြစ်ပါသည်။ သို့သော် အလျားအနံ အချိုး ၃ အောက်ရှိသော ဆန်လုံးရှည်အမျိုးအစားများ၊ လုံးလတ်ဆန်များ၊ ဆန်ကွဲများနှင့် လုံးတီးဆန်အမျိုးအစားများအတွက်မူ GSP အခွင့်အရေး ဆက်လက်ရရှိမှာ ဖြစ်ပါတယ်။

အဆိုပါ အလျားအနံအချိုး ၃ ထက်ပိုသော ဆန်များကို ဥရောပကော်မရှင်မှ GSP ယာယီရုပ်သိမ်းခြင်းသည် မြန်မာနိုင်ငံအတွက် ထိခိုက်နစ်နာမှု အထိုက်အလျောက်ရှိခဲ့သည်ဟု ဆိုသော်လည်း တစ်ဖက်တွင် အခွင့်အရေးတချို့ ရှိနေပါသေးသည်။ EU သည် အထက်ဖော်ပြပါ CN code တွင် အကျုံးဝင်သော ဆန်အမျိုးအစားများကိုသာ GSP ရုတ်သိမ်းခြင်းဖြစ်သည့်အတွက် CN code 10063025, 10063046, 10063065, 10063096 စသည် အလျားအနံအချိုး ၂ နှင့် ၃ အကြားရှိသော ဆန်အမျိုးအစားများအတွက် GSP အခွင့်အရေးဆက်လက်ရရှိနေမည် ဖြစ်ပါသည်။ ကမ္ဘောဒီယားနိုင်ငံနှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံသည် ဆန်မျိုးကွဲများစွာရှိသော နိုင်ငံဖြစ်သည့်အတွက် အလျားအနံ အချိုး ၂ နှင့် ၃ အကြားရှိသော ဆန်အမျိုးအစားများ တင်ပို့နိုင်ရန် အခက်အခဲမရှိဟု ဆိုရမည်ဖြစ်သည်။ မြန်မာနိုင်ငံမှ EU သို့ ဆန်တင်ပို့မှု၏ လေးပုံသုံးပုံခန့်မှာ ဆန်ကွဲတင်ပို့ခြင်းဖြစ်၍ GSP ယာယီရုပ်သိမ်းခြင်းအတွက် ထိခိုက်နစ်နာမှု အနည်းငယ်သာ ရှိမည်ဖြစ်ပါသည်။ သို့သော် လာမည့်နှစ်တွင် လစ်လပ်ဖွယ်ရှိနေသည့် ကမ္ဘောဒီးယားနိုင်ငံ၏ ဈေးကွက်ဝေစုအတွက် ဥရောပမြောက်ပိုင်းနိုင်ငံများတွင် ဆန်ချောဝယ်လိုအားမှာ မြင့်တက်ဖွယ်ရှိနေပါသည်။ ထို့ကြောင့် GSP အခွင့်အရေးကိုမထိခိုက်စေဘဲ မြန်မာ့ဆန်များ၏ အားသာချက်ကို အသုံးချကာ ဥရောပ ဈေးကွက်အတွင်း အမြတ်ထုတ်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။

EU CBI ၏ ထုတ်ပြန်ကြေညာထားသော ဆန်အရွယ်အစားနှင့် ကိုက်ညီပါက လုံးလတ်ဆန်များကိုပါ ဆက်လက်တင်ပို့နိုင်မည်ဖြစ်ပါသည်။ EU မှသတ်မှတ်ထားသော ဆန်အရွယ်အစား အဆင့်အတန်း သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) လုံးရှည်ဆန် A = အလျား ၆ မီလီမီတာအထက်ရှိပြီး အလျားအနံအချိုး ၂ ဒသမ ၁ မှ ၃ အကြားရှိသောဆန်

(ခ) လုံးရှည်ဆန် B = အလျား ၆ မီလီမီတာအထက်ရှိပြီး အလျားအနံ အချိုး ၃ နှင့် အထက်ရှိသောဆန်

(ဂ) လုံးလတ်ဆန် = အလျား ၅ ဒသမ ၂ မီလီမီတာနှင့်အထက်ရှိပြီး (၆ မီလီမီတာထက်မပိုရ) အလျားအနံအချိုး ၃ အောက်ရှိသောဆန်

(ဃ) လုံးပုဆန် = အလျား ၅ ဒသမ ၂ မီလီမီတာထက်မပိုဘဲ အလျားအနံအချိုး ၂အောက်မနည်းသောဆန်

ထို့အပြင် ဥရောပသမဂ္ဂနိုင်ငံများသည် Codex Alimentarius Commission မှထုတ်ပြန်သည့် နိုင်ငံတကာစံချိန်စံညွှန်း Codex Stan 198 ပါအရွယ်အစားအဆင့်အတန်းနှင့် အရည်အသွေးဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရန်အတွက်လည်း ညွှန်းဆိုထားပါသည်။ ဤတွင် မြန်မာ့ဆန် စံချိန်စံညွှန်းသည် Codex Stan 198 ကို ရည်ညွှန်းကိုးကားရေးဆွဲထားသည်ဖြစ်ရာ မြန်မာ့ဆန် စံချိန်စံညွှန်းပါ သတ်မှတ်ချက်များနှင့် ကိုက်ညီပါက EU နိုင်ငံများသို့ တင်ပို့ရာတွင် ပိုမိုလွယ်ကူမှုရှိနိုင်မည်ဖြစ်ပါသည်။

ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေး စီမံခန့်ခွဲမှုဌာနစု (လှည်းကူး)ရှိ သီးနှံရူပဓာတ်ခွဲခန်းတွင် မြန်မာ့ဆန် အမျိုးအစားအသီးသီး၏ ရူပအရည်အသွေးကို တိုင်းတာဓာတ်ခွဲလျက်ရှိရာ အလျားအနံအချိုး ၃ အောက်ရှိသော ဆန်အမျိုးအစား များကို အောက်ပါအတိုင်း မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

## ဆင်းသုခ

ဆင်းသုခမျိုးသည် ဧည့်မထအုပ်စုဝင် စပါးမျိုးဖြစ်၍ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးလျက်ရှိသော အထွက်ကောင်းစပါးမျိုး ဖြစ်ပါသည်။ ထွက်ရှိရာနေရာ ဒေသကိုလိုက်၍ ပျမ်းမျှအားဖြင့် အလျား ၅ ဒသမ ၆ မီလီမီတာ မှ ၆ ဒသမ ၃ မီလီမီတာအကြား ရှိပါသည်။ အလျားအနံအချိုးမှာလည်း ပျမ်းမျှအားဖြင့် ၂ ဒသမ ၄ မှ ၃ ဒသမ ၂၅ အကြားရှိပါသည်။

၂၀၁၇ နှစ်ထွက် ဆင်းသုခစပါးနမူနာများကို ဆန်သားအလျားနှင့် အလျားအနံအချိုး စမ်းသပ်စစ်ဆေးကြည့်ရာတွင် ညောင်တုန်း၊ ပန်းတနော်၊ ဟင်္သာတ၊ ဝါးခယ်မနှင့် ပြည်မြို့နယ်များမှထွက်ရှိသော ဆင်းသုခဆန် အမျိုးအစားများမှာ အလျား ၆ မီလီမီတာ အထက်ရှိ၍ အလျားအနံအချိုး ၃ အထက်ရှိတတ်ပါသည်။ မအူပင်၊ ဇလွန်၊ လေးမျက်နှာ၊ မြန်အောင်၊ အင်္ဂပူ၊ ကျောင်းကုန်း၊ ပုသိမ်၊ ပဲခူး၊ မှော်ဘီနှင့် တိုက်ကြီး မြို့နယ်ထွက် ဆင်းသုခ ဆန်အမျိုးအစားများမှာ အလျား ၆ မီလီမီတာအောက်ရှိပြီး၊ အလျားအနံ အချိုး ၃ အောက်တွင်ရှိကြောင်း တွေ့ရှိရပါသည်။

| ဆန်အမျိုးအစား | စိုက်ကာလ | ထွက်ရှိရာမြို့နယ် | အလျား | အနံ | အလျားအနံအချိုး |
|---|---|---|---|---|---|
| ဆင်းသုခ (၂၀၁၇ ခုနှစ်ထွက်) | မိုး | မအူပင် | ၅·၇၃ | ၂·၂၁ | ၂·၅၉ |
| | မိုး | ညောင်တုန်း | ၆·၅၉ | ၂·၁ | ၃·၁၂ |
| | နွေ | ပန်းတနော် | ၆·၇၉ | ၂·၀၅ | ၃·၂၅ |
| | နွေ | ဇလွန် | ၅·၆၉ | ၂·၁၃ | ၂·၆၇ |
| | မိုး | ဟင်္သာတ | ၆·၃၄ | ၂·၁၁ | ၃ |
| | မိုး | ဝါးခယ်မ | ၆·၂၄ | ၂·၁၅ | ၂·၉ |
| | မိုး | လေးမျက်နှာ | ၅·၆၁ | ၂·၁၄ | ၂·၆၂ |
| | နွေ | လေးမျက်နှာ | ၆·၀၅ | ၂·၁ | ၂·၈၈ |
| | နွေ | မြန်အောင် | ၅·၇၅ | ၂·၀၇ | ၂·၇၈ |
| | နွေ | အင်္ဂပူ | ၅·၇ | ၂·၁၈ | ၂·၆၁ |
| | နွေ | ကျောင်းကုန်း | ၅·၈၁ | ၂·၁၁ | ၂·၇၅ |
| | မိုး | ကျောင်းကုန်း | ၅·၇၄ | ၂·၀၆ | ၂·၇၉ |
| | နွေ | ပြည် | ၇·၁၉ | ၂·၀၅ | ၃·၅၁ |
| | မိုး | ပဲခူး | ၅·၈၉ | ၂·၂၇ | ၂·၅၉ |
| | နွေ | မှော်ဘီ | ၅·၆၉ | ၂·၂၃ | ၂·၅၅ |
| | နွေ | မှော်ဘီ | ၆·၆၉ | ၂·၂၇ | ၂·၉၅ |
| | နွေ | တိုက်ကြီး | ၅·၆၉ | ၂·၁၈ | ၂·၆၁ |
| | နွေ | တိုက်ကြီး | ၅·၇၃ | ၂·၂၂ | ၂·၅၈ |
| | မိုး | ပုသိမ် | ၅·၇၆ | ၂·၄၁ | ၂·၃၉ |
| | မိုး | ပုသိမ် | ၅·၉၃ | ၂·၄၂ | ၂·၄၅ |
| | နွေ | မအူပင် | ၅·၇၁ | ၂·၀၈ | ၂·၇၅ |

၂၀၁၈ နှစ်ထွက်မိုးစပါးဖြစ်သည့် ဆင်းသုခစပါးနမူနာများကို ဆန်သားအလျားနှင့် အလျားအနံအချိုး စမ်းသပ်စစ်ဆေး ကြည့်ရာတွင်အောက်ပါအတိုင်း စစ်ဆေးတွေ့ရှိရပါသည်။

| ဆန်အမျိုးအစား | စိုက်ကာလ | ထွက်ရှိရာမြို့နယ် | အလျား | အနံ | အလျားအနံအချိုး |
|---|---|---|---|---|---|
| ဆင်းသုခ (၂၀၁၈ ခုနှစ်ထွက်) | မိုး | လပွတ္တာ | ၅·၇၂ | ၂·၁၄ | ၂·၆၇ |
| | မိုး | ပဲခူး | ၅·၉၁ | ၂·၁ | ၂·၈ |
| | မိုး | ကျောက်တန်း | ၅·၉၇ | ၂·၁၃ | ၂·၈ |
| | မိုး | တိုက်ကြီး | ၆·၀၁ | ၂·၁၁ | ၂·၈၅ |

## မနောသုခ

မနောသုခမျိုးသည်လည်း ဧည့်မထအုပ်စုဝင် အမျိုးအစားဖြစ်၍ အထွက်ကောင်းမျိုးတွင် ပါဝင်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးလျက်ရှိသော သက်လတ်စပါးအမျိုးအစားဖြစ်ပါသည်။ မနောသုခစပါးမှ ထွက်ရှိသော ဆန်သားအလျားသည် ပျမ်းမျှအားဖြင့် ၅ ဒသမ ၃ မီလီမီတာ မှ ၆ ဒသမ ၃ မီလီမီတာအကြား ရှိပါသည်။ ဆန်သားအလျားအနံအချိုးမှာ ပျမ်းမျှအားဖြင့် ၂ ဒသမ ၅ မှ ၃ အကြားရှိပါသည်။

စာမျက်နှာ (၂၇)သို့

## ဒီတစ်ပတ် ဓာတ်ဆီရော ဒီဇယ်ပါ အဝင်ပို

မတ်လ ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၀၃၅၅၈၇၀ တန်ဖိုးရှိ ဓာတ်ဆီ ၆၃၃၄၁ ဒသမ ၈၈တန်နဲ့ အမေရိကန်ဒေါ်လာ ၄၁၁၄၈၃၂၂ တန်ဖိုးရှိ ဒီဇယ် ၈၂၈၀၀ ဒသမ ၆၈တန်၊ စုစုပေါင်း ၁၄၆၁၄၂ ဒသမ ၅၆ တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က ဒီဇယ်တန်ချိန် ၂၆၀၈၀ ကျော် တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၅၆၇၂၀ကျော် ပိုမိုတင်သွင်းခဲ့သလို ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၂၉၁၉၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၃၄၁၅၀ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဓာတ်ဆီရောဒီဇယ်ပါ အဝင်ပိုခဲ့ပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၆၈၁၆၉၇ တန်ဖိုးရှိ ဒီဇယ် ၁၁၄၃ ဒသမ ၇၉ တန်နဲ့ အမေရိကန်ဒေါ်လာ ၄၀၂၂၁၅ တန်ဖိုးရှိ ဓာတ်ဆီ ၈၅၆ ဒသမ ၆၂ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## မူဆယ်မှ ပရဆေးကုန်ကြမ်း ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ မတ် ၉ ရက်မှ ၁၅ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၈၁ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် ၁၈ မျိုးကို တန်ချိန်အားဖြင့် ၂၇၃၇ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၂၂၇၃ တန်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တရုတ်နိုင်ငံသို့ ပရဆေးကုန်ကြမ်း ၄၆၄ တန် ပိုမိုတင်ပို့နိုင်ခဲ့တာတွေ့ရပါတယ်။

ယခုတစ်ပတ် တင်ပို့ခဲ့တဲ့ ပရဆေးအမယ်တွေကတော့ နံ့စားပြောင်း၊ နနွင်းတက်၊ နနွင်းခေါင်း၊ ရေနံ့စားပြောင်း၊ မိကျောင်းကွမ်းဖတ်စေ့၊ ရွှေးစေ့၊ နေလဲစေ့၊ ကြောင်လျှာစေ့၊ ကွမ်းသီးခွံ၊ ကွမ်းစားဂမုန်း၊ နာနတ်လျှော်၊ ဝဉခြောက်၊ စကားပန်းပွင့်ခြောက်၊ ဆီးသီးခြောက်၊ ဆီးဆန်၊ ပီလောပီနံအမှုန့်နဲ့ ချည်ပေါင်ဖာလာ (အခွံပါ/မပါ)တို့ဖြစ်ပါတယ်။

အလားတူ ချင်းရွှေဟော်မှလည်း အဆိုပါ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၄၂၅၀ တန်ဖိုးရှိ အုံတုံခေါက်တန် ၁၅၀ နဲ့ အမေရိကန်ဒေါ်လာ ၁၈၆၂၀ တန်ဖိုးရှိ ကွမ်းသီးခွံ ၉၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ **မော်မော်အောင်**

## တရုတ်နိုင်ငံသို့ လက်ဖက်ခြောက်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ မတ် ၉ ရက်မှ ၁၅ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၈၄၆၀ တန်ဖိုးရှိလက်ဖက်ခြောက် တန် ၃၀ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်က တရုတ်နိုင်ငံသို့ လက်ဖက်ခြောက်တင်ပို့မှုမရှိဘဲ တာချီလိတ်မှထိုင်းနိုင်ငံသို့ တန်၃၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ဂျာမနီနိုင်ငံမှ အရည်အသွေးစစ်ဆေးရေးပညာရှင်များက မြန်မာနိုင်ငံမှ ထွက်ရှိတဲ့ လက်ဖက်ခြောက်များအား စမ်းသပ်စစ်ဆေးခဲ့ပြီး ရှမ်းပြည်နယ်ရှိ စံပြလက်ဖက်ခြောက်စက်ရုံတွင် အခြောက်ခံပြီးမှ ထွက်ရှိလာသော လက်ဖက်ခြောက်များကို စံချိန်စံညွှန်းပြည့်မီသဖြင့် ဝယ်ယူခဲ့ကြကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## Energy NYMEX 22-3-2019

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 59.95 | -0.03 | -0.05 |
| Brent Crude Futr (USD/bbl) | 67.89 | 0.03 | 0.04 |
| Gasoline Rbob Fut (Cent/gal) | 193.40 | 1.37 | 0.71 |
| Natural Gas Futr (USD/MMBtu) | 2.79 | -0.03 | -1.13 |
| Heating Oil Futr (Cent/gal) | 198.74 | 0.03 | 0.02 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 18-March | 15.24 | 2834.79 | 1862.82 | 6468.74 | 824.00 |
| 19-March | 15.36 | 2836.33 | 1893.02 | 6477.78 | 838.00 |
| 20-March | 15.30 | 2892.53 | 1897.20 | 6489.46 | 857.00 |
| 21-March | 15.33 | 2891.43 | 1900.07 | 6539.49 | 867.00 |
| 22-March | 15.49 | 2859.91 | 1884.20 | 6463.45 | 860.00 |

## ပြည်တွင်းငွေလဲနှုန်း ပြန်ကျခဲ့သည့် ရက်သတ္တပတ်

ပြည်တွင်းငွေလဲဈေးကွက်သည် မတ်လဒုတိယပတ်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့ရာမှ ယခုရက်သတ္တပတ်ကုန်ပိုင်းတွင် ဈေးပြန်လည်ကျဆင်းခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ရည်ညွှန်းငွေလဲနှုန်းမှာတော့ မတ်လ ဒုတိယပတ်က အမေရိကန်တစ်ဒေါ်လာလျှင်၁၅၃၂ကျပ် သတ်မှတ်ခဲ့ရာမှ မတ်လ တတိယပတ်တွင် ၁၅၂၅ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

အမေရိကန်စီးပွားရေးတိုးတက်မှု မျှော်မှန်းသလောက် တိုးတက်ခြင်းမရှိတာကြောင့် ယခုနှစ်အတွင်း အမေရိကန်ဗဟိုဘဏ်မှအတိုးနှုန်းကို တိုးမြှင့်ဖွယ်မရှိခြင်း၊ ဒေါ်လာငွေကြေးမူဝါဒပြောင်းလဲရန် ပြည်တွင်းအလုပ်အကိုင်နှင့် ငွေကြေးဖောင်းပွမှုကို စောင့်ကြည့်သွားမည်ဟု အမေရိကန်ဗဟိုဘဏ်မှ သတင်းထုတ်ပြန်ခြင်း၊ ပြည်တွင်းဈေးကွက်တွင်လည်း ရွှေဈေးမှာ အမြင့်တန်းတွင် တည်ရှိနေခြင်းတို့မှာ ပြည်တွင်းငွေလဲဈေးကွက်အပေါ် သက်ရောက်မှုရှိခဲ့ကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် မတ် ၁၈ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၅၂၄ကျပ်၊ ဝယ် ဈေး၁၅၂၀ကျပ်မှ မတ် ၂၀ရက်တွင် ရောင်းဈေး ၁၅၂၆ ကျပ်၊ဝယ်ဈေး ၁၅၂၁ ကျပ်သို့မြင့်တက်ခဲ့သော်လည်း မတ် ၂၂ ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၅၁၅ကျပ်၊ ဝယ်ဈေး ၁၅၁၀ဖြင့်ဈေးပိတ်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## ပြည်တွင်းရွှေဈေးနှုန်း အမြင့်တန်းဖြင့် ဈေးအတက်အကျဖြစ်ခဲ့

ပြည်တွင်းရွှေဈေးနှုန်းသည် ယခင်ရက်သတ္တပတ်မှာ ပြန်လည်မြင့်တက်ခဲ့သလို ယခုရက်သတ္တပတ်အတွင်းမှာတော့ ဈေးနှုန်းအတက်အကျများ ဖြစ်ပေါ်ခဲ့ကြောင်းသတင်းရရှိသည်။ မတ်လ ဒုတိယပတ်အတွင်း ပြည်တွင်းရွှေဈေးမှာအခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၆၂၀၀၀ရှိခဲ့ရာမှ မတ်လတတိယပတ်တွင်တော့ ကျပ် ၁၀၆၄၀၀၀သို့ မြင့်တက်ခဲ့ကြောင်း သိရသည်။

"အရင်တစ်ပတ်က ပြန်တက်လာတဲ့ပြည်တွင်းရွှေဈေးက ဒီတစ်ပတ်တော့ အတက်အကျအရမ်းများခဲ့တယ်။ အထူးသဖြင့် ဒီကြားရက်ပိုင်းမှာ ကျပ်ဆယ်သိန်းခုနှစ်သောင်းနားအထိ တက် သွားတာမျိုးလည်းရှိခဲ့တယ်။ မြန်မာကျပ်ငွေဈေးနှုန်းကလည်း ဈေးမြင့်မြင့်နဲ့ငြိမ်နေတော့ ရွှေဈေးက ပန်းပန်နေဆဲပဲ။ နိုင်ငံတကာမှာလည်း ရေနံဈေးကျလို့ ရွှေဈေးကမြင့်တက်လာတယ်။ နိုင်ငံတကာဈေးကွက်တွေမှာလည်း ရွှေကမြင့်ပြီး ဒေါ်လာပြန်ကျနေတာမျိုးရှိတယ်" ဟုပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် မတ် ၁၈ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်၁၀၆၄၀၀၀ရှိခဲ့ရာမှ မတ် ၂၀ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၆၇၀၀၀သို့မြင့်တက်ခဲ့ရာမှ မတ် ၂၂ရက်တွင်လည်း ကျပ်၁၀၆၄၀၀၀သို့ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ရွှေဈေးကွက်မှာတော့ ဈေးနှုန်းမြင့်တက်လျက်ရှိပြီး မတ် ၁၈ ရက်က ရွှေတစ်အောင်စလျှင် ၁၃၀၆ အမေရိကန်ဒေါ်လာရှိခဲ့ရာမှ မတ် ၂၁ရက်တွင် တစ်အောင်စလျှင် ၁၃၁၈ အမေရိကန်ဒေါ်လာသို့မြင့်တက်ခဲ့ရာမှ မတ် ၂၂ရက်တွင် ရွှေတစ်အောင်စလျှင် ၁၃၁၂အမေရိကန်ဒေါ်လာသို့ ပြန်လည်ကျဆင်းခဲ့ကြောင်း စုံစမ်းသိရှိရသည်။ **သန်းထိုက်အောင်**

## Basic Concept of the Stock Investment Seminar ပြုလုပ်မည်

MESI Business Institute၊ Myanmar Securities Exchange Centreနှင့် Daiwa Securities Group Inc.တို့ ပူးပေါင်း၍ Basic Concept of the Stock Investment Seminarကို ရန်ကုန်စတော့အိတ်ချိန်းခန်းမ၌မတ်၃၀ရက်၊ နံနက် ၈နာရီ ၃၀ မိနစ်မှမွန်းတည့်၁၂နာရီအထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ Seminarတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းမှ အဖွင့်အမှာစကားပြောကြားမည်ဖြစ်ပြီး Myanmar Securities Exchange Centre Co.,Ltd ၏ မန်နေဂျင်းဒါရိုက်တာ Mr. Takashi Yamaguchi၊ Daiwa Securities Co.,Ltd၏ မန်နေဂျင်းဒါရိုက်တာ Mr. Makoto Akasakaနှင့် Myanmar Securities Exchange Centre Co.,Ltd ၏ လက်ထောက်မန်နေဂျာ ဦးမျိုးကျော်စွာတို့ကMSECအကြောင်း မိတ်ဆက်ခြင်း၊ ဂျပန်နိုင်ငံစတော့ရှယ်ယာဈေးကွက်သမိုင်းကြောင်းVideoဖြင့် တင်ပြခြင်း၊ စတော့ရှယ်ယာ၏ အခြေခံအကြောင်းအရာများအား တင်ပြခြင်း၊ စတော့ရှယ်ယာရင်းနှီးမြှုပ်နှံမှုနည်းလမ်းများနှင့်Onlineမှတစ်ဆင့် ရောင်း/ဝယ်ခြင်းအား သရုပ်ပြခြင်းတို့ကို ဟောပြောပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

စတော့ရှယ်ယာရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်လိုသော အများပြည်သူများ၊ စတော့ရှယ်ယာရင်းနှီးမြှုပ်နှံမှု စတင်လေ့လာလိုသောသူများအနေဖြင့် ဟောပြောပွဲသို့တက်ရောက်လိုပါကဖုန်း- ၀၉ ၇၈၈၈၈၈ ၄၃၄နှင့် ၀၉ ၇၈၈၈ ၉၉၇၇၄ သို့ အခမဲ့ကြိုတင်စာရင်းပေးသွင်းရန် လိုအပ်ကြောင်း၊ လူဦးရေကန့်သတ်ထားကြောင်း သိရသည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

March 22, 2019
Base Currency is
United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.41 |
| BDT Bangladesh Taka | 84.33 |
| CAD Canada Dollars | 1.34 |
| CNY China Yuan Renminbi | 6.70 |
| EUR Euro | 0.88 |
| H KDHong Kong Dollars | 7.85 |
| I NR India Rupees | 68.67 |
| I DR Indonesia Rupiahs | 14149.14 |
| JPY Japan Yen | 110.80 |
| MYR Malaysia | 4.05 |
| PKR Pakistan Rupees | 140.18 |
| PHP Philippines Pesos | 52.52 |
| RUB Russia Rubles | 63.90 |
| SGD Singapore Dollars | 1.35 |
| KRWSouth Korea Won | 1129.43 |
| LKR Sri Lanka Rupe | 178.05 |
| THB Thailand Baht | 31.71 |
| GBP United Kingdom Pounds | 0.76 |
| VND VietnamDon | 23203.14 |

*Source:xe.com*

## World Gold Price

March- 2019 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 18 | 1303 | 1300 | 1301 |
| 19 | 1310 | 1308 | 1308 |
| 20 | 1304 | 1303 | 1303 |
| 21 | 1318 | 1320 | 1320 |
| 22 | 1314 | 1312 | 1309 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 18-3- 2019 | 1064.50 | 1063.50 |
| 19-3- 2019 | 1066.00 | 1065.50 |
| 20-3- 2019 | - | - |
| 21-3- 2019 | 1072.00 | 1071.50 |
| 22-3- 2019 | 1064.50 | 1064.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

မတ်လ ၂၀၁၉ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 18 | 6.71 | 31.65 | 83.92 | 68.66 |
| 19 | 6.72 | 31.66 | 84.36 | 68.62 |
| 20 | 6.69 | 31.75 | 84.31 | 68.86 |
| 21 | 6.68 | 31.68 | 84.30 | 68.55 |
| 22 | 6.70 | 31.71 | 84.33 | 68.67 |

## ဘိလပ်မြေ

# ဒီတစ်ပတ် ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၂၀၀ကျော်ဝင်

မတ်လ ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၅၆၅၀ တန်ဖိုးရှိ ဘိလပ်မြေ ၂၆၂ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် အိန္ဒိယနိုင်ငံမှ ၁၁၂ တန်နဲ့ ထိုင်းနိုင်ငံမှတန်ချိန်၁၅၀ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က ဘိလပ်မြေတန်ချိန် ၃၉၀၀ ကျော် တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၃၆၃၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

မတ်လ ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၁၀၆၂၀ တန်ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေ အဝင်မှာ တန်ချိန် ၆၉၀၀ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၃၇၂၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ အဝင်ပိုခဲ့ပါတယ်။

# ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** ဒီအချိန်က တည်ဆောက်ရေး ရာသီချိန်ဖြစ်တာကြောင့် ဘိလပ်မြေအရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က ဈေးတက်ခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၅၅၅၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ-လက်သစ်) ၅၁၅၀ ကျပ်၊ ကြံ့နှစ်ကောင် (အနီ) ကျပ်၅၃၅၀၊ ကြံ့နှစ်ကောင် (အစိမ်း) ကျပ် ၄၈၅၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ တည်ဆောက်ရေးလုပ်ငန်းများကြောင့် ဈေးကွက်ထဲဘိလပ်မြေကားတစ်စီးရောက်ကားတစီးကုန်တယ်။ အရောင်းအဝယ်သွက်ပေမယ့် ဒီတစ်ပတ်မှာတော့ ဈေးငြိမ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း)ကျပ် ၇၇၀၀၊ အပါချီ ကျပ် ၄၃၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ ဆင်(ထိုင်း)ကျပ်၆၄၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာတော့ ဘိလပ်မြေဈေးအားလုံးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ်၅၀၅၀၊ ကြံ့ကျပ် ၅၀၅၀၊ ဆင် (ထိုင်း) ကျပ် ၆၅၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ အပါချီ ကျပ်၄၉၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ အေသုံးလုံးနဲ့ ကြံ့နှစ်ကောင် ဘိလပ်မြေက ကျပ် ၈၀၀ ဈေးမြင့်ပြီး ခရောင်းဘိလပ်မြေက ကျပ် ၁၀၀၀ ဈေးကျကာ ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ကျပ် ၅၅၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၆၀၀၊ အယ်လ်ဖာ ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၄၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

# ဒီတစ်ပတ် မြေသြဇာအဝင်လျော့

မတ်လ ၁၀ ရက်မှ ၁၆ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၈၇၀၀၃၀ တန်ဖိုးရှိ မြေသြဇာ၈၉၈၁ ဒသမ ၇၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဘီလာရုစ်နိုင်ငံမှ ၁၀၁၇ ဒသမ ၅၀ တန်၊ ကနေဒါနိုင်ငံမှ တန်ချိန် ၁၀၀၀၊ တရုတ်နိုင်ငံမှ ၉၀၃ တန်၊ အင်ဒိုနီးရှားနိုင်ငံမှ ၂ ဒသမ ၅ တန်၊ အီရန်နိုင်ငံမှ ၁၄၉၀ တန်၊ မလေးရှားနိုင်ငံမှ ၁၂၃၂တန်၊ နော်ဝေနိုင်ငံမှ ၁၉၈ ဒသမ ၀၈ တန်၊ ထိုင်းနိုင်ငံမှ ၂၁၃၈ ဒသမ ၆၆ တန်နဲ့ အာရပ်နိုင်ငံမှ တန်ချိန် ၁၀၀၀ တင်သွင်းခဲ့ပါတယ်။

ယခင်သီတင်းပတ်က မြေသြဇာတန်ချိန် ၂၅၁၁၀ ကျော် တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၆၁၂၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ပိုတက်၊ အမိုနီးယမ်းဆာလဖိတ်၊ ယူရီးယား (၄၆%)၊ ကွန်ပေါင်းတို့ဖြစ်ပါတယ်။

# မြေသြဇာဈေးကွက်အရောင်းအေး

မတ်လ ၉ ရက်မှ ၁၅ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန်ချိန် ၁၁၈၁၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာ တန်ချိန် ၁၁၉၆၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ၁၄၆ တန်ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အကြီး (ထိုင်း)မြင်းပျံ ကျပ်၃၀၀၀၀၊ ပုလဲ-မြန်မာ (အမ်ပီအီး) ကျပ် ၂၈၅၀၀၊ ပုလဲ-မြန်မာ (ရွှေတောင်-တရုတ်) ကျပ် ၂၉၀၀၀၊ ကွန်ပေါင်း(အစိမ်း) (၁၅း၁၅း၁၅) ကျပ်၅၀၀၀၀၊ ကွန်ပေါင်း (ရွှေကောမတ်) (ထိုင်း)ကျပ် ၃၉၀၀၀၊ ကွန်ပေါင်း (၁၆း၁၆း၈)(မြင်းပျံ-ထိုင်း) ကျပ် ၃၁၅၀၀၊ တီစူပါ၄၆%(သံကွင်း-တရုတ်) ကျပ် ၂၅၀၀၀၊ ပိုတက်(မြန်မာသြဘာ)ကျပ် ၃၅၀၀၀၊တီစူပါ (၁၂း၁၃) (မြားကမ္ဘာ) ကျပ်၁၃၅၀၀၊ ပိုတက်(အာမို) ကျပ် ၃၁၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဈေးကွက်မှာ** အရောင်းအဝယ်ပါးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ယူရီးယား(ရွှေတောင်)(ပန်းဖူး)က ကျပ် ၂၀၀၊ သံကွင်း(၄၆%)က ကျပ် ၁၀၀၊ ပန်းသီးစုံက ကျပ် ၂၀၀၊ အာမို(၁၅း၁၅း၁၅)က ကျပ် ၃၀၀ ဈေးမြင့်ပြီး မြားသီးစုံက ကျပ် ၃၀၀၊ ပိုတက်က ကျပ် ၄၀၀ဈေးကျကာ ကျန်မြေသြဇာများက ယခင်ဈေးနဲ့အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၆၆၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၆၆၀၀၊ သံကွင်း (၄၆%-တရုတ်) ကျပ် ၂၂၆၀၀၊ မြားသီးစုံ ကျပ် ၁၆၀၀၀၊ ပန်းသီးစုံ ကျပ်၁၆၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၇၀၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၀၈၀၀၊ ပိုတက်ကျပ် ၂၈၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအဝယ်ပါးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် မြားကမ္ဘာ(၁၅း၇း၈)က ကျပ် ၂၀၀ ဈေးမြင့်ပြီး မြားကမ္ဘာ (တရုတ်)(၁၂း၁၃)က ကျပ် ၅၀၀၊ ဆင်(၁၀း၁၀း၅)က ကျပ် ၇၀၀၊ အာမို၁၅ ပတ်လည်က ကျပ် ၂၀၀၊ ယူရီးယား (ပန်းဖူး)က ကျပ် ၅၀၀၊ ယူရီးယား(ရွှေတောင်)က ကျပ် ၁၀၀၀ ဈေးကျပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၇၃၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၇၃၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၀၃၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၈၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၉၈၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၇၈၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၇၀၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ကျပ် ၂၇၀၀၀၊ ဇာမနီကျပ် ၁၉၃၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၉၃၀၀၊ မြားကမ္ဘာ (၁၅း၇း၈) ကျပ် ၂၀၇၀၀၊ တီစူပါ ကျပ် ၂၄၀၀၀၊ တောင်သူမ ကျပ် ၁၈၃၀၀၊ တက်တိုးကျပ် ၂၂၃၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ဒီတစ်ပတ် နို့ဆီတန်ချိန် ၄၀၀ကျော်နဲ့ နို့မှုန့်တန်ချိန် ၂၀၀နီးပါးဝင်

မတ်လ ၁၀ ရက်မှ ၁၆ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅၀၀၄၀၀၀ တန်ဖိုးရှိ နို့ဆီ ၄၃၇ ဒသမ ၇၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် အိုကေနို့ဆီ ၂၁၈ ဒသမ ၈၈ တန်နဲ့ ဒွန်းနို့ဆီ ၂၁၈ ဒသမ ၈၈ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ်က နို့ဆီတန်ချိန် ၄၈၀ ကျော် တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၄၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်မှာ အမေရိကန်ဒေါ်လာ ၃၈၈၁၅၄ တန်ဖိုးရှိနို့မှုန့် ၁၇၀ ဒမသ ၂၀ တန်ကိုလည်းတင်သွင်းခဲ့ပါတယ်။

နယူးဇီလန်နိုင်ငံမှ ၁၀၁ ဒသမ ၂၀ တန်နဲ့ ပိုလန်နိုင်ငံမှ ၆၉ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က နို့မှုန့်တန်ချိန် ၂၇၀ ကျော်တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၁၀၀ ကျော်တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီရောနို့မှုန့်ပါအဝင် လျော့ခဲ့ပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၉/၃ မှ ၁၅/၃ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂/၃ မှ ၈/၃ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၆၈.၀၀ | ၇၁.၀၀ | (-) | ၃.၀၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | တာချီလိတ် | ၆၇၀၀.၀၀ | ၃၃၀၀.၀၀ | (+) | ၃၄၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၇၅.၀၀ | ၁၈၅.၀၀ | (-) | ၁၁၀.၀၀ |
| ၈။ | မြိတ် | ၃၇၈၅.၀၀ | ၃၃၅၀.၀၀ | (+) | ၄၃၅.၀၀ |
| | စုစုပေါင်း | ၁၀၆၂၈.၀၀ | ၆၉၀၆.၀၀ | (+) | ၃၇၂၂.၀၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၉/၃ မှ ၁၅/၃ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂/၃ မှ ၈/၃ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၅၆၆၃.၁၆ | ၆၂၀၁.၃၈ | (-) | ၅၃၈.၂၂ |
| ၂။ | လွယ်ဂျယ် | ၆၁.၀၀ | ၆၂.၀၀ | (-) | ၁.၀၀ |
| ၃။ | ချင်းရွှေဟော် | ၂၅၇၅.၆၀ | ၁၈၀၄.၀၀ | (+) | ၇၇၁.၆၀ |
| ၄။ | ကန်ပိုက်တီ | ၁၂၁၄.၀၀ | ၁၃၅၃.၀၀ | (-) | ၁၃၉.၀၀ |
| ၅။ | မြဝတီ | - | - | | - |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၂၃၀၀.၀၀ | ၂၄၅၀.၀၀ | (-) | ၁၅၀.၀၀ |
| ၉။ | တမူး | - | ၉၀.၀၀ | (-) | ၉၀.၀၀ |
| | စုစုပေါင်း | ၁၁၈၁၃.၇၆ | ၁၁၉၆၀.၃၈ | (-) | ၁၄၆.၆၂ |

ခင်မိုးသူ

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

# ဝန်ဆောင်မှုကုန်သွယ်ရေးဆိုင်ရာဘာသာရပ်များကိုသိနားလည်စေရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ(Workshop on Understanding Services Trade) ကျင်းပပြုလုပ်

ဝန်ဆောင်မှုကုန်သွယ်ရေးဆိုင်ရာ ဘာသာရပ်များကို သိနားလည်စေရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Workshop on Understanding Services Trade) ကို မတ် ၂၁ ရက်မှ ၂၂ ရက်အထိ နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရ တက်ရောက်အဖွင့်အမှာစကားပြောကြားခဲ့သည်။




အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က ယနေ့ စီးပွားရေးလုပ်ငန်းတွေမှာ ဆက်သွယ်ရေး (Telecom)၊ အင်တာနက်၊ ဘဏ္ဍာရေး၊ စာရင်းအင်း၊ ဥပဒေရေးရာဝန်ဆောင်မှု၊ သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုများကဲ့သို့ထိရောက်သော ဝန်ဆောင်မှုများမရှိဘဲ လုပ်ငန်းတွေလည်ပတ် ဆောင်ရွက်ဖို့ဆိုတာ ခက်ခဲပါကြောင်း၊ ဒါကြောင့်ဝန်ဆောင်မှုတွေဟာ ကုန်သွယ်စရာ၊ ကုန်သွယ်နိုင်သော (Tradable)၊ ထိတွေ့ကိုင်တွယ်၍မရသော (Intangible) ထုတ်ကုန်များဖြစ်လာကြောင်း၊ အင်တာနက်မှရရှိသော Data Source တွေအရ LDCs နိုင်ငံများရဲ့ Service Export ဟာ ၂၀၀၅ ခုနှစ်တုန်းက သုည ဒသမ ၄ ရာခိုင်နှုန်းရှိရာကနေ ၂၀၁၅ ခုနှစ်မှာ သုည ဒသမ ၈ ရာခိုင်နှုန်းထိ တိုးတက်လာခဲ့ပါကြောင်း၊ အဲဒီလို LDC နိုင်ငံများရဲ့ ဝန်ဆောင်မှုတင်ပို့ခြင်းတွေ တိုးမြင့်လာတာဟာ ၂၀၂၀ ခုနှစ်မှာ LDC နိုင်ငံများရဲ့ ပို့ကုန် ၂ဆဖြစ်စေခြင်းဆိုင်ရာ Sustainable Development Goal ဆိုတဲ့ ပန်းတိုင်ကို ရောက်ဖို့အဓိကအချက်လည်းဖြစ်ပါကြောင်း၊ ဒါကြောင့် ဝန်ဆောင်မှုကဏ္ဍတွေပိုမိုကျယ်ပြန့်လာခြင်း၊ ယင်းတို့ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် အထောက်အကူပြုမှုတို့ ပိုမိုရှိလာခြင်းတို့ကြောင့် ဝန်ဆောင်မှုကုန်သွယ်ရေးကို သိနားလည်ရန် လိုအပ်လာပါကြောင်း၊ ယနေ့ကျင်းပပြုလုပ်တဲ့ အလုပ်ရုံဆွေးနွေးပွဲမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေအနေများ၊ဝန်ဆောင်မှုဖြေလျော့ခြင်းဆိုင်ရာ အခြေအနေများ၊ ထိုသို့ဆောင်ရွက်ခြင်းတို့ကြောင့် ရရှိလာသည့် အားသာချက်/အားနည်းချက်များကို ဆွေးနွေးပေးမှာဖြစ်ပါကြောင်း၊ ဝန်ဆောင်မှုကဏ္ဍတွေကို ဖြေလျော့ရာမှာလည်း နိုင်ငံရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အဓိကအထောက်အကူပြုမယ့်ကဏ္ဍတွေကို ဦးစားပေးဖြေလျော့ပေးရမှာဖြစ်ပါကြောင်း၊ ဝန်ဆောင်မှုကဏ္ဍတွေပိုမိုပွင့်လင်းလာသည်နှင့်အမျှ ၎င်းတို့၏နောက်ဆက်တွဲအနေနဲ့ လုပ်သားတိုးတက်မှုအခြေအနေများ၊ နိုင်ငံခြားငွေရရှိမှုများ၊ SME လုပ်ငန်းများရဲ့ ဖွံ့ဖြိုးတိုးတက်မှုများ၊ ဝန်ဆောင်မှုနှင့် ထုတ်လုပ်မှုတို့ရဲ့ ဆက်စပ်မှုများ၊ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများသည် ပိုမိုတွင်ကျယ်လာမှာဖြစ်ပါကြောင်း၊နောက်ထပ် ဘဏ္ဍာရေးကဏ္ဍ၊ လုပ်သားကဏ္ဍတွေပါ ချိတ်ဆက်ပါဝင်လာတာကိုတွေ့ရမှာဖြစ်ပါကြောင်း၊ မည်ကဲ့သို့သော ဝန်ဆောင်မှုကဏ္ဍကို ဦးစားပေးဖြေလျော့ရမလဲဆိုတာကို ကြည့်ရာမှာ နိုင်ငံရဲ့စီးပွားရေး၏ ရည်မှန်းချက်၊ မျှော်မှန်းချက်များကိုကြည့်ပြီးအစီအစဉ်များရေးဆွဲဆောင်ရွက်ကြရမှာဖြစ်ပါကြောင်း၊ ဝန်ဆောင်မှုကုန်သွယ်ရေးသည် နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးပါလာသောကြောင့် ပါဝင်တက်ရောက်လာကြတဲ့ ဌာနဆိုင်ရာအသီးသီးမှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များအနေဖြင့် သိလိုသည်များအကြံပြုလိုသည်များရှိပါက တက်ကြွစွာပါဝင်ဆွေးနွေးပေးကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

အဆိုပါပွဲသည် LDC နိုင်ငံများမှ ကုန်သွယ်မှုဆိုင်ရာ အရာထမ်းများအား ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်များအပေါ် ပိုမိုသိရှိနားလည်စေရန်၊ အပြန်အလှန်စေ့စပ်ညှိနှိုင်းမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ရန်၊ နှစ်နိုင်ငံဒေသတွင်းနှင့် နိုင်ငံတကာဝန်ဆောင်မှု ကုန်သွယ်ရေးသဘောတူညီချက်များ၏ အကျိုးကျေးဇူးများကို ခံစားနိုင်စေရန်နှင့်ကောင်းမွန်သော ကုန်သွယ်မှုမူဝါဒ ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ Australian Aid နှင့် ERIA တို့မှ in –country workshop အဖြစ် ကျင်းပပြုလုပ်ပေးခြင်းဖြစ်ပြီး ကုန်သွယ်မှုနှင့်ဆက်စပ်သည့် အစိုးရဌာနများ၊ ဘာသာရပ်ဆိုင်ရာကိုယ်စားလှယ်များနှင့် ပုဂ္ဂလိက ကဏ္ဍမှ ကိုယ်စားလှယ်များ စုစုပေါင်း ၃၀ ဦးခန့် ပါဝင်တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **TN Phyoe**

# တောင်ကြီးမြို့တွင် လယ်ယာစီးပွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကာလတိုစီမံကိန်းအချောသတ်နိုင်ရေး ဒုတိယအကြိမ်အလုပ်ရုံဆွေးနွေးပွဲ

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ SSSCCI အသင်းရုံးခန်းမတွင် လယ်ယာစီးပွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကာလတိုစီမံကိန်း(မူကြမ်း)အချောသတ်နိုင်ရေး ဒုတိယအကြိမ်အလုပ်ရုံ ဆွေးနွေးပွဲကို မတ် ၁၁ ရက်က ကျင်းပပြုလုပ်ခဲ့တယ်လို့သတင်းရရှိပါတယ်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ရှမ်းပြည်နယ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွှန့်လွင်နှင့် ရှမ်းပြည်နယ် လျှပ်စစ်စွမ်းအင်းနှင့်စက်မှုဝန်ကြီးဦးစိုင်းရှဲန်တစ်လုံက အဖွင့်အမှာ စကားပြောကြားခဲ့ကြပါတယ်။

ဆက်လက် ၍ CESD ဥက္ကဋ္ဌနှင့် ARDC အမှုဆောင်အရာရှိချုပ် ဦးတင်ထွဋ်ဦးက လယ်ယာစီးပွားစီမံကိန်းလုပ်ငန်းများ မိတ်ဆက်ပြောကြားခြင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့်စက်မှုလုပ်မှုလုပ်ငန်းရှင်များအသင်းနှင့် ရှမ်းပြည်နယ်လယ်ယာစီးပွားဖွံ့ဖြိုးတိုးတက်ရေးကော်မတီကိုယ်စား သီဟဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်၏ Chairman & CEOဦးဇော်လင်းအောင်က ဆွေးနွေးပြောကြားခြင်း၊ CESD အမှုဆောင်ဒါရိုက်တာ ဒေါက်တာဇော်ဦးက လယ်ယာစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကာလတိုစီမံကိန်း(မူကြမ်း)ကို ရှင်းလင်းတင်ပြခြင်းများပြုလုပ်ခဲ့ကြပြီး ရှင်းလင်းဆွေးနွေးမှုများအပေါ် တက်ရောက်လာသူများက မေးမြန်းမှုများရှိခဲ့ရာ တာဝန်ရှိသူအသီးသီးက ပြန်လည်ဖြေကြားပေးခဲ့ကြတယ်လို့ သိရပါတယ်။

နေ့လယ်ပိုင်းအခန်းအနားအစီအစဉ်တွင် ဒေါက်တာဥမ္မာခိုင်က လယ်ယာစီးပွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကာလတိုစီမံကိန်း(မူကြမ်း)အပေါ် စားပွဲဝိုင်းဆွေးနွေးမည့် ပုံစံနှင့်အစီအစဉ်အပေါ် ရှင်းလင်းဆွေးနွေးခြင်းများပြုခဲ့တယ်လို့ဆိုပါတယ်။ ဆွေးနွေးပွဲတွင်စားပွဲဝိုင်း(၅)ဝိုင်းဖြင့် ဆွေးနွေးခဲ့ကြရာ စားပွဲဝိုင်း(၁)ကတော့ စိုက်ကွင်းသီးနှံများ (စပါး၊ ပြောင်း၊ ကြံ၊ ဆီထွက်သီးနှံ)အကြောင်း၊ စားပွဲဝိုင်း(၂)ကတော့ ဥယျာဉ်ခြံသီးနှံ(ကော်ဖီ၊လက်ဖက်၊ လိမ္မော်) ဟင်းသီးဟင်းရွက်နှင့်စားဖိုချောင်သီးနှံများအကြောင်း၊ စားပွဲဝိုင်း(၃)ကတော့ သွင်းအားစု(မျိုးစေ့၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး) ငွေကြေး၊ လယ်ယာလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများ ASC၊ စက်မှုလယ်ယာနှင့် JCTအကြောင်း၊စားပွဲဝိုင်း(၄)ကတော့ ဈေးကွက် Logisticအခြေခံအဆောက်အအုံများ၊Agro-Based Industry Centre & Food Park အကြောင်း၊ စားပွဲဝိုင်း(၅)ကတော့ မွေးမြူရေးနှင့်မွေးမြူရေးထွက်ကုန်အခြေခံစားသောက်ကုန်လုပ်ငန်းများအကြောင်းတို့ကို ဆွေးနွေးခဲ့ကြပါတယ်။

ဆက်လက်၍ စားပွဲဝိုင်း(၅)ဝိုင်း၏ဆွေးနွေးပွဲရလဒ်များအပေါ် အသီးသီးပြန်လည်တင်ပြခဲ့ကြပြီး စားပွဲဝိုင်းဆွေးနွေးပွဲများမှ ဖော်ထုတ်ချက်များ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြသွားမယ်လို့သိရပါတယ်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်သူအင်အား ၇၀ ခန့်ရှိတယ်လို့ သတင်းရရှိပါတယ်။

**စောမောင်(တောင်ကြီး)**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၂-၃-၂၀၁၉) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၈၀၀ | ၅၈၀၀ | □ | ၅၆၀၀ | ၅၆၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၁၇၅၀ | ၁၇၅၀ | □ |
| မန္တလေး | ၆၀၀၀ | ၆၀၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| ပဲခူး | ၅၈၀၀ | ၅၈၀၀ | □ | ၅၈၀၀ | ၅၈၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၆၅၀၀ | ၆၅၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မုံရွာ | ၅၇၀၀ | ၅၈၀၀ | △ | ၆၀၀၀ | ၆၀၀၀ | □ | ၁၇၃၀ | ၁၈၀၀ | △ |
| စစ်တွေ | ၆၀၀၀ | ၆၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၂-၃-၂၀၁၉ US$/Ton

| အမျိုးအစား | မတ်လဒုတိယပတ် | မတ်လတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၁၉.၅၀ | ၅၁၁.၀၀ | ▽ |
| RBD P.Olein | ၅၂၉.၅၀ | ၅၁၈.၅၀ | ▽ |
| RBD P.Stearin | ၅၁၇.၀၀ | ၅၀၄.၀၀ | ▽ |

***Source: bepi.mpob***

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၂-၃-၂၀၁၉ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၅၅.၆၉ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၆၄ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၂၈ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၆၅ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၈၃.၅၈ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၃.၁၇ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၅၃ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၀၄.၃၃၇ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၂-၃-၂၀၁၉နေ့ (CIF ဈေး Cloud Point 8 ˚C Max 570 ဒေါ်လာနှင့် USD ဈေး ၁၅၃၆ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၂-၃-၂၀၁၉နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၃၆ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# တညင်းကုန်းလက်ကားဈေးကြီးတွင် ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်းအခြေအနေ

မတ် ၁၁ ရက်မှ ၁၇ ရက်အထိ တစ်ပတ်တာအတွင်း အင်းစိန်မြို့နယ်၊ တညင်းကုန်း လက်ကားဈေးကြီးသို့ ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံ ပန်းမန်များ ဝင်ရောက်မှုပုံမှန်ရှိနေပါတယ်။ လက်ကားဈေးနှုန်းများအနေဖြင့် ခရမ်းချဉ်သီး ထိုင်ဝမ် တစ်ပိဿာလျှင် ကျပ် ၄၅၀ မှ ၈၀၀ ဈေးရှိပြီး ခရမ်းချဉ်သီး (ကိုင်း) တစ်ပိဿာလျှင် ကျပ် ၄၅၀ မှ ၈၀၀၊ အာလူး တစ်ပိဿာလျှင် ကျပ် ၆၅၀ မှ ၇၀၀၊ ကြက်သွန်နီ(မြစ်သား) တစ် ပိဿာလျှင် ကျပ် ၉၅၀ မှ ၁၀၀၀၊ ကြက်သွန်ဖြူ(ရှမ်း) တစ်ပိဿာလျှင် ကျပ် ၁၅၀၀၊ ကြက်သွန်ဖြူ(ကြူကုတ်) တစ်ပိဿာလျှင် ကျပ် ၁၉၀၀ မှ ၂၃၀၀ အတွင်း၊ ချင်းတစ်ပိဿာလျှင် ကျပ် ၁၅၀၀ မှ ၁၇၀၀ ပေါက်ဈေးရှိကြောင်းသိရပါတယ်။

ငရုတ်သီးစိမ်း (ကျောက်စိမ်း) ကတော့ တစ်ပိဿာဈေးနှုန်းမှာ ကျပ် ၈၀၀ မှ ၁၀၀၀၊ မုန်လာဥ(နီ) တစ်ပိဿာလျှင် ကျပ် ၁၂၀၀၊ ဂေါ်ဖီထုပ်တစ်ထုပ်လျှင် ကျပ် ၂၅၀ မှ ၃၀၀၊ ပန်းဂေါ်ဖီတစ်ထုပ်လျှင် ကျပ် ၃၀၀ မှ ၄၀၀ ဈေးရှိကြောင်း သိရပါတယ်။ မုန်ညင်း(ထုပ်) တစ်ထုပ်လျှင် ကျပ် ၆၀၀ မှ ၉၀၀ အတွင်း၊ ရွှေဖရုံသီးတစ်လုံးလျှင် ကျပ် ၈၀၀ မှ ၁၂၀၀၊ ဘူးသီးတစ်လုံးလျှင် ကျပ် ၄၀၀ မှ ၇၀၀၊ ခရမ်းသီး (မီးဖုတ်ခရမ်း) တစ်လုံးလျှင် ကျပ် ၁၀၀ မှ ၃၅၀ အတွင်း၊ သံပုရာသီးတစ်လုံးလျှင် ကျပ် ၈၀ မှ ၁၂၀ ဈေးရှိပါတယ်။

ဖရဲသီးဈေးမှာ အသေးတစ်လုံး ကျပ် ၈၀၀ မှ ၁၀၀၀၊ အလတ် တစ်လုံး ကျပ် ၂၅၀၀ မှ ၃၅၀၀၊ အကြီးတစ်လုံး ကျပ် ၄၀၀၀ မှ ၅၀၀၀ ဖြစ်ပါတယ်။ မုန်လာဥ(ဖြူ) တစ်စီး လျှင် ကျပ် ၁၈၀ မှ ၃၀၀၊ ဆလပ်ရွက်(စီး) တစ်စီးလျှင် ကျပ် ၇၀ မှ ၈၀၊ ကန်စွန်းရွက်(တရုတ်) တစ်စီး ကျပ် ၁၅၀ မှ ၂၂၀ ဈေးရှိကာ ချဉ်ပေါင်ရွက်တစ်စီး ကျပ် ၄၀ မှ ၆၀၊ ပဲသီးတစ်စီး ကျပ် ၁၅၀ မှ ၁၇၀၊ ရုံးပတီသီး တစ်စီး ၁၁ ကျပ် မှ ၁၅ ကျပ် အတွင်း ဈေးအသီးသီးရှိကြောင်း သိရှိရပါတယ်။

တညင်းကုန်း လက်ကားဈေးကြီး၏ ယခုတစ်ပတ်အတွင်း ကုန်ပစ္စည်းအမျိုးအစားများ၏ ကုန်အဝင် စုစုပေါင်းမှာ ၆၁၉၅၂၀ တန်ဖြစ်ကြောင်း သိရှိရပြီး ဈေးနှုန်းများအနေနှင့် ကုန်အဝင်များပါကဈေးကျပြီး ကုန်အဝင်နည်းပါက ဈေးတက်ကြောင်း အရွယ်ကြီး၊ သေးပေါ်မူတည်၍လည်း ဈေးနှုန်းများကွာခြားမှုရှိကြောင်း သိရှိရပါတယ်။

**ထားလှိုင်(ရန်ကုန်)**

# ဒန့်သလွန်သီး လှိုင်လှိုင်ပေါ်ပြီး ဈေးကောင်းရ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်ရှိ ရပ်ကွက်များနှင့်ကျေးရွာများ၌ ဒန့်သလွန်ပင်ကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြရာ အသီးအတောင့်များကိုဝယ်ယူ၍ ရန်ကုန်သို့တင်ပို့နေပြီး ဈေးကောင်းရကြောင်းသိရသည်။

ရေနံချောင်းမြို့နယ်အတွင်းရှိ ရပ်ကွက်များနှင့်ကျေးရွာများ၌ ဒန့်သလွန်ပင်ကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြပြီး ဒန့်သလွန်အတောင့်ကို ကုန်စိမ်းဈေးကွက်နှင့် ရန်ကုန်၊ မန္တလေးမြို့ကြီးများသို့ ရောင်းချသည့်ပွဲစားများထံ ရောင်းချကြောင်း သိရသည်။

"ယခင်နှစ်က ဒန့်သလွန်သီးအတောင့်တစ်ရာကိုကျပ် ၅၀၀၀ ပဲရတယ်။ ယခုတစ်ရာကိုကျပ် ၁၀၀၀၀ ဝယ်တယ်။ ဒန့်သလွန်သီးအတောင့်ကို ကုန်စိမ်းပွဲရုံများကဝယ်ပြီး ရန်ကုန်မြို့အထိ ပို့ပါတယ်။ ယခုအသီးလှိုင်လှိုင်သီးနေတာကြောင့် အရောင်းအဝယ်သွက်နေပါတယ်"ဟု ပွဲစားကိုသန်းလွင်ကပြောသည်။

ဒန့်သလွန်အစေ့ကို တိုင်းရင်းဆေးကုန်ကြမ်းအဖြစ် ပြည်တွင်း၌ အဝယ်ရှိသည့်အပြင် တရုတ်ကိုလည်းပို့ကြောင်း၊ ယခုတစ်ပတ်မှာ ဒန့်သလွန်စေ့ကို ပြည်တွင်းဝယ်လက်ကိုသာ အားထားနေရကြောင်း၊ အစေ့တစ်ပိဿာ ကျပ် ၈၀၀၀ ရှိကြောင်း သိရသည်။

**ရွှေဇင်(ရေနံချောင်း)**

# မူဆယ်(၁၀၅)မိုင် သစ်သီးဝလံကုန်စည်ဒိုင်မှ တရုတ်တင်ပို့ဖရဲ၊သခွားဈေးကောင်းရနေ

ယခုရက်သတ္တပတ်အတွင်း မူဆယ် (၁၀၅)မိုင် ကုန်စည်ဒိုင်မှ တရုတ်သို့ ဖရဲသီးတင်ပို့မှုအနေဖြင့် ဖရဲကြားသီး၊ ဖရဲဖြူသီး၊ အဝိုင်းကြားသီး၊ အစေ့မဲ့ဖရဲတို့တင်ပို့ခဲ့သလို သခွားအနေဖြင့် ရွှေသခွား၊ ဖရဲသခွား၊ ပိုက်ကွက်သခွား (ဝူခုံး)အသီးများတင်ပို့ခဲ့ကြပြီး ဖရဲတင်ပို့မှုမှာ များပြားလာကာဈေးမှာလည်း ဈေးကောင်းရနေသလို သခွားတင်ပို့မှု မှာလည်း ပုံမှန်ထက်ပိုလာပြီးဈေး ကောင်းလည်းရခဲ့ပါသည်။

မတ် ၉ ရက်မှ ၂၀ ရက်အတွင်း ဖရဲကား ၅၅၃၁ စီး၊ တန်ချိန် ၇၆၀၇၅ တန်၊ သခွား ၅၅၂၁ စီး၊ တန်ချိန် ၄၅၉၄၉ တန်၊ ဖရုံ ၅၆ စီး၊ တန်ချိန် ၈၈၇ တန်တင်ပို့ရောင်းချခဲ့ကြောင်း ကုန်စည်ဒိုင်မှ သိရှိရပါတယ်။ ယခုတစ်ပတ် အတွင်း ဖရဲအဖြူသီးမှာဈေးအနိမ့်ရပြီး ဈေးနှုန်းမှာတစ်တန်လျှင် ယွမ် ၈၀၀၊ မြန်မာငွေ ကျပ် ၁၇၇၀၀၀၊ အစေ့မဲ့ဖရဲမှာ ဈေးအမြင့်ရခဲ့သလို ဈေးနှုန်းမှာ ယွမ် ၄၀၀၀၊ မြန်မာငွေကျပ် ၈၈၅၀၀၀ ရှိကြောင်း သိရပါတယ်။

သခွားမွှေးသီးနှံထဲမှာ ဖရဲသခွားက ဈေးအနိမ့်ဆုံးရခဲ့ကာ ဈေးနှုန်းမှာ တစ်တန်လျှင် ၂၀၀၀ ယွမ်၊ မြန်မာငွေကျပ် ၄၄၂၅၀၀ ဈေးရခဲ့ပြီး ပိုက်ကွက် သခွား(ဝူခုံး)က ဈေး အမြင့်ဆုံးရခဲ့ကာ ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ် ၅၀၀၀၊ မြန်မာငွေကျပ် ၁၁၀၆၁၀၀ ဖြစ်ခဲ့ပါတယ်။ ဖရုံသီးအနိမ့် ဈေးမှာ တစ်တန်လျှင် ယွမ် ၂၀၊ မြန်မာ ငွေကျပ် ၄၄၃၀ ရရှိ၍ အမြင့်ဈေးမှာ ယွမ် ၁၀၀၀၊ မြန်မာငွေကျပ် ၂၂၁၃၀၀ တို့ဖြင့်အသီးသီးရရှိခဲ့ကြောင်း သိရပါတယ်။

ထိုင်ဝမ်ဆီးသီးမှာလည်း ယခင်တစ်ပတ်က တင်ပို့ရောင်းချမှုမရှိခဲ့သလို ယခုရက်သတ္တပတ်တွင်လည်း တင်ပို့မှုမရှိခဲ့ကြောင်း သိရပါတယ်။ တစ်ပတ်အတွင်း ငွေဈေးနှုန်းမှာ တစ် ယွမ် ၂၂၁ ကျပ်မှ ၂၂၅ ကျပ် ပေါက်ဈေးရှိကြောင်း သစ်သီးဝလံကုန်စည်ဒိုင်မှ လေ့လာသိရှိရပါတယ်။

**စုစုသာ (မောဝ်ရွှေလီကုန်သွယ်မှုဇုန်ဦးစီးဌာန)**




# တောင်ကိုရီးယားနိုင်ငံသို့ တင်ပို့တော့မည့် ဓနိဖူးခြောက်

ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး (ရန်ကုန်) သို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဌာန၊ သစ်တောဦးစီးဌာန၏ ထောက်ခံချက်ဖြင့် အမေရိကန်ဒေါ်လာ ၆၆၈၁၆ ဒသမ ၇၅ တန်ဖိုးရှိ ဓနိဖူးခြောက် (Dried Nipa Palm) တန်ချိန် ၂၀ ဒသမ ၂၄၇၅ တန်အား တောင်ကိုရီးယားနိုင်ငံသို့ တင်ပို့ရန်အတွက် ပို့ကုန်အမယ်သစ်အနေဖြင့် ပို့ကုန်လိုင်စင်လာရောက် လျှောက်ထားလာခဲ့ပါတယ်။

အဆိုပါ ဓနိဖူးခြောက်များသည် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့မှ ထွက်ရှိကြောင်းနှင့် တောင်ကိုရီးယားနိုင်ငံ တွင် ဓနိဖူးခြောက်များကို ပြုပြင်ပြီး ရေနွေးထဲသို့ထည့်၍ သောက်သုံးခြင်းနှင့် ခေါက်ဆွဲခြောက်များတွင် ရောစပ်ထည့်သွင်း၍ စားသုံးကြပါကြောင်း သိရှိရပါတယ်။

**ချိုချိုမာ (ပို့ကုန်)**

# ဂန္ဓမာပန်းဈေးကောင်း၍ တောင်သူများ တွက်ခြေကိုက်

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်ရှိ ကျေးရွာများ၌ ဂန္ဓမာပန်းကို အဝီစိတွင်းများတူးဖော်ကာ အပြိုင်အဆိုင် စိုက်ပျိုးကြသဖြင့် ပန်းဈေးကောင်းနေပြီး တောင်သူများ တွက်ခြေကိုက်သည့်အပြင် ဝင်ငွေရနေကြောင်း သိရသည်။

ရေနံချောင်းမြို့နယ် ဘူးကျွန်းကျေးရွာအုပ်စုမှတောင်သူဦးထွန်းက "ဒီနှစ်က ဂန္ဓမာပန်းဈေးကောင်းတယ်။ ယခင်နှစ်ကာလတွေမှာ ဂန္ဓမာပန်းငါးပွင့်တစ်ခိုင်ကို ကျပ် ၃၀၀ ပဲရောင်းရတယ်။ ဒီနှစ်ကတော့ ဂန္ဓမာငါးပွင့်တစ်ခိုင်ကိုကျပ် ၅၀၀ ရောင်းရတာပါ။ နေ့စဉ်ပန်းဒိုင်များက ဝယ်ယူသောကြောင့် ဝင်ငွေရနေပါတယ်"ဟုပြောသည်။

ဂန္ဓမာပန်းကိုအဝီစိတွင်းတူးဖော်ပြီး ရေစုပ်စက်များဖြင့် ရေတင်ကာ ပန်းခင်းများအရောက် ရေသွယ်၊ ရေသွင်းစနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ တောင်သူတစ်ဦးလျှင် အမြင့်ဆုံး ကျပ်သုံးသိန်းအထိ ဝင်ငွေရနေကြောင်း သိရသည်။

**ရွှေမန်းကျည်း(ရေနံချောင်း)**

# ပို့ကုန်သွင်းကုန်ရုံး (ရန်ကုန်)မှ ဖေဖော်ဝါရီလအတွင်း ဆန်နှင့်ဆန်ကွဲ လိုင်စင်ထုတ်ပေးခဲ့မှုအခြေအနေ

ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး(ရန်ကုန်)ရှိ ပို့ကုန်ဌာနစုမှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း အမေရိကန်ဒေါ်လာ ၂၉ သန်းခန့် တန်ဖိုးရှိ ဆန်တန်ချိန် ၉၀၀၀၀ ကျော် အတွက် ပို့ကုန်လိုင်စင်များ ခွင့်ပြုထုတ်ပေးခဲ့ပြီး ဆန်အမျိုးအစားများအနက် အများဆုံးတင်ပို့ရန် လျှောက်ထားလာသည့် အမျိုးအစားမှာ ဧည့်မထ ၂၅ မှတ်ဖြစ်ကြောင်း၊ တင်ပို့မည့်နိုင်ငံများအနက် အများဆုံးတင်ပို့ရန် လျှောက်ထားလာသည့်နိုင်ငံမှာ ကမ်မရွန်နိုင်ငံဖြစ်ကြောင်းနှင့် အဆိုပါ ဖေဖော်ဝါရီလအတွက် ဆန်လိုင်စင်ထုတ်ပေးခဲ့မှု အား ဇန်နဝါရီလအတွက် ဆန်လိုင်စင်ထုတ်ပေးခဲ့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန်အားဖြင့် တန်ချိန် ၁၀၀၀၀ ကျော်ပိုမိုခဲ့ကြောင်း စာရင်းအင်းအချက်အလက်များအရ သိရှိရပါတယ်။

အလားတူ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း အမေရိကန်ဒေါ်လာ ၁၅ သန်းကျော်တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၅၀၀၀၀ ကျော်အတွက် ပို့ကုန်လိုင်စင်များ ခွင့်ပြုထုတ်ပေးခဲ့ပြီး ဆန်ကွဲအမျိုး အစားများအနက် အများဆုံးတင်ပို့ရန် လျှောက်ထားလာသည့် အမျိုးအစားမှာ B 1,2 ဖြစ်ပါကြောင်း၊ တင်ပို့မည့်နိုင်ငံ များအနက် အများဆုံးတင်ပို့ရန် လျှောက်ထားလာသည့်နိုင်ငံမှာ ဥရောပသမဂ္ဂအဖွဲ့ဝင် ဘယ်လ်ဂျီယံ နိုင်ငံဖြစ်ကြောင်းနှင့် အဆိုပါ ဖေဖော်ဝါရီလအတွက် ဆန်ကွဲလိုင်စင် ထုတ်ပေးခဲ့မှုအား ဇန်နဝါရီလအတွက် ဆန်ကွဲလိုင်စင် ထုတ်ပေးခဲ့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန်အားဖြင့် ၁၀၀၀ ကျော်ပိုမိုခဲ့ကြောင်း သိရှိရပါတယ်။

**ချိုချိုမာ (ပို့ကုန်)**

# စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်း ပြည်တွင်းကုန်သွယ်မှုဖွံ့ဖြိုးရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ယှဉ်ပြိုင်မှုဥပဒေ အသိပညာပေးရေးဆောင်ရွက်ရန်အတွက် ကွင်းဆင်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ရေးဆွဲ ပြဋ္ဌာန်းထားသော ယှဉ်ပြိုင်မှုဥပဒေ၊ နည်းဥပဒေများနှင့်စပ်လျဉ်း၍ ကုန်သည်လုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ သိရှိလိုက်နာ ဆောင်ရွက်နိုင်ရေးအတွက် ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို မတ် ၁၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ရှိရှင်စောပုခန်းမ၌ ကျင်းပခဲ့ရာ အခမ်းအနားကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးနှင့်အတူ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်း၊ ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးတို့ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က ယှဉ်ပြိုင်မှု ဥပဒေနှင့် နည်းဥပဒေများကို စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူများ သိရှိနိုင်ရေးအတွက် မြန်မာနိုင်ငံမြို့ကြီးများတွင် ကျင်းပဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက်ဒုတိယညွှန်ကြားရေးမှူးချုပ်သည် စားသုံးသူရေးရာဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ သာယာဝတီခရိုင်၊ ပြည်ခရိုင်တို့မှ ဝန်ထမ်းများ၊ အသင်းအဖွဲ့များနှင့်တွေ့ ဆုံ၍ ပြည်တွင်းကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်စေရေး၊ ဒေသထွက်ကုန်များ တိုးတက်ထုတ်လုပ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားခဲ့ပါသည်။ ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်သည် မကွေးတိုင်း ဒေသကြီး၊ အောင်လံမြို့သို့ရောက်ရှိပြီး အောင်လံမြို့ ကုန်သည်နှင့် စက်မှုအသင်းဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်များနှင့်တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ကုန်စည်ဒိုင်အဆောက်အဦ ဆောက်လုပ်နေမှုအခြေအနေများကို မေးမြန်းဆွေးနွေးခဲ့ပါသည်။

မတ် ၂၀ ရက်တွင် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့ နယ်၊ မြေခဲတောင်ကျေးရွာတွင် ကျင်းပသော မြေခဲတောင်ဆိတ်မွေးမြူရေးဇုန် အကောင်အထည်ဖော်နိုင်ရေးနှင့် ယက္ကန်းသမအစုအဖွဲ့များနှင့် တွေ့ဆုံခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။ အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆိတ်မွေးမြူထားရှိမှု၊ ဒေသဈေးကွက်အခြေအနေများ၊ သီးနှံစိုက်ပျိုးမှုအခြေအနေများနှင့် ပတ်သက်၍ မေးမြန်းဆွေးနွေးခဲ့ပါသည်။ ဒုတိယညွှန်ကြားရေးမှူးချုပ်က အသင်းအဖွဲ့များ ဖွဲ့စည်း၍ သက်ဆိုင်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်ရန်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသနှင့်ကိုက်ညီပြီး အကျိုးအမြတ်အများဆုံးရရှိသည့် သီးနှံများ၊ နှစ်ရှည်ပင်များကို ရွေးချယ်စိုက်ပျိုးရန်၊ ရေရှည်ဈေးကွက်ဖြစ်စေရေးအတွက် အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်ရန်နှင့် တရားဝင် ကုန်သွယ်ရောင်းဝယ်ကြရန် လမ်းညွှန်ဆွေးနွေးခဲ့ပါသည်။ ထို့နောက် ကျေးရွာအတွင်း မွေးမြူထားရှိသည့် ဆိတ်ခြံများ၊ တင်ပို့သည့်ကုမ္ပဏီများ၊ ယက္ကန်းစင်များသို့ သွားရောက်ကြည့်ရှုခဲ့ပါသည်။ ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည်ရေစကြိုမြို့ရှိ 555 Shwehintha Co.ltd ၏ Royal Jaggery ထန်းလျက်မှုန့်လုပ်ငန်းသို့ ရောက်ရှိကာ ထုတ်လုပ်နေမှုအခြေအနေများ၊ ဒေသတွင်းဖြန့်ဖြူးရောင်းချမှုအခြေအနေများ၊ ပြည်ပဈေးကွက် အလားအလာများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး စက်ရုံအတွင်း ထုတ်လုပ်နေသည့် အခြေအနေများအား လေ့လာကြည့်ရှုခဲ့ပါသည်။

မတ် ၂၁ ရက်တွင် ဒုတိယ ညွှန်ကြားရေးမှူးချုပ်သည်စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးနှင့် ဝန်ထမ်းများလိုက်ပါ၍ မုံရွာမြို့၊ မြို့တော်ခန်းမတွင်ကျင်းပသော ဒေသထွက် ကုန်စည်ပြပွဲသို့ ရောက်ရှိကာ ခင်းကျင်းပြသရောင်းချလျက်ရှိသော ဒေသထွက်ကုန်ပြခန်းများ၊ ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုကာ ရောင်းချရမှုအခြေအနေများကို ဈေးကွက်ချိတ်ဆက်နိုင်မှု အခြေအနေများနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးခဲ့ပါသည်။ ထို့နောက် မုံရွာမြို့နယ်၊ ဖူးတောင်ကန်ကျေးရွာရှိ MBM Co.,ltd. ၏ လျှော်ဖြူစိုက်ပျိုးရေးခြံသို့ ရောက်ရှိကာစစ်ကိုင်းတိုင်းဒေသကြီး လျှော်ဖြူအသင်းဥက္ကဋ္ဌနှင့် တွေ့ဆုံ၍ စိုက်ပျိုးထားရှိမှုအခြေအနေများ၊ အစေးထုတ်ယူနေမှု အခြေအနေများ၊ ဈေးကွက်အခြေအနေများအား မေးမြန်းဆွေးနွေးခဲ့ပြီး သိုလှောင်ရုံအတွင်း သိုလှောင်ထားရှိသည့် လျှော်ဖြူစေးများအား လှည့်လည်ကြည့်ရှုခဲ့ကြပါသည်။ မတ် ၂၂ ရက်တွင် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် စစ်ကိုင်းမြို့နယ်၊ ရွာသစ်ကြီးချည်မျှင်နှင့် အထည်စက်ရုံသို့ရောက်ရှိကာ စက်ရုံမှူးနှင့် တွေ့ဆုံခဲ့ပြီး အထည်အလိပ်ထုတ်လုပ်မှုအခြေအနေများ၊ ဈေးကွက်အခြေအနေများနှင့် ပတ်သက်၍ မေးမြန်းဆွေးနွေးခဲ့ကြပါသည်။ ထို့နောက်ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းများတွင် လျှော်ဖြူစေးအမှုန့်ထည့် သွင်းသုံးစွဲနိုင်ရေးအတွက်လည်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**အောင်ဆန်းလင်း (DOCA)**

# ရင်းနှီးမြှုပ်နှံမှု အားကောင်းလာမည့် ချင်းပြည်နယ်

ချင်းပြည်နယ်သည် စီးပွားရေးဖွံ့ဖြိုးမှု အားအနည်းဆုံး နောက်အကျဆုံးပြည်နယ်တစ်ခုဖြစ်ခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ နည်းပါးခဲ့ပြီး ဒေသခံ စီးပွားရေးလုပ်ငန်းများဖြင့်သာ လည်ပတ်နေခဲ့သော ပြည်နယ်တစ်ခု ဖြစ်ခဲ့ပါသည်။

ချင်းပြည်နယ် သာယာလှပဖို့ လမ်းပန်းဆက်သွယ်ရေး လျှပ်စစ်မီးရရှိရေးတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ကုလားတန်မြစ်ကြောင်း စီမံကိန်းသည် ချင်းပြည်နယ်တစ်ခုလုံး၏ ပင်လယ်ထွက်ပေါက်ဖြစ်သောကြောင့် ရေကြောင်း၊ ကုန်းကြောင်းရှိသည့်အတွက် စီးပွားရေးလုပ်တဲ့ နေရာမှာ ဈေးကွက်တစ်ခုအနေနဲ့ ရှိနေခဲ့ပါသည်။ ဆူရဲဘုန်လေယာဉ်ကွင်းကို ၂၀၂၀ ပြည့်နှစ်တွင် အပြီးတည်ဆောက်ဖို့လျာထားပါသည်။ လေယာဉ်ကွင်း ပြီးပါက ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်းတွေ များပြားလာမှာဖြစ်သောကြောင့် ဟိုတယ်လုပ်ငန်းများ ဖွံ့ဖြိုးလာမှာဖြစ်ပါသည်။

ချင်းပြည်နယ်အတွင်း ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန် ရည်ရွယ်ချက်ဖြင့် ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသထွက်ကုန်ပြပွဲ (Chin State Investment and Products fair 2019) ကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိမြန်မာကွန်ဗင်းရှင်းစင်တာ (MCC)တွင် မတ် ၁၆ ရက်မှ ၁၇ ရက်အထိ နှစ်ရက်ကျင်းပခဲ့ပါသည်။ ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းလေးခုအတွက် အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ သန်းကျော် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ ယင်းလုပ်ငန်းလေးခုမှာ (၁) လျှပ်စစ်ထုတ်သည့် လုပ်ငန်း၊ (၂) ပလက်ဝမြို့ပြဖွံ့ဖြိုးရေးလုပ်ငန်း၊ (၃) လယ်ယာထွက်ကုန်ပစ္စည်းဖြစ်သော ဝဥနှင့် ကော်ဖီ ကို တန်ဖိုးမြင့် ထုတ်လုပ်သည့် စက်မှုလုပ်ငန်း၊ (၄) ဟိုတယ်လုပ်ငန်းတို့ဖြစ်ပါသည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ချင်းပြည်နယ် တစ်ပြည်နယ်လုံးက ဝင်ငွေခွန်ကင်းလွတ်ခွင့် ခုနစ်နှစ် ပေးသည့် ပြည်နယ်ထဲမှာ ပါသည့်အတွက် နိုင်ငံတော်ကနေသတ်မှတ်ထားသည့် ဦးစားပေးမြှင့်တင်တဲ့ ကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံမှသာ ရမှာဖြစ်ပါသည်။ ယခုလက်မှတ်ရေးထိုးသည့် လုပ်ငန်းလေးခုလုံးက ဦးစားပေးကဏ္ဍဖြစ်သောကြောင့် ကင်းလွတ်ခွင့်ရမှာ ဖြစ်ပါသည်။

**ခင်မြနွယ် MYANTRADE (TIR)**

# ရန်ကုန်အနောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၃/၂၀၁၉) အစည်းအဝေးကျင်းပ

မတ် ၁၄ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၃/၂၀၁၉) အစည်းအဝေးကို အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်းသတင်းရရှိသည်။

အစည်းအဝေးသို့ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဝင် ၁၁ ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ၁၃ ဦးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများတက်ရောက်ခဲ့ပြီး ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌက မိမိတို့နိုင်ငံတွင် မိဘများအနေဖြင့် မျိုးဆက်သစ်များ၏ ပညာအရည်အသွေးမြင့်မားစေရေးကြိုးပမ်းကြရာတွင် ပညာရေးစနစ်ကိုသာ အဓိကအာရုံထားကြပြီး ဉာဏ်ရည်ဉာဏ်သွေးနှင့် စွမ်းဆောင်ရည်ဖွံ့ဖြိုးမှုကို တိုက်ရိုက်အကျိုးသက်ရောက်သော အစားအသောက်၏ အကျိုးနှင့်အပြစ်ကို အလေးပြုမှုအားနည်းနေသေးကြောင်းနှင့် မိမိတို့မှ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဖြင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးလျာထားချက်နှင့်အညီ ကွင်းဆင်းစစ်ဆေးမှုများအပြင် ရှောင်တခင် စစ်ဆေးမှုများကို အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဖြင့် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ ခရိုင်ဦးစီးမှူး ဦးကျင်ငွေးက ဖေဖော်ဝါရီလအတွင်း အသိပညာပေး ဟောပြောပွဲများ၊ ကွင်းဆင်းစစ်ဆေးမှုများ၊ မိတ်ဖက်ဌာနများနှင့်ပူးပေါင်းဆောင်ရွက်မှုများ၊ တိုင်ကြားစာ ဖြေရှင်းဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်းနှင့် မတ်လအတွင်းဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို တင်ပြဆွေးနွေးပြီး အဖွဲ့၏အတည်ပြုချက်ယူရမည့်ကိစ္စရပ်များကိုလည်း အတည်ပြုခဲ့ကြောင်း သိရပါသည်။

ထို့ပြင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဖြင့် ရှောင်တခင် ကွင်းဆင်းစစ်ဆေးကြရန် အစည်းအဝေး တက်ရောက်သူများမှ ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်းနှင့် အစည်းအဝေးဆုံးဖြတ်ချက်များ အတည်ပြု ဆုံးဖြတ်ကြကြောင်းသတင်းရရှိပါသည်။

**ဇေယျာလင်း (စားသုံး)**

# ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိရန် ကုန်မျိုးစုံဆိုင်များအားစစ်ဆေး

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒု-ခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် အစားအသောက်နှင့် ကုန်ပစ္စည်းများ ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိစေရေးအတွက် သဃ်န်းကျွန်းမြို့နယ်ရှိ အိမ်ဆိုင်များ၊ စတိုးဆိုင်နှင့် ကုန်မျိုးစုံလက်လီလက်ကား ရောင်းချနေသော ဆိုင်များသို့ သက်တမ်းလွန်ကုန်ပစ္စည်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော စားသုံးရန်မသင့်သည့် တားမြစ်ထားသော စားသောက်ကုန်များ ရောင်းချနေမှု ရှိ/မရှိ စစ်ဆေးခဲ့ကြောင်းသိရသည်။

ထို့နောက်ဆိုင်ရှင်များအား စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီမှ ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၁၈ တွင်ပါဝင်သည့် မြန်မာဘာသာဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ၊ မဖြစ်မနေဖော်ပြရမည့် သုံးစွဲပုံအညွှန်း၊ ထားသိုသိမ်းဆည်းပုံအညွှန်း၊ ဓာတ်မတည့်ကြောင်းဖော်ပြချက်၊ ဘေးထွက်ဆိုးကျိုး ဖော်ပြချက်များကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက် ၁/၂၀၁၉ တို့အား အသေးစိတ် ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ဈေးဆိုင်ပိုင်ရှင်များနှင့် ဈေးဝယ်သူစားသုံးသူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**တင်မင်း(ရန်ကုန်)**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် မတ်လ ၁၈ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၅၈ နိုင်ငံရှိပြီး၊ ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းထက် ၈ ဒသမ ၁၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်အတွင်း မလေးရှား၊ ဗီယက်နမ်၊ တရုတ်၊ နီပေါ၊ ပါကစ္စတန်၊ အီဂျစ်၊ ကူဝိတ်၊ အိုက်စ်စလန်၊ ကာတာ၊ ရုရှား၊ တောင်အာဖရိက၊ ဆွစ်ဇာလန်၊ တူရကီနှင့် ယူကရိန်း စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၄၇ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါ သည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် လာအို၊ နော်ဝေ၊ ဆွီဒင်၊ အာဂျင်တီးနားနှင့် မော်လ်ဒိုဗာ စသည့် နိုင်ငံတို့အပါအဝင် နိုင်ငံပေါင်း ၇ နိုင်ငံသာရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၂၀ ရာခိုင်နှုန်းမှ ၂ ဒသမ ၉၀ ရာခိုင်နှုန်းထိကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် မတ်လ ၁၈ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် ၈ ဒသမ ၁၀ ရာခိုင်နှုန်း၊ အင်ဒိုနီးရှားနိုင်ငံတွင် ၂ ဒသမ ၇၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် ၂ ဒသမ ၅၀ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၂ ဒသမ ၄၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ၁ ဒသမ ၇၀ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံတွင် ၁ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့က၊ လာအိုနိုင်ငံတွင် ၁ ဒသမ ၂၀ ရာခိုင်နှုန်းဖြင့်ဈေးနှုန်းကျဆင်းခဲ့ပြီး ကျန်အာဆီယံနှစ်နိုင်ငံတွင် ဈေးနှုန်းအပြောင်းအလဲမရှိတည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဒီဇယ်ဆီဈေးနှုန်းသည် မတ်လ ၁၈ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၄၁ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံတွင် ယခင်တစ်ပတ်ဈေး နှုန်းထက် ၇ ဒသမ ၂၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်တွင် ကမ္ဘောဒီးယား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ တရုတ်၊ ဟောင်ကောင်၊ နီပေါ၊ ပါကစ္စတန်၊ ရုရှား၊ အီဂျစ်၊ ပြင်သစ်၊ ကူဝိတ်၊ နော်ဝေ၊ ကာတာ၊ တောင်အာဖရိက၊ ဆွစ်ဇာလန်နှင့် တူရကီ စသည့်နိုင်ငံများအပါအဝင် ၅၇ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ဒီဇယ်ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ထိုင်း၊ အိန္ဒိယ၊ ဂျာမနီ၊ ဆွီဒင်၊ မက္ကဆီကို၊ ဖင်လန်နှင့် ဆားဘီးယား စသည့် နိုင်ငံတို့ အပါအဝင် ၁၄ နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၁ ဒသမ ၅၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိ ရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် မတ်လ ၁၈ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် မြန်မာတွင် ၇ ဒသမ ၂၀ ရာခိုင်နှုန်း၊ လာအိုတွင် ၆ ဒသမ ၁၀ ရာခိုင်နှုန်း၊ အင်ဒိုနီးရှားတွင် ၃ ဒသမ ၄၀ ရာခိုင်နှုန်း၊ စင်ကာပူတွင် သုည ဒသမ ၅၀ ရာခိုင်နှုန်းစသည့် နိုင်ငံများတွင် အသီးသီးဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ထိုင်းနိုင်ငံတွင် ၁ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်ရှိသော အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် မတ်လ ၁၈ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် ၁ လီတာဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၉ ခုနှစ် မတ် ၁၈ ရက်တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၇ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၂ ဖြင့်လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ မှတ် ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၀ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၀ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၈ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၈ ဒေါ်လာဖြင့်လည်းကောင်း ရှိခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၇ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၇ ဖြင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၀ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၈ ဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ယခင်တစ်ပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံတွင် ၁၀၀ မှတ်ဘီဂရိတ်ဆန်၊ ဧည့်မထ ၅ မှတ်၊ ၂၅ မှတ်နှင့် ပေါင်းဆန်အမျိုးအစားဆန်များမှာ ဈေးအနည်းငယ် မြင့်တက်ခဲ့သည်ကို တွေ့ရှိရပါသည်။ ဗီယက်နမ်နိုင်ငံတွင် ဧည့်မထ ၅ မှတ် နှင့် ၂၅ မှတ် ဆန်ဈေးနှုန်းများမှာလည်း အနည်းငယ် ဈေးတက်ခဲ့ပြီး ပါကစ္စတန်နိုင်ငံ၏ ဧည့်မထ ၅ မှတ်ဆန်သည် ဈေးနှုန်းအနည်းငယ်ကျဆင်းသွားပြီး ဧည့်မထ ၂၅ မှတ်ဆန်ဈေးနှုန်းမှာ အနည်းငယ်မြင့် တက်လျက် ရှိကြောင်းသိရှိရပြီး အိန္ဒိယနိုင်ငံ၏ ဧည့်မထ ၂၅ မှတ်ဆန်မှာလည်း ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းမြင့်တက်လာခဲ့ပြီး ပေါင်းဆန်အမျိုးအစားများမှာ ဈေးနှုန်းတည်ငြိမ်နေလျက်ရှိကြောင်း လေ့လာသိရှိရပါသည်။

ဆန်ဈေးကွက်နှင့် စပ်လျဉ်းသည့် ပြည်ပသတင်းများ အနေဖြင့် ကမ္ဘောဒီးယားနိုင်ငံတွင် အပူချိန်စံချိန်တင် မြင့်တက်ကာ ခြောက်သွေ့မှုဖြစ်ပေါ်နေသဖြင့် ဧပြီလနှင့် မေလတို့တွင် အပူချိန်အမြင့်ဆုံးရောက်နိုင်သဖြင့် ၎င်းကာလအတွင်း တောင်သူများ နွေစပါး စိုက်ပျိုးခြင်းမပြုရန် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့ကြောင်း သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာန၏ အတွင်းဝန်နှင့် ပြောရေးဆိုခွင့်ရှိသူ Neth Pheaktra က Phnom Penh Post သတင်းဌာနသို့ ပြောကြားခဲ့ပါသည်။ ရေကြီးမှုပြဿနာကိုသာ ရင်ဆိုင်ခဲ့ရလေ့ရှိသော ကမ္ဘောဒီးယားနိုင်ငံတွင် ယခုနှစ်အတွင်း ပြည်နယ် ၁၆ ခုအတွင်းရှိ မြို့နယ်များစွာတွင် ပျမ်းမျှအပူချိန်မြင့်တက်မှုကြောင့် ရေပြတ်လပ်မှုများ ဖြစ်ပေါ်နေသဖြင့် သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာနသည် ခြောက်သွေ့မှုဒဏ်ခံရသောဒေသများသို့ဓာတ်မြေသြဇာနှင့် ရေပေးဝေနိုင်ရေးအတွက် ရေအရင်းအမြစ်နှင့် မိုးလေဝသဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မဲခေါင်မြစ်၏ ရေအရင်းအမြစ်ကို စီမံနေသောမဲခေါင်မြစ်ကော်မရှင်ရုံးသည် အပူချိန်ထူးထူးကဲကဲ မြင့်မားမှုနှင့် ကြုံနေရသည့် ကမ္ဘောဒီးယားအပါအဝင် အဖွဲ့ဝင်နိုင်ငံများထံ လိုအပ်သည့် ထောက်ပံ့မှုပြုလုပ်နိုင်ရန် အသင့်ရှိကြောင်း ပြောကြားခဲ့ပါသည်။

ကမ္ဘောဒီးယားတွင် ယခုနှစ် ဧပြီလမှ မေလအတွင်း အပူချိန် ၄၀-၄၂ ဒီဂရီဆဲလ်စီးယက်အထိ မြင့်တက်ဖွယ်ရှိကြောင်း၊ အယ်နီညိုရာသီဥတုနှင့် ဆက်စပ်သော အပူချိန်မြင့်တက်မှုကြောင့် တောမီးလောင်ကျွမ်းခြင်းနှင့် ရေပြတ်လပ်ခြင်း အန္တရာယ်များ ရှိနိုင်ကြောင်း သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ပါသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် လယ်ယာမြေစုစုပေါင်း ၇၅ ရာခိုင်နှုန်းကို စပါးစိုက်ပျိုးလျက်ရှိပြီး ကမ္ဘာ့ဆန်ထုတ်လုပ်မှု၏ သုံးရာခိုင်နှုန်းအားပံ့ပိုးပေးလျက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် အယ်နီညိုဖြစ်စဉ်ကလည်း ကမ္ဘောဒီးယားနိုင်ငံ၌ ဆိုးရွားသည့် မိုးခေါင်မှု ကြုံတွေ့စေခဲ့ရကြောင်း သိရှိရသည်။

ပြည်တွင်း ဆန်သတင်းများအနေဖြင့် အစိုးရချင်းချိတ်ဆက်ဆောင်ရွက်သည့် (G to G) စနစ်အရ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ စီစဉ်မှုဖြင့် ပြည်ပသို့ဆန်နှင့်ဆန်ကွဲ စုပေါင်းရောင်းချတင်ပို့ရာတွင် ပါဝင်ပူးပေါင်းဆောင်ရွက်လိုသည့် အသင်းဝင်ကုမ္ပဏီများကို မတ် ၁၃ ရက်မှ စတင်ဖိတ်ခေါ်ထားကြောင်း ယင်းအသင်းချုပ်ထံမှ သိရပါသည်။ ပူးပေါင်းဆောင်ရွက်လိုသည့် အသင်းဝင်ကုမ္ပဏီများရှိပါက မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်သို့ဆက်သွယ် အကြောင်းကြားရန်နှင့် အသင်းချုပ်၏ Facebook Page တွင်ဖော်ပြထားသည့်ကုမ္ပဏီ Letter Head ကိုဖြည့်စွက်၍ မတ် ၃၁ ရက်အထိ နောက်ဆုံးထား တင်ပြလျှောက်ထားနိုင်ကြောင်း ယင်းအသင်းချုပ်ထံမှ သိရှိရပါသည်။

အသင်းချုပ်မှ သတ်မှတ်ထားသည့်အတိုင်း စာရင်းပေးသွင်းအဆိုပြုထားသည့် ကုမ္ပဏီများကို ဖိတ်ခေါ်၍ ပို့ကုန်တင်ပို့မှုလုပ်ငန်းများဆောင်ရွက်နိုင်ရန် ကူညီစီစဉ်ပေးသွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ဖော်ပြထားသည့်ကုမ္ပဏီ Letter Head တွင် နှစ်စဉ်ဆန်နှင့် ဆန်ကွဲတင်ပို့သည့်ပမာဏ၊ ကုမ္ပဏီ၏ ဆန်သိုလှောင်ရုံများ အကျယ်အဝန်း၊ တင်ပို့သည့် ဆန်အမျိုးအစား၊ လယ်သမားနှင့် အကျိုးတူ လယ်ယာလုပ်ငန်း၊ စုစုပေါင်းစိုက်ဧက၊ ဆန်စက်တစ်နေ့ထုတ်လုပ်နိုင်မှုများကို ဖြည့်စွက်ရမည်ဖြစ်သည်။ ပြီးခဲ့သည့် မတ်လ ၇ ရက်တွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးပြုလုပ်၍ G to G အစီအစဉ်အပါအဝင် စုပေါင်းရောင်းချသည့် အစီအစဉ်ဖော်ဆောင်ရန် ဆွေးနွေးခဲ့ကြပြီး ယင်းဆွေးနွေးပွဲအပြီးတွင် ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်လိုက်ခြင်းဖြစ်ပါသည်။

မြန်မာ-တရုတ်နယ်စပ်ဖြစ်သော မူဆယ်တွင် အဖမ်းအဆီးများကြောင့် ဆန်တန်ချိန် လေးသောင်းကျော် ပိတ်မိနေသည့်အပေါ် တရုတ်အစိုးရနှင့် အမြန်ဆုံး ညှိနှိုင်းအဖြေရှာပေးရန် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီထံ တင်ပြ တောင်းဆိုထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌက ပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် မူဆယ်၌ ဆန်တန်ချိန် လေးသောင်း ကျော်ပိတ်မိနေသည့်အပေါ် ဖြေရှင်းပေးရန်အပါအဝင် အချက် ၅ ချက်ကို တင်ပြ တောင်းဆိုခဲ့ကြောင်းသိရသည်။

ဥက္ကဋ္ဌက နွေစပါးပေါ်ချိန်ရောက်တော့မည်ဖြစ်သည့်အတွက်ကြောင့် တောင်သူလယ်သမားများ ကုန်သွယ်မှုပြုလုပ်နိုင်ဖို့ရန် အရေးကြီးလိုအပ်နေသည့်အချိန်တွင် တရုတ်နိုင်ငံနှင့် မြန်မာအစိုးရတို့အကြား ညှိနှိုင်းသည့်အပိုင်းများကိုပိုမို ထိထိရောက်ရောက်လုပ်ပေးရန်လည်း လိုအပ်ကြောင်းတင်ပြခဲ့သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်တွင် ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၃ ရက်အထိ ကျင်းပပြုလုပ်ခဲ့သော The 2nd China Myanmar Economic Corridor Forum သို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် ကုန်သည်စက်မှုအသင်းချုပ် (UMFCCI) တို့၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ပါဝင်တက်ရောက်ခဲ့ပါသည်။

ယခု ၂၀၁၉ ခုနှစ်အတွင်း မြန်မာနိုင်ငံမှ ဆန်တန်ချိန် လေးသိန်းအထိ တရားဝင် ကိုတာဖြင့် တင်ပို့ခွင့်ရရှိရေးကို ညှိနှိုင်းဆွေးနွေးခဲ့ကာ မြန်မာနိုင်ငံမှထွက်ရှိသော

စာမျက်နှာ ၁၇ သို့

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၄ | ၀.၆၀ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၀ | ၀.၈၅ |
| ၃ | ထိုင်း | လီတာ | ၁.၁၁ | ၀.၈၃ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၈၀ | ၀.၆၈ |
| ၅ | စင်္ကာပူ | လီတာ | ၁.၅၅ | ၁.၂၈ |
| ၆ | မလေးရှား | လီတာ | ၀.၅၀ | ၀.၅၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၂ | ၀.၈၂ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၉၆ | ၀.၈၅ |
| ၉ | လာအို | လီတာ | ၁.၁၄ | ၀.၉၈ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၉ ခုနှစ် မတ်လ ၁၈ ရက်တွင် Global Petrol Prices Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ ၁ လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁ နှင့် ဒီဇယ်ဆီ ၁ လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅ ရှိပြီး စက်သုံးဆီဈေးနှုန်းနိုင်ငံအလိုက်နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း ၁ လီတာသည ဒသမ ၅၄ ဒေါ်လာနှုန်းဖြင့် ၂၁ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း ၁ လီတာ သည ဒသမ ၆၀ ဒေါ်လာနှုန်းဖြင့် ၂၀ နိုင်ငံမြောက်တွင်ရှိနေကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံးနိုင်ငံများစာရင်းကို ၁ လီတာ ဈေးနှုန်းများဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၁ | Zimbabwe | လီတာ | ၃.၃၇ |
| ၂ | ဆူဒန် | လီတာ | ၀.၁၃ | ဟောင်ကောင် | လီတာ | ၂.၁၆ |
| ၃ | အီရန် | လီတာ | ၀.၂၉ | Monaco | လီတာ | ၁.၉၈ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၄ | Wallis and Futuna | လီတာ | ၁.၈၉ |
| ၅ | အယ်ဂျီရီးယား | လီတာ | ၀.၃၅ | နော်ဝေ | လီတာ | ၁.၈၇ |

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၇ | Zimbabwe | လီတာ | ၃.၁၉ |
| ၂ | ဆူဒန် | လီတာ | ၀.၀၉ | Monaco | လီတာ | ၁.၉၀ |
| ၃ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | Wallis and Futuna | လီတာ | ၁.၈၁ |
| ၄ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | ဟောင်ကောင် | လီတာ | ၁.၈၁ |
| ၅ | Ecuador | လီတာ | ၀.၂၇ | နော်ဝေ | လီတာ | ၁.၈၀ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှု အများဆုံးဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ ၁ လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၇ | ၀.၉၅ |
| ၂ | ဂျပန် | လီတာ | ၁.၂၄ | ၁.၀၇ |
| ၃ | အိန္ဒိယ | လီတာ | ၁.၀၆ | ၀.၉၇ |

Oil-Price. Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ်ဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

## ကြယ်စင်(တန့်ဆည်မြေ)

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၁၅.၃.၂၀၁၉ | စည် | ၅၈.၆၁ |
| ၂ | ၁၈.၃.၂၀၁၉ | စည် | ၅၈.၇၈ |
| ၃ | ၁၉.၃.၂၀၁၉ | စည် | ၅၉.၀၃ |
| ၄ | ၂၀.၃.၂၀၁၉ | စည် | ၅၉.၀၃ |
| ၅ | ၂၁.၃.၂၀၁၉ | စည် | ၅၉.၉၈ |

source : http://www.oil-price.net/

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၁ ရက်မှ ၂၀၁၉ ခုနှစ် မတ် ၁၈ ရက်ထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်းပြောင်းလဲမှု များကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-




စာမျက်နှာ ၁၇ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ရွှေဈေးနှုန်းများ ဆက်တိုက်မြင့်တက် လျက်ရှိပြီး ပြည်တွင်းရွှေဈေးနှုန်းအနေဖြင့် မတ်လ ၁၄ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သား ကျပ် ၁၀၆၁၀၀၀ မှ ၂၁ ရက်တွင် ကျပ် ၁၀၆၉၀၀၀ အထိသို့မြင့်တက်ခဲ့ပြီး ကမ္ဘာ့ရွှေဈေးကွက်တွင်လည်း မတ် ၁၄ ရက်တွင် အခေါက်ရွှေ တစ်အောင်စ ၁၂၉၉ ဒေါ်လာမှ ၂၁ ရက်တွင် ၁၃၁၈ ဒေါ်လာသို့ မြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ရွှေဈေးမှာ ခန့်မှန်းရခက်ခဲနေပြီး ပြည်တွင်းရွှေဈေးသည် ကမ္ဘာ့ရွှေဈေးနှုန်းအတက်အကျပေါ်မူတည်ပြီး ပြောင်းလဲနိုင်ကြောင်း အဓိကရွှေဈေးကွက်ဖြစ်သော ရွှေဘုံသာဈေးကွက်အတွင်းမှ သိရှိရပါသည်။

၂၀၁၉ ခုနှစ်၊ မတ် ၁ ရက်မှ မတ် ၂၁ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေးအခြေအနေတို့ကို အောက်ပါအတိုင်းတွေ့ရှိရပါသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၁.၃.၂၀၁၉ | ၁၀၆၆၀၀၀ | ၁၃၁၀ |
| ၂ | ၂.၃.၂၀၁၉ | ၁၀၅၈၅၀၀ | ၁၂၉၃ |
| ၃ | ၃.၃.၂၀၁၉ | ၁၀၅၈၅၀၀ | ၁၂၉၃ |
| ၄ | ၄.၃.၂၀၁၉ | ၁၀၅၂၅၀၀ | ၁၂၈၈ |
| ၅ | ၅.၃.၂၀၁၉ | ၁၀၅၅၀၀၀ | ၁၂၈၈ |
| ၆ | ၆.၃.၂၀၁၉ | ၁၀၅၆၅၀၀ | ၁၂၈၆ |
| ၇ | ၇.၃.၂၀၁၉ | ၁၀၅၁၀၀၀ | ၁၂၈၆ |
| ၈ | ၈.၃.၂၀၁၉ | ၁၀၅၄၀၀၀ | ၁၂၉၅ |
| ၉ | ၉.၃.၂၀၁၉ | ၁၀၅၇၀၀၀ | ၁၂၉၈ |
| ၁၀ | ၁၀.၃.၂၀၁၉ | ၁၀၅၇၅၀၀ | ၁၂၉၈ |
| ၁၁ | ၁၁.၃.၂၀၁၉ | ၁၀၅၆၅၀၀ | ၁၂၉၆ |
| ၁၂ | ၁၂.၃.၂၀၁၉ | ၁၀၅၆၅၀၀ | ၁၂၉၇ |
| ၁၃ | ၁၄.၃.၂၀၁၉ | ၁၀၆၁၀၀၀ | ၁၂၉၉ |
| ၁၄ | ၁၅.၃.၂၀၁၉ | ၁၀၆၂၅၀၀ | ၁၃၀၃ |
| ၁၅ | ၁၆.၃.၂၀၁၉ | ၁၀၆၄၅၀၀ | ၁၃၀၃ |
| ၁၆ | ၁၇.၃.၂၀၁၉ | ၁၀၆၄၅၀၀ | ၁၃၀၃ |
| ၁၇ | ၁၈.၃.၂၀၁၉ | ၁၀၆၄၀၀၀ | ၁၃၀၆ |
| ၁၈ | ၁၉.၃.၂၀၁၉ | ၁၀၆၅၅၀၀ | ၁၃၀၇ |
| ၁၉ | ၂၁.၃.၂၀၁၉ | ၁၀၆၉၀၀၀ | ၁၃၁၈ |

Source: estimate of world's exchange rate and gold price page

စာမျက်နှာ ၁၆ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာပေါ်တွင် သကြားအများဆုံးထုတ်လုပ်သောနိုင်ငံများမှာ International Sugar Organization ISO website တွင် ဖော်ပြချက် စာရင်းများအရ ဘရာဇီးလ်၊ အိန္ဒိယ၊ ဥရောပသမဂ္ဂ၊ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် မက္ကဆီကိုနိုင်ငံ တို့ဖြစ်ကြပါသည်။ သကြားတင်ပို့သော ကမ္ဘာ့ထိပ်တန်းနိုင်ငံများမှာ ဘရာဇီး၊ ထိုင်း၊ ဩစတြေးလျ၊ ဂွါတီမာလာ၊ မက္ကဆီကို၊ အိန္ဒိယနှင့် ကျူးဘားနိုင်ငံတို့ဖြစ်ကြပြီး၊ သကြားတင်သွင်းမှု အများဆုံးနိုင်ငံများမှာ တရုတ်၊ အင်ဒိုနီးရှား၊ အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂ၊ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ နိုင်ဂျီးရီးယားနှင့် ကိုရီးယားနိုင်ငံတို့ ဖြစ်ကြပါသည်။ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် သကြားအများဆုံး လိုအပ်လျက်ရှိသည့် နိုင်ငံတစ်ခုဖြစ်ပြီး သကြားထုတ်လုပ်မှုတွင် ကမ္ဘာ့ အများဆုံးထုတ်လုပ်နိုင်သည့် နိုင်ငံများစာရင်းတွင် လေးနိုင်ငံမြောက် အဖြစ် ပါဝင်ကာ နှစ်စဉ်ပျှမ်းမျှ သကြားတန်ချိန် ၁၀ သန်း ဝန်းကျင် ထုတ်လုပ်နိုင်သော်လည်း တရုတ်နိုင်ငံ၏ ပြည်တွင်းစားသုံးရန် လိုအပ်မှုသည် တစ်နှစ်လျှင် တန်ချိန် ၁၆ သန်းခန့်ဖြစ်သည့်အတွက် တန်ချိန် ၆ သန်းခန့် လိုအပ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 20-Mar-19 | 13.00 cts/lb | 12.72 cts/lb | 343.25 S/T | 15.57 cts/lb |
| 19-Mar-19 | 13.01 cts/lb | 12.72 cts/lb | 346.80 S/T | 15.73 cts/lb |
| 18-Mar-19 | 13.06 cts/lb | 12.72 cts/lb | 350.85 S/T | 15.91 cts/lb |
| 15-Mar-19 | 12.74 cts/lb | 12.72 cts/lb | 344.40 S/T | 15.62 cts/lb |
| 14-Mar-19 | 12.63 cts/lb | 12.76 cts/lb | 342.45 S/T | 15.53 cts/lb |
| 13-Mar-19 | 12.60 cts/lb | 12.81 cts/lb | 342.50 S/T | 15.54 cts/lb |
| 12-Mar-19 | 12.59 cts/lb | 12.87 cts/lb | 343.40 S/T | 15.58 cts/lb |
| 11-Mar-19 | 12.55 cts/lb | 12.91 cts/lb | 343.15 S/T | 15.57 cts/lb |
| 8-Mar-19 | 12.43 cts/lb | 12.96 cts/lb | 340.65 S/T | 15.45 cts/lb |
| 7-Mar-19 | 12.42 cts/lb | 13.00 cts/lb | 339.30 S/T | 15.39 cts/lb |
| 6-Mar-19 | 12.43 cts/lb | 13.01 cts/lb | 340.60 S/T | 15.45 cts/lb |
| 5-Mar-19 | 12.69 cts/lb | 13.03 cts/lb | 345.70 S/T | 15.68 cts/lb |
| 4-Mar-19 | 12.64 cts/lb | 13.03 cts/lb | 344.50 S/T | 15.63 cts/lb |
| 1-Mar-19 | 12.92 cts/lb | 13.03 cts/lb | 348.05 S/T | 15.79 cts/lb |

Source: www.isosugar.org




Source: www.isosugar.org

ကမ္ဘာ့ သကြားဈေးနှုန်းများ အနေဖြင့် International Sugar Organization ISO ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရပါသည်။

အဆိုပါ website တွင်ဖော်ပြချက်များအရ သကြားဖြူ (White Sugar)တစ်တန်လျှင် ၁-၃-၂၀၁၉ ရက်နေ့တွင် အမေရိကန်ဒေါ်လာ ၃၄၈ ဒသမ ၀၅ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ၂၀-၃-၂၀၁၉ ရက်နေ့တွင် သကြားဖြူ (White Sugar) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၃ ဒသမ ၂၅ ဖြစ်ပေါ်ခဲ့သည်ကို တစ်ဖက်ပါအတိုင်း တွေ့ရှိရပါသည်-

၂၀၁၉ ခုနှစ်၊ မတ်လ တတိယပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၉၉ ဖြစ်ပေါ်ခဲ့ပြီး၊ အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ ဒေါ်လာ ၂၅၀၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၀၃-၄၀၉၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၄၂၉-၅၈၃ ဖြစ်ပြီး

စာမျက်နှာ ၁၆ သို့

## စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ပါကစ္စတန်၊ အိန္ဒိယနှင့် အမေရိကန်နိုင်ငံတို့၏ သကြား ဈေးနှုန်းများမှာ အနည်းငယ်မြင့်တက်ခဲ့ပြီး တရုတ်နိုင်ငံ၏ သကြားဈေးမှာ အနည်းငယ်ကျဆင်းလျက်ရှိကြောင်း သိရှိရပါသည်။ မြန်မာ-တရုတ် နယ်စပ်ရှိတစ်ဖက်နိုင်ငံဒေသ ပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန် ဒေါ်လာ ၆၅၁ ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

၂၀၁၉ ခုနှစ်၊ မတ်လတတိယပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်မူဆယ်ဒေသ ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန် ဒေါ်လာ ၆၄၄ သာရှိပြီး တရုတ် နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှ အမေရိကန် ဒေါ်လာ ၇၉၉ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန် ဒေါ်လာ ၁၅၅ ဒေါ်လာဈေးနှုန်းကွာဟချက် ရှိပါသည်။ မြန်မာ-ထိုင်းနယ်စပ်မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန် ဒေါ်လာ (၄၉၄) ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၅၁၈ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရပါသည်။

ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြား တစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး၊ တောင်ကြီး၊ ဘားအံနှင့် ပျဉ်းမနားမြို့တို့တွင် သကြားတစ်ပိဿာလျှင် ၁၂၀၀ ကျပ်ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရ ပါသည်။ မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့အလိုက်ဖြစ်ပေါ်နေ သော ဈေးနှုန်းများကို တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

Trading Economic Website တွင် ဖော်ပြချက်အရ ၂၀၁၉ခုနှစ် မတ် ၂၁ ရက်တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် သုည ဒသမ ၇၃ ရာခိုင်နှုန်း မြင့်တက်သွားကြောင်း လေ့လာတွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ်၊ မတ်လတတိယပတ်အတွင်း ပြည်တွင်းသကြားဈေးနှုန်းများမှာ အတက်အကျ အပြောင်းအလဲမရှိဘဲ ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

| စဉ် | မြို့အမည် | သကြား (ကျပ်/ပိဿာ) | | | |
|---|---|---|---|---|---|
| | | မတ် ၁၅ | မတ် ၁၈ | မတ် ၁၉ | မတ် ၂၁ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | မြစ်ကြီးနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂ | လားရှိုး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၃ | ကျိုင်းတုံ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၄ | တောင်ကြီး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၅ | လွိုင်ကော် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၆ | ဘားအံ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၇ | မော်လမြိုင် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၈ | ထားဝယ် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၉ | မြိတ် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၀ | ရန်ကုန် | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၁၁ | ပုသိမ် | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၁၂ | စစ်တွေ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၃ | ဟားခါး | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ |
| ၁၄ | မုံရွာ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၅ | မန္တလေး | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၆ | ပခုက္ကူ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၇ | မကွေး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၈ | ပြည် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၉ | ပဲခူး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂၀ | ပျဉ်းမနား | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၂၁ | နေပြည်တော် | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၂၂ | ကလေး | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |

Source:DACA-Domestic

## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth 6.80 %၊ Annual Rate of Inflation 6.94 %၊ Year on Year Inflation 6.14 % ရှိသည်ကိုလည်း လေ့လာသိရှိရပါသည်။ ဆက်တိုက်ကျဆင်းခဲ့သော အမေရိကန် ဒေါ်လာဈေးနှုန်းများသည် ဗဟိုဘဏ်ရည်ညွှန်းငွေလဲနှုန်းအရ မတ်လ ၁၄ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၂၉ ကျပ်ဖြစ်ခဲ့ရာမှ မတ်တတိယပတ်တွင် တရိပ်ရိပ် ပြန်လည်မြင့်တက်လာခဲ့သည်ကို သိရှိရပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ အမေရိကန် ဒေါ်လာဈေးသည် မတ် ၁၅ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၅၃၂ ကျပ်၊ မတ် ၁၈ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၅၃၆ ဒသမ ၈ ကျပ်၊ မတ် ၁၉ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၅၄၂ ကျပ်၊ မတ်လ ၂၁ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၅၃၆ ဒသမ ၁ ကျပ် ဖြစ်ပေါ်ခဲ့ပြီး မတ်လ ဒုတိယပတ်ထက် တစ်ဒေါ်လာလျှင် ၇ ကျပ်ခန့် ပြန်လည်မြင့်တက်ခဲ့သည်ကို သိရှိရပါသည်။

ပြင်ပဒေါ်လာဈေးကွက်တွင် အရောင်းအဝယ်မှာ အတက်အကျအပြောင်းအလဲများ ဖြစ်ပေါ်နေပြီး မတ် ၁၅ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၅၁၆ ကျပ်၊ မတ်လ ၁၈ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၅၁၈ ကျပ်၊ မတ်လ ၁၉ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၅၂၄ ကျပ်၊ မတ် ၂၀ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၂၃ ကျပ် အသီးသီး ပေါက်ဈေးဖြစ်ပေါ်ခဲ့ကြောင်း ငွေကြေးဈေးကွက်အတွင်းမှသိရှိရပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ၂၀၁၉ ခုနှစ်၊ မတ် ၁ ရက်မှ မတ် ၂၁ ရက်အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့်ကျပ်ငွေလဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




ပြည်တွင်း ငွေကြေးဈေးကွက်တွင် ယခုလအတွင်း ကန်ဒေါ်လာတန်ဖိုး ၂ ရာခိုင်နှုန်းခန့် ပြန်လည်မြင့်တက်လာပြီး လဆန်းပိုင်းတွင် တစ်ဒေါ်လာလျှင် ကျပ် ၁၅၀၀ ခန့်ရှိရာမှ မတ် ၂၀ ရက်တွင် ကျပ် ၁၅၃၀ သို့ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ သင်္ကြန်ပိတ်ရက် နီးလာခြင်းကြောင့် ပြည်ပမှ ကုန်ပစ္စည်းတင်သွင်းလိုသူ များပြားလာပြီး ပြည်ပငွေလွှဲပေးပို့မှု များခြင်းကြောင့် ဒေါ်လာဈေး ပြန်တက်လာခြင်း ဖြစ်နိုင်ကြောင်းဟု စီးပွားရေးလုပ်ငန်းရှင်အချို့မှ သုံးသပ်ခဲ့ကြပြီး ပြင်ပဒေါ်လာလဲနှုန်း မြင့်မားလာသကဲ့သို့ ဗဟိုဘဏ်ရည်ညွှန်းငွေလဲနှုန်းမှာလည်း မတ် ၁၉ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၄၂ ကျပ်အထိ မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

၂၀၁၉ ခုနှစ်၊ မတ် ၁၅ ရက်မှ မတ် ၂၁ ရက်အထိ ရက်အလိုက်ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန် တစ်ဒေါ်လာနှင့်ညီမျှသော နိုင်ငံတကာငွေလဲလှယ်နှုန်းများကို အထက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

**တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာ နှင့်ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား**

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၁၅-၃-၁၉ | ၁၈-၃-၁၉ | ၁၉-၃-၁၉ | ၂၁-၃-၁၉ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | Kyat | ၁၅၃၂.၁ | ၁၅၃၆.၈ | ၁၅၄၂.၀ | ၁၅၃၆.၁ | ၀.၂၆ | ⬆ |
| ၂ | Thai Baht | THB | ၃၁.၆၉၀ | ၃၁.၆၉၀ | ၃၁.၆၇၀ | ၃၁.၆၇၅ | -၀.၀၅ | ⬇ |
| ၃ | Singapore Dollar | SGD | ၁.၃၅၄ | ၁.၃၅၂ | ၁.၃.၅၁ | ၁.၃၄၈ | -၀.၄၄ | ⬇ |
| ၄ | Malaysian Ringg | MYR | ၄.၀၈၈ | ၄.၀၇၇ | ၄.၀၇၄ | ၄.၀၆၂ | -၀.၆၄ | ⬇ |
| ၅ | Indonesian Rupia | IDR | ၁၄၂၅၉ | ၁၄၂၃၈ | ၁၄၂၃၀ | ၁၄၁၃၉ | -၀.၈၄ | ⬇ |
| ၆ | Chinese Yuan | CNY | ၆.၇၁၁ | ၆.၇၁၃ | ၆.၇၁၅ | ၆.၆၉၂ | -၀.၂၈ | ⬇ |
| ၇ | Indian Rupee | INR | ၆၉.၀၅၇ | ၆၈.၆၃၀ | ၆၈.၈၄၅ | ၆၈.၅၆၄ | -၀.၇၁ | ⬇ |
| ၈ | Japanese Yen | JPY | ၁၁၁.၆၇၇ | ၁၁၁.၅၃၂ | ၁၁၁.၂၇၁ | ၁၁၀.၄၂၃ | -၁.၁၂ | ⬇ |
| ၉ | Austrialia Dollar | AUD | ၁.၄၁၁ | ၁.၄၀၇ | ၁.၄၀၉ | ၁.၄၀၀ | -၀.၇၈ | ⬇ |
| ၁၀ | Euro | EUR | ၀.၈၈၃ | ၀.၈၈၂ | ၀.၈၈၁ | ၀.၈၇၇ | -၀.၆၈ | ⬇ |
| ၁၁ | Pound Sterling | GBP | ၀.၇၅၅ | ၀.၇၅၅ | ၀.၇၅၄ | ၀.၇၆၀ | ၀.၆၆ | ⬆ |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ မတ် ၁၅ ရက်တွင် တစ်ဒေါ်လာ ၁၅၃၂ ကျပ်ရှိခဲ့ရာမှ မတ် ၂၁ ရက်တွင် ၁၅၃၆ ဒသမ ၁ ကျပ်သို့ ပြန်လည်မြင့်တက်လာခဲ့ပြီး တစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း သုည ဒသမ ၂၆ ရာခိုင်နှုန်း ပြန်လည်မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ငွေဈေးတည်ငြိမ်မှုသည်လည်း အရေးကြီး လိုအပ်ချက်တစ်ရပ်ဖြစ်ပြီး ပြည်တွင်းငွေကြေးဈေးကွက်အပေါ်တွင် စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ လွှမ်းမိုးမှုမြင့်မားခြင်းသည် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အတားအဆီးတစ်ရပ်ဖြစ်ပေါ်လာနိုင်ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အနေဖြင့် ပြည်တွင်း ငွေကြေးဈေးကွက်အပေါ် အပြည့်အဝလွှမ်းမိုးချုပ်ကိုင်နိုင်ရေး ဆောင်ရွက်ထားရှိရန်လိုအပ်ကြောင်းနှင့် ငွေကြေးဈေးနှုန်းပြောင်းလဲမှုများအကြောင့် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများနှင့် ပြည်သူပြည်သားများအပေါ်ဆိုးကျိုးများမဖြစ်ပေါ်စေရေး ကာကွယ်ပေးနိုင်ရေးအတွက် တည်ငြိမ်မှန်ကန်စွာ ဆောင်ရွက်ရန်လိုအပ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။



## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံး ဆီဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

လွန်ခဲ့သည့်သုံးလလောက်မှာ တစ်လီတာကို ၆၉၅ ကျပ်သာ ရှိခဲ့သည့် စက်သုံးဆီဈေးနှုန်းသည် ယခုအချိန်တွင် တစ်လီတာကို ၇၈၅ အထိဖြစ်လာပြီး ရက်ပေါင်း ၉၀ အတွင်း တစ်လီတာကို ကျပ်၉၀ ခန့်တက်လာခဲ့ကြောင်း တွေ့ရှိရပါသည်။ ခရီးသွားရာသီဖြစ်၍ စက်သုံးဆီသုံးစွဲမှုများပြားလာပြီး ဈေးနှုန်းမြင့်တက်လာခြင်းကြောင့် ခရီးသွားလုပ်ငန်းများ ထိခိုက်မှုဖြစ်လာကြောင်း သိရှိရပါသည်။ နိုင်ငံခြားမှ တင်သွင်းရသည့်အတွက် ၎င်းနိုင်ငံ၏ ဈေးနှုန်းအတက်/အကျအလိုက် ရောင်းချနေသည်ဖြစ်သော်လည်း ၎င်းနိုင်ငံမှ ဈေးနှုန်းချက်ချင်းကျသွားသော်လည်း မိမိနိုင်ငံအနေဖြင့် တစ်ပတ်နှစ်ပတ်ခန့်အထိ အတက်ဈေးဖြင့် ရောင်းပြီးမှ ပြန်ချတာမျိုးကြုံတွေ့နေရပါသည်။

စက်သုံးဆီများကို ပြည်တွင်းမှာအောက်တိန်း(92)၊ (95)နှင့် ဒီဇယ်၊ ပရီမီယံဒီဇယ်တို့ကို အများဆုံး ရောင်းချနေကြခြင်း ဖြစ်ပါသည်။ ပြည်တွင်းအသုံးပြုမှု၏ ၉၅ ရာခိုင်နှုန်းကျော်ကို ပြည်ပမှတင်သွင်းနေရခြင်းဖြစ်သောကြောင့် ပြည်ပငွေလဲနှုန်းနှင့် ပြည်ပစက်သုံးဆီဈေးနှုန်းအပေါ် မှီခိုနေရခြင်းဖြစ်ပါသည်။ စက်သုံးဆီဈေးနှုန်းမှာ ဆက်လက်မြင့်တက်လာဖွယ်ရှိနေပြီး အောက်တိန်းတစ်လီတာကို ကျပ် ၈၀၀ ကျော်အထိ ပြန်လည်မြင့်တက်လာနိုင်ကြောင်း စက်သုံးဆီတင်သွင်းသူများမှ ခန့်မှန်းထားကြောင်း သိရှိရပါသည်။ ၂၀၁၉ ခုနှစ် မတ် ၂၁ ရက်တွင် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းဈေးများအရ ဒီဇယ်တစ်လီတာလျှင် ၉၆၅ ကျပ်၊ ပရီမီယမ်ဒီဇယ် တစ်လီတာလျှင် ၉၇၅ ကျပ်၊ အောက်တိန်း-92 တစ်လီတာလျှင် ၇၈၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ကျပ် ၈၇၀ ရှိခဲ့ကြောင်း လေ့လာသိရှိရပါသည်။

ယခုတစ်ပတ်အတွင်းဓာတ်ဆီဈေးနှုန်းများမှာ အာရှဒေသနိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ မလေးရှား၊ ဗီယက်နမ်၊ တရုတ်၊ နီပေါနှင့် ပါကစ္စတန်နိုင်ငံများ၏ဈေးနှုန်းများမှာ တည်ငြိမ်နေကြောင်း လေ့လာသိရှိရပါသည်။ မြန်မာနိုင်ငံအတွင်းရှိမြို့ကြီးများ၏

| စဉ် | မြို့အမည် | စက်သုံးဆီ(ကျပ်/ဂါလံ) | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ဓာတ်ဆီ | | | | ဒီဇယ်ဆီ | | | |
| | | မတ် ၁၅ | မတ် ၁၈ | မတ် ၁၉ | မတ် ၂၁ | မတ် ၁၅ | မတ် ၁၈ | မတ် ၁၉ | မတ် ၂၁ |
| ၁ | မြစ်ကြီးနား | ၃၉၂၄ | ၄၀၀၅ | ၄၀၀၅ | ၄၁၂၆ | ၄၄၈၂ | ၄၅၀၀ | ၄၅၀၀ | ၄၅၈၅ |
| ၂ | လားရှိုး | ၃၈၀၀ | ၃၈၀၀ | ၃၉၀၀ | ၃၉၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၇၀၀ | ၄၇၀၀ |
| ၃ | ကျိုင်းတုံ | ၄၈၆၀ | ၄၈၆၀ | ၅၀၄၀ | ၅၀၄၀ | ၅၄၀၀ | ၅၄၀၀ | ၅၄၉၀ | ၅၄၉၀ |
| ၄ | တောင်ကြီး | ၃၉၀၀ | ၃၉၅၀ | ၃၉၅၀ | ၃၉၅၀ | ၄၆၀၀ | ၄၆၅၀ | ၄၆၅၀ | ၄၆၅၀ |
| ၅ | လွိုင်ကော် | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၆၅၀ | ၄၆၅၀ | ၄၆၅၀ | ၄၆၅၀ |
| ၆ | ဘားအံ | ၃၆၆၈ | ၃၇၃၅ | ၃၇၃၅ | ၃၇၃၅ | ၄၄၇၈ | ၄၅၂၃ | ၄၅၂၃ | ၄၅၂၃ |
| ၇ | မော်လမြိုင် | ၄၀၅၀ | ၄၀၉၅ | ၄၀၉၅ | ၄၀၉၅ | ၄၅၂၂ | ၄၅၄၅ | ၄၅၆၇ | ၄၅၆၇ |
| ၈ | ထားဝယ် | ၃၉၁၅ | ၃၉၁၅ | ၄၀၀၀ | ၄၀၀၀ | ၄၄၁၀ | ၄၄၁၀ | ၄၄၁၀ | ၄၄၁၀ |
| ၉ | မြိတ် | ၃၆၉၀ | ၃၆၉၀ | ၃၇၈၀ | ၃၇၈၀ | ၄၁၈၅ | ၄၁၈၅ | ၄၂၃၀ | ၄၂၃၀ |
| ၁၀ | ရန်ကုန် | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၂၅၁ | ၄၃၈၇ | ၄၃၈၇ | ၄၃၈၇ |
| ၁၁ | ပုသိမ် | ၃၆၅၀ | ၃၆၅၀ | ၃၆၅၀ | ၃၆၅၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ |
| ၁၂ | စစ်တွေ | ၄၀၄၀ | ၄၀၄၀ | ၄၀၄၀ | ၄၀၄၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ |
| ၁၃ | ဟားခါး | ၄၂၄၀ | ၄၂၄၀ | ၄၂၄၀ | ၄၂၄၀ | ၄၃၁၀ | ၄၃၁၀ | ၄၃၁၀ | ၄၃၁၀ |
| ၁၄ | မုံရွာ | ၃၆၀၀ | ၃၇၀၀ | ၃၇၀၀ | ၃၇၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ |
| ၁၅ | မန္တလေး | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၂၅၀ | ၄၂၅၀ | ၄၃၀၀ | ၄၃၀၀ |
| ၁၆ | ပခုက္ကူ | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၃၆၅၀ | ၃၆၅၀ | ၃၆၅၀ | ၃၆၅၀ |
| ၁၇ | မကွေး | ၃၇၀၀ | ၃၇၀၀ | ၃၇၀၀ | ၃၇၅၀ | ၄၅၇၀ | ၄၅၇၀ | ၄၅၇၀ | ၄၆၁၄ |
| ၁၈ | ပြည် | ၃၇၀၀ | ၃၇၅၀ | ၃၇၅၀ | ၃၈၅၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၅၀ |
| ၁၉ | ပဲခူး | ၃၅၆၅ | ၃၆၅၅ | ၃၆၅၅ | ၃၆၅၅ | ၄၃၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ |
| ၂၀ | ပျဉ်းမနား | ၃၆၉၀ | ၃၈၂၅ | ၃၈၂၅ | ၃၈၂၅ | ၄၄၁၀ | ၄၅၄၅ | ၄၅၄၅ | ၄၅၄၅ |
| ၂၁ | နေပြည်တော် | ၃၆၉၀ | ၃၈၂၅ | ၃၈၂၅ | ၃၈၂၅ | ၄၄၁၀ | ၄၅၄၅ | ၄၅၄၅ | ၄၅၄၅ |
| ၂၂ | ကလေး | ၃၃၀၀ | ၃၃၀၀ | ၃၉၅၅ | ၃၉၅၅ | ၄၂၀၀ | ၄၂၀၀ | ၄၅၅၀ | ၄၅၅၀ |

Source : DOCA-Domestic

စက်သုံးဆီ ဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဈေးနှုန်းအနည်းငယ်မြင့်တက်နေကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

ဆန်၊ ဆန်ကွဲ များကို တရုတ်နိုင်ငံမှထွက်ရှိသော ကုန်ပစ္စည်းများနှင့် ဖလှယ်နိုင်ရေး အလွတ် သဘောတူညီမှု (MoU) အား လက်မှတ်ရေးထိုးနိုင်ရန် အတွက်လည်း နိုင်ငံတော်အစိုးရသို့တင်ပြထားရှိကြောင်း သိရှိရပါ သည်။

မြန်မာ-တရုတ်နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၁၉ ခုနှစ် မတ်လ ၂၀ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းတစ်ယွမ်လျှင် ၂၂၄ ကျပ်နှုန်းရှိပြီး၊ ဧည့်မထ ဆန် ၂၅ မှတ်ဆန် တစ်အိတ်လျှင် ၂၃၀၇၂ ကျပ်မှ ၂၃၂၉၆ ကျပ်အထိ ပေါက်ဈေးရှိကြောင်း သိရှိရပါသည်။ မြန်မာ-ထိုင်းနယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၁၉ ခုနှစ် မတ် ၂၁ရက်တွင် ဖြစ်ပေါ်နေသော ဈေး နှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၇ ကျပ် နှုန်းရှိပြီး ဧည့်မထဆန် တစ်အိတ်လျှင် ကျပ် ၂၅၂၀၀ ခန့် ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းအနည်းငယ် မြင့်တက်သွားကြောင်း သိရှိရပါသည်။

USDA စာရင်းများအရ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း လေ့လာတွေ့ရှိချက်အရ ကမ္ဘာ့ဆန် အဓိကတင်သွင်းသော နိုင်ငံများ ၏ တင်သွင်းနိုင်မည့်တန်ချိန်မှာ ဘီနင်း သုည ဒသမ ၆၅၀ သန်း၊ ဘင်္ဂလားဒေ့ရှ် သုည ဒသမ ၆၀၀ သန်း၊ ဘရာဇီး သုည ဒသမ ၇၅၀ သန်း၊ ကင်မရွန်း သုည ဒသမ ၇၀၀ သန်း၊ တရုတ် ၄ ဒသမ ၅၀၀ သန်း၊ အိုင်ဗရီကို့စ် ၁ ဒသမ ၆၀၀ သန်း၊ အီးယူ ၂ သန်း၊ ဂါနာ သုည ဒသမ ၆၈၀ သန်း၊ အင်ဒိုနီးရှား သုည ဒသမ ၈၀၀ သန်း၊ ဂျပန် သုည ဒသမ ၆၈၅ သန်း၊ အီရန် ၁ ဒသမ ၄၀၀ သန်း၊ အီရတ် ၁ ဒသမ ၃၀၀ သန်း၊ ကင်ညာ သုည ဒသမ ၇၅၀ သန်း၊ မလေးရှား ၁ သန်း၊ မက္ကဆီကို သုည ဒသမ ၈၈၀ သန်း၊ မိုဇမ်းဘစ် သုည ဒသမ ၇၅၀ သန်း၊ နိုင်ဂျီးရီးယား ၂ ဒသမ ၂၀၀ သန်း၊ ဖိလစ်ပိုင် ၂ ဒသမ ၃၀၀ သန်း၊ ဆော်ဒီအာရေဗျ ၁ ဒသမ ၃၀၀ သန်း၊ ဆီနီဂေါ ၁ ဒသမ ၂၅၀ သန်း၊ တောင်အာဖရိက ၁ သန်း၊ ယူအေအီး သုည ဒသမ ၉၀၀ သန်း၊ အမေရိကန် သုည ဒသမ ၉၀၀ သန်း တင်သွင်းမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကမ္ဘာ့ဆန်တင်ပို့သည့် နိုင်ငံများအနက် မြန်မာနိုင်ငံအနေဖြင့် တန်ချိန် ၂ ဒသမ ၈ သန်းတင်ပို့မည်ဟု USDA စာရင်းများအရ ခန့်မှန်းထားပါသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များအရ တစ်ပတ်အတွင်း ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဈေးနှုန်း အတက်အကျ အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မတ်လ ၁၅ ရက်မှ ၂၁ ရက် အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | |
|---|---|---|---|---|---|---|
| | | | ၁၅-၃-၂၀၁၉ | ၁၈-၃-၂၀၁၉ | ၁၉-၃-၂၀၁၉ | ၂၁-၃-၂၀၁၉ |
| ၁ | ဓနိယာ | ၅ | ၂၁၅၀၀ | ၂၁၃၀၀ | ၂၁၅၀၀ | ၂၁၂၀၀ |
| ၂ | ဓနိယာ | ၁၀ | ၂၁၀၀၀ | ၂၀၈၀၀ | ၂၁၀၀၀ | ၂၀၇၀၀ |
| ၃ | ဓနိယာ | ၂၅ | ၁၉၄၀၀ | ၁၉၃၀၀ | ၁၉၃၀၀ | ၁၉၁၀၀ |
| ၄ | ဓနိယာ | ၃၅ | ၁၉၀၀၀ | ၁၈၈၀၀ | ၁၈၈၀၀ | ၁၈၈၀၀ |
| ၅ | ဧည့်မထ | ၅ | ၂၀၇၀၀ | ၂၀၂၀၀ | ၂၀၃၀၀ | ၂၀၀၀၀ |
| ၆ | ဧည့်မထ | ၁၀ | ၂၀၂၀၀ | ၁၉၇၀၀ | ၁၉၈၀၀ | ၁၉၆၀၀ |
| ၇ | ဧည့်မထ | ၂၅ | ၁၉၄၀၀ | ၁၉၃၀၀ | ၁၉၃၀၀ | ၁၉၁၀၀ |
| ၈ | ဧည့်မထ | ၃၅ | ၁၉၀၀၀ | ၁၈၈၀၀ | ၁၈၈၀၀ | ၁၈၈၀၀ |

တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက လွိုင်ကော်မြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၂၀၀ ဖြင့်အမြင့် ဆုံးဈေးနှုန်းဖြစ်ပေါ်ခဲ့ပြီး ဘားအံမြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၉၅၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | မြို့အမည် | ဧည့်မထဆန် (ကျပ်/ပြည်) | | | |
|---|---|---|---|---|---|
| | | ၁၅.၃.၂၀၁၉ | ၁၈.၃.၂၀၁၉ | ၁၉.၃.၂၀၁၉ | ၂၁.၃.၂၀၁၉ |
| ၁ | မြစ်ကြီးနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂ | လားရှိုး | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ |
| ၃ | ကျိုင်းတုံ | ၁၆၅၀ | ၁၆၅၀ | ၁၆၅၀ | ၁၆၅၀ |
| ၄ | တောင်ကြီး | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၅ | လွိုင်ကော် | ၂၁၀၀ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ |
| ၆ | ဘားအံ | ၉၅၀ | ၉၅၀ | ၉၅၀ | ၉၅၀ |
| ၇ | မော်လမြိုင် | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၈ | ထားဝယ် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၉ | မြိတ် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၀ | ရန်ကုန် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၁ | ပုသိမ် | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၁၂ | စစ်တွေ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၃ | ဟားခါး | ၂၁၀၀ | ၂၁၀၀ | ၂၁၀၀ | ၂၁၀၀ |
| ၁၄ | မုံရွာ | ၁၈၅၀ | ၁၈၅၀ | ၁၈၅၀ | ၁၈၅၀ |
| ၁၅ | မန္တလေး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၆ | ပခုက္ကူ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၇ | မကွေး | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၈ | ပြည် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၉ | ပဲခူး | ၁၀၅၀ | ၁၀၅၀ | ၁၀၅၀ | ၁၀၅၀ |
| ၂၀ | ပျဉ်းမနား | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ |
| ၂၁ | နေပြည်တော် | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ |
| ၂၂ | ကလေး | ၁၀၀၀ | ၁၀၀၀ | ၁၂၀၀ | ၁၂၀၀ |

Source-DOCA-Domestic

မြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အဓိကအား ထားသည့် နိုင်ငံဖြစ်သည့် အားလျော်စွာ တိုးတက်ပြောင်းလဲလာသည့် Global စီးပွားရေးစနစ်တွင် စိန်ခေါ်မှု ယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင် ကြုံတွေ့နေရလျက်ရှိပါသည်။ မြန်မာ့လယ်ယာကဏ္ဍတွင်လည်း စိန်ခေါ်မှုယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်တွေ့ကြုံနေရပြီး တောင်သူများမှာလည်း ဆုံးရှုံးနစ်နာမှုများစွာနှင့်ကြုံတွေ့ရလျက်ရှိရာ ခိုင်မာသည့် ဈေးကွက်သစ်များရှာဖွေနိုင်ရန် အရေးတကြီးလုပ်ဆောင်နိုင်ရန် လိုအပ်လျက်ရှိပါသည်။ နိုင်ငံတကာ ဆန်စပါးဈေးကွက်ကြီးများမှလည်း အပြိုင်အဆိုင် ဈေးကွက်ရရှိရေးကို ကြိုးပမ်းဆောင်ရွက် လျက်ရှိရာ မြန်မာနိုင်ငံသည်လည်း ထုတ်လုပ်မှုကုန်ကျစရိတ်၊ အထွက်နှုန်း၊ နည်းပညာ၊ သုတေသန၊ အရည်အသွေးနှင့် ဈေးကွက်ရှာဖွေမှုအပိုင်းများကို အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်ရန် သက်ဆိုင်ရာဌာနဆိုင်ရာ များ၊ အသင်းအဖွဲ့၊ ကုန်သည်လုပ်ငန်းရှင်များနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်နိုင်ရေး ပိုမိုတွန်းအားပေး လုပ်ဆောင်ကြရမည် ဖြစ်ပါသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ် ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ၃ ဒသမ ၄၆ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရှိရပါသည်။ ၂၀၁၉ ခုနှစ် မတ်လတတိယပတ်အတွင်း နိုင်ငံတကာဆန်ဈေးနှုန်းများတွင် အတက်အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

# ပြုန်းတီးပျောက်ကွယ်မည့် အန္တရာယ်မှ ကာကွယ်စောင့်ရှောက်ရန် လိုအပ်နေသော မြန်မာ့ထန်း



[ မျိုးသီတာ(မြင်းခြံ) ]

နွေဦးကာလမြူထသောအခါ ရင်းထောင်၊ ရင်းဆွဲ၊ ဆောင်မြဲ အိုးလွယ်ကာ၊ ဓါးနှီးထက်စွာ ခါးမှာ ချပ်လျက်. . . . ဆိုသည့် ထန်းတက်သမား၏သရုပ်နှင့် ထန်းပင်၊ ထန်းလက်၊ ထန်းရွက် ကယ်ဝေဝေ စင်အောင်ခုတ်ထစ်၊ နုမျစ်ကယ်ထန်းဦးရေဆိုသည့် ထန်းပင်၏သဏ္ဌာန် အစရှိသည့် ဝန်ကြီးပဒေသ ရာဇာ၏ ထန်းတက်တျာချင်းကို ကျောင်းသင်ရိုးမှာသင်ရကတည်းက ထန်းတက် သမားများ၏ဘဝ ကို ကရုဏာသက်ခဲ့မိပါသည်။

ထိုကဗျာကိုကြည့်ချင်းအားဖြင့်လည်း ထန်းတက်သမားများ၏ ဘဝနိမ့်ကျမှုသည် ခေတ်အဆက်ဆက်ပြောင်းလဲမှုမရှိဘဲ နိမ့်ကျမြဲ နိမ့်ကျလျက်ရှိနေသည်မှာ မျက်မှောက်ခေတ်ကာလအထိဖြစ်ပါသည်။ ထန်းတက်သမားများ၏ ဘဝအခြေအနေ နိမ့်ကျမှု၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှုနှင့် အနည်းငယ်မျှသောဝင်ငွေအပေါ်တွင် မှီခိုနေရသည့် ထန်းတက်သမားမိသားစုများ၏ ဆင်းရဲနွမ်းပါးမှုအခြေအနေများမှ ရုန်းထွက်နိုင်ရေး အဘက်ဘက်မှ တွန်းအားပေး ဆောင်ရွက်နိုင်ရန် လိုအပ်နေပါသည်။ ထန်းဈေးကွက်ပျက်လာသည်နှင့်အမျှ မဖြစ်စလောက် ငွေကြေးပမာဏဖြင့် ထန်းပင်များကို ခုတ်လှဲရောင်းချနေခြင်းကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ထန်းပင်များကိုကာကွယ်ရန် လိုအပ်လှပါသည်။

အပူပိုင်းဒေသ မြန်မာနိုင်ငံအလယ်ပိုင်းတွင် ပေါက်ရောက်ဖြစ်ထွန်းသော ထန်းပင်၊ ထန်းတောများသည် လွမ်းမောရှုမဆုံးဖွယ်ရာ ပန်းချီကားတစ်ချပ်ပမာ အစီအရီပေါက်ရောက်နေသည်မှာ အညာဒေသ၏အမှတ်အသားတစ်ခုဖြစ်ပါသည်။ ထန်းပင်ကို သိပ္ပံအမည်အားဖြင့် (Borassus Flabellifer)ဟုခေါ်ပြီး ရုက္ခဗေဒအမည်အားဖြင့် (Palmaceae,Palmy) မျိုးရင်းတွင် ပါဝင်ပါသည်။ ထန်းပင်၏ မူရင်းဒေသမှာ အပူပိုင်းဒေသများဖြစ်သော အာဖရိက၊ အာရှ၊ နယူးဂီနီယာတို့တွင် ပေါက်ရောက်ရှင်သန်ဖြစ်ထွန်းပါသည်။ ထန်းပင်များသည် အမြင့် ၉၈ ပေခန့်အထိ မြင့်မားပြီး အခက်အလက်ဖြာထွက်ခြင်းမရှိဘဲ အထက်သို့ဖြောင့်တန်းစွာ ပေါက်ရောက်သည့် အပင် ကြီးမျိုးဖြစ်ပါသည်။ သက်တမ်းမှာ နှစ်ပေါင်း ၁၀၀ ကျော်အထိ ရှင်သန်ဖြစ်ထွန်းပါသည်။ ကြီးထွားနှုန်းမှာ အရွယ်ကိုလိုက်၍ ကွာခြားသည်။ ထန်းသီးစေ့မှ တစ်နှစ် အကြာခန့်တွင် အပင်စတင်နှုန်း နှေးကွေး၍ အရွယ်ရောက်လာသည်နှင့်အမျှ ကြီးထွားနှုန်းမြန်လာပါ သည်။ ပျမ်းမျှကြီးထွားနှုန်းမှာ တစ်နှစ်လျှင် တစ်ပေခန့်ဖြစ်ပါသည်။

ထန်းမျိုးနွယ်ဝင်အပင်များအား အရွက်ပုံသဏ္ဌာန်ကိုကြည့်၍ ယပ်တောင်ပုံ ထန်းမျိုးနွယ် (FanPalm)နှင့် ငှက်မွှေးပုံထန်းမျိုးနွယ် (FeatherPalm)ဟူ၍ နှစ်မျိုးခွဲခြားနိုင်ပါသည်။ ပေပင်နှင့် ထန်းပင်တို့သည် ယပ်တောင်ပုံထန်းမျိုးနွယ်တွင် ပါဝင်ပြီး စလူပင်၊ ဓနိပင်၊ စွန်ပလွန်ပင်၊ အုန်းပင်တို့ သည် ငှက်မွှေးပုံ ထန်းမျိုးနွယ်တွင် ပါဝင်ပါသည်။ ယပ်တောင်ပုံအရွက်ရှိသော ထန်းတို့ကို ကော်ရီဖာထန်း (CoryphaPalm)နှင့် တောဒီထန်း(ToddyPalm)ဟူ၍ခေါ်ပါသည်။ ထန်းကို အများအားဖြင့် (Toddy Palm)အဖြစ် လူသိများကြပြီး နီပေါ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများတွင် အများအားဖြင့် တွေ့ရှိရပါသည်။

ထန်းပင်သည် မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံကဲ့သို့သော ပူပြင်းသည့်နိုင်ငံများတွင် အများအပြား ပေါက်ရောက်ပြီး မိုးရေချိန်လက်မ ၂၀ မှ ၄၀ အတွင်း ရွာသွန်း၍ ပူပြင်းခြောက်သွေ့သော ရာသီဥတုမျိုးကို နှစ်သက်ပါသည်။

မြန်မာနိုင်ငံတွင် နေရာအနှံ့အပြား ပေါက်ရောက်ဖြစ်ထွန်းပြီး ပူပြင်းခြောက်သွေ့သည့် အလယ်ပိုင်းဒေသနှင့် အထက်ပိုင်းဒေသများတွင် အများဆုံးပေါက်ရောက် ရှင်သန်ဖြစ်ထွန်းပါသည်။ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် အလေ့ကျပေါက်သော ထန်းပင် အနည်းငယ်ခန့် တွေ့ရှိရပါသည်။

ထန်းပင်တွင် အဖိုပင်၊ အမပင် ဟူ၍ရှိရာ အဖိုပင်၏ထန်းနို့အား ထန်းလှီးပါက ထန်းရည်ချို ထွက်ရှိပြီး ထန်းမပင်သည် ထန်းသီးသီးပါသည်။ ထန်းသီးခိုင်ကို ညှပ်ဖြင့်ညှပ်၍လည်း ထန်းရည်ထုတ်ယူနိုင်ပါသည်။ ထန်းပင်မှ ထန်းရေချိုသာထွက်ရှိပြီး ချိုသည့်အရသာရှိသည့်အတွက် အနောက် အာဖရိက၊ အာဖရိကအလယ်ပိုင်း၊ တောင်အမေရိကနှင့် အာရှနိုင်ငံများတွင် ထန်ရည်ချိုအား သောက်သုံးလေ့ရှိကြပါသည်။ ထန်းရည်ချိုတွင် (Vitamin B2၊B1၊သံဓာတ်၊ vitamin B Complex) ဓာတ်များပါဝင်ပါသည်။ **စာမျက်နှာ ၃၁ သို့**

Paing Family International Co., Ltd
Export & Import Trading Company
(Beans and Pulses, Sesame Seeds, Sugar)



No. BSH 1, Hematite Shop House, Baho Road, Homl Lane Station Quarter, Sanchaung Township, Yangon, Myanmar.
Tel : +95-9-955188885, +95-9-955188886, +95-9-955188887

## Welcome to Dagon Seik-kan International Logistic Services Co. Ltd

© 2019 DIL, All Rights Reserved.








Address : No 75/76, Corner of Pounnami Road & Shweli Road,Dagon Seikkan Tsp, Yangon, Myanmar.
Tel : (+951)3593633, (+959)425297892, (+959)5009099, (+959)43105336, (+959)250684032.
Fax : (+951)3593633
Email : office@dilmyanmar.com, containerdepot@dilmyanmar.com, contact@dilmyanmar.com, dillogistics@gmail.com.

## SHIPMAX FREIGHT SOLUTION CO., LTD

**SOLUTIONS FOR YOUR FREIGHT NEEDS**
**OFFERING ONE - STOP SERVICE**
**FOR EVERY TRADE ROUTE**

### Our Services

- Air Freight
- Ocean Freight(FCL/ Lcl)
- Land Freight(Trucking) (Inland & Cross Border)
- Land Freight(Railroad)(Inland)
- Customs Clearance
- Door to Door Service
- Storage/Distribution
- Permits & License Application
- Warehousing
- Packing/Palletizing
- Manpower Supply
- Moving & Relocation



### Members Of :

SHIPMAX FREIGHT SOLUTION CO.,LTD
No.63, FIRST FLOOR, HNIN SI STREET, AHLONE TOWNSHIP, YANGON 11121, MYANMAR.
TEL : +95-1-2315203, +959 799898589, +959 799898598, +959 775414882, +959 775414883 Fax : +95-1-2315203
EMAIL : cs@shipmaxfreight.com WEBSITE : www.shipmaxfreight.com Page : www.facebook.com/shipmaxfreight

# ဈေးကွက်တစ်နေရာအတွက် ထိုးဖောက်နေရာယူလာနိုင်သည့်

# မြန်မာမှာ 'ရိုးရာ' ဆန်အရက်

ယနေ့ကာလတွင်မိတ်ဆုံစားပွဲ၊ ပျော်ပွဲရွှင်ပွဲ၊ ညစာစားပွဲများတွင်တည်ခင်းဧည့်ခံရာ၌ မပါမဖြစ်ပါဝင်သော အမယ်တစ်ခုမှာ ယမကာပင်ဖြစ်ပါသည်။ ယမကာသည် လွန်ကျူးစွာသောက်သုံးလျှင် ဆိုးကျိုးများ ဖြစ်ထွန်းစေသော်လည်း ပမာဏအနည်းငယ်သာ မှီဝဲသောက်သုံးပါက ကျန်းမာရေးအတွက် အထောက်အကူဖြစ်ကြောင်း ဂျပန်နိုင်ငံ၏ လေ့လာမှုစစ်တမ်းများအရ သိရှိရပေသည်။ မြန်မာနိုင်ငံတွင် အရက်သောက်သုံးသူ ၁၉ ဒသမ ၈ ရာခိုင်နှုန်း၊ ၄ ဒသမ ၇ သန်းနှင့် အရက်အလွန်အကျွံသောက်သုံးသူ ၁၀ ဒသမ ၃ ရာခိုင်နှုန်း၊ ၂ ဒသမ ၄ သန်း ရှိကြောင်းနှင့် အမျိုးသား၊ အမျိုးသမီးနှင့် လူငယ်များတွင် အရက်သောက်သုံးမှုနှုန်းမှာ တစ်ရှိန်ထိုး မြင့်တက်လာပြီး အရက်သောက်သုံးမှုများ၏ ၇၀ ရာခိုင်နှုန်းမှာ တရားဝင် တင်သွင်းထားခြင်းမရှိသည့် အရည်အသွေးမမီသည့် အရက်များဖြစ်နေကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံတွင် ပြည်ပမှအရက်များကို တင်သွင်း၍ သုံးစွဲနေကြရပြီး ပြည်တွင်းတွင်လည်း ဒေသအသီးသီးတွင် ထုတ်လုပ်လျက် ရှိနေပါသည်။

ပြည်တွင်းတွင်ထုတ်လုပ်သည့် ဒေသအလိုက် အရက်အမျိုးမျိုးရှိသည့်အနက် ချင်းပြည်နယ်တွင် လိုင်မီး၊ ကယားပြည်နယ်တွင် မီးဖြတ်(ခေါ်)အရက်ဖြူ၊ ရခိုင်ပြည်နယ်တွင် OP(Overproof)အရက်ဆီ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် Dragon Special Rum၊ Thiha Blended Whisky နှင့် ကသာခရိုင်မှ ထုတ်လုပ်သော ဒေသထွက်ကချင်အရက်၊ ဧရာဝတီတိုင်းဒေသကြီးတွင် OP အရက်ဆီ၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် BE အရက်အမျိုးမျိုး၊ ပဲခူး၊ ကရင်နှင့် မန္တလေးတို့တွင် Victory Myanmar Group မှထုတ်လုပ်သော Mandalay Rum၊ ကချင်ပြည်နယ်တွင် နန့်စပိန်းအရက်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် 'ရိုးရာ' ဆန်အရက်တို့ကို ထုတ်လုပ်ကြပါသည်။

သို့သော်လည်း အရည်အသွေးပိုင်းတွင်မူ ပြည်ပအရက်များနှင့် များစွာ ကွာခြားမှုမရှိသော်လည်း ထုတ်ပိုးမှုစနစ်တွင် အားနည်းလျက်ရှိသည်ကို တွေ့ရှိရပေသည်။ ထို့ကြောင့် ပြည်တွင်းထုတ်လုပ်သည့် အရက်များကို အရည်အသွေးပိုင်းတွင်လည်းကောင်း၊ ထုတ်ပိုးမှုကို စနစ်တကျပြုလုပ်၍သော်လည်းကောင်း ထုတ်လုပ်မည်ဆိုပါက ခေတ်မီဈေးကွက်ဝင်သည့် ပြည်တွင်းထုတ်ကုန်များ ဖြစ်ပေါ်လာမည် ဖြစ်ပေသည်။

ဖေဖော်ဝါရီလဆန်းပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ အသင်းရုံးဖွင့်ပွဲအခမ်းအနား ညစာစားပွဲတွင် ပြည်ပထုတ်အရက်များနှင့် ပြည်တွင်းထုတ်အရက်များကို တည်ခင်းဧည့်ခံခဲ့ရာ အဆိုပါအရက်များအနက် ပြည်တွင်းထုတ်အရက်တစ်မျိုး ဖြစ်သည့် 'ရိုးရာ' ဆန်အရက်သည် တစ်မူထူးခြားပြီး ခေတ်မီသေသပ် လှပသည့် ထုပ်ပိုးမှုဖြင့် ပြည်တွင်းစားသောက်ဖွယ်ထုတ်ကုန် တစ်မျိုးဖြစ်သည်ကို အမှတ်မထင် တွေ့ရှိရပါသည်။ Alcohol(၄၃) ရာခိုင် နှုန်းပါဝင်သည့် ဒေသထွက်အရက်ကို တန်ဖိုးမြှင့်ထုတ်လုပ်ထား သည်ကို တွေ့ရပါသည်။ မြင်ရုံဖြင့် စိတ်အာရုံကို ဖမ်းစားနိုင်သည့် ထုတ်လုပ်မှုဖြစ်သည့် အပြင်ပြင်းပြ နက်ရှိုင်းပြီး နှစ်ချို့သော အရသာရှိသဖြင့် ပြည်ပဈေးကွက်ကို ထိုးဖောက်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ထို့ကြောင့် ပြည်တွင်းထုတ်ကုန်များ ဈေးကွက်တစ်နေရာ ရရှိစေရန်အတွက် 'ရိုးရာ'ဆန်အရက်ကို ခေတ်နှင့်အညီ ထုတ်လုပ်သည့် ကြိုးပမ်းမှုကို ဂုဏ်ပြုလိုသောစိတ်၊ ပြည်တွင်းထုတ် 'ရိုးရာ' ဆန်အရက်သည် ကမ္ဘာ့အရက်ဈေးကွက်ကို ထိုးဖောက်လာနိုင်မည်ဟု ယုံကြည်သောစိတ်တို့ဖြင့် ဤစာအား ရေးသားတင်ပြလိုခြင်းဖြစ်ပါသည်။

## DOCA (Policy)

ပြည်ပဈေးကွက်တွင် နာမည်ရရှိနေသည့် ဘရာဇီးနိုင်ငံမှ Cassava (ပီလောပီနံ)အခြေခံ Tiquria (Brazil)၊ အိန္ဒိယနိုင်ငံမှ Cashew (သီဟိုသရက်)အခြေခံ Fini (India)၊ ထိုင်းနိုင်ငံမှ Sugar cane(ကြံသီးနှံ) အခြေခံ Mekhong Whiskey (95% sugar cane and molasses and 5% rice)၊ ရုရှားနိုင်ငံမှ Rye(ဥရောပတိုက် မြောက်ပိုင်းပေါက် ဂျုံကြမ်းမျိုး)အခြေခံ Vodka (Russia)၊ ကိုရီးယားနိုင်ငံမှ Barley (မုယောစပါး)၊ Rice (ဆန်)နှင့် Wheat(ဂျုံ)အခြေခံ Soju (Korea)၊ တရုတ်နိုင်ငံမှ Orghum(နှံစားပြောင်း) အခြေခံ Maotai (China) အရက်များရှိသကဲ့သို့ မြန်မာနိုင်ငံတွင် ခေတ်မီထုပ်ပိုးမှုနှင့် ပြည်ပဈေးကွက်သို့ ထိုးဖောက်ဖြန့်ဖြူးနိုင်ရန် ကြိုးစားအားထုတ်နေသည့် ရှမ်းပြည်နယ်မြောက်ပိုင်းက 'ရိုးရာ'ဆန်အရက်သည် ထုပ်ပိုးသည့် စနစ်နှင့် ကုန်ပစ္စည်း၏ အရည်အသွေးသည် မြင်တွေ့ရသူတိုင်း၏ စိတ်ကိုဖမ်းစားနိုင်သည့်အချက်များနှင့် ပြည့်စုံနေပါသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ဒေသထွက်ကုန်တစ်မျိုးဖြစ်သည့် 'ရိုးရာ'ဆန်အရက်လုပ်ငန်းကို လားရှိုးမြို့၊ အမှတ်-၆၆၇၊ ပြည်ထောင်စုလမ်းမကြီးဘေး၊ ခိုဆန်တန်ကျေးရွာတွင် တည်ရှိသော HBC Myanmar Company မှ ထုတ်လုပ်ပြီး ရိုးရာနည်းအတိုင်း ဆန်ကို ပေါင်းခံထုတ်လုပ်ထားသောကြောင့် နှစ်ချို့အရသာ ရှိသည့် ဆန်အရက်တစ်မျိုးဖြစ်ပါသည်။ 'ရိုးရာ'ဆန်အရက်၏လုပ်ငန်းပိုင်ရှင် HBC Myanmar Company မှ MD ဦးစိုးလှိုင်နှင့် တွေ့ဆုံမေးမြန်းချက်များအရ 'ရိုးရာ'ဆန်အရက်ချက်လုပ်ငန်းကို ၂၀၀၃ ခုနှစ်မှစတင်ပြီး ယခုအခါ နှစ်ပေါင်း(၁၅)နှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း သိရှိရပါသည်။ 'ရိုးရာ'ဆန်အရက်ကို ယခုအခါ Packing အမျိုးအစား (၃) မျိုးဖြင့် ထုတ်လုပ်လျက်ရှိပါသည်။ အဆိုပါ (၃)မျိုးမှာ ကော်ဗူးဖြင့် ထုပ်ပိုးထားသော ၇၀၀ မီလီလီတာ 'ရိုးရာ'ဆန်အရက်၊ ဖန်ပုလင်းဖြင့် ထုပ်ပိုးထားသော ၅၀၀ မီလီလီတာ 'ရိုးရာ'ဆန်အရက်နှင့် အဆင့်မြင့် ကြွေပုလင်းဖြင့် ခေတ်မှီသေသပ်လှပစွာ ထုပ်ပိုးထားသော ၅၀၀ မီလီလီတာ(၂)လုံးပါဝင်သည့် 'ရိုးရာ'ဆန်အရက်တို့ ဖြစ်ကြပါသည်။ ဖြန့်ဖြူးရောင်းချသည့် ဈေးနှုန်းများမှာ ၇၀၀ မီလီလီတာ(ကော်ဗူး) အား ၁၀၀၀ ကျပ်၊ ၅၀၀ မီလီလီတာ (ဖန်ပုလင်း)အား ၃၅၀၀ ကျပ်နှင့် အဆင့်မြင့် ကြွေပုလင်း ၅၀၀ မီလီလီတာ (၂)လုံးပါ 'ရိုးရာ'ဆန်အရက်အား ၂၅၀၀၀ ကျပ် စသည်ဖြင့် ရောင်းချလျက်ရှိကြောင်း သိရှိရပါသည်။

ကြွေပုလင်းဖြင့် ထုပ်ပိုးထားသော 'ရိုးရာ'ဆန်အရက်ကို အချိန်ကာလကြာမြင့်စွာ နှစ်ချို့သိုလှောင်ထားရပြီး ရင်းနှီးမြှုပ်နှံမှုများစွာထားရှိရသည့်အတွက် အရေအတွက်များစွာ ထုတ်လုပ်နိုင်ခြင်း မရှိသေးကြောင်းလည်း သိရှိရပါသည်။ 'ရိုးရာ'ဆန်အရက်ကို ကုန်ကြမ်းအနေဖြင့် လားရှိုးခရိုင်အတွင်းရှိ ဒေသများမှထွက်ရှိသော ဆန်ကွဲများဖြင့် အဓိကထုတ်လုပ်ပြီး ဆန်ကွဲတစ်အိတ်လျှင် ၂၀၀၀၀ ကျပ်မှ ၂၅၀၀၀ ကျပ်အထိရှိကြောင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဆန်ကွဲများကိုလည်း ဈေးနှုန်းကိုက်ပါက တစ်ခါတစ်ရံ ဝယ်ယူ အသုံးပြုကြောင်း သိရှိရပါသည်။ ထုတ်လုပ်မှုအနေဖြင့် လားရှိုးခရိုင်ဒေသအတွင်း ရွာပေါင်း(၆၀)ကျော်မှ တစ်ပိုင်တစ်နိုင် ထုတ်လုပ်သော အရက်ဖိုများနှင့် အကျိုးတူပူးပေါင်း၍ ထွက်ရှိသော ဆန်အရက်များကို စုစည်းရယူကာ မိမိနေရာဒေသတွင် ပြန်လည်ပေါင်းခံကာ အဆင့်ဆင့် သန့်စင်စစ်ဆေးပြီးနောက် သက်ဆိုင်သည့် Packing များ စနစ်တကျ ထုပ်ပိုး၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် အဓိက ဖြန့်ဖြူးရောင်းချကြောင်း သိရှိရပါသည်။ ဒေသထွက်ဆန်အရက်မှာ ရှေးယခင်ကာလများက ကိုယ်တိုင်စားသုံးရန်အတွက်သာ ချက်လုပ်ကြပြီး ယခုအခါ ဒေသတွင်း စားသုံးရန်အတွက်ပါ ချက်လုပ်ရောင်းချလျက်ရှိပါသည်။ ဆန်အရက်ကို ပထမဦးစွာ ဆန်/ဆန်ကွဲအား ထမင်း ဖြစ်အောင်ပေါင်းပြီး တစေးဖြင့်ရောကာ စဉ့်အိုးထဲတွင်ထည့်ပြီး (၈)ရက်ခန့် စိမ်၍ ကစော်ဖောက်ရပါသည်။ ထို့နောက် ဖောက်ထားသည့် ကစော်များအား ရေထဲတွင်(၁၂)ရက်ခန့် စိမ်ထားပြီးပါက အရက်ချက်လုပ်၍ရပြီ ဖြစ်ပါသည်။ HBCMyanmar Company မှ တစ်ရက်လျှင် ပျမ်းမျှအနေဖြင့် ရိုးရာ ဆန်အရက်ကို Packing မျိုးစုံ အလုံးရေ ၅၀၀၀ နှင့် ၈၀၀၀ ကြား ထုတ်လုပ်လျက်ရှိသည့်အပြင် မန္တလေးမြို့တွင် တည်ရှိသော ကျားမင်းကြီး အရက်ချက်စက်ရုံမှ အရက်ဆီများကို မှာယူ၍ Tiger BE နှင့်Mingala Rum အစရှိသည့် အဖျော်ယမကာများကိုလည်း ထုတ်လုပ်ပါကြောင်း ဝန်ထမ်းအင်အား(၂၀)ကျော်ဖြင့် လုပ်ငန်း လည်ပတ်လျှက်ရှိကြောင်း၊ သိရှိရပါသည်။ မြန်မာနိုင်ငံအတွင်းရှိ အနယ်နယ်အရပ်ရပ်နှင့် ပြည်ပနိုင်ငံများသို့ ဖြန့်ဖြူးတင်ပို့ရောင်းချနိုင်ရေးအတွက် FDA မှ ထောက်ခံချက်ရရှိရန် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

လားရှိုးမြို့ရှိ ယမကာသောက်သုံးသူများ၏ တုံ့ပြန်ပြောကြားချက်များအရ 'ရိုးရာ'ဆန်အရက်ကို သောက်သုံးပြီး နောက်နေ့များတွင် ခေါင်းကိုက်ခြင်း၊ ခေါင်းမူးခြင်း အစရှိသည့်အရက်၏ နောက်ဆက်တွဲဆိုးကျိုးများ မရှိသောကြောင့်ပြည်ပမှ တရားမဝင်နည်းလမ်းပေါင်းစုံဖြင့် ဝင်ရောက်လာသည့် နိုင်ငံခြားဖြစ်အရက်အတုများ သုံးစွဲကြခြင်းထက် ပြည်တွင်းထုတ်ဒေသထွက်ကုန် 'ရိုးရာ'ဆန်အရက်ကို သောက်သုံးသင့်ပါကြောင်း လေ့လာသိရှိရပါသည်။ ထိုသို့အရည်အသွေးကောင်းမွန်ပြီး ထုတ်ပိုးမှုပုံစံ စနစ်တကျဖြင့် သေသပ်လှပသော ပြည်တွင်းထုတ်အရက်များကို ကျယ်ပြန့်စွာ ထုတ်လုပ်သုံးစွဲကြခြင်းဖြင့် ပြည်ပမှ အရက်တင်သွင်းမှုများ လျော့ကျလာစေနိုင်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့လည်း ထိုးဖောက်လာစေနိုင်မည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

**ကိုးကားချက်။ လားရှိုးခရိုင်ဦးစီးမှူးရုံး၊**
**စားသုံးသူရေးရာဦးစီးဌာန၏ တင်ပြချက်များ**

# မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးကျင်းပသော အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံ လျှပ်စစ်သံဂဟေဆက်သင်တန်း ဖွင့်ပွဲကျင်းပ

မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးကျင်းပသော အခြေခံ လျှပ်စစ် သံဂဟေဆက်သင်တန်းကို အဆိုပါရုံးခန်းမတွင် မတ် ၁၈ ရက် နေ့လယ် ၂ နာရီကကျင်းပရာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်းတို့က အဖွင့်အမှာစကားပြောကြားခဲ့သည်။ အဆိုပါသင်တန်းသို့ စလင်း၊ ဆင်ဖြူကျွန်း၊ တောင်တွင်းကြီး၊ သရက်၊ မကွေးတို့မှ သင်တန်းသား ၁၀ ဦး တက်ရောက်ခဲ့ကြသည်။

၂၀၁၈ အောက်တိုဘာ ၁ ရက်မှ ၂၀၁၉ မတ်လ ၁၈ ရက်နေ့အထိ အသက်မွေးဝမ်းကျောင်း စုစုပေါင်း ၁၄ ကြိမ် သင်တန်းသား (၂၅၂) ဦး မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ တန်ဖိုးမြှင့် စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်း၊ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ ဝါးလက်မှုထည် သင်တန်း၊ ဆိုင်ကယ်ပြင်သင်တန်း၊ လျှပ်စစ်သံဂဟေဆက်သင်တန်း၊ အသက်မွေးဝမ်းကျောင်းသင်တန်းများမှ သင်တန်းဆင်းများအနေဖြင့် အပြင်အလုပ်ခွင်များ၌ ကိုယ်ပိုင်လုပ်ငန်းများ လုပ်ကိုင်၍ ဝင်ငွေအခွင့်အလမ်းများရရှိနေကြောင်း မကွေးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတိုင်းဦးစီးမှူး ဦးဝင်းဗိုလ်က ပြောသည်။ အဆိုပါသင်တန်းအား ရက် ၂၀ ကြာ သင်တန်းပို့ချသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမောင် (မကွေး)**

# မြန်မာ့ဆန်များ တရုတ်နိုင်ငံသို့ တရားဝင်နည်းလမ်း သုံးသွယ်ဖြင့် ရောင်းဝယ်ကုန်သွယ်သည်

|မောင်လွင်ပြင်|

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရာတွင် နည်းလမ်း သုံးမျိုးဖြင့် တင်ပို့သွားမည်ဟူသော သတင်းကို တင်ပြချင်သည်။ တရုတ်နိုင်ငံသည် မြန်မာ့ဆန်များအတွက် အဓိကဈေးကွက်ကြီးဖြစ်၏။ သို့သော် ယင်းအဓိကဈေးကွက်ကြီးက ရံဖန်ရံခါ မတည်မငြိမ် ဖြစ်တတ်ပြီး မထင်လျှင်မထင်သလို အလုပ်အရမ်းများတတ်သည်။ ယင်းကို မြန်မာနိုင်ငံ ဆန်စပါးဆိုင်ရာ အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာန တာဝန်ရှိပုဂ္ဂိုလ်တို့သိပြီး ဖြစ်၏။ မြန်မာ့ဆန်သည် အရည်အသွေး ပြည့်ဝပြီး ဖြစ်လျက်သားနှင့် တရုတ်ဈေးကွက်သို့ နယ်စပ် ကုန်သွယ်ရေးဖြင့် တင်ပို့ရာတွင် တစ်ခါတစ်ရံ တရားမဝင် တင်ပို့ခြင်းဖြစ်ရသည်။ တရုတ်ဘက်က တရားမဝင်ဟု သတ်မှတ်သော်လည်း မြန်မာဘက်ကတော့ တရားဝင်တင်ပို့ခြင်းဖြစ် သည်။ တရုတ်ဘက်က အခါအားလျော်စွာ တရားမဝင်ဟုသတ်မှတ်သောအခါ မြန်မာနိုင်ငံအဖို့ နစ်နာမှုများ ဖြစ်ပေါ်ခဲ့ရ၏။

ယခုမြန်မာ့ဆန်များ နှစ်နိုင်ငံတရားဝင်တင်ပို့မှုဖြစ်စေရန် နည်းလမ်းသုံးမျိုးဖြင့် တင်ပို့နိုင်ရန် ကြိုးပမ်းမည်။ ကုန်ချင်းဖလှယ်သည့်စနစ်ဖြင့် တင်ပို့နိုင်ရန်လည်း နှစ်နိုင်ငံ MoU ရေးထိုးခြင်းကို မကြာမီ ပြုလုပ်မည်ဟုသိရသည်။ ယင်းအစီအစဉ်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားခြင်းဖြစ်၏။ မတ် ၁၂ ရက်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန၌ ပြုလုပ်သည့် 'စားသုံးသူများတွင် အခွင့်အရေးများရှိသည့် လှုပ်ရှားမှု စာနယ်ဇင်းမိတ်ဆက်ရှင်းလင်းပွဲ' အခမ်းအနားအပြီး မီဒီယာများသို့ ဒုတိယဝန်ကြီး ဦးအောင်ထူးက ယင်းကိစ္စ ရှင်းပြပြောကြားခြင်း ဖြစ်သည်။ ၎င်းက တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှု အပိုင်းသုံးပိုင်းရှိကြောင်း၊ တစ်ပိုင်းက နယ်စပ်ကုန်သွယ်ရေးဖြစ်ကြောင်း၊ တရုတ်၏သတ်မှတ်ချက်အရ နယ်စပ်တွင် နေထိုင်ပြီး ဆန်တင်ပို့သူတစ်ဦးချင်းစီက တစ်ရက်ယွမ်ငွေ ရှစ်ထောင်ဖိုး တင်ပို့ခွင့်ရှိကြောင်း၊ နောက်တစ်ပိုင်းက နှစ်နိုင်ငံ ကုန်သွယ်ရေးဖြစ်ကြောင်း၊ နှစ်နိုင်ငံကုန်သွယ်ရေးက ကိုတာ (Quota) စနစ်ဖြင့် တင်ပို့ရမည်ဖြစ်ကြောင်း၊ တတိယတစ်ပိုင်းကတော့ ကုန်ချင်းဖလှယ်သည့်စနစ်ဖြစ်ကြောင်း၊ Sister City Arrangement အနေဖြင့် ကုန်ချင်းဖလှယ်သည့်နည်းနှင့် တင်ပို့မည်ဖြစ်ကြောင်း၊ မကြာမီ လက်မှတ်ရေးထိုးတော့မည်ဖြစ်ကြောင်း များကို ပြောဆိုရှင်းလင်းခဲ့၏။

Sister City အဖြစ် ကုန်ချင်းဖလှယ်တင်ပို့မည်ဆိုသည်မှာ ကူမင်းမြို့နှင့် ရန်ကုန်မြို့ကို ညီအစ်မမြို့များအဖြစ် သတ်မှတ်ပြီး မြန်မာဘက်က ဆန်၊ တရုတ်ဘက်က ထုတ်ကုန်ပစ္စည်းများ ဖလှယ်ကုန်သွယ်မည့်သဘောဖြစ်သည်။ မြန်မာ့ဆန်နှင့် တရုတ်ထွက်ကုန်ပစ္စည်း ဖလှယ်ကုန်သွယ်ရာတွင် တန်ဖိုးချင်း ဖလှယ်ကုန်သွယ်မည်ဖြစ်သည်။ မြန်မာဘက်က တင်သွင်းချင်သည့် တရုတ်ထွက်ကုန်ပစ္စည်းပမာဏကို တန်ဖိုးသင့်ပြီး ငွေပေးချေရာတွင် မြန်မာ့ဆန်နှင့်ဆန်ကွဲကို တန်ဖိုးသင့်ပြီး တန်ဖိုးတူပေးချေ ဖလှယ်ကုန်သွယ်မည်ဖြစ်သည်။ ယခု ကုန်ချင်းဖလှယ်တင်ပို့ရေး MoU ရေးထိုးဖို့ နောက်ဆုံးအဆင့် ရောက်နေပြီဟု ဒုတိယဝန်ကြီးက ဆိုသည်။ ထို့ပြင် မြန်မာ့ဆန်များ ကိုတာစနစ်ဖြင့် တင်ပို့ရန် တရုတ်နိုင်ငံက တန်ချိန် တစ်သိန်း သတ်မှတ်ထားသည်ဟု သိရ၏။ ယင်းကိုတာစနစ်ဖြင့် ထပ်မံတင်ပို့နိုင်ရန်အတွက် မြန်မာ နိုင်ငံရှိ ဆန်စက်များ တရုတ်နိုင်ငံ၏ WTO (ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့အစည်း) သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု အပေါ်မူတည်ပြီး တရုတ်နိုင်ငံက ဆန်တင်ပို့မှု ကိုတာစနစ်ကို ပိုမိုသတ်မှတ်ပေးမည်ဟုလည်း သိရသည်။ သဘောကတော့ တရုတ်နိုင်ငံသို့ နှစ်နိုင်ငံသဘောတူညီချက်အရ တရားဝင်ကိုတာစနစ်ဖြင့် တင်ပို့နေရာတွင် မြန်မာဘက်က ကိုတာသတ်မှတ်ချက် ပိုမိုလိုချင်ပါက မြန်မာ့ဆန်စက်များ ဆန်ကြိတ်ခွဲမှု အရည်အသွေး တရုတ်နိုင်ငံ၏ WTO သတ်မှတ်သည့် စံချိန်စံညွှန်းနှင့် ညီရမည်။ စံချိန်စံညွှန်း ပြည့်မီသည်ဆိုလျှင် မြန်မာ့ဆန်တင်ပို့ခြင်း ကိုတာပမာဏကို တိုးမြှင့်ပေးမည်ဆိုသည့် သဘောဖြစ်သည်။ ဒုတိယဝန်ကြီး ဦးအောင်ထူးကတော့ ဆိုပါသည်။ မြန်မာ့ဆန်များ နှစ်စဉ်တင်ပို့နေသည့် နိုင်ငံများအပြင် ယခုနှစ်တွင် ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံများသို့ အစိုးရချင်း G to G ညှိနှိုင်းမှုအရ မြန်မာ့ဆန်များ တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေသည်ဟု ဆိုထားသည်။

မြန်မာ့ဆန်များ တရုတ်ဈေးကွက်သို့ တင်ပို့ ရာတွင် မည်သည့်စနစ်ဖြင့် တင်ပို့သည်ဖြစ်စေ တရားဝင်တင်ပို့ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံက လက်ခံဖို့လိုသည်။ တရုတ်နိုင်ငံက တရားဝင် လက်ခံထားသော ကိုတာစနစ်တင်ပို့ခြင်းသည် အန္တရာယ်ကင်းဘေးရှင်း၏။ ကိုတာစနစ်တင်ပို့ခြင်းသည် စိတ်ဝင်စားစရာလည်းကောင်း၏။ ဆက်လက်လေ့လာကြည့်သောအခါ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ ထုတ်ပြန်ချက်တစ်ခုကို သွားတွေ့ရသည်။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်သည် ဖေဖော်ဝါရီ ၂၅ ရက်က ထုတ်ပြန်ချက်တစ်ခုထုတ်ပြန်ခဲ့သည်။ ၂၀၁၉ ခုနှစ်အတွင်း တရုတ်နိုင်ငံသို့ ဆန်တန်ချိန်လေးသိန်းတရားဝင် ကိုတာစနစ်ဖြင့် တင်ပို့နိုင်ရန် ဆွေးနွေးနိုင်ခဲ့သည်။ တရုတ်နိုင်ငံက ဝယ်သူနှင့် မြန်မာနိုင်ငံက ရောင်းသူ ကုန်သည်များအကြား စာချုပ်ဖြင့် တရားဝင် လိုင်စင်လျှောက်ထားပြီး အခွန်ပေးဆောင်ကာ ရောင်းဝယ်နိုင်မည်ဟု ဖော်ပြထားသည်။ ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၃ ရက်အထိ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ပြုလုပ်သည့် ဒုတိယအကြိမ် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံဆိုင်ရာ ဖိုရမ်သို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ ကိုယ်စားလှယ်အဖွဲ့တွင် မြန်မာနိုင်ငံကုန်သည်၊ စက်မှုအသင်းချုပ်တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ် ဒုတိယဥက္ကဋ္ဌတို့လည်း ပါဝင်ခဲ့သည်။ ယင်းဖိုရမ် အစည်းအဝေးတွင် ၂၀၁၉ ခုနှစ်အတွင်း ဆန်တန်ချိန် လေးသိန်းအထိ တရားဝင်ကိုတာ စနစ်ဖြင့် တင်ပို့ခွင့်ရရှိရေး ညှိနှိုင်းဆွေးနွေးခဲ့သည်ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ညှိနှိုင်းဆွေးနွေးမှုအရ မြန်မာနိုင်ငံကထွက်သည့် ဆန်ကွဲများအား မြန်မာဘက်က ရောင်းသူနှင့် တရုတ်ဘက်က ဝယ်သူတို့ အရောင်းအဝယ်စာချုပ်ချုပ်ပြီး တရားဝင်လိုင်စင်လျှောက်ထားကာ အခွန်ဆောင်ပြီး ရောင်းဝယ်နိုင်ပြီဟု ညှိနှိုင်းရရှိသည် ဆို၏။ ထို့ပြင် ကူမင်းမြို့ အခြေစိုက်ကုမ္ပဏီနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာ့ဆန်နှင့် ဆန်ကွဲများကို တရုတ်နိုင်ငံ ထွက်ကုန်ပစ္စည်းများနှင့် ကုန်ချင်းဖလှယ် ရောင်းဝယ်နိုင်ရေး နှစ်ဖက်သဘောတူညီမှု MoU ရေးထိုးရေး မတ်လအတွင်း ဆောင်ရွက်နိုင်ရန် စီစဉ်နိုင်ခဲ့သည်ဟု သိရသည်။ ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်တွင် တရုတ်-မြန်မာ တရားဝင်ကိုတာ စနစ်ဖြင့် ဆန်တင်ပို့မှု တန်ချိန်တစ်သိန်းသာ ခွင့်ပြုပေးထားနိုင်ခဲ့သည်။ ယခုဆွေးနွေးညှိနှိုင်းမှုအရ ၂၀၁၉ ခုနှစ်တွင် တန်ချိန်လေးသိန်းအထိ တိုးမြှင့်ခွင့်ပြုနိုင်ရန်ညှိနှိုင်းခဲ့သည်ဟု ဆိုသည်။ မြန်မာ့ဆန်များ တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် မူဆယ် နယ်စပ်အထိ တရားဝင်တင်ပို့ခြင်းဖြစ်ပြီး တရုတ်နိုင်ငံဘက်ရောက်သောအခါ တရားမဝင်ကုန်စည် ဖြစ်သွားရတော့သည်။ ယင်းကြောင့် တရုတ်နိုင်ငံဘက်က ၎င်းတို့နိုင်ငံအတွင်း တရားမဝင်ကုန်စည် ဖမ်းဆီးရေးစီမံချက်များ လုပ်ဆောင်နေချိန်ကာလများ၌ တရုတ်ကုန်သည်များသည် မြန်မာ့ဆန်ဝယ် ယူခြင်းကို ရပ်ဆိုင်းထားသည်ကို မကြာခဏ ကြုံတွေ့နေရ၏။ လက်ရှိအချိန်တွင်လည်း တရုတ် နိုင်ငံလည်း တရားမဝင် ကုန်စည်ဖမ်းဆီးခြင်း စီမံချက်များ ဆောင်ရွက်နေသဖြင့် မြန်မာ့ဆန် ဝယ်ယူမှု ရပ်တန့်ထားနေကြသည်။ ယင်းကို နယ်စပ်ဆန်တင်ပို့မှု ယမန်နှစ်ကထက် ထက်ဝက်ခန့် လျော့ကျနေသည်ကို ကြည့်ခြင်းအားဖြင့် သိနိုင်သည်။

မြန်မာနိုင်ငံသည် တရုတ်ဈေးကွက်သို့ ဆန်နှင့်ဆန်ကွဲတင်ပို့ရာတွင် နယ်စပ်ကုန်သွယ်ရေးအဖြစ် မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တင်ပို့နေသလို ပင်လယ်ရေကြောင်းခရီးဖြင့် အီးယူနိုင်ငံများ၊ အာဖရိကနိုင်ငံများသို့ ဈေးကွက် တိုးချဲ့တင်ပို့နေခြင်းများလည်း ရှိသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဈေးကွက်သစ်တိုးချဲ့ရှာဖွေနိုင်ခဲ့ခြင်းကြောင့် ပြည်ပသို့ ဆန်တန်ချိန် ၃ ဒသမ ၆ သန်းနီးပါး တင်ပို့နိုင်ခဲ့သည်။ ယင်းပမာဏသည် နှစ်ပေါင်း ၅၀ ကျော်အတွင်း စံချိန်တင် တင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၈ ဧပြီလမှ ၂၀၁၉ ဇန်နဝါရီ ၁၈ ရက်အထိ ပြည်ပသို့ဆန်တန်ချိန် ၁ ဒသမ ၉ သန်းကျော် တင်ပို့ထားပြီးဖြစ်သည်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ထုတ်ပြန်ထားပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန ထုတ်ပြန်ချက်များ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ထုတ်ပြန်ချက်များ၊ အင်တာ နက်သတင်းများ။**
**(စာရေးသူ၏အာဘော်သာဖြစ်ပါသည်။)**



# ပွင့်လင်းရာသီ အရောင်းအဝယ်သွက်လျက်ရှိသော မြန်မာ့လက်မှုရိုးရာ အနုပညာ ပုသိမ်ထီးနှင့် ပြည်တွင်းပြည်ပဈေးကွက်

မြန်မာနိုင်ငံ၏ လက်မှုရိုးရာ အနုပညာများတွင် ကမ္ဘာမှ အသိအမှတ်ပြုထားခံရသည့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၏ ပုသိမ်ထီးဈေးကွက်မှာ ပြည်တွင်းနှင့် ဥရောပဈေးကွက်ကို ခိုင်ခိုင်မာမာ ရရှိထားပြီး ရှေးခေတ်ကပင် ဘုရင်များမှ ရွှေပြား ကပ်ကနုတ်ပန်းများ ရေးဆွဲလျက် ပန်းချီပညာများဖြင့် အလှဆင်ကာ အမြတ်တနိုးတန်ဖိုးထား၍ သုံးစွဲခဲ့ကြသည်။ မျက်မှောက်ခေတ်မှာလည်း ရှင်ပြုအလှူများနှင့် မြန်မာအမျိုးသမီးများ ကြက်သရေဆောင်ပစ္စည်းတစ်ခုအနေဖြင့် သုံးစွဲကြပြီး၊ ရဟန်းဆောင်းထီး၊ သီလရှင်ဆောင်းထီး၊ အမျိုးသမီးအလှဆောင်းထီး၊ မိုးရေခံထီး၊ အိမ်တော်ရာထီး၊ စားပွဲတင်ထီး၊ မီးအိမ်ထွန်းထီး၊ ရှေးလက်ရာထီးနှင့် ရိုးရာမပျက်ခေတ်မီထီး၊ ဟိုတယ် အလှဆင်ထီး၊ ကမ်းခြေသုံးထီးများအပြင် မင်္ဂလာဆောင်တွင် လက်ဆောင်ထီးအဖြစ် သာမက ကုမ္ပဏီလိုဂိုအမှတ် တံဆိပ်ပါ လက်ဆောင်ထီးများကိုလည်း ပြုလုပ်ရောင်းချပေးလျက်ရှိပါသည်။ အရွယ်အစားမှာ ၄ လက်မမှ ၁၀ ပေ၊ ၁၂ ပေ အထိရှိ၍ ဈေးနှုန်းမှာလည်း ကျပ် ၁၅၀၀၊ ၂၀၀၀ မှစတင်၍ ကျပ် ၆၀၀၀၀၊ ၇၀၀၀၀ ဈေးအထိ အရွယ်အစားမျိုးစုံ၊ အရောင်မျိုးစုံနှင့် ပြုလုပ်ရောင်းချလျက်ရှိကာ ဈေးနှုန်းမှာလည်း ကွာခြားမှုရှိကြောင်း၊ ဈေးကွက်မှ သိရသည်။

ပြည်တွင်းဈေးကွက်မှာလည်း ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ကျိုက်ထို၊ ကျိုက်ထီးရိုး၊ မော်လမြိုင်၊ ပုဂံ၊ ညောင်ဦး၊ တောင်ကြီး၊ အင်းလေးဒေသများနှင့် ပင်လယ်ကမ်းခြေဒေသများဖြစ်သော ငပလီ၊ ငွေဆောင်၊ ချောင်းသာဒေသများတွင် အများဆုံးဝယ်ယူသုံးစွဲလျက်ရှိကြောင်း၊ ထို့ပြင် ပြည်ပနိုင်ငံများဖြစ်သော အာရှမှ ဂျပန်၊ ကိုရီးယား၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ တရုတ်နိုင်ငံမှလည်း လာရောက်ဝယ်ယူမှုရှိပြီး အာရှဈေးကွက်ထက်၊ အမေရိကန်နိုင်ငံနှင့် EU နိုင်ငံများဖြစ်သော ဂျာမနီ၊ အင်္ဂလန်၊ ပြင်သစ်၊ အီတလီ၊ ဒိန်းမတ်၊ နယူးဇီလန်၊ ပေါ်တူဂီ စသည့် ပြည်ပနိုင်ငံသားများမှ အဓိက လာရောက်ဝယ်ယူလျက်ရှိကြောင်း၊ မတ် ၂၀ ရက်အမေရိကန်သံရုံးတွင် ပုသိမ်ထီးပြပွဲပြုလုပ်ခဲ့ရာ အခြားသံရုံးများမှ လာရောက်လေ့လာ ဝယ်ယူမှုများရှိကြောင်း၊ မိရိုးဖလာထီး လုပ်ငန်းလုပ်ကိုင်နေ သူပုသိမ်မြို့ တောရကျောင်းလမ်း ရွှေစာထီးလုပ်ငန်းရှင် ဦးအောင်နိုင်ထံမှ သိရသည်။ **မင်းမင်းဦး (ပုသိမ်)**

# မြန်မာ့ရော်ဘာတင်ပို့မှု အာရှနိုင်ငံစုံသို့ ရောက်ရှိ

မတ်လ ၉ ရက်မှ ၁၅ ရက်နေ့ထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်း ဖြစ်သော ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS-3 အမျိုးအစား ၇၁ တန်ကျော် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ရော်ဘာတင်ပို့မှုမရှိသလို မြန်မာ-ထိုင်း နယ်စပ်မှလည်း တင်ပို့မှုမရှိကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ကုန်သွယ်ရေးစခန်းများမှ ရော်ဘာ ၃၅၇ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၈၆ တန်တင်ပို့မှု လျော့ကျခဲ့တာတွေ့ရပါတယ်။ ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးမှာ RSS-3 အမျိုးအစားတစ်တန်လျှင် ကျပ် ၁၇ သမ ၄၃၃ သိန်း ရှိပြီး ယခင်တစ်ပတ်ဈေးအတိုင်း ဈေးငြိမ်နေကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ မတ်လ ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၁၈၁ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ တန်ချိန် ၄၀၄၀ ခန့် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ နိုင်ငံအလိုက် တင်ပို့မှုများမှာ မလေးရှားနိုင်ငံသို့ RSS-3 အမျိုးအစား ၁၀၇၈ တန်၊ တရုတ်နိုင်ငံသို့ Synthetic Rubber အမျိုးအစား ၁၇၆၈ တန်နဲ့ MSR-10 အမျိုးအစား ၂၀၂ တန်၊ ဗီယက်နမ်နိုင်ငံသို့ RSS-3 အမျိုးအစား တန်ချိန် ၅၀၀၊ ဂျပန်နိုင်ငံသို့ MSR-20 အမျိုးအစား ၃၉၂ တန်၊ အိန္ဒိယနိုင်ငံသို့ RSS-1 အမျိုးအစား တန်ချိန် ၆၀ ကျော်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ RSS-1 အမျိုးအစား တန်ချိန် ၂၀ ကျော်နဲ့ တူရကီနိုင်ငံသို့ RSS-3 အမျိုးအစား တန်ချိန် ၂၀ တင်ပို့ခဲ့တာ ဖြစ်ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ တန်ချိန် ၃၀ အပို့လျော့ကျကြောင်း သိရပါတယ်။

ယခင်တစ်ပတ်ကတည်းက တက်ဈေးနဲ့ငြိမ်နေတဲ့ နိုင်ငံတကာ ရော်ဘာဈေးမှာ ယခုတစ်ပတ်မှာလည်း တက်ဈေးအတိုင်း ဈေးငြိမ်နေကြောင်း သိရပါတယ်။ နိုင်ငံတကာရော်ဘာဈေး ပြောင်းလဲမှုမရှိတဲ့အတွက် ပြည်ပတင်ပို့မယ့် မြန်မာ့ရော်ဘာ FOB ဈေးလည်း ပြောင်းလဲမှုမရှိဘဲ ယခင်တစ်ပတ်ဈေးအတိုင်း ဖြစ်ကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရပါတယ်။

**ယဉ်ယဉ်အေး**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | အာလ်ဖတ် (၂၀၀၃) | H | ၃၅၀ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | ဟွန်ဒါအင်ဆိုက် (၂၀၀၉) | P | ၂၅၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ဟာရီယာ (၂၀၀၄) | M | ၄၈၅ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | ကလူဂျာ (၂၀၀၆) | M | ၄၇၅ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ဟိုက်အေ့(စ်)(၂၀၀၇) | K | ၃၅၀ သိန်း | ၃.၀ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၆။ | အေဒီဗင် (၂၀၁၁) | ယာယီ | ၂၃၀ သိန်း | ၁.၅ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၇။ | ပရိုဘောက် (၂၀၁၂) | ယာယီ | ၂၁၀ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၈။ | နွတ်ချ် (၂၀၀၃) | G | ၂၃၅ သိန်း | ၁.၈ ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | ဟိုက်ဂျက် (၂၀၁၄) | ယာယီ | ၁၂၀ သိန်း | ၀.၆ ဓာတ်ဆီ၊ နယ်လိုင်စင် |

## ဆီးသီးဈေးကောင်းသောကြောင့် အညာမြေလတ်ဒေသ တောင်သူများ အပိုဝင်ငွေရ

အညာမြေလတ်ဒေသထွက်ကုန်တစ်မျိုးဖြစ်သော ဆီးသီးတစ်တင်းလျှင် အစို ကျပ် ၂၈၀၀၊ အခြောက်တစ်တင်းကျပ် ၃၈၀၀ ဈေးနှုန်းဈေးမြင့်ပြီး ဈေးကောင်းပေးကာ ဆီးပွဲရုံများက ဝယ်ယူလျက်ရှိသောကြောင့် မကွေး၊ နတ်မောက်၊ မြို့သစ်၊ ရေနံချောင်း ၊ ချောက်၊ စလေ၊ ကျောက်ပန်းတောင်း၊ ညောင်ဦး စသော အညာမြေလတ်ဒေသ ဆီးစိုက်တောင်သူများ၊ ဆီးပင်ပိုင်ရှင်များတစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ မှ ကျပ် ၃၀၀၀၀၀ ကျော်အထိ အပိုငွေရရှိသည်ဟု ဆီးပိုင်ရှင် ဆီးစိုက်တောင်သူများထံမှ သိရသည်။

တရုတ်မှ ဆီးဝတ်ဆံများဝယ်ယူရာ မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် သဘာဝအလျောက်အလေ့ကျပေါက် ဆီးအရိုင်းပင်များမှ ဆီးသီးများအား ဆီးပွဲရုံလုပ်ငန်းရှင်များက ဆီးခွဲစက်များတည်ထောင်ပြီး ခွဲစက်ဖြင့် ဆီးဝတ်ဆံထုတ်လုပ်ငန်းလုပ်ကိုင်ကာ ပြည်ပဈေးကွက်တရုတ်သို့ ဆီးဝတ်ဆံများ နှစ်စဉ်တင်ပို့ရောင်းချလျက်ရှိသည်။ ဆီးဝတ်ဆံ ဈေးကောင်းလျှင် ကောင်းသလို ပြည်တွင်းဈေးကွက်မှာလည်း ရေမြင့်ကြာတင့် ဆီးဝတ်ဆံဈေးမြင့်မြင့်ရသလို ဆီးသီးဈေးကောင်းလာကြောင်း၊ ယခုလက်ရှိ ဆီးဝတ်ဆံဈေးကောင်းသောကြောင့် ဆီးပွဲရုံများမှ ဆီးသီး ဈေးကောင်းပေးဝယ်ယူခြင်းဖြစ်ကြောင်းဟု ကျောက်ပန်းတောင်းမှ ဆီးပွဲရုံလုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

ယမန်နှစ်က ဆီးသီးတစ်တင်း ကျပ် ၁၅၀၀မှ ကျပ် ၂၀၀၀ ဝန်းကျင်ခန့် ဈေးရှိပြီး ဆီးဝတ်ဆံဈေး ကျပ် ၇၀၀၀မှ ကျပ် ၁၀၀၀၀ ဝန်းကျင်ခန့်ရှိခဲ့ကာ ၂၀၁၉ ခုနှစ်တွင် ဆီးသီးဈေးမြင့်လာ၍ တရုတ်မှ ဆီးဝတ်ဆံဈေးဝယ်လိုအားမြင့်တက်လာသဖြင့် ဆီးဝတ်ဆံဈေးတစ်ပိဿာ တစ်သောင်းကျော် နှစ်သောင်းခန့်ရှိသည်ဟု သိရသည်။ မြန်မာ့ဆီးဝတ်ဆံများကို နှလုံးသည်းခြေဆေးအတွက် တရုတ်တိုင်းရင်းဆေးဖော်စပ်ရာတွင် တစ်ဖုံအဖြစ် သုံးလေ့ရှိကြကြောင်း သိရသည်။ အညာမြေလတ်ဒေသထွက်ကုန်တစ်မျိုးဖြစ်သော ဆီးသီးမှ ဆီးဝတ်ဆံထုတ်လုပ်ငန်းဆီခွဲခြမ်းအား လောင်စာထင်းလုပ်ငန်း၊ ဆီးမှုန့်အား ဆီးယိုလုပ်ငန်း၊ ဆီးသီးအား ဆီးအချဉ်ပေါင်းလုပ်ငန်းများတွင် အသုံးပြုကြသည်ဟု သိရသည်။ **ဝင်းမောင် (မကွေး)**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | ဗိုလ်တစ်ထောင်မြို့နယ်၊ ဘော်မဆင်ရိပ်သာ (၂) လမ်း | ၆၅၀ စ/ပေ | (၅) လွှာ | ၄၅၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၂။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့် သစ္စာလမ်း | ၆၀၀ စ/ပေ | (၇) လွှာ | ၃၀၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၃။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ကျောင်းကုန်းလမ်း | (၁၆ x ၇၀ )ပေ | (ပ) လွှာ | ၃ သိန်း | အဆင့်မြင့်ပြင်၊ အသင့်နေ (၁လအငှား) | ၀၉/၂၅၀၃၇၆၃၇၉ |
| ၄။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ကျောင်းကုန်းလမ်း | ၁၁၀၀ စ/ပေ | (၇) လွှာ၊ MB (2) ခန်း | ၁၄၅၀ သိန်း | ဓာတ်လှေခါးပါ | ၀၉/၄၀၂၀၇၁၉၂၂ |
| ၅။ | အဆင့်မြင့် တိုက်ခန်း | သာကေတမြို့နယ်၊ မြခွာညိုအိမ်ရာ | (၄၅ x ၇၀ )ပေ | မြေသီးသန့် | ၂၂၀၀ သိန်း | | ၀၉/၄၀၂၀၇၁၉၂၂ |
| ၆။ | လုံးချင်းအိမ် | တောင်ဥက္ကလာ၊ ဝေဇယန္တာအိမ်ရာ | ၄၇၀၀ စ/ပေ | 2 RC (2) ထပ် | ၉၉၀၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၇။ | လုံးချင်းအိမ် | သယ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ | ၆၄၀၀ စ/ပေ | RC (2) ထပ်၊ MB (3) ခန်း၊ BR (2) ခန်း | ၁၅ သိန်း | ၁ လအငှားနှုန်း | ၀၁/၅၁၉၀၃၃ |
| ၈။ | မြေ | သင်္ဃန်းကျွန်းမြို့နယ်၊ စနိးကွင်းအိမ်ရာ | (၃၀ x ၈၀ )ပေ | မြေသီးသန့် | ၂၇၀၀ သိန်း | | ၀၁/၅၁၉၀၃၃ |
| ၉။ | မြေ | ပုဂံမြို့သစ်၊ အနော်ရထာရပ်ကွက်၊ ညောင်ဦး-နောက်လမ်း | (၆၀ x ၈၀ )ပေ | မြေသီးသန့် | ၂၃၀၀ သိန်း | ဂရံမြေ | ၀၁/၅၁၉၀၃၃ |

# မုံရွာမြို့တော်ခန်းမတွင် အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့်Modern Myanmar Synergy Co.Ltd တို့ ပူးပေါင်းစီစဉ်မှု၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ(၂၀၁၉)ကိုမုံရွာမြို့ မြို့တော်ခန်းမတွင် မတ် ၁၈ ရက်မှ ၂၁ ရက်ထိ ကျင်းပပြုလုပ်ခဲ့သည်။ ပြပွဲတွင် ပြည်ပနိုင်ငံငါးနိုင်ငံမှ လူသုံးကုန်၊ အလှကုန်၊ အဝတ်အထည်များ၊ လျှပ်စစ်ပစ္စည်းများ၊ စားသောက်ကုန် ကုန်စည်များနှင့် ပြည်ပဈေးကွက် တင်ပို့လျက်ရှိသော မြန်မာထုတ်ကုန်များ၊ စစ်ကိုင်းတိုင်းဒေသကြီး ဒေသထွက်ကုန်များ စသည့် ပြခန်းပေါင်း ၆၀ ကျော် ပြသရောင်းချခဲ့ကြသည်။ ပြပွဲဖွင့်ပွဲအခမ်းအနားကို မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံရုံးမှ စီးပွားရေးသံမှူးနှင့် စီးပွား ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော အသင်းအဖွဲ့များ ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

ပြပွဲဖွင့်ပွဲအခမ်းအနားတွင် စစ်ကိုင်းတိုင်း ဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က အမှာစကား ပြောကြားခဲ့ပြီး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါက ကုန်စည်ပြပွဲဆောင်ရွက်ရသည့် ရည်ရွယ်ချက်များ၊ ပြည်တွင်းပြည်ပ ကုန်စည်ပြပွဲ ဆောင်ရွက်မှုများ၊ ဈေးကွက်ချိတ်ဆက်ဆောင်ရွက်ပေးမှုအခြေအနေများကို ရှင်းလင်းပြောကြားပါသည်။ ကုန်စည်ပြပွဲ လေးရက်တာကာလအတွင်း ရွှေလဝန်း အနုသုခုမ အလက်ာဥယျာဉ်အဖွဲ့မှ ဖျော်ဖြေမှု အစီအစဉ်များလည်းပါဝင်ပြီး ကုန်စည်ပြပွဲတွင် ပြသရောင်းချသည့် ပြခန်းများမှာ ရောင်းချရသည့်အပြင် ဒေသခံဆိုင်ကြီးများမှ ကိုယ်စားလှယ်ယူ ရောင်းချရန် ကုန်ပစ္စည်းမိတ်ဆက်ပြီးဖြစ်သည့် အကျိုးကျေးဇူးများလည်း ရရှိခဲ့ကြောင်း သိရသည်။

**ရီလင်းထွဋ် (မုံရွာ)**

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မကာအိုအုပ်ချုပ်ခွင့်ရဒေသတွင် The 7th Macao International Travel (Industry)Expo ကုန်စည်ပြပွဲကျင်းပပြုလုပ်မည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ မကာအိုအုပ်ချုပ်ခွင့်ရဒေသတွင် ၂၀၁၉ ခုနှစ်၊ ဧပြီ ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပပြုလုပ်မည့် “The 7th Macao International Travel (Industry) Expo”ပြပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါပြပွဲသို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်တက်ရောက်ပြသနိုင်ပြီး စိတ်ပါဝင်စားပါက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း-၀၆၇ ၄၃၀၄၄၆ ၄၃၀၄၄၇၊ ဖက်စ်-၀၆၇၄၃၀၁၂၈၊E-mail: moctradefair@gmail.com သို့လည်းကောင်း၊ မြန်မာကုန်သွယ်မှုဗဟိုဌာန (ရန်ကုန်မြို့)၊ဖုန်း-၀၁ ၂၅၄၀၂၄၊ ဖက်စ် -၀၁ ၂၅၄၀၂၃ သို့လည်းကောင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဆုမွန်သိန်း(TD)**



## ရာမည မြေမှ (၄၅)နှစ်မြောက် မွန်ပြည်နယ်နေ့ကျင်းပ

မွန်ပြည်နယ်သည် မွန်နှင့် ဗမာလူမျိုးများ အများဆုံးနေထိုင်ပြီး တိုင်းရင်းသားညီအကို မောင်နှမများစွာ အတူတကွ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြသည့် ပြည်နယ်တစ်ခုဖြစ်သည့်အပြင် သမိုင်းယဉ်ကျေးမှု အစဉ်အလာများနှင့် ခန့်ညားထည်ဝါလှသည့် ပြည်နယ်တစ်ခုလည်း ဖြစ်ပါသည်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ(မူကြမ်း)တွင် မွန်ပြည်နယ်အဖြစ် စတင် ကမ္ဗည်းတင်ခဲ့သည့် ၁၉၇၄ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့ကို မွန်ပြည်နယ်နေ့အဖြစ် သတ်မှတ်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။ ယနေ့ဆိုလျှင် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပခဲ့သည်မှာ (၄၅) နှစ်မြောက် ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

(၄၅)နှစ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနားအား အစီအစဉ်(၃)ခုဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး မတ်လ ၁၉ ရက်က မော်လမြိုင်မြို့ သာသနာ့ဗိမာန်တော်ကြီးတွင် အရှက်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ ပြခန်းဖွင့်ပွဲအခမ်းအနားကို နံနက်(၀၈း၀၀) နာရီတွင် သံလွင်ဥယျာဉ်ပန်းခြံနှင့် မွန်ပြည်နယ်နေ့ အခမ်းအနားအား နံနက် (၀၉း၀၀) နာရီတွင် ပြည်နယ်ခန်းမ၊ မော်လမြိုင်မြို့၌ အသီးသီး ကျင်းပခဲ့ကြကြောင်း သိရှိရပါသည်။ ပြခန်းဖွင့်ပွဲအခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိလူကြီးများ တက်ရောက်ခဲ့ကြပြီး ပြခန်းခင်းကျင်းထားရှိမှုများအား လှည့်လည်ကြည့်ရှုခဲ့ကြပါသည်။ (၄၅)နှစ်မြောက် မွန်ပြည်နယ်နေ့တွင် ဌာနဆိုင်ရာပြခန်းပေါင်း ၅၀ ကျော် ပြသခဲ့ကြပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ရာမညကုန်သွယ်မှုဗဟိုဌာနနှင့်စားသုံးသူရေးရာဦးစီးဌာနတို့မှလည်း ပြခန်းဖွင့်လှစ်ပြသခဲ့ကြောင်း သတင်းရရှိပါသည်။ **ဝင်းမြတ် (ရာမည)**

# မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုမူဝါဒဥပဒေနှင့် နည်းပညာများအကြောင်း ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကျင်းပ

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ပေါ်ရှိစီးပွားရေးလုပ်ငန်းရှင်များအား ဈေးကွက်အတွင်း ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်ရန်၊ မျှတမှုမရှိသော ဈေးကွက်ပြိုင်ဆိုင်မှုကို ထိန်းချုပ်နိုင်ရန်နှင့် ဈေးကွက်အပေါ် ထိန်းချုပ်နိုင်စွမ်းကိုအလွဲသုံးစားပြုခြင်းမှ တားဆီးနိုင်ရန်အတွက် ပဲခူးမြို့ပေါ်ရှိစီးပွားရေး လုပ်ငန်းရှင်များအားဖိတ်ခေါ်၍ မတ် ၁၈ ရက်က ပဲခူးမြို့၊ ရှင်စောပုခန်းမ၌ မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုမူဝါဒဥပဒေနှင့် နည်းဥပဒေများအကြောင်း ရှင်းလင်း ဆွေးနွေးပွဲ အခမ်းအနား ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် ပထမဦးစွာတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းက ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် ပြည်တွင်းကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်စေရန်၊ ထုတ်ကုန်များ အရည်အသွေးပြည့်မီရန်နှင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီထုတ်လုပ် ရောင်းချဖြန့်ဖြူးရာတွင်လည်း မျှတ မှန်ကန်သည့် ယှဉ်ပြိုင်မှုများဖြင့် ဈေးကွက်အတွင်းယှဉ်ပြိုင်သွားရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ပြီး ကုန်သွယ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဒေါက်တာ စံပယ်ကြည်မောင်က မြန်မာနိုင်ငံယှဉ်ပြိုင်မှု မူဝါဒဥပဒေနှင့် နည်းဥပဒေများအကြောင်းကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဦးညွှန့်ရွှေ၊ စားသုံးသူရေးရာဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်း၊ သက်ဆိုင်ရာဌာနများမှ တိုင်းဒေသကြီးဦးစီးမှူးများ၊ ပဲခူးတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် ပဲခူးမြို့ပေါ်ရှိ စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၁၁၇ ဦး တက်ရောက်ခဲ့ကြောင်းနှင့် တက်ရောက်လာကြသူများအား မြန်မာနိုင်ငံ ယှဉ်ပြိုင်မှု မူဝါဒဥပဒေအကြောင်း သိကောင်းစရာများ ပါဝင်သော လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**သရဖီထွန်း (ပဲခူး)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) **မြန်မာကုန်သွယ်မှုဗဟိုဌာန** (Myanmar Trade Center) | **ဖုန်း**-၀၁ ၂၅၄၀၂၄ | **ဖက်စ်**- ၀၁ ၂၅၄၀၂၃ **အီးမေးလ်**-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | **ဖုန်း**- ၀၉ ၄၃၀ ၄၁ ၈၄၇ | **အီးမေးလ်**- mmeu.tradehelpdesk@gmail.com |

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC)**
**စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက် စီးပွားရေး အကြံပေး ဟောကိန်း

၂၅-၃-၂၀၁၉ မှ ၃၁-၃-၂၀၁၉ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** လုပ်ငန်းများအပြင်းအထန်လုပ်ကိုင်နိုင်မှ အဆင်ပြေမည်။ လက်အောက်ငယ်သားများကြောင့်သောကရောက်ရတတ်သည်။ မမျှော်လင့်သော ငွေကြေးလက်ဆောင်ပစ္စည်းများရရှိတတ်သည်။ ရပ်ဝေးခရီးသွားရတတ်သည်။ အစားအသောက်မှား၍ ကျန်းမာရေးချို့တဲ့မှုရှိနိုင်သည်။ ပညာရေးတိုးတက်မှု နှေးကွေးတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေး သာယာနေမည်။

**ယတြာ။ ။လေကောင်းလေသန့်ရှူရှိုက်ရန်ကမ်းခြေခရီးသွားသင့်သည်။**



**တနင်္လာသားသမီးများအတွက်** လုပ်ငန်းများ ပုံမှန်လည်ပတ်သော်လည်း အမြတ်အစွန်းလျော့နည်းနေမည်။ အစုစပ်လုပ်ငန်း၊ အကျိုးတူ လုပ်ငန်းများလုပ်ကိုင်ရန် အခွင့်အလမ်းများ ပေါ်ပေါက်မည်။ မိသားစုကျန်းမာရေးအတွက် စိတ်ပူပင်သောကရောက်ရတတ်သည်။ ကိုယ်တိုင်လည်းဖျားနာတတ်သည်။ ပညာရေးတွင် စိတ်ဝင်စားမှု အားနည်းနေလိမ့်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် အပျော်အပါး ဖက်နေတတ်သည်။

**ယတြာ။ ။ ကဿပမြတ်စွာဘုရားအား ရည်စူး၍ဆွမ်းကပ်ပါ။**



**အင်္ဂါသားသမီးများအတွက်** လုပ်ငန်းခွင်တွင် အာရုံစိုက်မှုနည်းနေတတ်သည်။ အပျော်အပါးများနေမည်။ မိတ်ဆွေအပေါင်းအသင်းများနှင့်မလိုအပ်ဘဲ အငြင်းအခုန်ဖြစ်တတ်သည်။ အခက်အခဲများကို ကြံ့ကြံ့ခံကျော်လွှားရမည်။ မိမိကိုယ်ပိုင် အရည်အချင်းနှင့် ကျော်ဖြတ်ရမည်။ ပညာရေးတိုးတက်မှုရှိမည်။ ကျန်းမာရေး ပြဿနာကြောင့် ငွေကြေးကုန်ကျမှုများမည်။ ငယ်ရွယ်သူများ အချစ်ရေးတွင် အဆင်ပြေမည်။

**ယတြာ။ ။ဘုရားတွင် သစ်သီးဆွမ်းကပ်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ဝင်ငွေထက်အသုံးစရိတ်များနေမည်။ စိတ်အနှောင့်အယှက်များ ကြုံရတတ်သည်။ ပြဿနာကို ဝေခွဲမရဖြစ်မည်။ ပညာရေးတိုးတက်ကောင်းမွန်မည်။ ဘုရားဖူးခရီးထွက်ရတတ်သည်။ စီးပွားရေး၊ လူမှုရေးများ၊ ရည်မှန်းချက် မြင့်မားသော်လည်း အနည်းငယ်စိတ်လျှော့ထားရမည့်အချိန် ဖြစ်သည်။ ကျန်းမာရေးချို့တဲ့တတ်သူ ဖြစ်မည်။ ဆီးရောဂါ၊ ကျောက်ကပ်ရောဂါတို့ သတိထားပါ။

**ယတြာ။ ။ထန်းသီးအရည်တည်လေးများကို လှူပါ။**



**ကြာသပတေးသားသမီးများအတွက်** ခိုင်မာသောဆုံးဖြတ်ချက်ချမှတ်၍ လုပ်ငန်းများလုပ်ကိုင်လျှင် အောင်မြင်မှု ရတတ်ပါသည်။ လုပ်ငန်းများတွင် ဝေခွဲမရ ဆုံးဖြတ်ရခက်သော အခြေအနေမျိုး ကြုံရတတ်သည်။ ပညာရေး၊ ဘာသာရေးလုပ်ဆောင်မှု အားနည်းလိမ့်မည်။ ကျန်းမာရေးသင့်တင့်ကောင်းမွန်မည်။အိမ်ထောင်ဖက်၏လုပ်ငန်းများတွင် ကူညီပံ့ပိုးရမည်။

**ယတြာ။ ။မေမြို့ပန်းဘုရားလှူပါ။**



**သောကြာသားသမီးများအတွက်** လုပ်ငန်းသစ်များ မတိုးချဲ့သင့်သေးပါ။ လုပ်ငန်းခွင်တွင် အခက်အခဲ အကျပ်အတည်းများ တွေ့ရတတ်သည်။ ဝန်ထမ်းများနေရာဌာန အပြောင်းအရွှေ့ဖြစ်တတ်သည်။ ပညာရေးတိုးတက်မှုရှိမည်။ ပြိုင်ဘက်များအပေါ် အနိုင်ယူရမည်။ ကျန်းမာရေးကြောင့် ငွေကြေးကုန်ကျမည်။ ခရီးသွားစဉ် မတော်တဆထိခိုက်မှုများကြုံရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေနေတတ်ပါသည်။

**ယတြာ။ ။ ရေအိုးစင်လှူပါ။**



**စနေသားသမီးများအတွက်** လုပ်ငန်းများတိုးချဲ့ရန်အခွင့်အလမ်းမသင့်သေးပါ။ မိသားစုအိမ်တွင်းရေး ပဋိပက္ခများကြုံရတတ်သည်။ ကံကြမ္မာ၏ မျက်နှာသာပေးမှုမရနိုင်သောအချိန်ဖြစ်၍ အစစအရာရာ သတိဝီရိယကြီးစွာထား၍ လုပ်ကိုင်ဆောင်ရွက်ရန်လိုအပ်သည်။ မော်တော်ကား၊ အိမ်၊ ခြံ၊ မြေတို့မှ အမြတ်အစွန်းရတတ်သည်။ ပညာရေး၊ အချစ်ရေး၊ ကျန်းမာရေး တို့ သင့်တင့်မှုရှိနေတတ်ပါသည်။

**ယတြာ။ ။စနေထောင့် ထီးလှူပါ။**

# လျှော်ဖြူဈေးကွက်တည်တံ့ခိုင်မြဲဖို့ အရည်အသွေးကောင်းစွာထုတ်လုပ်ကြပါစို့




**အောင်ဆန်းလင်း (DOCA)**

ဂျပန်-မြန်မာချစ်ကြည်ရေးအတွက် Greater Mekong Initative (GMI) Myanmar အဖွဲ့အစည်းက ပူးပေါင်း ဆောင်ရွက်သည့် မြန်မာ့လျှော်ဖြူအား ဓာတုကင်းလွတ်သည့် သဘာဝလျှော်ဖြူများအဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်ရန် ဂျပန်နိုင်ငံက နည်းပညာနှင့် အရင်းအနှီး ပံ့ပိုးဆောင်ရွက်မည့် စီမံကိန်းဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနားကို ၂၀၁၉ ခုနှစ်၊ မတ်လ(၉) ရက်က မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ မြို့တင်ကျေးရွာရှိ မြန်မာ့ရွှေဖြူ ဓာတုလွတ် သဘာဝလျှော်ဖြူခြံတွင် ကျင်းပခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ GMI အဖွဲ့အစည်းမှ တာဝန်ရှိသူများ၊ လျှော်ဖြူ လုပ်ငန်းရှင်များ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြပါသည်။ အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အဖွင့်အမှာစကားများ ပြောကြားခဲ့ပြီး စီမံကိန်းမှ တာဝန်ရှိသူများက စီမံကိန်းဆောင်ရွက်မည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြပါတယ်။ ဆက်လက်ပြီး ဂျပန်နိုင်ငံ Enishi ကုမ္ပဏီက မြန်မာ့ရွှေဖြူကုမ္ပဏီထံမှ မြန်မာ့လျှော်ဖြူ (၂၅) တန် ဝယ်ယူရန် စာချုပ်ချုပ်ဆိုခဲ့ပါတယ်။ စာချုပ်ပါအချက်များအရ အစေးထုတ်ယူရာတွင် ဓာတုဆေးမသုံးပဲ သဘာဝအလျောက် ထုတ်လုပ်ထွက်ရှိသော လျှော်ဖြူစေးများကိုသာ ဝယ်ယူမည်ဖြစ်ပြီး အစေးများတွင် အမှုန်၊ အမှိုက်ပါဝင်မှုမှာ တစ်ကီလိုဂရမ်လျှင် ၁၀ ဂရမ်အောက် လျော့နည်းရမည်ဖြစ်ကြောင်း၊ အမှုန့်ကြိတ်ခွဲရာတွင် ညိုမဲမနေဘဲအရည်အသွေးလှရမည်ဖြစ်ကြောင်း စာချုပ်တွင် ဖော်ပြထားပေသည်။ ဂျပန်နိုင်ငံ Enishi ကုမ္ပဏီက မြန်မာ့ရွှေဖြူကုမ္ပဏီထံမှ မြန်မာ့လျှော်ဖြူ (၂၅) တန်ကို လက်ငင်းငွေပေးချေ စနစ်ဖြင့် ၂၀၁၉ ခုနှစ် ဇွန်လမှ ၂၀၂၀ ခုနှစ် မတ်လအထိ ဝယ်ယူသွားမည်ဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ရှိပါက ပိုမိုဝယ်ယူသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ ထို့ကြောင့် ဈေးကွက်ထိုးဖောက်မှုတွင် အရည်အသွေးသည် အဓိကကျကြောင်း ဖော်ပြနေပါသည်။

ယခုအခါတွင် မြန်မာနိုင်ငံအတွင်း ဒေသအနှံ့အပြား၌ လျှော်ဖြူစိုက်ပျိုးထုတ်လုပ်မှုမှာ သိသိသာသာ တိုးတက် များပြားလာခဲ့သည်ကို တွေ့ရှိရပေသည်။ ထိုသို့ စိုက်ပျိုးမှုများ တိုးတက်လာသည်နှင့်အမျှ ထွက်ရှိလာသော လျှော်ဖြူစေးများကို ဈေးကွက်ရရှိရန်၊ ဈေးကွက်ထိုးဖောက်နိုင်ရေး ဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်ပါသည်။ ဈေးကွက်သို့ ထိုးဖောက်နိုင်ရန်မှာ စားသုံးသူနှင့် ဈေးကွက်၏ လိုအပ်ချက်များအပေါ် မူတည်၍ လျှော်ဖြူစေးများကို အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်ရန် လိုအပ်လျက်ရှိပါသည်။ လျှော်ဖြူစိုက်ပျိုးသူများအနေဖြင့် ဓာတုဆေးများ အလွန်အကျွံသုံးစွဲခြင်း မပြုကြဘဲ သဘာဝနည်းအတိုင်းသာ စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်ပါသည်။ လျှော်ဖြူစေးကို ဆေးဝါးနှင့် စားသောက်ကုန်များတွင်အဓိက အသုံးပြုကြသဖြင့် အရည်အသွေးကောင်းပြီး ဓာတုဆေးဝါးကင်းလွတ်မှုသာလျှင် ရေရှည်ဈေးကွက်ရရှိပြီး ဈေးနှုန်းကောင်းမွန်စွာ ရရှိမည်ဖြစ်ပါသည်။ ထိုသို့ အရည်အသွေးကောင်းမွန်သည့် လျှော်ဖြူစေးထွက်ကုန်များ ရရှိစေရန်မှာ လျှော်ဖြူစိုက်ပျိုးသူနှင့် ကုန်သည်လုပ်ငန်းရှင် တစ်ဦးတစ်ယောက်ချင်းစီက လိုက်နာဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ထို့အပြင် ကုန်သည်လုပ်ငန်းရှင်များ၊ တောင်သူများအနေဖြင့်လည်း ဈေးကွက်က လိုအပ်သည့် စံချိန်စံနှုန်းများကိုလည်း သိရှိထားရန်လည်း လိုအပ်ပါသည်။ အိန္ဒိယနိုင်ငံ၌ အရည်အသွေးမီသော လျှော်ဖြူစေးအမှုန့် (powder) ၏ စံသတ်မှတ်ချက်များကို ဖော်ပြရာတွင် (၁) အရောင်အသွေးသည် အဖြူရောင်မှ ညိုဝါရောင်၊ (၂) အနံ့ (odour)သည် ထူးခြားသော အနံ့မရှိရ၊ (၃) အရသာ (taste)သည် ထူးခြားသော အရသာမရှိရ၊ (၄) ဆားငံကိန်း(စံ)သည် ၄ မှ ၅၊ (၅) သိပ်သည်းဆ(density) သည် သုညဒသမ ၈ မှ သုညဒသမ ၉၅ ဂရမ် / မီလီလီတာ၊ (၆) စေးပျစ်ကိန်း (viscosity)သည် 100 cps အောက် လျော့နည်းရမည်၊ (၇) ကလိုရိုက်ပါဝင်မှု ကန့်သတ်ချက်သည် 25 ppm အောက် လျော့နည်းရမည်၊ (၈) heavy metal ပါဝင်မှုကန့်သတ်ချက်သည် 20 ppm အောက် လျော့နည်းရမည်၊ (၉)အာဆင်းနစ် (arcenic) ပါဝင်မှု ကန့်သတ်ချက်သည် 10 ppm အောက်လျော့ နည်းရမည်၊ (၁၀) particle size distribution (!m )သည် ၄၀ မှ ၁၈၀ mesh ဖြစ်ရမည်၊ (၁၁) ပျော်ဝင်နိုင်မှု (solubility)အနေဖြင့် ရေတွင်ပျော်ဝင်မှု နည်းရမည်။ အီသနော(ethnol)၊ အခြားသော အော်ဂဲနစ်ဖျော်ရည်များနှင့် စံတန်ဖိုး ၆ ဒသမ ၅ အထက်ရှိသော အယ်ကာလီပျော်ရည်များတွင် လုံးဝမပျော်ဝင်ပါ။ ရေရောထားသော အက်ဆစ် တစ်အက်ဆစ် (acetic acid) နှင့် အက်ဆစ်တစ်အက်ဆစ်ပြင်းတို့တွင် တဖြည်းဖြည်းအရည်ပျော်ပြီး ဟိုက်ဒြိုကလိုရစ် အက်ဆစ်တွင် အနည်းငယ်သာပျော်ဝင်ပါသည်။ စသဖြင့် လျှော်ဖြူစေးအမှုန့်များ၏ အရည်အသွေးကို စံသတ်မှတ်ထားရှိကြပါသည်။ မြန်မာနိုင်ငံတွင်လည်း အလားတူပင် ဈေးကွက်နိုင်ငံများ၏ လိုအပ်ချက်များအပေါ် မူတည်၍ လျှော်ဖြူစေးများ၏ အရည်အသွေး စံနှုန်းများကို သတ်မှတ်ထားရှိကာ အဆိုပါစံနှုန်းများအတိုင်း ရရှိရေးအတွက် တောင်သူများ၊ လုပ်ငန်းရှင်များက စနစ်တကျ စိုက်ပျိုးထုတ်လုပ်ကြရန် လိုအပ်ပါသည်။

လျှော်ဖြူစိုက်ပျိုးခြင်းလုပ်ငန်းသည် ကျေးလက်ဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် ကောင်းမွန်သော လုပ်ငန်းတစ်ခုဖြစ်သဖြင့် စနစ်တကျစိုက်ပျိုးထုတ်လုပ်ကြရန် လိုအပ်ပါသည်။ အရည်အသွေး ကောင်းမွန်စွာ ထုတ်လုပ်နိုင်ရေးအတွက် ထုတ်လုပ်မှုနည်းပညာများကို ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေဆောင်ရွက်ကြရပါမည်။ အပင်ကြီးထွားရှင်သန်စေရန်အတွက် ဓာတုဓာတ်မြေဩဇာများ၊ ဓာတုပိုးသတ်ဆေးများ သုံးစွဲမည့်အစား သဘာဝမြေဩဇာများ၊ အသီးအရွက်များဖြင့် ပြုလုပ်ထားသည့် ပိုးသတ်ဆေးများကိုသာ သုံးစွဲသင့်ပါသည်။ လျှော်ဖြူစေး ထုတ်ယူရာတွင်လည်း ဓာတုဆေးဝါးများ

**စာမျက်နှာ (၂၇)သို့**

# တောင်သူလယ်သမားနဲ့ စိုက်ပျိုးရေးနည်းပညာ ကွာဟချက် ဂဟေဆက်ဖို့လိုပြီ



| အောင်ဆန်း (စိုက်ပျိုးရေး) |

တစ်လောက သူငယ်ချင်းလို ခင်မင်ရင်းနှီးရတဲ့ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ယောက်က "ဆရာရေ ဒီနေ့ခေတ်မှာ တောင်သူလယ်သမားနဲ့ စိုက်ပျိုးနည်းပညာကွာဟချက်က တော်တော်အလှမ်းဝေးနေပြီ၊ လယ်သမား တော်တော်များများက စိုက်ပျိုးရေး နည်းပညာကို မသိကြဘူးဖြစ်နေတယ်။ ဒါကို ကျွန်တော့် မဲဆန္ဒနယ်မြေမှာ ကျေးရွာတွေဆင်းပြီး စစ်တမ်းကောက်ယူကြည့်တာ တော်တော် အခြေအနေဆိုးတယ်ဆရာ"လို့ စကားဦးလေးဆိုလိုက်တော့ စိုက်ပျိုးရေးပညာရှင်လည်းဖြစ် စိုက်ပျိုးရေးဌာန နယ်လုပ်ငန်းမှာလည်း နှစ် (၄၀) နီးပါးတာဝန်ထမ်းဆောင်ခဲ့တဲ့ အငြိမ်းစားဝန်ထမ်းလည်း ဖြစ်တော့ အနာပေါ် တုတ်ကျဖြစ်ပြီး ရင်ထဲကျင်ခနဲ ခံစားလိုက်ရပါတယ်။

ခံစားမယ့်သာ ခံစားလိုက်ရတာပါ။ မြေပြင်လက်တွေ့ အဖြစ်သနစ်ကလည်း လွှတ်တော်ကိုယ်စားလှယ်ကြီး သုံးသပ်သလိုဖြစ်နေတော့ ဘယ်လိုလုပ်သင့်သလည်းဆိုတဲ့ စဉ်းစားတဲ့အလုပ်က ခေါင်းထဲ အပြေးဝင်လာခဲ့တာ အမှန်ပါပဲ၊ စာရေးသူဟာ အငြိမ်းစား စိုက်ပျိုးရေးပညာရှင် ဝန်ထမ်းဖြစ်ပေမယ့် ဝါသနာအရ လယ်သမားကြီးများအပေါ် မိဘကဲ့သို့ စေတနာထားမှုအရ ယနေ့ထိ စိုက်ပျိုးရေး ပညာပေးဆောင်းပါးများ ရေးသားနေတုန်းပါပဲ။ ထို့အတူ လုပ်နေရတဲ့ အလုပ်ရဲ့ဆက်စပ်မှု အချို့ ဒေသတွေက သီးသန့်ဖိတ်ကြားမှုကြောင့် နယ်တွေထိ ကွင်းဆင်းပြီး စိုက်ပျိုးရေး နည်းပညာများ ဆွေးနွေးပေးရ ဟောပြောပေးရတဲ့ အလုပ်ကလည်း အဆက်သွယ်မပြတ် ရှိနေဆဲပါပဲ။

ဒီလိုနယ်အစုံစုံ၊ ဒေသအဖုံဖုံကို ခရီးရောက်ရင် တောင်သူလယ်သမားကြီးများနဲ့ တွေ့ဆုံရင်းမှာလည်း "ကျွန်တော်တို့ဆီ စိုက်ပျိုးရေးနည်းပညာတွေ လာမဆွေးနွေးတာ၊ မဟောပြောတာ နှစ်ချီကြာခဲ့ပြီ ကျွန်တော်တို့ နည်းပညာငတ်နေကြပါတယ်။ ဆရာ အခုလိုလာ ဆွေးနွေးပေးတာ အများကြီး ကျေးဇူးတင်ပါတယ်လို့" ပြောကြဆိုကြတာ ခဏခဏ တွေ့နေရပါတယ်။ တောင်သူလယ်သမားကြီးများနဲ့ တွေ့တဲ့အခါ " အီးအမ်ဆိုတာ သိပါသလား" "အီအမ်ဘိုကာရှီဆိုတာကော သိပါသလားလို့" မေးတော့ ပါးစပ်အဟောင်းသားနဲ့ မျက်လုံးပြူးပြီးပဲ ကြည့်နေကြတာ ကြုံခဲ့ရပါတယ်။ စိုက်ပျိုးရေး ဦးစီးဌာနက ထုတ်ပေးထားတဲ့ " ပိုးသတ်ဆေး စနစ်တကျ ကိုင်တွယ်သုံးစွဲနည်း" ဒီစာအုပ်လေး တွေ့ဖူးလားဆိုတော့ ဟင့်အင်းလို့ပဲ ဖြေကြပါတယ်။ ဘယ်လိုပဲ ဟောတယ်၊ ပြောတယ်၊ ဆွေးနွေးပါတယ်လို့ ထန်းလက်နဲ့ ကာပြောသော်လည်း ဒီနေ့ထိ နယ်တွေမှာ ပိုးသတ်ဆေး အဆိပ်သင့်ခံရလို့ ဒုက္ခလှလှကြီး တွေ့နေရတဲ့ အနိဋ္ဌာရုံသတင်းတွေဟာ နေ့စဉ်နဲ့အမျှ အသံမစဲသေးတာ တွေ့နေရတုန်းပါ။

နောက်အဆိုးဆုံးတစ်ခုက ဒေသတစ်ခုမှာ စာရေးသူက "GAP" ဆိုတာ သိလားလို့ မေးတော့ ဘယ်နိုင်ငံက ဝင်လာတဲ့ ဘာအသီးလည်းလို့ စာရေးသူကို ပြန်မေးခံရပါတယ်။ GAP ဆိုတာ ဒီနေ့ စိုက်ပျိုးရေးလောကမှာ အတော်လေး ရေပန်းစားနေတဲ့ ဝေါဟာရပါ။ ဒါကိုမသိဘူးဆိုတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဝေဖန်သုံးသပ်ခံရတာ မလွန်ဘူးလို့ ဆိုရတော့မှာပါဘဲ။

စိုက်ပျိုးရေးနည်းပညာမှာ အခြေခံကြတဲ့ တစ်ဧကဝင်ဆံ့ရမယ့် အပင်အရေအတွက် စပါးသီးနှံမှာ ဘယ်လောက်လဲ၊ မတ်ပဲမှာ ဘယ်လောက်လဲ၊ ပဲတီစိမ်းမှာ ဘယ်လောက်လဲ၊ မြေပဲမှာ ဘယ်လောက်လဲ၊ နှမ်းမှာ ဘယ်လောက်လဲ၊ နေကြာမှာ ဘယ်လောက်လဲ၊ တစ်ဧကဝင်ဆံ့ရမယ့် သီးနှံအလိုက် အပင်အရေအတွက် အပြည့်အဝရရှိအောင် ဘယ်အချက်တွေအဓိက ဂရုပြုစိုက်ပျိုးရမယ်လို့ ဆိုတော့လည်း မရေမရာ၊ ဇဝေဇဝါနဲ့ပါပဲ။ သီးနှံအလိုက် သတ်မှတ်ဝင်ဆန့်ရမယ့် အပင်အရေအတွက် မပြည့်ရင် ဘယ်လိုဆိုးကျိုးတွေ ခံစားရမလဲဆိုတာလည်း မသိကြတော့ သီးနှံခင်းတွေ အပင်ပေါက်မစုံကျိုးတို့ကျဲတဲနဲ့ဆိုလည်း လယ်သမားကြီးများကတော့ ဒီအပေါ်မှာ ဘာခံစားချက်မှ မရှိကြတာ တွေ့ရပါတယ်။

သီးနှံပင်တိုင်းဟာ ပိုးမွှားရောဂါနဲ့ မကင်းနိုင်ကြပါဘူး။ ဒါပေမယ့် သီးနှံစိုက်ခင်းထဲမှာရှိနေတဲ့ ပိုးတွေကို ဘယ်ပိုးကမိတ်ဆွေပိုးလဲ၊ ဘယ်ပိုးက ရန်သူပိုးလဲ မသိကြတာများပါတယ်။ လယ်ကွင်းကျယ် စပါးစိုက်ခင်းတွေကြားထဲမှာ မဏ္ဍပ်ကြီးထိုးပြီး စိုက်ပျိုးပညာပေး ဆွေးနွေးပွဲတစ်ခုကို ဖိတ်ကြားခံရတဲ့အတွက် သွားပြီး ဆွေးနွေးဖြစ်ပါတယ်။ အဲဒီမဏ္ဍပ်ရဲ့ မျက်နှာကျက်မှာရော နောက်ခံမှာရော ဆစ်ပိုးရဲ့ ဖလံအထီးအမတွေဟာ ဖွေးနေအောင်ကပ်နေကြပါတယ်။ မဏ္ဍပ်ထဲဝင်လိုက်ကတည်းက စာရေးသူကတော့ သတိမူလိုက်မိပါတယ်။ ဒီစပါးခင်းတွေတော့ ဆစ်ပိုးက ဒုက္ခပေးနေပြီလို့။ စာရေးသူက မျက်နှာကျက်နဲ့ နောက်ဘက်မှာ ဖွေးနေအောင် ကပ်နေတဲ့ ဒီပိုးကောင်လေးတွေ၊ ဖလံလေးတွေဟာ ဘာပိုးတွေလဲဗျလို့ မေးခွန်းထုတ်လိုက်တော့ မသိပါဘူးဆရာလို့ တစ်ပြိုင်နက်ဖြေကြပါတယ်။ ဆစ်ပိုးဆိုတာ နာမည်ကြီးပိုးပါ။ သိလွယ်၊ မြင်လွယ်တဲ့ ပိုးပါ။ ဒါလေးကိုတောင် မသိဘူးဖြေလိုက်ကြတော့ ခက်ကုန်ရောပေါ့။ စာရေးသူက ဒီပိုးဟာ လယ်သမားကြီးတို့ရဲ့ စပါးခင်းကို အခု ဒုက္ခပေးနေပြီဖြစ်တဲ့ ဆစ်ပိုးဆိုတာပဲဗျလို့ ပြောတော့မှ ဟာ/ဟင် ဒုက္ခပါပဲ ဒို့စပါးခင်းတော့ ကုန်ပါပြီကွာဆိုတဲ့ အသံတွေ ပူညံပူညံထွက်လာပါတယ်။ တောင်သူလယ်သမားကြီးများနဲ့ စိုက်ပျိုးရေး နည်းပညာကွာဟချက်က ကြီးမားနေပါပြီလို့ သက်သေထူနေသလိုပါပဲ။

နောက်ဒေသတစ်ခုရဲ့ တောင်သူစိုက်ပျိုးနည်းပညာပေး ဆွေးနွေးပွဲတစ်ခုမှာ စိုက်ပျိုးရေးဦးစီးဌာနက ယူရီးယား မြေဩဇာ တစ်အိတ်နဲ့ မြေဆွေး ၃ အိတ် တစ်ညသိပ်ရောနှပ်ပြီးမှ ကျွေးရမယ်။ ယူရီးယားတစ်မျိုးထဲ မကျွေးရဘူးလို့ ဆိုထားတယ်။ ယူရီးယား ဓာတ်မြေဩဇာ လေလွင့်ဆုံးရှုံးမှုနည်းအောင်လို့ပေါ့ဗျာ။ ဒီနည်းပညာကိုတော့ သိသလား၊ ကြားဖူးကြပါသလား၊ လုပ်ရောလုပ်ဖူးပါသလား လို့မေးတော့ မသိဘူးလို့ပဲ ဖြေပါတယ်။ တောင်သူလယ်သမားကြီးများနဲ့ စိုက်ပျိုးရေးနည်းပညာဟာ အလှမ်းဝေးနေတာတော့ သေချာနေပါပြီ။ ဘယ်လိုလုပ်ကြမှာလဲ။

မြို့ပြနဲ့ နီးတဲ့ရွာ၊ လမ်းမကြီးဝဲယာမှာရှိတဲ့ ရွာမှာရှိတဲ့ တောင်သူ လယ်သမားကြီးအနည်းစုလောက်သာ စိုက်ပျိုးရေးနည်းပညာကို တီးမိခေါက်မိရုံရှိတာကို တွေ့ရပါတယ်။ အလှမ်းဝေးတဲ့ ရွာတွေက တောင်သူလယ်သမားကြီးအများစုဟာ စိုက်ပျိုးရေးနည်းပညာနဲ့ အလှမ်းဝေးနေပြီး ကွာဟချက်ကြီးမားနေတာ တွေ့ရပါတယ်။ ဒီကွာဟချက်ကို ဘယ်လိုဂဟေဆက်ကြမလဲ အကြိတ်အနယ် စဉ်းစားဖို့လိုလာ ပြီဖြစ်ပါတယ်။

စိုက်ပျိုးရေးနည်းပညာဟာ ကျွမ်းကျင်ပညာရှင်များကိုယ်တိုင် ပင် တတ်မြောက်နေလို့ ခရီးမဆုံးပါဘူး။ ပညာရှင်တွေကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်နေရုံနဲ့ ပန်းတိုင်ကို မရောက်သေးပါဘူး။ ကျွမ်းကျင်ပညာရှင်၊ စိုက်ပျိုးရေးပညာရှင်များ အဆင့်ဆင့်သို့ လက်ဆင့်ကမ်းပေးပြီး နောက်ဆုံးကွင်းထဲမှာ လက်တွေ့စိုက်ပျိုး ထုတ်လုပ်နေကြတဲ့ တောင်သူလယ်သမားကြီးလက်ဝယ်ထိ ရောက်ရှိ လက်တွေ့ကျင့်သုံးမှသာ ခရီးဆုံးပါတယ်။ စိုက်ပျိုးရေးနည်းပညာဟာ ကျွမ်းကျင်ပညာရှင်များကို ကျော်လွန်၍ တောင်သူလယ်သမားကြီးများ လက်ဝယ်သို့ များများရောက်ရှိလေ တောင်သူလယ်သမားကြီးများ အကျိုးရှိလည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ၁၉၇၄ ခုနှစ်က နိုင်ငံ့ရိက္ခာဖူလုံရေးအတွက် စပါးအထွက်တိုးနည်းပညာ(၁၀) ချက်ကို နည်းပညာအသစ်အဖြစ် သွတ်သွင်းပြီး တစ်မြို့နယ်လုံး စပါးအထူးအထွက်တိုး စီမံကိန်းကို ၈၅ မြို့နယ် ဆောင်ရွက်ခဲ့ပါတယ်။ ထိုစဉ်က စပါးအထွက်တိုး နည်းပညာ (၁၀) ချက်ကို တောင်သူလယ်သမားကြီးများ တစ်ဦးချင်း လက်ဝယ်တွင် ကွင်းထဲထိအရောက် နည်းပညာပေးနိုင်ခဲ့ပါတယ်။

တောင်သူလယ်သမားကြီးများ တစ်ဦးချင်းကလည်း စပါးအထွက်တိုး နည်းပညာ (၁၀) ချက်ကို တစ်ချက်ချင်းကစ uCeP ကျွမ်းကျင်စွာ သိရှိတက်မြောက်ကြတာ တွေ့ရပါတယ်။ ပါတီကောင်စီရဲ့ ကြီးကြပ်ကွပ်ကဲမှု၊ သက်ဆိုင်ရာဌာနများရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ စိုက်ပျိုးရေးပညာရှင်များရဲ့ စိုက်ပျိုးရေးပညာပေးစခန်းတွေမှာ နေ၊ အိပ်၊ စားပြီတောင်သူလယ်သမားနဲ့ လက်ပွန်းတတီးနေပြီး အနီးကပ် ပညာပေးမှုကြောင့် အောင်မြင်မှုရလဒ်ရရှိခဲ့ပါတယ်။ အဲဒီမြို့နယ်တွေမှာ မူလစပါးတစ်ဧက တင်း ၄၀-၅၀ ထွက်ရှိနေရာကနေ အထူးအထွက်တိုးနည်းပညာကျေးဇူးကြောင့် တစ်ဧကစပါးတင်း ၇၀-၈၀ ထိ ထက်ဝက်မျှ ပိုမိုထွက်ရှိခဲ့ပါတယ်။ အချို့ဒေသ၊ အချို့နေရာတွေမှာ တစ်ဧကတင်း ရာကျော်ထွက်ခဲ့တဲ့အထိတောင် ရှိခဲ့ပါတယ်။ အဲဒီအကျိုးဆက်ကြောင့် မြန်မာနိုင်ငံရဲ့ တစ်ဧကစပါးအထွက်နှုန်းလည်း တိုးတက် ခဲ့ပြီးရိက္ခာဖူလုံရေးကိုလည်း အကျိုးပြုစေခဲ့တာဟာ ယနေ့ထိ အရှိန်ရနေခဲ့ခြင်းဖြစ်ပါတယ်။

ထိုစဉ်က လယ်/ဆည်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး (ငြိမ်း) ဖြစ်ခဲ့တဲ့ ဆရာဦးတင်လှိုင်က ဆုံးမစကား ပြောခဲ့ဖူးပါတယ်။ "ကိုအောင်ဆန်း၊ စိုက်ပျိုးရေးပညာရှင်တွေက ဘယ်လောက်ပဲ နည်းပညာတွေ ကျွမ်းကျင်အောင်တတ်မြောက်ပါစေ အဲဒီနည်းပညာတွေ လယ်ကွင်းထဲက လယ်သမားတွေဆီ မရောက်ရင် အချည်းနှီးပဲ၊ ပြီးတော့ အဲဒီနည်းပညာတွေကို လယ်သမားတွေ လက်တွေ့တကယ် ကျင့်သုံးလာအောင် မစီမံ၊ မခန့်ခွဲနိုင်ရင်လည်း အလဟဿပဲ၊ အဲဒီတော့ စိုက်ပျိုးရေးနည်းပညာဟာ စီမံခန့်ခွဲမှုနဲ့ ပေါင်းစပ် ဆောင်ရွက်နိုင်မှသာ အောင်မြင်မှုရလဒ်ကောင်းကို ရနိုင်မယ်" ဟုဖြစ်ပါတယ်။ ဆရာရဲ့ ဆိုဆုံးမခဲ့တဲ့ ဩဝါဒစကားကို စာရေးသူရင်ထဲ ဒီနေ့ထိ သံမှိုစွဲသလို စွဲနေတုန်းပါပဲ။

စာရေးသူ နိုင်ငံတော်တော်များများကို နိုင်ငံ့တာဝန် ထမ်းဆောင်စဉ်က ရောက်ရှိ လေ့လာခဲ့ရဖူးပါတယ်။ နိုင်ငံတကာမှာ စိုက်ပျိုးရေး နည်းပညာပေးဌာနဆိုပြီး ဌာနကြီးတစ်ခုအနေနဲ့ တည်ထောင်ပြီး စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းများကို ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေတာ အားရစရာပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ စိုက်ပျိုးရေးနည်းပညာပေးရေး လုပ်ငန်းဟာ စိုက်ပျိုးရေးဦးစီးဌာန (ယခင် လယ်-စိုက်-ရှင်း မြန်မာစိုက်ပျိုးရေး လုပ်ငန်း) အောက်မှာ ဌာနခွဲတစ်ခုအနေနဲ့သာ ရှိခဲ့ခြင်းဖြစ်ပါတယ်။

**စာမျက်နှာ (၂၇)သို့**

# စပါးသီးနှံ အာမခံလုပ်ငန်း အမျိုးအစားသစ်တစ်ခု စတင်အကောင်အထည်ဖော် လုပ်ဆောင်

မြန်မာနိုင်ငံ၌ စပါးသီးနှံ အာမခံလုပ်ငန်း အမျိုးအစား သစ်တစ်ခုကို ဂလိုဘယ်ဝေါ(လ်)ကုမ္ပဏီမှ စတင်အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း မတ်လ ၁၂ ရက်တွင် ကျင်းပခဲ့သည့် GWI ၏ Micro Insurance & Liberalization အကြောင်း ရှင်းလင်းပွဲမှ သိရပါသည်။

အာမခံ အမျိုးအစားသစ်တစ်ခုကို လက်တွေ့ အကောင်အထည်ဖော်ကျင့်သုံးရာမှာ အာမခံရောင်းချသူနဲ့ ဝယ်ယူသူ နှစ်ဦးနှစ်ဖက်အပေါ် ကောင်းကျိုးများရှိသလို ဆိုးကျိုးများလည်း ရှိကြောင်း သိရသည်။

ယခု အာမခံပုံစံမျိုးသည် တစ်ဧက စပါးအထွက်နှုန်းပေါ် သာ အခြေခံပြီး ရာသီဥတုဖောက်ပြန်မှုကြောင့် သီးနှံအထွက်နှုန်း ကျဆင်းပါက သို့မဟုတ် သီးနှံများပျက်စီးပါက လျော့နည်းပျက်စီးသည့်ပမာဏကို အာမခံစဉ်က သတ်မှတ်သဘောတူညီသည့် ခေတ်ကာလပေါက်ဈေးနှင့် ပေးလျော်သွားမည်ဖြစ်ကြောင်း သိရသည်။

Global World Insurance (ဂလိုဘယ်ဝေါလ်) ကုမ္ပဏီ၏ ဒါရိုက်တာ ဦးစိုးဝင်းသန့်က ‘စပါးသီးနှံအာမခံ ပုံစံပြုလုပ်ထားတဲ့အခါမှာ ဥပမာ မြန်မာနိုင်ငံမှာ စပါးတစ်ဧကကို တင်း ၅၀ ပဲထား စပါးစိုက်ရာသီအတွင်း စပါးပေါ်ချိန်မှာ မိုးခေါင်မှုတွေ သဘာဝ ဘေးအန္တရာယ်တွေ၊ ရာသီဥတု ဖောက်ပြန်တာတွေ၊ ရေကြီးနစ်မြုပ်တာတွေကြောင့် တင်း(၃၀)သာ အမှန်ထွက်ရင် အထွက်နှုန်းအောက် လျော့ နည်းနေတဲ့ တင်း ၂၀ အတွက် အာမခံထားတဲ့ လယ်သမားကို ပေါက်ဈေးနဲ့ ကုမ္ပဏီကနေ ပေးလျော်သွားမှာပါ”ဟု ပြောသည်။

မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် ဆန်စပါးသီးနှံ အာမခံကို ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် ၄ မြို့နယ်တွင် စတင်လုပ်ဆောင်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင်လည်း လာမည့် မိုးကာလတွင် စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သီးနှံအာမခံကို ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် ၄ ခုဖြစ်တဲ့ဟင်္သာတ၊ ပုသိမ်၊ လပွတ္တာနှင့် ကန်ကြီးထောင့်မြို့နယ်များတွင် စမ်းသပ်လုပ်ကွက်သတ်မှတ်၍ ဧက ၂၀၀ လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ကျန်နေရာ (၃) ခုအပါအဝင် စုစုပေါင်း ၄ နေရာကို ဧက ၁၀၀၀ ခန့် လျာထားပြီး ယင်းပရောဂျက်ကို စမ်းသပ်ကာလအဖြစ် ၂ နှစ် လုပ်ဆောင်ကြောင်း သိရသည်။

**ချောစု**

# အာယုအင်တာနေရှင်နယ်ဆေးရုံကြီးကို ရန်ကုန်မြို့တွင် ဖွင့်လှစ်



မြန်မာနိုင်ငံအတွင်း ဆေးရုံ၊ ဆေးပညာနှင့် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းများ မြင့်မားလာစေရန် ရည်ရွယ်ပြီး အာယုအင်တာနေရှင်နယ်ဆေးရုံကြီး (ArYu International Hospital)ကို မတ် ၁၇ ရက်က အမှတ် ၄၀၀၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့တွင် စတင်ဖွင့်လှစ်ခဲ့သည်။

အာယုအင်တာနေရှင်နယ်ဆေးရုံကြီးကို ကျန်းမာရေးစောင့်ရှောက်မှုနှင့် စီမံခန့်ခွဲမှုနယ်ပယ်တွင် နှစ်ပေါင်း (၄၀) ကျော်အတွေ့အကြုံရှိသည့် ထိုင်းနိုင်ငံမှ ထွန်ဘူရီဆေးရုံအုပ်စုနှင့် ဂမုန်းပွင့်အုပ်စုတို့မှ အမေရိကန်ဒေါ်လာသန်း ၁၀၀ ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်ကာ ရင်းနှီးမြှုပ်နှံခဲ့ခြင်း ဖြစ်သည်။

“ ဒီနေ့မှာ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့မှာ ပြည်သူတွေရဲ့ ကျန်းမာရေးကို ဝန်ဆောင်မှုပေးနိုင်မယ့် ဆေးရုံကြီးတစ်ခုကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ရန်ကုန်မြို့နေ ပြည်သူလူထုတော်တော်များဟာ ကျန်းမာရေးဝန်ဆောင်မှုပေးနိုင်မယ့် အခွင့်အလမ်းတစ်ခုကို ရရှိလာတယ်လို့ ပြောလိုပါတယ်။ မြန်မာနိုင်ငံကနေ ထိုင်းနိုင်ငံအထိ ဆေးသွားကုရတာဟာ နေ့စဉ်နဲ့အမျှ များပြားလှပါတယ်။ ဒီနေ့အချိန်မှာတော့ ထိုင်းနိုင်ငံကို သွားစရာမလိုတော့တာက ကောင်းမွန်တဲ့အခွင့်အလမ်းတစ်ခုဖြစ်ပါတယ်။ ဒီလိုပဲ အင်တာနေရှင်နယ်ဆေးရုံကြီးတွေ ပိုပြီး ဖွင့်လှစ်လာနိုင်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံကို နိုင်ငံတကာကလာပြီး ဆေးကုနိုင်မယ့် အခွင့်အလမ်းတွေ ဖန်တီးနိုင်မှာ ဖြစ်ပါတယ်”ဟု ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

ထွန်ဘူရီဆေးရုံအုပ်စု၏ ဥက္ကဋ္ဌ Dr. Boon Vanasin က “အခုဖွင့်လှစ်လိုက်တဲ့ ကုတင် ၂၀၀ ဆံ့ အာယုအင်တာနေရှင်နယ်ဆေးရုံကြီးဟာ ဝန်ထမ်း ၄၀၀ ကျော်နဲ့ လုပ်ငန်းလည်ပတ်လျှက်ရှိသလို အလုပ်အကိုင်အခွင့်အလမ်း ၆၀၀ ကျော် ကိုလည်း ဖန်တီးပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ တစ်ရက်လျှင် ပြင်ပလူနာ ၃၀၀ ကျော် လက်ခံဝန်ဆောင်မှုပေးနိုင်သော အာယုနိုင်ငံတကာအဆင့်မီဆေးရုံကြီးရဲ့ ဒုတိယစီမံကိန်းကိုလည်း ၂၀၁၉ ခုနှစ်နှစ်ကုန်ပိုင်းမှာ ထပ်မံတိုးချဲ့သွားဖို့ လုပ်ဆောင်လျက် ရှိပါတယ်”ဟု ပြောသည်။

အာယုအင်တာနေရှင်နယ်ဆေးရုံကြီးတွင် အထပ်ပေါင်း (၁၃) ထပ်ပါရှိသော ဆေးရုံအဆောက်အဦအပြင် ကားအစီးရေ ၃၅၀ ခန့် ရပ်နားနိုင်သော ယာဉ်ရပ်နားအဆောက်အဦလည်းပါရှိကြောင်း သိရသည်။ **သန်းထိုက်အောင်**

# သင်္ကြန်ကာလအတွင်း အဝေးပြေး ကားလက်မှတ်များ ပွဲစားလုပ်၍ ရောင်းချသူများကို ထိရောက်စွာ အရေးယူမည်

သင်္ကြန်ကာလအတွင်း အဝေးပြေးကားလက်မှတ်များအား ပွဲစားလုပ်၍ ရောင်းချသူများကို ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အများပြည်သူသယ်ယူပို့ ဆောင်ရေးအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

မဟာသင်္ကြန်ကာလတွင် ရန်ကုန် တိုင်းဒေသကြီးအတွင်း ပြေးဆွဲမည့် ဝိုင်ဘီအက်စ် ယာဉ်လိုင်းများနှင့် နေရပ်သို့ ပြန်မည့်ခရီးသည်များ အဆင်ပြေစေရန် အဝေးပြေးကား အစီးရေ လုံလောက်စွာ ဆောင်ရွက်ပေးရန်နှင့် သင်္ကြန်အတွင်း ယာဉ်အန္တရာယ်ဖြစ်ပွားမှု လျော့နည်းစေရန်တို့အတွက် မတ်လ ၁၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မဟာသင်္ကြန်ပွဲတော် သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ အစည်းအဝေးကျင်းပခဲ့ပြီး ပွဲတော် အတွင်းယာဉ်များ စနစ်တကျပြေးဆွဲရေး၊ စည်းကမ်းထိန်းသိမ်းရေးနှင့် အသိပညာပေးရေးတို့အတွက် ဆွေးနွေးတိုင်ပင်ခဲ့ကြောင်း သိရသည်။

“ဒီနှစ်သင်္ကြန်မှာ နေရပ်ပြန်မယ့် အဝေးပြေးယာဉ်လိုင်းစီးမယ့် ခရီးသည်တွေ အဆင်ပြေဖို့လုပ်သွားမယ်။ အဝေးပြေးလတ်မှတ်လိမ်လည်ပြီး ရောင်းနေတာအတွက် မနှစ်က အရေးယူတာတွေလုပ်သလို ဒီနှစ်မှာလည်း လက်မှတ်လိမ်လည် ရောင်းချတဲ့သူတွေကို ထိထိရောက်ရောက် အရေးယူသွားမယ်။ တရားဝင်ရောင်းချတဲ့ ယာဉ်လိုင်းတွေမှာပဲ ဝယ်ယူကြဖို့ အသိပေးတာတွေ လုပ်သွားမယ်”ဟု ရန်ကုန်တိုင်းဒေသကြီး အများပြည်သူ သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၇ ခုနှစ် သင်္ကြန်ကာလတွင် အောင်မင်္ဂလာအဝေးပြေးဝင်းအနီးရှိ ယာဉ်လိုင်းအမည်ခံ လက်မှတ်ရောင်းသူများထံ လက်မှတ်ဝယ်ယူခဲ့သူ ၁၆၅ ဦးရှိခဲ့ပြီး အခက်အခဲများစွာ ဖြစ်ပေါ်ခဲ့ရာ သင်္ကြန်အတွင်းအဝေးပြေး ကားလက်မှတ်ဝယ်ယူပါက လမ်းမပေါ် လိုက်လံရောင်းချသူများထံမှ ဝယ်ယူခြင်းမပြုဘဲ မူရင်းယာဉ်လိုင်းဂိတ်များသို့ ကိုယ်တိုင်ဝယ်ယူရန် အသိပေးကြေညာမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ချောစု**

# ကနေဦးပေးချေငွေ (Down Payment) ညှိနှိုင်း ဝယ်ယူနိုင်မည့် အိမ်ခြံမြေ အရောင်းပြပွဲ မတ်လကုန်ပြုလုပ်မည်

ကနဦးပေးချေငွေ (Down Payment) ကို ဝယ်ယူသူစိတ်ကြိုက်ညှိနှိုင်း ဝယ်ယူနိုင်မည့် စတုတ္ထအကြိမ် မြန်မာနိုင်ငံ၏ အဆင့်မြင့်အိမ်ခြံမြေအရောင်းပြပွဲကြီးကို ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အိမ်ခြံမြေဝန်ဆောင်မှုကုမ္ပဏီ Shwe Property မှ သိရသည်။

ယခုအရောင်းပြပွဲကို Myanmar Developer Association (MDA) က ကြီးမှူးကျင်းပကာ Shwe Property မှ တင်ဆက်ခြင်းဖြစ်ပြီး ရန်ကုန်မြို့၊ ပြည်လမ်းရှိ Lotte Hotel (Crystal Ballroom)၌ မတ် ၃၀ ရက်မှ ၃၁ ရက်၊ မနက် ၁၀ နာရီမှ ညနေ ၆ နာရီအထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲရက်အတွင်း ကနဦးပေးချေငွေ (Down Payment)ကို ညှိနှိုင်းခွင့်၊ ဝယ်ယူသူစိတ်ကြိုက်ညှိနှိုင်းနိုင်မည့် Home Loan Flexible Payment Shedule၊ အတိုးနှုန်းကို ၁၁ ရာခိုင်နှုန်းအထိ သက်သာနိုင်မည့် KBZ အိမ်ရာချေးငွေဖြင့် ဝယ်ယူနိုင်ခွင့်၊ Residence များ Condominium များ ဝယ်ယူလိုသူများအတွက် တစ်ပေပတ်လည် အထူးဈေးနှုန်းများနှင့်အတူ သိန်း ၂၅၀ မှ စတင်ကာ သိန်းနှစ်သောင်းငါးထောင်တန်ဖိုးရှိ တိုက်ခန်း၊ မီနီကွန်ဒို၊ ကွန်ဒိုနဲ့ လုံးချင်းအိမ်များကို အထူးပရိုမိုးရှင်းများဖြင့် စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြို့ပြနှင့် အခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးလုပ်ငန်းရှင်အသင်းဖြစ်သော Myanmar Developer Association ကို ၂၀၁၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး မြန်မာ့စီးပွားရေးကဏ္ဍမှာ အရေးပါဆုံး ဆောက်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက် ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲရန်၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အပြန်အလှန်ရင်းနှီးမှုရရှိရန် ရည်ရွယ် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

# Canon Photo Marathon Myanmar 2019 ပြိုင်ပွဲကို ပြည်တွင်း၌ ပထမဆုံးအကြိမ် ကျင်းပမည်

Canon Photo Marathon Myanmar 2019 ပြိုင်ပွဲကို ပြည်တွင်း ၌ ပထမဆုံးအကြိမ် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဓာတ်ပုံပြိုင်ပွဲကို မတ်လ ၃၀ ရက်တွင် ရန်ကုန်မြို့ရှိသုဝဏ္ဏအမျိုးသားအားကစားရုံတွင် ကျင်းပမည်ဖြစ်ပြီး ခေါင်းစဉ်နှစ်ခုဖြင့် ပြိုင်ပွဲပြုလုပ်သွားမည်ဖြစ်ကာ Myanmar Golden Rock International ကုမ္ပဏီမှ ကြီးမှူးကျင်းပပေးခြင်းဖြစ်ကြောင်း သိရသည်။

Canon Photo Marathon ပြိုင်ပွဲကို ဓာတ်ပုံရိုက်ကူးမှုစွမ်းရည်အား မှတ်ကျောက်တင်လိုသူများ၊ ဝါသနာရှင် အဆင့်နှင့် စိတ်ပါဝင်စားသူများအပြင် ပြိုင်ပွဲဝင်အဆင့် အတွေ့အကြုံမရှိသူ၊ အတွေ့အကြုံမရှိသော်လည်း ပြိုင်ပွဲခေါင်းစဉ်နှင့် ရည်ရွယ်ချက်ကို ဓာတ်ပုံဖြင့် အဓိပ္ပာယ်ဖော်ဆောင်နိုင်သူတိုင်း ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း၊ ယှဉ်ပြိုင်ရာတွင်လည်း မည်သည့်ကင်မရာဘရန်း အမျိုးအစားဖြင့်မဆို ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ယှဉ်ပြိုင်မှုများအတွက် ပြိုင်ပွဲတစ်ခုချင်းစီအလိုက် ဆု ၃ ဆုစီ ရွေးချယ်သွားမည်ဖြစ်ပြီး ပထမဆုအဖြစ် ကျပ် ၁၇ သိန်းခန့်တန်ဖိုးရှိ Canon Camera with Lens, ဒုတိယဆုအဖြစ် ကျပ် ၇ သိန်းခွဲခန့် တန်ဖိုးရှိ Canon Camera with Lens နှင့် တတိယဆုအဖြစ် ကျပ် ၅ သိန်းခွဲခန့် တန်ဖိုးရှိ Canon Camera with Lens တို့ကို ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် Grand Prize ဆုကို သီးခြားချီးမြှင့်ပေးသွားမည်ဖြစ်ပြီး ဆုရရှိသူကို ကျပ်သိန်း ၅၀ ခန့် တန်ဖိုးရှိ ကင်မရာတစ်လုံးအပြင် အထူးအခွင့်အရေးအဖြစ် ၂၀၂၀ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ကျင်းပမည့် Canon Photo Marathon Asia Championship ပွဲသို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်ကြောင်း၊ သို့ရာတွင် ခရီးစဉ်အတွက် ဗီဇာရရှိနိုင်မှုအပေါ် မူတည်မည်ဖြစ်ပြီး ကိုယ်စား သွားရောက်ယှဉ်ပြိုင်ခွင့်မရှိသလို ငွေသားအနေဖြင့်လည်း ပြန်ပေးမည်မဟုတ်ကြောင်း သိရသည်။ **ချောစု**

## စာမျက်နှာ (၈) GSP အခွင့်အရေး ဆက်လက်ရရှိနိုင်မည့်. . . မှအဆက်

၂၀၁၇ နှစ်ထွက် နှင့် ၂၀၁၈ခုနှစ်ထွက် မနောသုခစပါး နမူနာများကို ဆန်သားအလျားနှင့် အလျားအနံအချိုး စမ်းသပ် စစ်ဆေးကြည့်ရာတွင် အောက်ပါအတိုင်း တွေ့ရှိရပါသည်။

| ဆန်အမျိုးအစား | စိုက်ကာလ | ထွက်ရှိရာမြို့နယ် | အလျား | အနံ | အလျားအနံ အချိုး |
|---|---|---|---|---|---|
| မနောသုခ (၂၀၁၇ ခုနှစ် ထွက်) | မိုး | မအူပင် | ၅.၇၉ | ၂.၀၉ | ၂.၇၂ |
| | မိုး | ညောင်တုန်း | ၆.၃၈ | ၂.၁၂ | ၃.၀၁ |
| | မိုး | ပန်းတနော် | ၅.၉၉ | ၂.၁ | ၂.၈၅ |
| | မိုး | ဓနုဖြူ | ၅.၉၉ | ၂.၀၉ | ၂.၈၇ |
| | နွေ | ဓနုဖြူ | ၅.၆၄ | ၂.၂၂ | ၂.၅၄ |
| | မိုး | မြောင်းမြ | ၅.၉၁ | ၂.၀၀ | ၂.၈၄ |
| | မိုး | ဝါးခယ်မ | ၅.၈ | ၂.၁၉ | ၂.၆၅ |
| | နွေ | ပုသိမ် | ၅.၈၄ | ၂.၂၆ | ၂.၆၁ |
| | မိုး | ကန်ကြီးထောင့် | ၅.၉၃ | ၂.၀၄ | ၂.၉၁ |
| | နွေ | ပေါင်းတည် | ၅.၇၇ | ၂.၁၈ | ၂.၆၅ |
| | မိုး | သန်လျင် | ၅.၉၇ | ၂.၂၃ | ၂.၆၈ |
| | မိုး | ကျောက်တန်း | ၆.၁၂ | ၂.၂၈ | ၂.၆၈ |
| | နွေ | မအူပင် | ၅.၇၆ | ၂.၁၉ | ၂.၆၃ |
| | နွေ | စစ်ကိုင်း | ၅.၃၃ | ၂.၅၆ | ၂.၀၈ |
| | မိုး | ပုသိမ် | ၅.၆ | ၂.၂၆ | ၂.၄၈ |
| | မိုး | ပုသိမ် | ၅.၇၇ | ၂.၃၂ | ၂.၄၉ |
| မနောသုခ (၂၀၁၈ ခုနှစ် ထွက်) | မိုး | မြောင်းမြ | ၅.၆၈ | ၂.၀၅ | ၂.၇၇ |
| | မိုး | လပွတ္တာ | ၅.၉၂ | ၂.၀၈ | ၂.၈၅ |
| | မိုး | တိုက်ကြီး | ၅.၇၄ | ၂.၁၆ | ၂.၆၆ |

### ရွှေဝါထွန်း

ရွှေဝါထွန်းစပါးမျိုးမှ ထွက်ရှိသော ဆန်သားအလျားမှာ ပျမ်းမျှအားဖြင့် ၅ ဒသမ ၉ မီလီမီတာဝန်းကျင်နှင့် အလျားအနံအချိုး ၂ ဒသမ ၆ ဝန်းကျင်တွင်ရှိပါသည်။ ၂၀၁၇ ခုနှစ်ထွက်နှင့် ၂၀၁၈ ခုနှစ်ထွက် ရွှေဝါထွန်းဆန်သား အလျားနှင့်အလျားအနံအချိုးများကို အောက်ပါအတိုင်း လေ့လာမှတ်တမ်းတင်နိုင်ခဲ့ပါသည်။

| ဆန်အမျိုးအစား | စိုက်ကာလ | ထွက်ရှိရာမြို့နယ် | အလျား | အနံ | အလျားအနံ အချိုး |
|---|---|---|---|---|---|
| ရွှေဝါထွန်း (၂၀၁၇ ခုနှစ် ထွက်) | မိုး | သုံးခွ | ၅.၉၃ | ၂.၂၆ | ၂.၆၂ |
| | နွေ | ဟင်္သာတ | ၅.၉၆ | ၂.၃၅ | ၂.၅၄ |
| ရွှေဝါထွန်း (၂၀၁၈ ခုနှစ် ထွက်) | မိုး | ဟင်္သာတ | ၆.၄ | ၂.၂၃ | ၂.၈၆ |
| | မိုး | ကဝ | ၆.၃၁ | ၂.၃၇ | ၂.၆၇ |

### ကရင်မ

ကရင်မထိပ်စောင်း ခေါ် ကရင်မဆန်အမျိုးအစားသည် ၂၀၁၄ ခုနှစ်မှစတင်၍ လူသိများလာသော ဆန်အမျိုးအစား တစ်မျိုးဖြစ်ပါသည်။ ကရင်မအမျိုးအစား ဆန်သားအလျားသည် ၆ မီလီမီတာနှင့် အနံသည် ၂ ဒသမ ၅မီလီမီတာ ဝန်းကျင်ရှိ၍ အနံအနည်းငယ် ကျယ်သယောင်ရှိပါသည်။ ထို့ကြောင့် ဆန်သား အလျားအနံအချိုးမှာ ၂ ဒသမ ၄ ဝန်းကျင်ရှိပါသည်။ ၂၀၁၇ ခုနှစ်ထွက် ကရင်မဆန်၏ ဆန်သားအလျားနှင့် အလျားအနံအချိုးများကို အောက်ပါအတိုင်း လေ့လာမှတ်တမ်းတင်နိုင်ခဲ့ပါသည်။

| ဆန်အမျိုးအစား | စိုက်ကာလ | ထွက်ရှိရာမြို့နယ် | အလျား | အနံ | အလျားအနံ အချိုး |
|---|---|---|---|---|---|
| ကရင်မ (၂၀၁၇ ခုနှစ် ထွက်) | မိုး | လပွတ္တာ | ၆.၀၄ | ၂.၅၄ | ၂.၃၈ |

အထက်ဖော်ပြ ဆန်အမျိုးအစားများသည် အလျားအနံ အချိုးအရ များသောအားဖြင့် ၂ မှ ၃ အကြားရှိသည်ဖြစ်၍ EU နိုင်ငံများသို့ တင်ပို့ရာတွင် CN code 10063025, 10063046, 10063065, 10063096 တို့ဖြင့် တင်ပို့နိုင်ပြီး GSP အခွင့်အရေး ဆက်လက် ရရှိနိုင်ပါသည်။ ဆန်ကွဲများအတွက် CN code သတ်မှတ်ချက်မှာ 10064000 ဖြစ်သည့်အတွက် ယခင် အတိုင်းပုံမှန် တင်ပို့နိုင်မည်ဖြစ်ပါသည်။ EU ဈေးကွက်သည် Quality ဈေးကွက်ဖြစ်သည့်အတွက် အဆိုပါဈေးကွက်အတွင်း ခြေဆန့်ဝင်နိုင်ခြင်းမှာ မြန်မာပြည်အတွက် အရည်အသွေးယဉ်ကျေးမှု Quality Culture တစ်ရပ်ခိုင်မာစေရန် အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ သို့မှသာ မြန်မာကုန်ပစ္စည်းများသည် အရည်အသွေးကောင်းမွန်မှုဖြင့် ကမ္ဘာ့ဈေးကွက်အတွင်း ဈေးကွက်အခိုင်အမာ ရရှိလာနိုင်မည်ဖြစ်ကြောင်း စုစည်းတင်ပြအပ်ပါသည်။

**ကိုးကား**


(၁) Commerce Journal အတွဲ (၁၉) အမှတ် (၅) ပါဆန်စပါးကဏ္ဍဆောင်းပါးများ။

(၂) The Regulation for Standard of Paddy Rice by European Commission, Council Regulation No 1785/2003

(၃) Economic Fact Sheet of EU CBI

(၄) EU Rice Market Situation (30, January 2019)

(၅) CTQM-Physical Lab သုတေသနမှတ်တမ်းများ


## စာမျက်နှာ (၂၅) တောင်သူလယ်သမားနဲ့ စိုက်ပျိုးရေးနည်းပညာ. . . မှအဆက်

ယခုဆိုရင် အလွန်အရေးပါအရေးကြီးတဲ့ တောင်သူလယ်သမား စိုက်ပျိုးနည်းပညာပေးလုပ်ငန်းဟာ တိမ်မြုပ် ကွယ်ပျောက်သလောက် နီးပါးတောင်ဖြစ်နေတာ တွေ့ရပါတယ်။ ဒါကြောင့်လည်း နယ်တွေမှာ တောင်သူလယ်သမားများနဲ့ စိုက်ပျိုးရေးနည်းပညာဟာ ကွာဟချက်များနေတယ်ဆိုတဲ့ အသံထွက်နေခြင်းပဲဖြစ်တာ အမှန်ပါပဲ။

စိုက်ပျိုးရေးဦးစီးဌာနကိုလည်း အပြစ်မဆိုသာပါ။ တစ်ချိန်က စိုက်ပျိုးရေးပညာရှင်ပေါင်း ၈၀၀၀ ကျော် ပိုလျှံဝန်ထမ်းဆိုပြီး လျှော့ခံလိုက်ရတဲ့ ဒဏ်ခံခဲ့ရဖူးပါတယ်။ မြို့နယ်စိုက်ပျိုးရေးရုံးတစ်ရုံးမှာ စိုက်ပျိုးရေး ပညာရှင် ဝန်ထမ်းတစ်ဦးနှစ်ဦးသာကျန်ခဲ့တဲ့အဖြစ် ကြုံခဲ့ရပါတယ်။ အဲဒီပညာရှင် ဝန်ထမ်းလျှော့ချခံခဲ့ရတဲ့ဒဏ်ဟာ စိုက်ပျိုးရေးဌာနမှာ နှစ် ၃၀ နီးပါး ဒဏ်ခံခဲ့ရတာဖြစ်ပါတယ်။ မြို့နယ်တိုင်းမှာရှိခဲ့တဲ့ စိုက်ပျိုးရေးနည်းပညာပေး စခန်းတွေ ဖျက်သိမ်းခဲ့ရတယ်။ စိုက်ပျိုးရေးဌာန၊ စိုက်ပျိုးရေးပညာရှင်ဝန်ထမ်းတွေနဲ့ တောင်သူလယ်သမားကြီးများဟာ အနေစိမ်းသွားခဲ့ကြပါတယ်။ ထို့အတူ စိုက်ပျိုးရေးနည်းပညာပေးတဲ့ လုပ်ငန်းတွေဟာလည်း ဇာတ်သိမ်းခဲ့ရသလို ဖြစ်ခဲ့ရပါတယ်။ စိုက်ပျိုးရေးဌာနဟာ စိုက်ပျိုးရေးပညာပေးရတဲ့လုပ်ငန်းနလန်မထူနိုင်တော့တာ ဒီနေ့ထိပါပဲ။ အခုထိပြန်ပြီး အရှိန်ယူလို့မရနိုင်သေးတဲ့ အဖြစ်နဲ့ ကြုံနေရခြင်းပဲ ဖြစ်ပါတယ်။ ဒီခေတ်မှာ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး ကုမ္ပဏီများ ရေပန်းစားလာချိန်မှာ ကုမ္ပဏီတွေက စိုက်ပျိုးရေးနည်းပညာပြန့်ပွားရေးလုပ်ဆောင်ကြတယ်ဆိုပေမယ့် ထင်းခွေရင်းရေခတ်ဆိုသလို သူတို့ပစ္စည်းကြော်ငြာရေးက အဓိကဆိုတော့ ထိရောက်မှု သိပ်မရှိလှတာ တွေ့ရပါတယ်။ သူတို့ပစ္စည်းရောင်းအားကောင်းတဲ့ဒေသလောက်သာ ဆောင်ရွက်တဲ့အတွက်လည်း နိုင်ငံရှိ လယ်သမားအားလုံးကို မခြုံငုံမိတာ တွေ့ရပါတယ်။

နိုင်ငံတကာမှာ စိုက်ပျိုးရေးနည်းပညာတိုးချဲ့ ပညာပေးရေး လုပ်ငန်း (Agriculture Extension SuyJect) ဆိုပြီး တခမ်း တနားနဲ့ ဆောင်ရွက်နေကြတာ တွေ့ရပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ သင်တန်းများပို့ချခြင်း၊ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ စာအုပ်စာတမ်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ စံပြကွက်၊ သုတေသနစမ်းသပ်ကွက်များ ပြုလုပ်ပြီး တောင်သူလယ်သမားကြီးများအား ခေါ်ယူ လက်တွေ့ပြသခြင်း၊ ရုပ်မြင်သံကြား၊ ရေဒီယိုများမှတစ်ဆင့် နည်းပညာပေးထုတ်လွှင့်ပေးခြင်း၊ အိုင်တီနည်းပညာဖြင့် နည်းပညာပေးဆောင်ရွက်ခြင်း၊ ဒေသနေရာအနှံ့မှာ သင်တန်းကျောင်းများ သုတေသနစမ်းသပ်ကွက်များ ထူထောင်၍ စိုက်ပျိုးနည်းပညာ ပြန့်ပွားရေးများ ဆောင်ရွက်ခြင်းများကို ထိထိရောက်ရောက် ပုံမှန် ဆောင်ရွက်နေကြတာ တွေ့ရပါတယ်။

မြန်မာနိုင်ငံမှာလည်း နိုင်ငံတကာ အကူအညီနဲ့ စိုက်ပျိုးရေး နည်းပညာပေးသင်တန်းကျောင်းများ ကြိုကျားကြိုကျား ဆောင်ရွက်နေတာ တွေ့ရပါတယ်။ တက္ကသိုလ်နဲ့ သုတေသနဌာနတွေမှာလည်း စိုက်ပျိုးရေးနည်းပညာသင်တန်းတွေ ပညာပေးခြင်း၊ ဆွေးနွေးခြင်း ဆောင်ရွက်နေတာ တွေ့ရပါတယ်။ ဒါပေမဲ့ လူဦးရေ ၇၀ ရာခိုင်နှုန်းသော တောင်သူလယ်သမားအများစုကို မလွှမ်းခြုံနိုင်သေးတာကို တွေ့ရပါတယ်။ ကွာဟချက်ကို ချိတ်ဆက်ပေးနိုင်မှုအားနည်းနေသေးတာ တွေ့ရပါတယ်။

သီးနှံတွေအထွက်တိုးဖို့ တောင်သူလယ်သမားကြီးများ အကျိုးမြတ်ရှိဖို့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ နည်းပညာဟာ အဓိကသော့ချက်ပါပဲ။ နည်းပညာမပါရင် ဆားမပါတဲ့ဟင်းလို ဖြစ်နေမှာ အမှန်ပါပဲ။ ဒီလောက်အရေးပါလှတဲ့ စိုက်ပျိုးရေး နည်းပညာဟာ ကွင်းထဲမှာ တကယ်လက်တွေ့ဆောင်ရွက်နေကြတဲ့ တောင်သူလယ်သမားကြီးများနဲ့ ကွာဟနေတယ်ဆိုတာဟာ ငြင်းပယ်လို့ မရတဲ့ အမှန်တရားပါပဲ။

ဒါဆိုရင် ဒီကွာဟချက်ကို ဂဟေဆက်ပေးနိုင်ဖို့ စာရေးသူအနေနဲ့ မည်သို့ ဆောင်ရွက်သင့်သည်ကို နွားရှေ့ထွန်မကျူးလို့ပါ။ တာဝန်ရှိသူများအနေဖြင့် ဒီကွာဟချက်ကို ဘာကြောင့်မြန်ရသလဲ ဘာတွေပြုပြင်ပြောင်းလဲဖြည့်ဆည်းပြီး ဂဟေဆက်ပေးရမလဲ ဆိုတာကို အလေးအနက်ထားစဉ်းစားပြီး ဆောင်ရွက်ချိန်တန်ပြီလို့ အကြံပြုလိုက်ပါရစေဗျာ။

## စာမျက်နှာ (၂၄) လျှော်ဖြူဈေးကွက်. . . . . . . မှအဆက်

သုံးစွဲထုတ်လုပ်ခြင်းထက် သဘာဝနည်းအတိုင်းသာ ထုတ်လုပ်မှသာလျှင် အရည်အသွေးကောင်းပြီး ဓာတုဓာတ်ကြွင်းကင်းသည့် လျှော်ဖြူစေးထုတ်ကုန်များ ရရှိမည်ဖြစ်ပါသည်။မြန်မာ့လျှော်ဖြူစေးများ ဓာတုဓာတ်ကြွင်းကင်းပြီး အရည်အသွေးကောင်းမွန်မှသာလျှင် ပြည်ပဈေးကွက်မှာ ရေရှည်တည်တံ့စေနိုင်ပေမည်။ လျှော်ဖြူအသင်းအဖွဲ့များအနေဖြင့်လည်း မြန်မာ့ လျှော်ဖြူစေးများကို အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာဖြန့်ဝေမှုများ၊ လေ့လာ သုတေသန လုပ်ငန်းများကို ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ကြရန်လည်း လိုအပ်ပါသည်။ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် အစိုးရဌာနများက ကူညီပံ့ပိုးခြင်း၊ ချိတ်ဆက်ဆောင်ရွက်ပေးခြင်းများကို ပြုလုပ်ပေးသင့်ပါသည်။ လျှော်ဖြူကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အရည်အသွေးကောင်းမွန်သည့်မြန်မာ့လျှော်ဖြူစေးများ ထုတ်လုပ်နိုင်ရေးအတွက် လျှော်ဖြူ စိုက်တောင်သူများ၊ အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် ပါဝင်ပတ်သက်သည့် လျှော်ဖြူလောကသားအားလုံးက စည်းစည်းလုံးလုံးဖြင့် ပူးပေါင်း ဆောင်ရွက်ကြမှသာလျှင် ကမ္ဘာ့အလယ်တွင် မြန်မာ့လျှော်ဖြူစေးဟု ထင်ပေါ် ကျော်ကြားကာ ဈေးကွက် ခိုင်မာစွာတည် ဆောက်နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

## မြိတ်မြို့ပေါ်ရှိ ဆေးဆိုင်များသို့ ကွင်းဆင်းစစ်ဆေးခြင်း

တနင်္သာရီတိုင်း၊ မြိတ်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှ ဦးဆောင်၍ မြိတ်ခရိုင် အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ကွပ်ကဲရေး ကော်မတီတွင် ပါဝင်သည့် ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ခရိုင်စားသုံးသူ ရေးရာဦးစီးဌာန၊ ဆေးနှင့် လူမှုဆက်ဆံရေးဦးစီးဌာန၊ ခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ မြို့နယ်စည်ပင်နှင့် အကောက်ခွန်ဦးစီးဌာန၊ ခရိုင်ပြည်သူ့ရဲဦးစီးဌာနတို့ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် မတ်လ (၁၉)ရက်၊ နံနက် (၁၀း၀၀) နာရီအချိန်တွင် မြိတ်မြို့၊ စန္ဒဝတ်ကျေးရွာရှိ ဆေးဆိုင်များသို့ သွားရောက်၍ သုံးစွဲရန် သင့်/မသင့် ကြေညာထားသောဆေးဝါး၊ တရားမဝင် လိုင်စင်မဲ့၊ သက်တမ်းကုန်ဆေးဝါးများ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ဆေးဆိုင်တစ်ဆိုင်မှ သက်တမ်းလွန် ဆေးဝါးများ တွေ့ရှိရသဖြင့် နောက်နောင် ရောင်းချခြင်းမပြုရန် ခံဝန်ကတိ လက်မှတ်ရေးထိုးစေခဲ့ကြောင်း သတင်းရရှိခဲ့ပါသည်။

**ကျော်ဝင်းနိုင်(မြိတ်)**

# မကွေးခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁/၂၀၁၉)ကြိမ်မြောက် အစည်းအဝေးကျင်းပ

၂၀၁၉ ခုနှစ်၊ မတ်လ (၁၂)ရက်တွင် မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ (၁/၂၀၁၉)ကြိမ်မြောက် မကွေးခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့အစည်းအဝေးကို ကျင်းပခဲ့ရာ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အစည်းအဝေးတွင် မကွေးခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်း ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးနိုင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အတွင်းရေးမှူး ဒေါ်တင်တင်လှက မကွေးခရိုင်အတွင်း ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း စားသုံးသူအကာအကွယ်ပေးရေး နှင့် ထုတ်ကုန်လုံခြုံ စိတ်ချရမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ကွင်းဆင်းစစ်ဆေးရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ ဖြေရှင်းဆောင်ရွက်နိုင်ခဲ့မှုများ၊ သတင်း ပါဝင်မှု အခြေအနေများကို ရှင်းလင်း တင်ပြခဲ့ပါသည်။

ထို့နောက် တက်ရောက်လာကြသည့် အဖွဲ့ဝင်များမှ ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြကာ ၂၀၁၉ ခုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများတွင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ ပုဒ်မ ၁၉ (စ) အရ ဈေးကွက်အတွင်းမှ သိမ်းယူခဲ့သော ကုန်ပစ္စည်းများအား မှတ်တမ်းတင်ရန်နှင့် ပြည်သူများ ရှေ့တွင် ရက်သတ်မှတ်၍ ဖျက်ဆီးရန်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဆောင်၍ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး များကို သက်ဆိုင်ရာ တည်ဆဲဥပဒေညွှန်ကြားချက်အတိုင်း လိုက်နာ ခြင်း ရှိ/မရှိ ခရိုင်အငြင်းပွားအဖွဲ့နှင့် မြို့နယ်များမှ ထုတ်ကုန်လုံခြုံစိတ်ချရမှု ကော်မတီဝင် များ လိုက်ပါစစ်ဆေး သွားရန်၊ ကွင်းဆင်းစစ်ဆေးခြင်းကို တစ်လ(၄)ကြိမ်ဆောင်ရွက်ရန်၊ FDA မှ စားသုံးရန်/သုံးစွဲရန်မသင့်ထုတ်ပြန်ထားသော ကုန်ပစ္စည်းများ၊ စားသောက်ကုန်များကို လက်ကမ်းများ ပြုလုပ်၍ ပြည်သူများသိရှိနိုင်ရေးပေးဝေရန် စသည့် ဆုံးဖြတ်ချက်များကို ချမှတ်ပါကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင်(မကွေး)**

# (၄၅) နှစ်မြောက်မွန်ပြည်နယ်နေ့ အထိမ်းအမှတ်ပြပွဲတွင် မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနမှပြခန်းများ ပါဝင်ပြသ

၂၀၁၉ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ကျရောက်သော (၄၅) နှစ်မြောက် မွန်ပြည်နယ် နေ့အခမ်းအနားကို မော်လမြိုင်မြို့၊ ပြည်နယ်ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပြီး မွန်ပြည်နယ်နေ့ အထိမ်းအမှတ်ပြပွဲကို မော်လမြိုင်မြို့၊ သံလွင်ဥယျာဉ်တွင် မတ်လ ၁၉ ရက်နေ့မှ ၂၂ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါပြပွဲဖွင့်ပွဲ အခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေး အသင်းအဖွဲ့များ တက်ရောက်ခဲ့ကြပြီး ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပါသည်။

အဆိုပါပြပွဲတွင် မွန်ပြည်နယ်စားသုံးသူရေးရာ ဦးစီးဌာနမှ အသိပညာပေး ပြခန်းတစ်ခန်း ပါဝင်ခင်းကျင်းပြသခဲ့ရာ စားသုံးသူရေးရာဦးစီးဌာန၏ မျှော်မှန်းချက် (Vission) များ၊ ရည်မှန်းချက် (Mission)များ၊ စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ Multi Level Marketing နှင့် ပတ်သက်သော အသိပညာပေးခြင်းများ၊ စားသုံးသူနစ်နာမှုအတွက်ဌာန၏ Website, Facebook page, Doca Myanmar Mobile Application တို့တွင်လည်း တိုင်ကြားနိုင်ကြောင်း အသိပညာပေးခြင်းတို့ကို ဗွီနိုင်းပိုစတာများ ချိတ်ဆွဲ၍လည်းကောင်း၊ လက်ကမ်းစာစောင်များ ဝေငှ၍လည်းကောင်း အသိပညာပေးခြင်း ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ အသိပညာပေးပြခန်းသို့ ပြပွဲလာပြည်သူလူထုပေါင်း (၄၂၀၀) ဦးခန့်အား လက်ကမ်းစာစောင်များ ဝေငှခြင်း၊ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများအား ရှင်းလင်းခြင်း၊ အကြံပြုစာများ လက်ခံခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။ အဆိုပါပြပွဲတွင် ပြခန်းပေါင်း (၅၅)ခန်း ပါဝင်ပြသခဲ့ကြကြောင်း သတင်းရရှိပါသည်။

**မိုးမိုး (မွန်)**

# တန့်ဆည်မြို့နယ်၊ ရွာသာရွာအုပ်စု၊ ရွာသာရွာကျေးရွာသို့ ကွင်းဆင်းစစ်ဆေး



တန့်ဆည်မြို့နယ် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံသည် မတ် ၈ ရက်က တန့်ဆည်မြို့နယ်၊ ရွာသာရွာအုပ်စု၊ ရွာသာရွာကျေးရွာသို့ သွားရောက်ပြီး ရွာသာရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ နေအိမ်၌ ရပ်မိရပ်ဖများ၊ ရွာခွဲခေါင်းဆောင်များနှင့် တွေ့ဆုံပြီး အဖွဲ့ဝင်အင်အား ၁၁ ဦးပါဝင်သည့် ကျေးရွာစားသုံးသူရေးရာ အဖွဲ့ငယ်အား ဖွဲ့စည်းဆောင်ရွက်ကာ ၎င်းအဖွဲ့နှင့် ရွာသူ၊ ရွာသားများအား မြို့နယ်တာဝန်ခံက စားသုံးသူရေးရာဦးစီးဌာန၏ ဆောင်ရွက်ချက်၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါ အချက်အလက်များ၊ စားသုံးသူအခွင့်အရေးများ၊ စားသုံးသူတာဝန်များ၊ ဘေးအန္တရာယ်ရှိသော ကုန်စည်၊ အစားအသောက် အကြောင်းအရာများ၊ ၎င်းအစားအသောက်များစားသုံးမိ၍ ရောဂါဖြစ်ပွားမှုအကြောင်း အရာများ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများကြောင့် စားသုံးသူ အခွင့်အရေးနစ်နာဆုံးရှုံးပါက မိမိတို့ဌာနသို့ အရေးဆိုတိုင်ကြားနိုင်ကြောင်း စသည့်အကြောင်းအရာများအား အသိပညာပေး ဟောပြောဆွေးနွေးပါသည်။

၎င်းနောက် ကျေးရွာစားသုံးသူရေးရာအဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ကျေးရွာအတွင်းရှိ ကုန်စုံဆိုင်များအား စားသုံးရန်မသင့်များ ရောင်းချခြင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေးရာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ စားသုံးရန်မသင့် ကြော်ငြာထားသော Bull တံဆိပ် အချိုရည်အား တွေ့ရှိသဖြင့် ဆက်လက် ရောင်းချခြင်းမပြုရန် သတိပေးတားမြစ်ခဲ့ပါကြောင်း သတင်းရရှိပါသည်။

**ခင်ထား (တန့်ဆည်)**

# ဖျာပုံခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၂၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ



ဖျာပုံခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနရုံး၌ မတ် ၁၂ ရက်က ကျင်းပပြုလုပ်ခဲ့ရာ အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ၊ မိတ်ဖက်ဌာနများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဌာနခွဲမှူးများ စုစုပေါင်း ၂၈ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး အတွင်းရေးမှူး ဦးမြင့်အောင်က (၂၇)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်အပေါ် ဆောင်ရွက်ပြီးစီးမှု၊ မတ်လတွင်ဆောင်ရွက်မည့် လျာထားချက်များ၊ ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အနေဖြင့် ဒေးဒရဲမြို့သို့ ဖေဖော်ဝါရီ ၂၁ ရက်တွင် ဒေးဒရဲမြို့နယ်ရှိ မုန့်မျိုးစုံဆိုင် ၁၀ ဆိုင်၊ အလှကုန်ပစ္စည်းအရောင်းဆိုင်သုံးဆိုင်၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအရောင်းဆိုင်ရှစ်ဆိုင်၊ ဆေးနှင့် ဆေးပစ္စည်းလေးဆိုင်၊ တိုင်းရင်းဆေးဆိုင်သုံးဆိုင် စုစု ပေါင်း ၂၈ ဆိုင်အား ရှောင်တခင် ကွင်းဆင်းစစ်ဆေးခဲ့ပြီး သက်တမ်းလွန်များ၊ ညွှန်ကြားချက်နှင့် ကိုက်ညီမှု မရှိသော ကုန်စည်များအား တားမြစ် သိမ်းဆည်းခဲ့ပါသည်။

ထို့ပြင် ဖျာပုံမြို့နယ်နှင့် ဒေးဒရဲမြို့နယ်များသို့ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ မြန်မာ့အလင်းသတင်း၌ဖော် ပြထားသော အလှကုန်ပစ္စည်းများနှင့် အစားအသောက်များကို အများပြည်သူများ သိရှိစေရန် ဖြန့်ဝေပြီးဖြစ်ကြောင်း၊ ဖျာပုံမြို့တွင် နေထိုင်သူတစ်ဦး၏ ဖုန်းဘေလ်များ ပိုမိုဖြတ်တောက်နေခြင်းနှင့်ပတ်သက်၍ Website မှ တစ်ဆင့် တိုင်ကြားလာခြင်းအား MPT ရုံးမှ ရှင်းလင်းဆောင်ရွက်ပြီးစီးမှုအား မှတ်တမ်းတင်အတည်ပြုရန်နှင့် မတ်လအတွင်းခရိုင်အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့အနေဖြင့် ဖျာပုံမြို့တွင်းသို့ ကွင်းဆင်းစစ်ဆေးမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် ဖျာပုံခရိုင်အတွင်း ဈေးကွက်စောင့်ကြည့် လေ့လာစစ်ဆေးချက်အရ သိမ်းဆည်းရရှိသော မုန့်မျိုးစုံကိုးမျိုး၊ အလှကုန်တစ်မျိုး၊ ဆေးနှင့်ဆေးပစ္စည်းခုနစ် မျိုး၊ ပိုးသတ်ဆေးခုနစ်မျိုး စုစုပေါင်း ၂၄ မျိုး ပျမ်းမျှတန်ဖိုးအားဖြင့် ကျပ် ၁၇၈၈၀၀ တို့အား အဖွဲ့နှင့်အတူ ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနရုံးမြေကွက်လပ်တွင် မီးရှို့မြေမြှုပ်ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိပါသည်။

**မင်းဇော်မွန်(ဖျာပုံ)**

# မြစ်ကြီးနားမြို့ရှိ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲကျင်းပ

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ရှမ်းစုမြောက်ရပ်ကွက်ရှိ လူမှုဝန်ထမ်းဦးစီးဌာန၊ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းခန်းမတွင် မတ်လ ၁၂ ရက်၌ စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးရုံးနှင့် မြစ်ကြီးနားခရိုင်ဦးစီးမှူးရုံး ဝန်ထမ်းများ ပူးပေါင်း၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ ကျင်းပဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းမှ ကျောင်းအုပ်ကြီး ဒေါ်နှင်းနှင်းအေးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြစ်ကြီးနားခရိုင်ဦးစီးမှူး ဦးကျော်မြင့်က စားသုံးသူ ရေးရာဦးစီးဌာနအကြောင်း သိကောင်းစရာများ၊ စားသုံးသူ၏ ဖော်ပြချက်၊ စားသုံးသူ ရေးရာဦးစီးဌာန၏ မျှော်မှန်းချက်နှင့် ရည်မှန်းချက်အကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါ စားသုံးသူများ၏ အခွင့်အရေးများအကြောင်းတို့ကိုလည်းကောင်း၊ မြစ်ကြီးနားခရိုင် ဦးစီးမှူးရုံးမှ ရုံးအုပ် ဦးဘောမ်ဇုန်းက ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အချက်အလက်တို့ကိုလည်းကောင်း၊ ကုန်စည်နှင့် ဝန်ဆောင်မှုများကို စားသုံးသူများ ဝယ်ယူသုံးစွဲရာတွင် မကျေနပ်မှုများ၊ ဆုံးရှုံးနစ်နာမှုများရှိလာပါက တာဝန်ယူဖြေရှင်းဆောင်ရွက်နေသော စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) ဖွင့်လှစ်ထားရှိမှုနှင့် ဖြေရှင်းဆောင်ပေးနေမှုအခြေအနေများ၊ ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍများ၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါ ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်းတို့ကို ရှင်းလင်းဟောပြောခဲ့ပါသည်။ ဆက်လက်၍ ပြည်နယ်ဦးစီးမှူးရုံးမှ အကြီးတန်းစာရေး ဒေါ်ခွာညိုဦးက စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ၏ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၈ နှင့် ၁/၂၀၁၉ အကြောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ထုတ်ပြန်ထားသော စားသုံးရန်မသင့် အစားအသောက်များအကြောင်း၊ အသင့်စား အစားအစာများ/ တားမြစ်ဆိုးဆေးများ၏ ဆိုးကျိုးအန္တရာယ်များကိုလည်းကောင်း စားသုံးသူများအန္တရာယ်ကင်းရှင်းစေရန်အတွက် ဆောင်ရန်/ရှောင်ရန်များနှင့် မည်ကဲ့သို့ ရွေးချယ် စားသောက်ရမည့်အကြောင်းများကို ဟောပြောဆွေးနွေးခဲ့ပါသည်။

အဆိုပါ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲသို့ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းမှ သင်တန်းဆရာ/ဆရာမများ ၊ ဝန်ထမ်းများ၊ သင်တန်းသူ/သင်တန်းသားများ စုစုပေါင်း ၁၀၅ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**ခွာညို (မနောမြေ)**



## ရှမ်းပြည်နယ်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၄/ ၂၀၁၈- ၂၀၁၉) ညှိနှိုင်းအစည်းအဝေးကျင်းပ

ရှမ်းပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ (၄/ ၂၀၁၈- ၂၀၁၉)ညှိနှိုင်းအစည်းအဝေးကို မတ် ၁၂ ရက်က ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)တွင် ကျင်းပပြုလုပ်ခဲ့ပါတယ်။

အစည်းအဝေးတွင် ပြည်နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်က အဖွင့်အမှာစကားပြောကြားပြီး ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းအောင်က အမှာစာ (၁ မှ ၁၆ )အထိ တင်ပြချက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသော အဖွဲ့ဝင်များမှ သဘောတူမှတ်တမ်းတင်ခြင်း ၁၃ ရပ်၊ ဆွေးနွေးဆုံးဖြတ်ခြင်း ၁၄ ရပ်တို့ကို မှတ်တမ်းတင် ဆွေးနွေးဆုံးဖြတ်ခဲ့ပါတယ်။

အစည်းအဝေးသို့ပြည်နယ်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ (၂)ရပ်မှ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ စုစုပေါင်း ၃၈ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**ချိုးချိုး(တောင်ကြီး)**

## ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ အခမ်းအနား မုံရွာမြို့၌ ကျင်းပ

မုံရွာခရိုင် စားသုံးသူရေးရာဦးစီးဌာနနှင့် တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့ ပူးပေါင်း၍ မတ် ၁၅ ရက်က မုံရွာမြို့ ချင်းတွင်းရတနာဈေး ဈေးရုံးခန်းတွင် ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ အခမ်းအနား ကျင်းပပြုလုပ်ခဲ့ရာ ဈေးသူ/ဈေးသား ၅၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒေါက်တာ လဝန်းရွှေက အစားအသောက်သုံးခွင့်မပြု ဆိုးဆေးများနှင့် ပတ်သက်၍ သိကောင်းစရာများ၊ အန္တရာယ်ကင်းသော အစားအစာဖြစ်ပေါ်ရေးအတွက် အဓိကဆောင်ရွက်ရမည့် အချက်များနှင့် အမျိုးသားဆေးဝါး ဥပဒေအရ တားမြစ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မုံရွာခရိုင်ဦးစီးမှူး ဒေါ်ရီလင်းထွဋ်က ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ ပေါ်ပေါက်လာပုံအကြောင်းများနှင့် မတ် ၁၅ ရက်ကို ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အဖြစ် သတ်မှတ်ပြီး ၁၉၈၅ ခုနှစ်က စတင်ပြီး နှစ်စဉ်အထိမ်းအမှတ် အခမ်းအနားများကို နိုင်ငံတကာတွင် ကျင်းပပြုလုပ်လျက်ရှိရာ မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ်က ရန်ကုန်မြို့၊ ၂၀၁၇ ခုနှစ်က မန္တလေးမြို့၊ ၂၀၁၈ခုနှစ်က နေပြည်တော်၊ ယခုနှစ် ၂၀၁၉ တွင် ဧရာဝတီတိုင်း၊ ပုသိမ်မြို့တွင် အခမ်းအနားများ ကျင်းပပြုလုပ်ကြောင်း၊ စားသုံးသူ အခွင့်အရေးများကို အလေးထား ကာကွယ်ပံ့ပိုးနိုင်မှု တိုးတက်လာစေရန် ရည်ရွယ်၍ နှစ်စဉ်ဆောင်ပုဒ်များသတ်မှတ်ကာ လှုပ်ရှားမှုများဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ ၂၀၁၉ ခုနှစ်ဆောင်ပုဒ်မှာ 'စိတ်ချ ယုံကြည် ဒစ်ဂျစ်တယ် ထုတ်ကုန်များဆီ'ဖြစ်ပါကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို ၂၀၁၄ ခုနှစ်၊ မတ်လတွင် ပြဋ္ဌာန်းခဲ့ပြီး ဥပဒေအသစ်လည်း မကြာမီထွက်ပေါ်လာတော့မည်ဖြစ်ကြောင်း၊ စားသုံးသူများ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ၊ တာဝန်များ၊ ကုန်ပစ္စည်းများ ဝယ်ယူခြင်းမပြုမီ သတိပြုရမည့် အချက်များ၊ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းတာဝန်များ၊ အရေးယူပိုင်ခွင့်များ ကိုရှင်းလင်းပြောကြားပြီး မိမိတို့ဌာန၏ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**သန်းသန်းတင်(မုံရွာ)**

## မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် မနော်ဟရီဈေးတို့တွင် ကွင်းဆင်းစစ်ဆေး

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူများဘေးကင်းလုံခြုံစိတ်ချရမှုရှိစေ ရန် မတ် ၁၈ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်ရှိ (ခ)ရပ်ကွက်နှင့် မတ် ၁၉ ရက်တွင် ချမ်းမြသာစည်မြို့နယ်ရှိ ၄၅ လမ်း မနော်ဟရီဈေးတို့တွင် မိတ်ဖက်ဌာနများမှ အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ဈေးတာဝန်ခံနှင့် အဖွဲ့ဝင်များနှင့်အတူ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။

ပြည်ကြီးတံခွန်မြို့နယ်ရှိ (ခ) ရပ်ကွက်တွင် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဦးစိုးအောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဒုတိယဦးစီးမှူး ဦးတင်ချစ်ကောင်းက ဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ စားသုံးသူ၏ တာဝန်များ၊ လုံခြုံစိတ်ချရမှုရှိပြီး အန္တရာယ်ကင်းသည့် အစားအသောက်များ ရွေးချယ်စားသုံးတတ်စေရန်နှင့် စားသုံးသူများ နစ်နာဆုံးရှုံးမှုရှိပါက တိုင်ကြားနိုင်သည့်နည်းလမ်းများ၊ ကုန်စည်များပေါ်တွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြပါရှိသည့် ကုန်စည်များ ရွေးချယ်ဝယ်ယူတတ်စေရန် ဟောပြောခဲ့ပါတယ်။

ထို့နောက် မတ် ၁၉ ရက်တွင် ချမ်းမြသာစည်မြို့နယ်ရှိ ၄၅ လမ်း မနော်ဟရီဈေးသို့ ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ သုံးစွဲပုံအညွှန်း၊ ထားသိုသိမ်းဆည်းပုံအညွှန်း၊ ကြိုတင်သတိပေးချက်၊ ဘေးထွက်ဆိုးကျိုးများကို မဖြစ်မနေ ဖော်ပြရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားပြီဖြစ်ကြောင်း၊ ကုန်ပစ္စည်းများပေါ်တွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြား ဘာသာတွဲလျက်ဖြစ်စေ၊ ဖော်ပြရမည်ဖြစ်ကြောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ ထောက်ခံချက်ရှိ/မရှိ စစ်ဆေးခြင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ တားမြစ်ပိတ်ပင်ထားသော ကုန်ပစ္စည်းများ ရောင်းချမှု ရှိ/မရှိ စစ်ဆေးခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ တားမြစ်ပိတ်ပင်ထားသော ခြင်ဆေးခွေများ ရောင်းချမှု ရှိ/မရှိ စစ်ဆေးခြင်း၊ သက်တမ်းလွန် ကုန်ပစ္စည်းများ ရောင်းချမှု ရှိ/မရှိစစ်ဆေးခဲ့ကြောင်း ဈေးရောင်းချသူများအား စားသုံးသူ၏အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင့် တာဝန်များ ပြောကြားခဲ့ကြောင်း သတင်းရရှိပါတယ်။

**သီတာဝင်း (စားသုံးသူ- မန္တလေး)**

■

## ရွှေဘိုမြို့ အမှတ်(၃) ရပ်ကွက်ရှိ လက်လီ/လက်ကားကုန်စုံဆိုင်များအား ဈေးကွက်စစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ် စားသုံးသူရေးရာဦးစီးဌာန၊ ရွှေဘိုမြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများသည် ရွှေဘိုမြို့၊ အမှတ်(၃)ရပ်ကွက်ရှိ စားသုံးသူရေးရာအဖွဲ့များနှင့်ပူးပေါင်း၍ မတ်လ ၁၃ ရက်တွင် အမှတ်(၃) ရပ်ကွက်ရှိလက်လီ/လက်ကားရောင်းချသော ကုန်စုံဆိုင်(၇)ဆိုင်အား အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနမှ စားသုံးရန်မသင့်ကြောင်း ကြေငြာထားသော စားသောက်ကုန်များ၊ သက်တမ်းလွန်စားသောက်ကုန်များ ရောင်းချမှု ရှိ/မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ရာ ကုန်စုံဆိုင်များတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ စားသုံးရန် မသင့်ကြောင်း ကြေညာထားသော စားသောက်ကုန်များ ရောင်းချခြင်း မရှိသော်လည်း သက်တမ်းလွန် စားသောက်ကုန်များကို စစ်ဆေးတွေ့ရှိရသဖြင့် စစ်ဆေးသည့် အဖွဲ့မှ သိမ်းဆည်းခဲ့ပြီး လက်လီလက်ကားရောင်းချသော ကုန်စုံဆိုင်ပိုင်ရှင်များကိုလည်း နောင်တွင်သက်တမ်းလွန် စားသောက်ကုန်များကို ဈေးကွက်အတွင်း မရောင်းချရန် ပညာပေးခဲ့ကြောင်း စားသုံးသူအခွင့်အရေး လက်ကမ်းစာစောင်များ၊ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (CICC) လက်ကမ်းစာစောင်များ၊ စားသုံးသူရေးရာဦးစီးဌာန၏ Website လက်ကမ်းစာစောင်များကို ဖြန့်ဝေ၍ သိမ်းဆည်းခဲ့သော သက်တမ်းလွန် စားသောက်ကုန်များအား အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအနီးတွင် စစ်ဆေးသောအဖွဲ့ဖြင့် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိပါသည်။

**ပြည့်ဖြိုးဝေ(ရွှေဘို)**



## မွန်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ (၂) ရပ်တို့၏ (၂/ ၂၀၁၉) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၌ မွန်ပြည်နယ်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၊ စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေးလုပ်ငန်း ကော်မတီနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့၏ (၂/ ၂၀၁၉) လုပ်ငန်းညှိနှိုင်း အစည်းအဝေးအား မတ်လ ၈ ရက်က ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် မွန်ပြည်နယ်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၊ ဥက္ကဋ္ဌ ဦးဝဏ္ဏကျော် (ဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်က ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်အတွင်း စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဆောင်ရွက်မှုများ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ကွင်းဆင်းဆောင်ရွက်ခြင်း၊ ဈေးကွက်ထောက်လှမ်းခြင်း ဆောင်ရွက်မှုများနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား တင်ပြခြင်း၊ ထို့ပြင် စားသုံးသူရေးရာဦးစီးဌာန၏ Website သို့ တိုင်ကြားလာသည့်ဆက်သွယ်ရေးဝန်ဆောင်မှုနှင့်ပတ်သက်သည့် တိုင်ကြားမှု (၁၄) ခု စေ့စပ် ညှိနှိုင်းဖြေရှင်းမှု အခြေအနေများအား တင်ပြခြင်း၊ ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ယခုအစည်းအဝေးတွင် ဆုံးဖြတ်ရမည့် အချက်များအား PowerPoint ဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသူများမှ အစည်းအဝေးတွင် ဆုံးဖြတ်ရမည့် အချက်များအား ဝိုင်းဝန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မိုးမိုး (မွန်)**

# ဟာဇက်ကို ပေါင်သန်း ၁၀၀ ဖြင့် ရီးရဲလ်မက်ဒရစ် စတင်ကမ်းလှမ်း



ရီးရဲလ်မက်ဒရစ်အသင်းသည် ချယ်လ်ဆီးအသင်းမှ ဘယ်လ်ဂျီယံ တောင်ပံကစားသမား ဟာဇက်ကို ပေါင်သန်း ၁၀၀ ဖြင့် စတင်ကမ်းလှမ်းလိုက်ပြီဖြစ်ကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ်အသင်း၏ တစ်ကျော့ပြန်နည်းပြဖြစ်လာသည့် ဇီဒန်းက ဟာဇက်ကိုရအောင် ခေါ်ယူပေးရန် အသင်းဥက္ကဋ္ဌဖြစ်သူ ပီရက်ဇ်ကို တောင်းဆိုထားသည်။ ရီးရဲလ်မက်ဒရစ်အသင်းသည် တောင်ပံကစားသမား စီရိုနယ်ဒို ထွက်ခွာသွားချိန်မှစ၍ အသင်း၏ရလဒ်ပိုင်းမှာလည်း ကျဆင်းလာခဲ့ပြီး ယခုနှစ်ရာသီတွင် ဆုဖလားလက်မဲ့ဖြင့် ကြုံတွေ့ရတော့မည်ဖြစ်သည်။ ထို့ကြောင့် အသင်း၏ နည်းပြနေရာကို အပြောင်းအလဲ ပြုလုပ်ခဲ့သလို လာမည့်ရာသီအတွက်လည်း ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်း နည်းပြ ဇီဒန်းက 'ကျွန်တော်လိုချင်တဲ့ ကစားသမားက ဟာဇက်ပါပဲ။ ဟာဇက်ကို ရအောင်ခေါ် ပေးဖို့ အသင်းတာဝန်ရှိသူတွေကို တောင်းဆိုထားပါတယ်။ ကျွန်တော် သိရသလောက်တော့ ဟာဇက်ကလည်း ရီးရဲလ်မက်ဒရစ်အသင်းကို လာချင်နေတယ်ဆိုတာပဲ။ သူရောက်လာခဲ့မယ်ဆိုရင်တော့ စီရိုနယ်ဒိုနေရာကို ကောင်းစွာ အစားထိုးနိုင်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်' ဟု ပြောခဲ့သည်။ ဟာဇက်သည်လည်း ချယ်လ်ဆီးအသင်းမှ ထွက်ခွာရန်ပြင်ဆင်နေပြီး ၎င်းကစားသမားနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့၏ အပြောင်းအရွှေ့မှာ အောင်မြင်လာဖွယ်ရှိနေကြောင်း မှတ်ချက်ပေးမှုများရှိနေသည်။

# ဆာရီကိုခေါ်ယူရန် ရိုးမားအသင်း ပစ်မှတ်ထားလာ




အီတလီစီးရီးအေကလပ် ရိုးမားအသင်းသည် ချယ်လ်ဆီးအသင်းနှင့် လမ်းခွဲရန် နီးစပ်နေသည့် နည်းပြဆာရီကို ခေါ်ယူရန် ပစ်မှတ်ထားလာကြောင်း သိရသည်။

ချယ်လ်ဆီးအသင်း ရလဒ်ဆိုးရွားနေမှုနှင့်အတူ နည်းပြဆာရီသည်လည်း ထုတ်ပယ်ခံရရန် အနီးစပ်ဆုံးအခြေအနေသို့ ရောက်ရှိနေသည်။ ထို့အတူ ရိုးမားအသင်းသည်လည်း ယခုနှစ်ရာသီတွင် ရလဒ်များဆိုးရွားနေပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရရန်ပင် ခက်ခဲမှုများရှိနေသည်။ ရိုးမားအသင်းသည် ယခုနှစ် ရာသီအစကပင် ရုန်းကန်နေရမှုများရှိနေခြင်းကြောင့် အီတလီလူမျိုး နည်းပြ ဒီဖရန်ဆစ္စကို ကို ထုတ်ပယ်ပြီး အီတလီလူမျိုး နည်းပြတစ်ဦးပင်ဖြစ်သည့် ရာနီရေးရီကို ခန့်အပ်ခဲ့သည်။

သို့သော် ရိုးမားအသင်းမှ တာဝန်ရှိသူများနှင့် အသင်းပရိသတ်များက နည်းပြ ရာနီရေးရီကို သဘောကျနှစ်ခြိုက်ခြင်းမရှိဘဲ လာမည့်ရာသီအတွက် အီတလီလူမျိုးနည်းပြကိုသာ ရှာဖွေခန့်ထားရန် ဆန္ဒရှိနေရာ နောက်ထပ် အီတလီလူမျိုး တစ်ဦးပင်ဖြစ်သည့် ချယ်လ်ဆီးအသင်း နည်းပြ ဆာရီကို ခေါ်ယူသွားရန် ပစ်မှတ်ထားလာခဲ့ခြင်း ဖြစ်သည်။

# ချယ်လ်ဆီးအသင်းက အိုင်ကာဒီကို ခေါ်ယူလို၊ လိုင်ယွန်သို့ ပြောင်းရွှေ့ရန် ဂီရောက်ဆန္ဒရှိနေ



ချယ်လ်ဆီးအသင်းသည် အင်တာမီလန်အသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး အိုင်ကာဒီကို ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။ အင်တာမီလန်အသင်းကလည်း တိုက်စစ်မှူး အိုင်ကာဒီနှင့်ပတ်သက်၍ ၃၆ ရက်အတွင်း ဆုံးဖြတ်သွားမည်ဟု ဆိုသည်။ အိုင်ကာဒီသည် အသင်းခေါင်းဆောင်ရာထူးကို ရုပ်သိမ်းခံလိုက်ရချိန်မှစ၍ အသင်းနည်းပြ စပယ်လက်တီနှင့် အဆင်မပြေမှုများ ရှိလာခဲ့ပြီး ပုံမှန်ပွဲထွက်ခွင့်ပင် ပျောက်ဆုံးလာခဲ့ခြင်းဖြစ်သည်။ ယခုအချိန်တွင် အင်တာမီလန်အသင်းက အိုင်ကာဒီကို ရောင်းထုတ်ရန်ပင် စဉ်းစားလာခဲ့ခြင်းဖြစ်သည်။ အသက်(၂၆)နှစ်ရှိ အိုင်ကာဒီကို ခေါ်ယူရန် ဥရောပထိပ်တန်းအသင်းကြီး တချို့က စိတ်ဝင်စားနေချိန်တွင် ချယ်လ်ဆီးအသင်းက လက်ဦးမှုရယူရန် ပြင်ဆင်လာခဲ့ခြင်းဖြစ်သည်။

အခြားတစ်ဖက်တွင် ချယ်လ်ဆီးအသင်း တိုက်စစ်မှူး ဂီရောက်က မိမိအနေဖြင့် ပြင်သစ်လီဂူးဝမ်းကလပ် လိုင်ယွန်အသင်းသို့ ပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောဆိုလာသည်။

'ကျွန်တော် ချယ်လ်ဆီးအသင်းမှာ ပျော်ရွှင်မှုမရှိတော့ပါဘူး။ လာမယ့် အပြောင်းအရွှေ့ရာသီကျရင် ချယ်လ်ဆီးအသင်းကို စွန့်ခွာသွားဖို့ ဆုံးဖြတ်ထားပါတယ်။ အခုဆိုရင် ကျွန်တော့်အသက်က (၃၂)နှစ်ထဲကို ရောက်နေပါပြီ။ မိခင်နိုင်ငံက အသင်းတစ်သင်းသင်းမှာပဲ ကျွန်တော့်ကစားသမားဘဝကို ကုန်ဆုံးချင်ပါတယ်။ ပြင်သစ်မှာ ကျွန်တော်ကစားချင်တဲ့အသင်းက လိုင်ယွန်အသင်းပဲဖြစ်ပါတယ်။ လိုင်ယွန်အသင်းက တာဝန်ရှိသူတွေနဲ့ အပြောင်းအရွှေ့ကိစ္စအတွက် အရိပ်အမြွက် ပြောဆိုထားတာတွေ ရှိပါတယ်။ ကျွန်တော် ချယ်လ်ဆီးအသင်းက ပြောင်းဖြစ်ရင် လိုင်ယွန်အသင်းကိုပဲ သွားမှာပါ'ဟု ဂီရောက်က ပြောသည်။

ဟန်နေသစ် စုစည်းသည်




# မန်ယူအသင်း အရောင်းစာရင်းတွင် ဆန်းချက်ဇ်၊ ရိုဂျိုနှင့် ဗလန်စီယာတို့ပါဝင်

မန်ယူအသင်းသည် လာမည့်ရာသီတွင် ကစားသမား အပြောင်းအလဲကို သိသိသာသာ ပြုလုပ်သွားရန်ရှိနေပြီး ရောင်းထုတ်မည့် ကစားသမားများထဲတွင် ဆန်းချက်ဇ်၊ ရိုဂျိုနှင့် ဗလန်စီယာတို့ပါဝင်ကြောင်း အသင်း၏ ဒုဥက္ကဋ္ဌ အက်ဒ်ဝုဒ်ဝတ်က အတည်ပြု ပြောကြားလိုက်သည်။

ဆန်းချက်ဇ်မှာ အသင်းတွင် လစာအများဆုံးပေးထားရသည့် ကစားသမားတစ်ဦးဖြစ်သော်လည်း ထိုက်တန်သည့် ခြေစွမ်းမျိုးကို ပြသနိုင်ခြင်း မရှိသောကြောင့် ၎င်းကစားသမားကို ပြန်လည် ရောင်းထုတ်သွားရန် ပြင်ဆင်လာခဲ့ခြင်းဖြစ်သည်။ ထို့အပြင် မန်ယူအသင်း ပရိသတ်များကလည်း ပုံမှန်ခြေစွမ်း ပျောက်ဆုံးနေသည့် ဆန်းချက်ဇ်ကို လက်မခံနိုင်တော့သည့် အခြေအနေမျိုးကို ရောက်ရှိနေပြီဖြစ်ကြောင်း အက်ဒ်ဝုဒ်ဝတ်က ထပ်မံပြောဆိုသည်။

မန်ယူအသင်းသည် ရာသီသစ်တွင် ပြုပြင်ပြောင်းလဲမှုများစွာကို ပြုလုပ်ရန် ရည်မှန်းထားရာ ဆန်းချက်ဇ်အပြင် နောက်ခံကစားသမားများဖြစ်သည့် ရိုဂျိုနှင့် ဗလန်စီယာတို့ကိုလည်း ရောင်းထုတ်သွားမည်ဖြစ်သည်။ မန်ယူအသင်းအနေဖြင့် ခံစစ်ကစားသမား တစ်ဦးနှင့် တောင်ပံကစားသမား တစ်ဦးတို့ကို မဖြစ်မနေ ခေါ်ယူသွားမည်ဟု သိရသည်။

မန်ယူအသင်းသည် ယာယီနည်းပြ ဆိုးလ်ရှားလက်ထက်တွင် ရလဒ်ကောင်းလာသည်ဟု ဆိုရမည်ဖြစ်သော်လည်း ထိပ်တန်း လေးသင်းစာရင်းဝင်ရန်မှာ ခက်ခဲမှုများရှိနေသေးသည်။

ထို့ကြောင့် မန်ယူအသင်း နည်းပြအဖြစ် အတည်ပြုခန့်အပ်ခံရန် သေချာသလောက်ရှိနေသည့် ဆိုလ်ရှားက လာမည့်ရာသီအတွက် ပေါင်သန်း ၂၀၀ ခန့် အသုံးပြုပြီး အသင်းကိုပြန်လည်တည်ဆောက်သွားရန် ဆန္ဒရှိနေခြင်းဖြစ်သည်။

# ယူရိုသန်း ၇၀ ရလျှင် ကော်တင်ဟိုကို ရောင်းထုတ်မည်ဟု ဘာစီလိုနာအသင်း သတင်းထုတ်ပြန်




ဘာစီလိုနာအသင်းသည် ၎င်းတို့၏ ကွင်းလယ်ကစားသမား ကော်တင်ဟိုကို ယူရို သန်း ၈၀ ရလျှင် ရောင်းထုတ်တော့မည်ဖြစ်ကြောင်း စပိန်မာကာသတင်းစာတွင် ဖော်ပြထားသည်။ ကော်တင်ဟိုသည် အသက်(၂၆)နှစ်သာ ရှိသေးသော်လည်း ခြေစွမ်းပိုင်း အနည်းငယ်ကျဆင်းလာခြင်းကြောင့် ဘာစီလိုနာအသင်းတွင် ပုံမှန်ပွဲထွက်ခွင့်မရဘဲ အရန်ကစားသမားအဖြစ်သာ ပွဲထွက်ခွင့် ရနေခြင်းဖြစ်သည်။

အဆိုပါ ဘရာဇီးနိုင်ငံသား ကော်တင်ဟိုကို အင်္ဂလန်အသင်းများအပြင် ပြင်သစ်လီဂူးဝမ်းကလပ် ပီအက်စ်ဂျီအသင်းကလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။ ကော်တင်ဟိုကို ခေါ်ယူရန် စိတ်ဝင်စားနေသည့်အသင်းများမှာ အာဆင်နယ်၊ ဘိုင်ယန်မြူးနစ်၊ ရီးရဲလ်မက်ဒရစ်၊ ပီအက်စ်ဂျီနှင့် ဂျူဗင်တပ်အသင်းတို့ဖြစ်ကြောင်း Goal.com တွင် ဖော်ပြထားသည်။ ဘာစီလိုနာအသင်းမှာ သတ်မှတ်ထားသည့် ဈေးနှုန်းရရှိပါက ကော်တင်ဟိုကို ရောင်းထုတ်သွားရန် သေချာသလောက်ရှိနေသော်လည်း ၎င်းကစားသမားကို ခေါ်ယူရန် တရားဝင် ကမ်းလှမ်းလာသည့်အသင်းမှာ မရှိသေးကြောင်း သိရသည်။

**စာမျက်နှာ (၁၈) ပြုန်းတီးပျောက်ကွယ်မည့် . . . မှအဆက်**

ထန်းရည်ခါးရရှိရန်အတွက် အချဉ်ပေါက်နေသော အိုးနှင့် အချဉ်ခံမှသာ ထန်းရည်ခါးအား ရရှိခြင်းဖြစ်ပါသည်။ ထန်းရည်ချိုသည် အစာကြေညက်စေပြီး ထန်းရည်ခါးသည် ဆီးကို ရွှင်စေပါသည်။ ထန်းသီးသည် ၁၅ စင်တီမီတာ မှ ၂၅ စင်တီမီတာခန့် ကျယ်ဝန်းပြီး ထန်းသီးဆံမှာ အဆံကြီး တစ်ဆံမှ သုံးဆံအထိ ပါဝင်ပါ သည်။ ထန်းမျိုးစိတ်အပေါ် မူတည်၍ ထန်းသီးအရောင်မှာ အနက်မှ အညိုသို့လည်းကောင်း၊ အဝါမှ လိမ္မော်သို့လည်းကောင်း ပြောင်းလဲပါသည်။ ထန်းသီးဆံမှာ အမျှင်ဓာတ်ပါဝင်ပြီး နူးညံ့ပျော့ပျောင်းကာ ရနံ့မွှေးကြိုင်၍ ချိုသောအရသာရှိပါသည်။ ထန်းပင်မှ ထန်းရည်၊ သကြားနှင့် ထန်းလျက်များထွက်ရှိပါသည်။

ထန်းပင်သည် စီးပွားရေးအရ များစွာအသုံးဝင်ပြီး ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးကြ၍ အရှေ့တောင်အာရှနိုင်ငံများနှင့် အိန္ဒိယနိုင်ငံတွင် အလွန်အရေးပါသော နှစ်ရှည်ပင် အမျိုးအစားများတွင် အပါအဝင်ဖြစ်ပါသည်။ ထန်းပင်၏ အရွက်များကို သက်ကယ်မိုးရာတွင် သာမက ဖျာ၊ ခြင်းတောင်း၊ ယပ်တောင်၊ ဦးထုပ်၊ ထီးများအပြင် စာရေးရန် ပေရွက်အဖြစ်လည်း အသုံးပြုကြပါသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ထန်းပင်သည် နိုင်ငံ၏အမျိုးသားရေးဆိုင်ရာသင်္ကေတအမှတ်အသားအဖြစ် သတ်မှတ်ကြပြီး အန်ကောဝပ်ဘုရားကျောင်းအနီးတွင် ကြီးထွားပေါက်ရောက် ရှင်သန်နေသည်ကိုလည်း တွေ့မြင်နိုင်ပါသည်။ အိန္ဒိယနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင်လည်း ရှေးယခင်ကတည်းက ထန်းရွက်ကိုစာရေးရန် အတွက်အသုံးပြုခဲ့ပါသည်။ ထို့အပြင် ထန်း၏ပင်စည်သည် မာကျောပြီး ထုထည်ကြီး၍ ကြာရှည်ခံသည့်အတွက် ဆောက်လုပ်ရေးလုပ်ငန်းများတွင် အလွန်တန်ဖိုးမြင့်မားပါသည်။ အထူးသဖြင့် ဆိပ်ခံတံတားများ၊ ခြံစည်းရိုးများ၊ လှေများ ဆောက်လုပ်ရာတွင် အလွန်အသုံးဝင်ပါသည်။ ထန်းပင်သည် စွန့်ပစ်စရာမရှိဘဲ တစ်ပင်လုံးအသုံးဝင်ရာ ထန်းလက်ကို ကုလားထိုင်ပြုလုပ်ခြင်း၊ ထန်းရွက်ကို အဆောက်အဦ၊အမိုး၊အကာ ပြုလုပ်အသုံးပြုပြီး ထန်းပင်စည်ကို အိမ်တိုင်၊ ထုတ်တန်း၊ ရက်မ၊ ကြမ်းခင်းအဖြစ်လည်းကောင်း၊ ထက်ခြမ်းခွဲ ထွင်းထု၍ ရေတံလျှောက်၊ နွားစာခွက်များအဖြစ်လည်းကောင်း အသုံးပြုကြပါသည်။ ထန်းပင် ပင်စည်အောက်ပိုင်းကို နိုင်ငံခြားပို့ကုန်အဖြစ် တင်ပို့ရောင်းချလျက်ရှိပါသည်။ ထန်းပင်ကိုခုတ်လှဲ၍ နှစ်ပတ်အတွင်း အချောသတ် ရေပေါ်ထိုးပြီး ပေါလစ်အရောင် တင်လိုက်ပါက အင်မတန်လှပပါသည်။ ပင်စည်၏ ထိပ်ဝအား အလယ်မှထွင်းပြီး ပန်းအိုးအဖြစ် ပြုလုပ်အသုံးပြုကြပါသည်။

ထန်းပင်မှထွက်ရှိသော ထန်းသီး ထန်းပင်မြစ်တို့ကို အစားအစာ အမျိုးမျိုး ပြုလုပ်စားသောက်ကြပါသည်။ထန်းပင်မြစ်ကို မီးဖုတ်၍လည်းကောင်း၊ ပြုတ်၍လည်းကောင်း နှစ်ခြိုက်စွာ စားသုံးလေ့ရှိကြပါသည်။ ထန်းသီးနုနုကိုလည်း လူအများနှစ်သက်ကြပါသည်။ ကဆုန်လတွင် ထန်းသီးမှည့်အတွင်းမှ အနှစ်များကို ဆန်မှုန့်၊ နှစ်ရည်နှင့် သကြားတို့အား သမအောင်မွှေပြီးပေါင်းခံ၍ အုန်းသီးဆံဖြူးပြီး ထန်းသီးမုန့်အဖြစ် ပြုလုပ်ပြီး ကြိုက်နှစ်သက်စွာ စားသုံးကြသကဲ့သို့စီးပွားဖြစ်လည်း ပြုလုပ်ရောင်းချ ကြပါသည်။ ရေစကြိုထန်းသီးမုန့်သည် ဒေသထွက်ကုန်အဖြစ် စီးပွားဖြစ်ရောင်းချပြီး နိုင်ငံအတွင်း လူကြိုက်များနှစ်သက်သော ဒေသထွက်စားသောက်ကုန် တစ်မျိုး ဖြစ်ပါသည်။ ထန်းဖူးကို ဝါးရုပ်၊ ငှက်ရုပ်များ၊ ထန်းခေါက်ဖာများပြုလုပ်၍ ရောင်းချကြပြီး ထန်းဘူးလေးများယက်၍ လည်း ထန်းလျက်ခဲ၊ မန်းကျည်းတော်ဖီနှင့် ဆီးတော်ဖီများထည့်ပြီး ဘုရားဈေးတန်းများနှင့် ဘုရားပွဲများတွင် ရောင်းချလေ့ရှိကြပါသည်။

ထိုကဲ့သို့ ဘက်ပေါင်းစုံမှ အသုံးဝင်လျက်ရှိသော ထန်းပင်များကို ထန်းဈေးကွက်ပျက်ပြီးနောက် ထန်းပင်များခုတ်လှဲရောင်းချနေခြင်းမှကာကွယ်ရန်၊ ထန်းတောများကို ထိန်းသိမ်းရန်အတွက် ကာကွယ်လိုသူများစုစည်း၍ ‘တော်ဝင်ထန်း’(Save the Palms)အဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်နေကြောင်း သိရသည်။ တော်ဝင်ထန်းအဖွဲ့မှ ဖွင့်လှစ်နေသည့် ‘တော်ဝင်ထန်း လက်မှုသင်တန်းကျောင်း’ သည် တံငါကန်ကျေးရွာအုပ်စု၊ ရွာတန်းရှည်ကျေးရွာတွင် တည်ရှိပါသည်။ ကျောက်ပန်းတောင်းမြို့၏ အနောက်ဘက် ကျောက်ပန်းတောင်း-ညောင်ဦး ကားလမ်းဘေးတွင် တည်ရှိပြီး ကျောက်ပန်းတောင်းမြို့မှ(၃) မိုင်ခန့်ကွာဝေးပါသည်။ တော်ဝင်ထန်း၏ အဓိကရည်ရွယ်ချက်များမှာ အညာဒေသရှိမြန်မာ့အဖိုးတန်သဘာဝ ထန်းတောများ ပျက်သုန်းစေမည့်အန္တရာယ်မှ ကာကွယ်ရန်နှင့် ထန်းတောင်သူများ၏ ဘဝကိုမြှင့်တင်ပေးနိုင်ရန် ရည်ရွယ်၍ တော်ဝင်ထန်းအဖွဲ့ကို ၂၀၁၈ ခုနှစ် ဧပြီ ၁၇ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ တော်ဝင်ထန်း (Save the Palms) အဖွဲ့ကို စတင်ဖွဲ့စည်းဖြစ်သည့် အကြောင်းရင်းကို တော်ဝင်ထန်းအဖွဲ့၏ ဒုတိယဥက္ကဋ္ဌက ယခုလိုပြောပြခဲ့ပါသည်။

‘ထန်းပင်တွေကို အိမ်မှာသစ်သားလိုလို့ ခုတ်တာမျိုးကို လက်ခံလို့ရကြောင်း၊ စီးပွားရေးတစ်ခုအနေဖြင့် ထန်းပင်များကို ခုတ်လှဲပြီး ပြည်ပသို့ တင်ပို့တာမျိုးကျလက်ခံလို့ မရကြောင်း၊ ထန်းပင်တွေ ခုတ်လှဲခံရခြင်းမှ ကာကွယ်ရန် မိမိတစ်ဦးတည်း ဆောင်ရွက်နေသည်မှာလေး၊ ငါးနှစ်ခန့်ရှိပြီဖြစ်ကြောင်း၊ မိုးကုတ် နှစ်(၈၀၀)ပြည့်ပွဲတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ကို တင်ပြပြီးနောက် မီဒီယာမှတစ်ဆင့် ထန်းပင်များခုတ်လှဲခံရ၍ ငုတ်တိုဘဝရောက်နေကြောင်း တင်ပြလိုက်ခြင်းကြောင့် ထန်းပင်များကို ကာကွယ်ထိန်းသိမ်းရန် စိတ်ဝင်စားသူများပေါ် ပေါက်လာပြီး၊ တော်ဝင်ထန်းအဖွဲ့ကို မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် စတင်ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ အဖွဲ့ ဖွဲ့စည်းပြီးတဲ့နောက် တွင် ထန်းပင်များ ခုတ်၍ရောင်းစားခံနေရခြင်းအတွက် ဘယ်လိုထိန်းသိမ်းကာကွယ်ကြမလဲဟု စဉ်းစား၍ လတ်တလောတပါးသူမှ ထန်းတစ်ပင် ကျပ် ၅၀၀၀ နှင့်ဝယ်ပါက မိမိတို့အဖွဲ့မှ ကျပ် ၇၀၀၀ ပေးပြီး ထိန်းသိမ်းကြမည်ဟု ဆုံးဖြတ်ကြသည့်အခါ အလှူရှင်များမှ သိန်းတစ်ရာ၊ သိန်းနှစ်ရာဆိုပြီး ထည့်ဝင်လှူဒါန်းကြပါတယ်’ ဟု ပြောကြားခဲ့ပါသည်။

တော်ဝင်ထန်းအဖွဲ့၏ အလုပ်အမှုဆောင်အဖွဲ့တွင် နာယကများ၊ ဥက္ကဋ္ဌနှင့် အကြံပေး ပုဂ္ဂိုလ်များ အပါအဝင် အဖွဲ့ဝင်ပေါင်း ၁၉ ဦးဖြင့် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ တော်ဝင်ထန်းအဖွဲ့သည် ထန်းတောများပြုန်းတီးမှုကိုကာကွယ်သည့်အနေဖြင့် ၂၀၁၈ ခုနှစ်၊ ဧပြီလတွင် ခုတ်ထွင်ရှင်းလင်းမည့်ထန်းပင် ၃၅၀၀ ပင်အား ဝယ်ယူထိန်းသိမ်းခဲ့ပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ နံနက်ပိုင်းတွင် ထန်းအပင် ၁၀၀၀၀ပင်နှင့် ဝါးအပင်ရေ ၅၀၀၀ ပင်ကို စတင်စိုက်ပျိုးခဲ့ပါသည်။ ယခင်က ခုတ်လှဲခံရသည့် ကွင်းပြင် ယာခင်းဘောင်များတွင် ထန်းဆံများ စိုက်ပျိုးခြင်းကို ဆောင်ရွက်ခဲ့ပါသည်။

ထန်းပင်ကို ခုတ်လှဲခြင်းနှင့် စပ်လျဉ်း၍ ထန်းတောင်သူများ၏ စကားသံအား နားထောင်ကြည့်ခဲ့ရာ ထန်းမှာအသုံးမဝင်တော့လို့၊ ထန်းလှီးမည့်သူမရှိလို့ ရောင်းတယ်ဆိုတာဖြစ်လာကြောင်း၊ ထန်းလှီးမည့် သူဆိုသည်ကလည်း ထန်းလျက်ဈေးကမကောင်း၊ မိသားစု (၃/၄) ယောက် အကုန်လုံးဆင်းရဲသောကြောင့် ထမင်းသုံးနပ်တည်ဖို့ တောင် မလွယ်သည့်အတွက် ပြည်ပတွင် သွားရောက်အလုပ်လုပ်ကြောင်း၊ ထန်းပင်မှထွက်သည့် ထန်းရည်ကို အသုံးပြုပေးနိုင်မည်ဆိုပါက ထန်းသမားများ အလိုအလိုပေါ် လာမည်ဖြစ်ကြောင်း၊ ပြည်ပနှင့်မြို့ပေါ် သို့ထွက်ပြီး အလုပ်လုပ်နေသည့်သူများလည်း ထန်းလှီးရန် ပြန်လာမည်ဖြစ်ကြောင်း တော်ဝင်ထန်းအဖွဲ့ဝင်တစ်ဦးက ဆိုသည်။

တော်ဝင်ထန်းအဖွဲ့သည် ထန်းတောင်သူနှင့် ၎င်း၏ဇနီး၊ သား/သမီးများနှင့် ဒေသခံများအား ထန်းပင်ကိုခုတ်လှဲမပစ်ဘဲ အဓိကထန်းပင်ကိုသတ်မပစ်ပဲ ထန်းမှရသည့် အရွက်၊ အခက်၊ အလက်များမှ လက်မှုပညာနှင့် ပေါင်းစပ်ပြီး အသုံးအဆောင်လက်မှုပစ္စည်းများ ထုတ်၍ရကြောင်း၊ အသိပညာပေး ဟောပြောပွဲများပြုလုပ်ခဲ့ပါသည်။ ထန်းပင်များ အများဆုံးခုတ်လှဲခံရသည့် ရွာတန်းရှည်ကျေးရွာတွင် လက်မှုပညာရှင်များကို ဖိတ်ခေါ်၍ ထန်းတောင်သူဘဝမြှင့်တင်ရေးဆိုင်ရာ အဆင့်မြင့် လက်မှုပညာ ရက်တို ၁၀ ရက် သင်တန်းကိုလည်း ၂၀၁၈ ခုနှစ် မေ ၆ ရက်တွင် မီဒီယာများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးမှ အရာရှိများ၊ တာဝန်ရှိသူများအား ဖိတ်ကြားပြီး ဖွင့်လှစ်ပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းကို သင်တန်းဆရာ ၃ ဦးမှ သင်တန်းသား ၆၀ ဦးခန့်အား လေ့ကျင့် သင်ကြားပေးနိုင်ခဲ့ပါသည်။ ရက်တိုသင်တန်းပေးပြီး ထန်းတောင်သူများနှင့် ဒေသခံများ၏ စိတ်ဝင်စားမှုကို ရရှိလာခဲ့ခြင်းကြောင့် ၂၀၁၈ ခုနှစ် ဇွန်လ ၁ ရက်မှစ၍ ရက်ရှည် အခမဲ့သင်တန်း ကျောင်းပုံစံမျိုး ဖွင့်လှစ်ခဲ့ပြီး သင်တန်းသားတစ်ဦး တစ်နေ့ ကျပ် ၃၀၀၀ နှုန်း ထောက်ပံ့ပေးခဲ့ပါသည်။ သင်တန်းသားများ ထုတ်လုပ်လျက်ရှိသော လက်မှုပစ္စည်းများမှာ လှပသေသပ်ပြီး အရည်အသွေးနှင့် ပြည့်စုံသည့်အတွက် ရန်ကုန်မြို့ရှိ ပန်းဆိုးတန်း၊ ကန်တော်ကြီးနှင့် ပုဂံရှိ ဟိုတယ်များ သို့ တင်ပို့ရောင်းချလျက်ရှိပါသည်။ ထို့အပြင် ဂျာမနီနိုင်ငံသူမှ ပြည်ပတွင် လက်ဆောင်ပေးရန်အတွက် ပစ္စည်းထည့်ရန် လက်ဆောင်ဘူးများ မှာယူ ရောင်းချနေကြောင်းနှင့် ဈေးကွက်ရရှိရေးကိုလည်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့်အတွက် ရာတန်းရှည်ရွာနှင့် ရွာနီးချုပ်စပ်မှ ထန်းတောင်သူနှင့် ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေပါသည်။

ဆက်လက်၍ တော်ဝင်ထန်းအဖွဲ့သည် တော်ဝင်ထန်းရုံး အဆောက်အဦနှင့် အခမဲ့သင်တန်းကျောင်းအပြင် ဉာဏ်တော်(၄၃) ပေအမြင့်ရှိ ကမ္ဘာပေါ် တွင် အမြင့်ဆုံးထန်းလျှော်ဖြင့် ပြုလုပ်သည့် ပထမဆုံးထန်းနှီးဘုရားကြီးကို ၂၀၁၉ ခုနှစ် မေလတွင် ပန္နက်ရိုက်ပြီး ပြုလုပ်ပူဇော်မည်ဖြစ်ပါသည်။ ဒေသခံတောင်သူများအနေဖြင့် နောင်တစ်ချိန် ထန်းနှီးဘုရားကြီးစည်ကားလာပါက ဆိုင်ခန်းများဖွင့်လှစ်ရောင်းချနိုင်သကဲ့သို့ သင်တန်းကျောင်းမှ ပို့ချသည့် လက်မှုပညာနှင့်လည်း အသက်မွေးဝမ်းကျောင်းပြုလုပ်နိုင်မည်ဖြစ်ပါသည်။

တော်ဝင်ထန်းအဖွဲ့သည် အညာဒေသ၏ သဘာဝအရင်းအမြစ်ဖြစ်သော ထန်းတောများပြုန်းတီးခြင်းမှ ကာကွယ်ရန်နှင့် ထန်းတောင်သူများ၏ ဘဝကို မြှင့်တင်ပေးနိုင်ရန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားနေကြောင်းနှင့် အစိုးရဘက်မှလည်း တစ်တပ်တစ်အား ပံ့ပိုးကူညီပေးမည်ဆိုပါက ပိုမို ကောင်းမွန်မည်ဖြစ်ကြောင်း ဒုတိယဥက္ကဋ္ဌမှ ဆိုပါသည်။ တော်ဝင်ထန်းအဖွဲ့၏ အနာဂတ်ရည်မှန်းချက်များအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများချပြနိုင်သည်အထိ ရည်မှန်းထားခြင်း၊ ထန်းရည်မှ Brown Sugar ထုတ်လုပ်နိုင်သည်အထိ ရည်မှန်းထားခြင်း၊ ထန်းသီးဆံပေါ် ချိန်တွင် တရုတ်နှင့် အရောင်းအဝယ်ပြုလုပ်ရန် ၇ နှစ်စာချုပ်ချုပ်ဆိုပြီးဖြစ်၍ အအေးခန်းများ ဆောက်လုပ်သွားရန် ရည်မှန်းထားခြင်း၊ နိုင်ငံတကာအဆင့်မီပစ္စည်းထုတ်လုပ်မှု သင်တန်းကျောင်းဖွင့်လှစ် နိုင်သည်အထိ ရည်မှန်းထားခြင်းတို့ဖြစ်ကြောင်း သိရှိရပါသည်။ ထို့အပြင်လည်း တော်ဝင်ထန်းအဖွဲ့ သည် ထန်းလက်၊ ထန်းလျှော်၊ ထန်းရွက်များဖြင့် ပြုလုပ်သည့် မြန်မာလက်မှုအစဉ်အလာများကိုလည်း ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ထန်းတောင်သူများအပါအဝင် ဒေသခံများ၏ လူနေမှုဘဝကိုမြှင့်တင်ရန် ကြိုးစားနေသည်မှာ လေးစား၊ အားကျ၊ အတုယူဖွယ်ကောင်းလှသည့် အဖွဲ့အစည်း တစ်ခုလည်း ဖြစ်ပါသည်။

လက်ရှိ ထန်းရာသီဖြစ်သည့်အတွက် ထန်းလျက်ဈေးကွက်မှာ အေးလျက်ရှိပြီး ထန်းလျက် (အကြီး)ကျပ် ၁၀၀၀၊(သေး) ကျပ် ၁၂၅၀ -၁၂၆၀၊(လတ်) ကျပ် ၁၂၀၀၊ ဆေးဖြူ(သေး) ကျပ် ၁၄၀၀ နှုန်းများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ ရန်ကုန်မြို့သို့ ၁၂ ဘီးကားတစ်စီး ပိဿာချိန် ၁၀၅၀၀ ပိဿာခန့် တင်ပို့လျက်ရှိပြီး ရန်ကုန်-နွားထိုးကြီး ကားသယ်ခမှာ တစ်ပိဿာ ၄၂ ကျပ် - ၄၃ ကျပ်၊ ရန်ကုန်-ကျောက်ပန်းတောင်း ကားသယ်ခ ၄၈ ကျပ် နှုန်းဖြင့် ၁၀ ပိဿာဆံ့ ဂျပ်ဖာများဖြင့် တင်ပို့လျက်ရှိကြောင်းနှင့် နွားထိုးကြီးမြို့တွင် ထန်းပင်ကို အလုံးလိုက်ရောင်းမည်ဆိုပါက ဝယ်သူဘက်မှ အပင်ခုတ်လှဲခြင်းဖြစ်ပြီး ထန်းတစ်ပင် အရောင်းအဝယ်ဖြစ်သည့်နှုန်းမှာ ကျပ် ၂၅၀၀၀ ခန့်ဖြစ်ကြောင်း၊ ကျောက်ပန်းတောင်းမြို့တွင် ထန်းတစ်ပင် ကျပ် ၇၀၀၀ မှ ကျပ် ၇၅၀၀ ဈေးဖြင့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ မြင်းခြံခရိုင်တွင် ထန်းစိုက်ဧက ၁၅၂၈၉ ဧက၊ ရိတ်ဧကမှာ ၇၂၆၆ ဧက၊ ညောင်ဦးခရိုင်တွင် ထန်းစိုက် ဧက ၈၈၆၈ ဧကဖြစ်ပါသည်။

ထန်းလျက်ဈေးကွက်သည် ၂၀၀၂ ခုနှစ်ခန့်မှ စတင်၍ ပြည်ပမှ ဆေးသကြားများ၊ ဓာတုသကြားများ၊ အချိုမှုန့်နှင့် အခြားဟင်းခတ်မှုန့်များ ဈေးပေါပေါနှင့် ဝင်ရောက်လာသည့်အတွက် ထန်းလျက်ဈေးကျလာခဲ့ပါသည်။ ထန်းလျက်ဈေးကျလာသည်နှင့်အမျှ ထန်းတောင်သူများ၏ ဝင်ငွေလည်း နည်းပါးလာသည့်အတွက် ထန်းလုပ်ငန်းလုပ်ကိုင်သည့်ဦးရေ ရှားပါးလာပါသည်။ ထန်းလုပ်ငန်းလုပ်ကိုင်ရာ၌ မိသားစုဝင် အနည်းဆုံးသုံးဦးလိုအပ်ပြီး တစ်နေ့လုံးပင်ပန်းဆင်းရဲစွာ လုပ်ကိုင်ရခြင်း၊ ရင်းနှီးမြှုပ်နှံမှု များပြားသော်လည်း အကျိုးအမြတ်ရရှိမှုနည်းပါးခြင်း၊ ထန်းလျက်ဈေးကျဆင်းလာသည့်အတွက် မိသားစုစားဝတ်နေရေးဖူလုံမှုမရှိခြင်း၊ တစ်နှစ်ထန်းတက်ချိန် (၈)လသာရှိပြီး ကျန်(၄)လမှာ အလုပ်လက်မဲ့ဖြစ်ခြင်း၊ ထန်းလုပ်ငန်းသည် ပင်ပန်းဆင်းရဲ၍ ထန်းတက်ပညာကို လက်ဆင့်ကမ်းသင်ကြားပေးမှု မရှိခြင်းတို့သည်လည်း ထန်းလုပ်ငန်း လုပ်ကိုင်သူနည်းပါးလာရခြင်း၏ အကြောင်းရင်း အချက်အလက်များလည်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်တွင်းဝယ်လိုအားနှင့် စားသုံးမှုအလွန်နည်းပါးလာသော ထန်းလျက်ဈေးကွက်ကြောင့် ထန်းတောင်သူများ ရေရှည်ရပ်တည်နိုင်ရန် ခက်ခဲလှပါသည်။ ထန်းတောင်သူ၊ ထန်းတက်သမားများ ပိုမိုနည်းပါးလာခြင်းနှင့် ထန်းတောများ ပြုန်းတီးခြင်းမှ ကာကွယ်ရန်၊ ရေရှည်ရပ်တည်နိုင်ရန် ထန်းတက်သမားများအား အလုပ်အကိုင် ဖန်တီးပေးရန်လိုအပ်ခြင်း၊ ထန်းလျက်အရည် အသွေးကောင်းရန် နည်းပညာများပံ့ပိုးပေးရန် လိုအပ်ခြင်း၊ဈေးကွက်ရှာဖွေပေးရန်လိုအပ်ခြင်းနှင့် မြန်မာ့ထွက်ကုန်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် စီးပွားရေးလုပ်ငန်းရှင်၊ တောင်သူ၊ အစိုးရ ဟန်ချက်ညီညီနှင့် ရှေ့ဆက်တက်လှမ်းနိုင်ရန် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းညှိနှိုင်း အဖြေရှာရန် လိုအပ်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

■

# တောင်ကိုရီးယားနှင့် မလေးရှားနှစ်နိုင်ငံ ခေါင်းဆောင်များ လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက်ကို ယခုနှစ်တွင် အပြီးသတ်ဆောင်ရွက်သွားကြရန် ကတိပြုခဲ့

တောင်ကိုရီးယားသမ္မတနှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံလွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်အတွက် စေ့စပ်ညှိနှိုင်းခြင်းကို စတင်ဆောင်ရွက်သွားရန်နှင့် ယခုနှစ်ကုန်မတိုင်မီ အပြီးသတ်ညှိနှိုင်းဆွေးနွေးနိုင်ရေးအတွက် တွန်းအားပေးဆောင်ရွက်သွားကြရန် သဘောတူညီခဲ့ကြပါသည်။ တောင်ကိုရီးယားသမ္မတ၏ မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်၏ ဒုတိယမြောက်နေ့ဖြစ်သည့် မတ်လ ၁၃ ရက်တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးနိုင်ရန် အတွက် သမ္မတမွန်ဂျေအင်းနှင့် မလေးရှားဝန်ကြီးချုပ် Mahathir Mohamad တို့ပြုလုပ်ခဲ့သည့် ထိပ်သီးအစည်းအဝေး၌ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ချဲ့ထွင်နိုင်ရေး အထောက်အကူပြုနိုင်မည့် ဖွဲ့စည်းမှုဆိုင်ရာ မူဘောင်တစ်ခုဖန်တီးနိုင်ရေးအတွက် ကိုရီးယား-မလေးရှား လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်ကို တွန်းအားပေး ဆောင်ရွက်သွားကြရန်နှင့် ၂၀၁၉ နှစ်ကုန်တွင် ကျင်းပပြုလုပ်မည့် ကိုရီးယား-အာဆီယံ ထိပ်သီး အစည်းအဝေး၌ နှစ်နိုင်ငံစေ့စပ်ညှိနှိုင်းမှုအား အပြီးသတ် ကြေညာနိုင်ရေးအတွက် စေ့စပ်ညှိနှိုင်းမှု အရှိန်မြှင့် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် နှစ်နိုင်ငံခေါင်းဆောင်များ သဘောတူညီခဲ့ကြကြောင်း အိမ်ပြာတော်မှ ထုတ်ဖော်ပြောကြားခဲ့ပါသည်။




ကိုရီးယားသမ္မတနိုင်ငံနှင့်အာဆီယံ (၁၀) နိုင်ငံအကြား ထိပ်သီး အစည်းအဝေးကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပပြုလုပ်နိုင်ရန် မျှော်မှန်းထားပြီး အဆိုပါအစည်းအဝေးကို နှစ် (၃၀) မြောက် ကိုရီးယား-အာဆီယံ ဆွေးနွေးဘက်ဆက်ဆံရေး အထိမ်းအမှတ်အဖြစ် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ကိုရီးယားနှင့် မလေးရှားနိုင်ငံတို့အကြား နှစ်နိုင်ငံလွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်အတွက် ဖြစ်နိုင်ချေဆန်းစစ်ခြင်း ပူးတွဲလေ့လာမှုတစ်ရပ်ကို ၂၀၁၁ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်များတွင် ပြုလုပ်ခဲ့ကြသော်လည်း ဆက်လက်ဆွေးနွေးနိုင်ခြင်းမရှိခဲ့ဘဲ ရပ်တန့်နေသည့် အနေအထားဖြစ်ကြောင်း၊ နှစ်နိုင်ငံလွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးပါက ၂၀၀၇ ခုနှစ်တွင် စတင်အသက်ဝင်ခဲ့သည့် ကိုရီးယား-အာဆီယံလွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်အပြင် အာဆီယံနိုင်ငံတစ်နိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့အကြား သီးခြား သဘောတူညီချက်တစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း၊ မလေးရှားနိုင်ငံနှင့် အခြားအာဆီယံ အဖွဲ့ဝင်နိုင်ငံ ကိုးနိုင်ငံတို့သည် ကိုရီးယားနိုင်ငံ၏ ဒုတိယအကြီးဆုံး ကုန်သွယ်ဘက်အဖြစ် ရပ်တည်လျက်ရှိကြောင်း၊ ကိုရီးယား-မလေးရှား နှစ်နိုင်ငံကုန်သွယ်မှုသည် တည်ငြိမ်သည့် တိုးတက်မှုရှိနေပြီး ၂၀၁၇ ခုနှစ်က ကုန်သွယ်မှုပမာဏတန်ဖိုး အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၇ ဘီလီယံရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၂ ဘီလီယံသို့ရောက်ရှိခဲ့၍ ၁၄ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း အိမ်ပြာတော်မှ သတင်းထုတ်ပြန်ခဲ့ပါသည်။

ထို့အပြင် လူကြိုက်များရေပန်းစားလာသော ‘ကိုရီးယားလှိုင်း’ဟု တင်စားခေါ်ဝေါ်သည့် ကိုရီးယားခေတ်ပေါ် ဂီတယဉ်ကျေးမှုနှင့်မလေးရှားနိုင်ငံ၏ ဟာလာလ် (Halal) ကိုအခြေခံသည့် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်းကဲ့သို့သော နှစ်နိုင်ငံပူးတွဲဆောင်ရွက်နိုင်မည့် စီးပွားရေးအခွင့်အလမ်းသစ်များ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်ရေးအတွက် အားထုတ်ကြိုးပမ်းသွားကြရန်လည်း နှစ်နိုင်ငံခေါင်းဆောင်များ သဘောတူညီခဲ့ကြကြောင်း၊ သမ္မတမွန်ဂျေအင်း၏ မလေးရှားနိုင်ငံသို့ သုံးရက်တာချစ်ကြည်ရေးခရီးစဉ်၏ ပထမနေ့ဖြစ်သည့် မတ်လ ၁၂ ရက်တွင် မလေးရှားနိုင်ငံသို့ ရောက်ရှိပြီးသည်နှင့် ‘ဟာလာလ်’ အသိအမှတ်ပြုလက်မှတ်ရရှိပြီး ကိုရီးယားခေတ်ပေါ်ဂီတ ယဉ်ကျေးမှုဆိုင်ရာ စားသောက်ကုန်၊ အလှကုန်နှင့်အခြားသောကုန်ပစ္စည်းအမျိုးပေါင်း ၁၅၀ ခန့်ကို မိတ်ဆက်ပြသသည့် အထူးကုန်စည်ပြပွဲတစ်ခုသို့ တက်ရောက်ခဲ့ကြောင်း၊ ကိုရီးယားခေတ်ပေါ် ဂီတယဉ်ကျေးမှုနှင့်မလေးရှား ဟာလာလ်လုပ်ငန်းတို့ကို ‘ဟာလာလ်’ဆိုင်ရာ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ပေါင်းစည်းဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားနိုင်ငံများတွင် ပူးတွဲဈေးကွက် ရရှိရေး အခွင့်အလမ်းများ ရှာဖွေသွားကြရန်လည်း သဘောတူညီခဲ့ကြကြောင်း၊ ကိုရီးယား-အာဆီယံထိပ်သီး အစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အတူတကွ ကြိုးပမ်းဆောင်ရွက်သွားကြရန်လည်း နှစ်နိုင်ငံခေါင်းဆောင်များက ကတိပြုခဲ့ကြောင်း၊ သို့ဖြစ်ရာ ၂၀၁၉ နှစ်ကုန်ပိုင်းတွင် ကျင်းပပြုလုပ်မည့် ကိုရီးယား-အာဆီယံ ထိပ်သီးအစည်းအဝေးသည်လည်း အာဆီယံဒေသတွင်း ငြိမ်းချမ်းရေးနှင့်အတူတကွ ကြီးပွားတိုးတက်ရေးအတွက် မဟာဗျူဟာလမ်းပြမြေပုံနှင့်အတူ ကိုရီးယားနိုင်ငံနှင့်အာဆီယံတို့အကြား နှစ် ၃၀ ကာလဆက်ဆံရေးကို ပြန်လည်ရှုမြင်သုံးသပ်၍ လာမည့်နှစ်ပေါင်း ၁၀၀ အတွက် အမြင်သစ်များ ပေးစွမ်းနိုင်မည့် အခွင့်အလမ်းများရရှိစေလိမ့်မည်ဖြစ်ကြောင်း အိမ်ပြာတော်မှ ထုတ်ဖော်ပြောကြားခဲ့ပါသည်။

တောင်ကိုရီးယားနိုင်ငံအနေဖြင့် ၂၀၀၇ ခုနှစ်တွင် စတင်အသက်ဝင်ခဲ့သည့် ကိုရီးယား-အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်အပြင် ဗီယက်နမ်၊ စင်ကာပူနိုင်ငံများနှင့်လည်း သီးခြားလွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်များ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ယခုအခါ အာဆီယံတစ်နိုင်ငံချင်းစီဖြင့် သီးခြားလွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်များ ထပ်မံစေ့စပ်ညှိနှိုင်းနိုင်ရေး အရှိန်မြှင့်တင်၍ ဆောင်ရွက်လျက်ရှိရာ ကိုရီးယားနှင့် အာဆီယံနိုင်ငံများ အကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မှု အခွင့်အလမ်းများ ပိုမိုရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# လုပ်ခလစာတိုးမြှင့်လာစေရန်အတွက် အိန္ဒိယအနေဖြင့် Globalization ကို ပိုမိုဖော်ဆောင်သင့်ဟု ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့၏ အစီရင်ခံစာတွင်ဖော်ပြ

ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့က ထုတ်ပြန်သည့် အစီရင်ခံစာအရ နိုင်ငံအတွင်းရှိ အလုပ်သမားများအား ပိုမိုမြင့်မားသည့် လုပ်ခလစာများ ခံစားရရှိစေလိုပါက အိန္ဒိယအနေဖြင့် ပို့ကုန်ကဏ္ဍကို အားပေးမြှင့်တင်ရန် လိုအပ်သည်ဟု သုံးသပ်ဖော်ပြထားကြောင်း သိရှိရပါသည်။

နိုင်ငံတစ်နိုင်ငံ၏ပို့ကုန်နှင့် စီးပွားရေးတိုးတက်မှုအကြား တိုက်ရိုက်ချိတ်ဆက်နေမှုကို လူအများက ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားကြပြီးဖြစ်ရာ အလွတ်သဘောဖြစ်သော၊ ပုံမှန်မဟုတ်သော စီးပွားရေးအဝန်းအဝိုင်းထဲမှ ပြည်သူများအား လွတ်မြောက်စေရန် ကုန်သွယ်မှုကဏ္ဍက အထောက်အကူပြုနေပုံ၊ လုပ်ခလစာအား မည်၍မည်မျှမြှင့်တင်ပေးနေပုံနှင့် ဆင်းရဲမှုကို မည်ကဲ့သို့ လျှော့ချပေးနေသည်တို့ကို ရှင်းလင်းရေးသားထားကြောင်း၊ ၎င်းတို့၏ ခန့်မှန်းချက်များအရ အိန္ဒိယတွင် ပို့ကုန်ပမာဏဒေါ်လာ ၁၀၀ တိုးလာခြင်းကြောင့် လုပ်သားတစ်ဦးလျှင် လုပ်ခလစာနှစ်စဉ်ပျမ်းမျှ ရှစ်ဒေါ်လာခန့် တိုးလာနိုင်သည်ဟု ဆိုထားကြောင်း သိရှိရပါသည်။

လက်ရှိတွင် အိန္ဒိယ၌ နှစ်စဉ် လူငယ်ပေါင်း ၁၀ သန်းနီးပါးခန့်သည် လုပ်သားအင်အားအဖြစ် တိုးလာနေ ပြီး နိုင်ငံလူဦးရေ၏ ၆၀ ရာခိုင်နှုန်းကျော်မှာလည်း တစ်နေ့ဝင်ငွေ ၃ ဒသမ ၂ ဒေါ်လာအောက်ရှိ ဆင်းရဲမှုမျဉ်းတန်းအောက်တွင် ရောက်ရှိနေကြောင်း သိရှိရပါသည်။

၎င်းတို့၏ ဆန်းစစ်ချက်အရ အိန္ဒိယသည် လွတ်လပ်စွာကုန်သွယ်မှုကို အခြေပြုထားသည့် ကမ္ဘာ့စီးပွား ရေးဝါဒ (Globalization) ကို ဖော်ဆောင်ရာ၌ တိုးတက်မှုရှိသည်ကို တွေ့ရှိရကြောင်း၊ အစိုးရများအနေဖြင့် နိုင်ငံတကာကုန်သွယ်မှုအတွက် နိုင်ငံ၏ စီးပွားရေးကို လမ်းဖွင့်သည့်အခါ ၎င်းတို့၏ တူညီသော မျှော်လင့်ချက်မှာ လုပ်ခလစာတိုးတက်ကောင်းမွန်လာစေရေးနှင့် Informal မှ formal အလုပ်အကိုင်များ ပိုမိုရှိလာစေရန်တို့ဖြစ်ကြောင်း၊ ထိုသို့ဖော်ဆောင်ရာ၌ ပညာတတ်ပြီး၊ မြို့ပြနေအမျိုးသားများသည် ပို့ကုန်အကျိုးခံစားခွင့်ကို ပိုမိုရရှိနိုင်သည်ဟု လေ့လာမှုက ဆိုထားကြောင်း သိရှိရပါသည်။

အစီရင်ခံစာ၏ အဆိုအရ ပြီးခဲ့သည့်နှစ်အနည်းငယ်အတွင်း အိန္ဒိယနိုင်ငံ၏ စီးပွားရေးမှာ ခုနစ်ရာခိုင်နှုန်းခန့်ဖြင့် တိုးတက်မှုအားကောင်းခဲ့ပြီး ကုန်သွယ်မှုအပေါ် မှီခိုအားထားရမှု လည်း တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာနေကြောင်း၊ ကမ္ဘာ့ဘဏ်၏ ခန့်မှန်းချက်အရ ဂျီဒီပီတွင် ကုန်သွယ်မှုပါဝင်မှုရာခိုင်နှုန်းမှာ ၂၀၁၂ ခုနှစ်တွင် ၅၅ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ၄၁ ရာခိုင်နှုန်းသို့ ကျဆင်းလာကြောင်း၊ World Trade Organization ၏ အချက်အလက်များအရ ကမ္ဘာ့ပို့ကုန်ပမာဏ၌ အိန္ဒိယ၏ပါဝင်မှုသည် ၁ ဒသမ ၇ ရာခိုင်နှုန်းရှိပြီး၊ ကမ္ဘာ့သွင်းကုန်ပမာဏတွင် ၂ ဒသမ ၅ ရာခိုင်နှုန်းထိရှိသည်ဟု ဖော်ပြထား ကြောင်းသိရှိရပါသည်။

ကမ္ဘာ့ဘဏ်၏ စစ်တမ်းတွင် ၁၉၉၉ မှ ၂၀၁၁ အတွင်း ပို့ကုန်ပမာဏတိုးတက်လာခြင်းကြောင့် Informal မှ Formal စီးပွားရေးကဏ္ဍသို့ အလုပ်အကိုင်ပေါင်း ၈၀၀၀၀၀ ခန့်ရွှေ့ပြောင်းရောက်ရှိလာပြီး ယင်းသည် လုပ်သားအင်အား၏ သုည ဒသမ ၈ ရာခိုင်နှုန်းကို ကိုယ်စားပြုနေကြောင်း၊ အဆိုပါစစ်တမ်းအရ ပို့ကုန်တိုးလာခြင်းသည် အလုပ်အကိုင်ရရှိမှုပိုများလာသည်ဟု သေချာပေါက် မဆိုနိုင်သော်လည်း အစိုးရအနေဖြင့် ကုန်သွယ်မှုအကျိုး ကျေးဇူးကို အမြင့်ဆုံးအခြေအနေအထိ ခံစားရရှိရန်အတွက် အစိုးရများအနေဖြင့် မူဝါဒပိုမိုကောင်းမွန်ရေး အလေးထားဆောင်ရွက်ရန်လိုအပ်သည်ဟု ဆိုထားကြောင်း၊ သို့ဖြစ်၍ သင့်တင့်ကောင်းမွန်သည့် မူဝါဒများနှင့်အတူ ပို့ကုန်ဦးစားပေး အစီအစဉ်များ ပိုမိုဖော်ဆောင်ခြင်းဖြင့် ကုန်သွယ်မှုကဏ္ဍရှိ အလုပ်သမားများ အကျိုးခံစားခွင့်ကို အားပေးမြှင့်တင်လာနိုင်ပြီး၊ ထိုမှတစ်ဆင့် ပိုမိုပျံ့နှံ့ရောက်ရှိကာ လူမှုရေး၊ ပညာရေး အားနည်းသူများကိုပါ အကျိုးကျေးဇူးခံစားရရှိစေအောင် အိန္ဒိယအနေဖြင့် ဆောင်ရွက်နိုင်သည်ဟု ပညာရှင်များက သုံးသပ်ရေးသားထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ဩစတြေးလျ Myer ကုန်တိုက်များက အက်ပဲထုတ်ကုန်များကို အရောင်းရပ်



အမြတ်အစွန်းများသော အမယ်များကိုသာ အလေးပေး၍ အရှိန်မြှင့်ဆောင်ရွက်လျက်ရှိသည့်အတွက် အမြတ်အစွန်းမရှိသည့် အက်ပဲကုမ္ပဏီထုတ်ကုန်များကို ဩစတြေးလျနိုင်ငံ၏ အကြီးမားဆုံးကုန်တိုက်ကြီး မိုင်ယာ (Myer) က အရောင်းရပ်ဆိုင်းတော့မှာ ဖြစ်ကြောင်း မတ်လ ၂၂ ရက်က မိုင်ယာဦးပိုင်ကုမ္ပဏီ (Myer Holdings) ၏ပြောကြားချက်ကို ကိုးကား၍ ရိုက်တာသတင်းတွင် ဖော်ပြသည်။

အက်ပဲဖုန်းများမှာ ဈေးနှုန်းမြင့်မားမှုကြောင့် အဝေဖန်ခံနေရပြီး အိုင်ဖုန်းများ၏ ဝယ်လိုအားမှာ ကျဆင်းလျက်ရှိသည်။ တစ်စိတ်တစ်ပိုင်းအားဖြင့် အမေရိကန်ပြည်ထောင်စုနှင့် ကုန်သွယ်ရေး အငြင်းပွားသည့်ရလဒ်အဖြစ် ကမ္ဘာ့အကြီးဆုံး စမတ်ဖုန်းဈေးကွက်ဖြစ်သော တရုတ်ဈေးကွက်တွင် စမတ်ဖုန်းဝယ်လိုအားမှာ သိသိသာသာ ကျဆင်းခဲ့သည်။

ကုန်တိုက်ကြီးများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများက အွန်လိုင်းလက်လီလုပ်ငန်းများနှင့် ယှဉ်ပြိုင်နိုင်ရေးအတွက် လုပ်ငန်းဖွဲ့စည်းဆောင်ရွက်မှုများကို ပြုပြင် ပြောင်းလဲနေရသည့်အတွက် ယခုကဲ့သို့ဆုံးဖြတ်ခဲ့ရခြင်းဖြစ်သည်။ ယခုဆုံးဖြတ်ချက်အရ အက်ပဲထုတ်ကုန်များကို သိုလှောင်ထားပြီး အွန်လိုင်းမှ ရောင်းချနေသော ကုန်တိုက် ၁၆ ခုတွင် ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်သွားမည် ဖြစ်သည်။

မိုင်ယာသည် ဩစတြေးလျနိုင်ငံ၌ ရွှေတူးဖော်ရေးလုပ်ငန်းများ ထွန်းကားချိန် လွန်ခဲ့သောနှစ် ၁၀၀ ကျော်ကတည်းက တည်ထောင်ခဲ့သော ကုမ္ပဏီဖြစ်ပြီး ကုန်ကျစရိတ်များကို လျှော့ချပြီး အွန်လိုင်း ရောင်းချမှုများကို တိုးမြှင့်ဆောင်ရွက်ခဲ့သဖြင့် ဇန်နဝါရီပထမလဝက်တွင် အမြတ်အစွန်း အနည်းငယ်မြင့်တက်ခဲ့သည်။

“မိုင်ရာက အမြတ်မထွက်တဲ့ လုပ်ငန်းတွေကို မဆောင်ရွက်တော့ဘဲ ကုမ္ပဏီနဲ့ ရှယ်ယာရှင်တွေရဲ့ အကျိုးစီးပွားအတွက် သယ်ပိုးနိုင်တဲ့ အခြေအနေကိုမရှိတဲ့အတွက် ဒီဆုံးဖြတ်ချက်ကိုချခဲ့တယ်ဆိုတာ သိသာပါတယ်” ဟု ကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူက ရိုက်တာသတင်းဌာနကိုပြောသည်။

“ကျွန်တော်တို့ရဲ့ ကုန်တိုက်တွေရဲ့ နေရာကို အသုံးပြုရာမှာ ကုမ္ပဏီအတွက် အထိရောက်ဆုံးဖြစ်အောင် ဆောင်ရွက်တယ်ဆိုတာကို ပြချင်လို့ ဒီဆုံးဖြတ်ချက်ကို ချခဲ့တာဖြစ်ပါတယ်” ဟု သူက ထပ်လောင်းပြောကြားသည်။

ဇန်နဝါရီ ၂၆ ရက်အထိ ခြောက်လတာကာလအတွင်း မိုင်ယာ၏အမြတ်ငွေမှာ ဩစတြေးလျဒေါ်လာ ၃၈ ဒသမ ၄ သန်း (အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၂ သန်း) ရှိခဲ့ပြီး ယခင်နှစ် အလားတူ ကာလက ဩစတြေးလျ ဒေါ်လာ ၄၇၆ ဒသမ ၂ သန်း အရှုံးပေါ်ခဲ့သည်။

# တရုတ်-အမေရိကန် ကုန်သွယ်ရေးစစ်ပွဲနှင့် တရုတ်စီးပွားရေးနေးကွေးမှု ဆက်လက်ရှည်ကြာနေဦးမည်ဟု ဂျပန်ကုမ္ပဏီတို့ ယုံကြည်

အမေရိကန်နှင့် တရုတ်နိုင်ငံတို့၏ ကုန်သွယ်ရေး သဘောထား ကွဲလွဲမှုက အနည်းဆုံး ယခုနှစ်အကုန်အထိ ဆက်လက်တည်ရှိနေဦးမည်ဖြစ်ကြောင်း၊ ဂျပန်ကုမ္ပဏီလေးခုအနက် သုံးခုက ယုံကြည်လျက်ရှိရာ စီးပွားရေးကို ဖျက်ဆီးလျက်ရှိသော ကုန်သွယ်မှုစစ်ပွဲကို အဆုံးသတ်ရန် သမ္မတ ဒေါ်နယ်ထရမ့်နှင့် ရှီကျင့်ဖျင်တို့ မကြာမီ ကုန်သွယ်ရေး သဘောတူညီရတော့မည်ဟူသော ဈေးကွက်၏ ယုံကြည်ချက်နှင့် အကြီးအကျယ်ဆန့်ကျင်လျက်ရှိနေသည်ကို ရိုက်တာသတင်းဌာနက ပြုလုပ်သော စစ်တမ်းအရ သိရသည်။

တရုတ်နိုင်ငံ၏ စီးပွားရေး တိုးတက်နှုန်းနှေးကွေးမှုကလည်း ယခုနှစ်ကုန်ပိုင်းအထိ ဆက်လက်တည်တံ့နေဦးမည်ဟု ဂျပန်ကုမ္ပဏီ ၁၀ ခုအနက် ကိုးခုက ယုံကြည်နေကြောင်း၊ ကမ္ဘာတွင် ဒုတိယနေရာတွင် ရှိနေသော တရုတ်နိုင်ငံ၏ စီးပွားရေးမှာ ၂၀၂၀ပြည့်နှစ်အလွန်အထိ ဆက်လက် နှေးကွေးသွားလိမ့်မည်ဟု ထက်ဝက်ကျော်က ခန့်မှန်းထားကြောင်း လစဉ်ထုတ်ပြန်သော ရိုက်တာကော်ပိုရိတ်စစ်တမ်းအရ သိရသည်။

ဝန်ကြီးချုပ်ရှင်ဇိုအာဘေး၏ စီးပွားရေးလှုံ့ဆော်မှု အစီအစဉ် များကြောင့် ဂျပန်နိုင်ငံ၏စီးပွားရေးတိုးတက်မှုသည် အထူးသဖြင့် တရုတ်နိုင်ငံအပါအဝင် အဓိကဈေးကွက်များတွင် ပို့ကုန်ဝယ်လိုအား ကျဆင်းမှုကို အံတုကာ ဒုတိယကမ္ဘာစစ်ကာလနောက်ပိုင်း အရှည်ကြာဆုံးအဖြစ် ရပ်တည်ခဲ့သည်။

ဂျပန်နိုင်ငံ၏ အဓိကပို့ကုန်ဈေးကွက်များတွင် ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံများ၏ ပဋိပက္ခက ကမ္ဘာ့ကုန်သွယ်မှုကို အဟန့်အတား ဖြစ်စေခဲ့ပြီး ပို့ကုန်ကို မှီခိုနေရသည့် ဂျပန်စီးပွားရေးကို ထိုးနှက်ခဲ့သည်။ ဂျပန်ကုန်ထုတ်လုပ်သူများသည် သူတို့ထုတ်ကုန်များကို ရောင်းချရေးအတွက် တရုတ်ဈေးကွက်ကို အများအပြား မှီခိုနေရရာ ထိုအထဲတွင် အထူးသဖြင့် တရုတ်စက်ရုံများအတွက် စက်ကိရိယာ အစိတ်အပိုင်း ထုတ်လုပ်သူများနှင့် လောင်စာဆီတင်ပို့သူများ ပါဝင်လျက်ရှိသည်။



# ဇီဝဓာတ်ငွေ့ကိုသုံးသည့် ဟိုက်ဒရိုဂျင် ရောင်းချရေးဆိုင်များ ထူထောင်ရန် တောင်ကိုရီးယားက ဝမ်ဆယ်ဘီလီယံခန့်သုံးမည်

ဇီဝဓာတ်ငွေ့ကို အသုံးပြုသော ဟိုက်ဒရိုဂျင် ဓာတ်အားဖြည့်ဆိုင်များ တည်ဆောက်ရန်အတွက် လာမည့်သုံးနှစ်အတွင်း ဝမ် ၉ ဒသမ ၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၈ ဒသမ ၄ သန်း) ရင်းနှီးမြှုပ်နှံသွားမည်ဟု တောင်ကိုရီးယားစက်မှုဝန်ကြီးဌာနက မတ်လ ၂၂ ရက်က ပြောကြောင်း ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။

ယခုစီမံကိန်းသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ ယာဉ်နှင့် နေ့စဉ်သုံးကိစ္စများအတွက် အဓိက အရင်းအမြစ်အဖြစ် ဟိုက်ဒရိုဂျင် ဓာတ်ငွေ့ အသုံးပြုသည့် လူ့အဖွဲ့အစည်းထူထောင်ရေး အစိုးရ၏ ရည်မှန်းချက်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ကုန်သွယ်ရေး၊ စက်မှုလုပ်ငန်းနှင့် စွမ်းအင်ဝန်ကြီးဌာနက ပြောသည်။

စီမံကိန်းကို ဆောင်ရွက်ရာတွင် အော်ဂဲနစ်ကုန်ကြမ်းများမှ ရရှိပြီး အသုံးမပြုသော ဇီဝဓာတ်ငွေ့မှ ဟိုက်ဒရိုဂျင် ထုတ်လုပ်မည့် နည်းပညာ ဖွံ့ဖြိုးရေးကို အဓိကထား ဆောင်ရွက်သွားမည် ဖြစ်သည်။ ထို့ပြင် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးသည့် ဟိုက်ဒရိုဂျင် လျှပ်စစ်လောင်စာခဲသုံး ဘတ်စကားများအတွက် ဓာတ်အားဖြည့် ဆိုင်များကို တည်ဆောက်ပေးသွားမည်ဖြစ်သည်။

ဇီဝဓာတ်ငွေ့များကို ဖြန့်ဖြူးပေးခြင်းဖြင့် အထောက်အကူပေးကြရန် ဝန်ကြီးဌာနက ပြည်နယ်အစိုးရများကို ပန်ကြားထားသည်။

လောလောဆယ်တွင် အသုံးပြုနိုင်ခြင်းမရှိသေးသည့် ဇီဝဓာတ်ငွေ့ကို အသုံးပြုနိုင်သည့်အတွက် စီမံကိန်းမှာ ထူးခြားသော စီမံကိန်းတစ်ခုဖြစ်ပြီး ဟိုက်ဒရိုဂျင်နှင့်ဆိုင်သော နည်းပညာများကို တိုးတက်အောင်ဆောင်ရွက်ရာတွင် အထောက်အကူပေးနိုင်မှု ဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောသည်။

တောင်ကိုရီးယားနိုင်ငံတွင် နှစ်စဉ်ထုတ်လုပ်လျက်ရှိသော ဇီဝဓာတ်ငွေ့၏ ၈၀ ရာခိုင်နှုန်းကိုသာ အသုံးပြုနိုင်သေးသည်။ ၂၀ ရာခိုင်နှုန်းကိုမူ စွန့်ပစ်လျက်ရှိသည်။ စွန့်ပစ်သော ဟိုက်ဒရိုဂျင် ပမာဏမှာ တန်ချိန် ၁၃၈၀ ရှိပြီး ဟိုက်ဒရိုဂျင်သုံး ဘတ်စကားစင်းရေ ၅၅၂၀၀ အတွက် အသုံးပြုနိုင်သည်။

# အီးယူက 5G ကွန်ရက်ကြောင့် ဖြစ်လာမည့် ဆုံးရှုံးနိုင်ခြေများကို စောင့်ကြပ်သွားမည်

ဥရောပကော်မရှင်(အီးယူ)သည် 5G ကွန်ရက်များကြောင့် ဖြစ်ပေါ်နိုင်ဖွယ်ရှိသည့် ဆိုင်ဘာလုံခြုံရေးအန္တရာယ်များကို ဖြေရှင်းနိုင်မည့် ဒေတာအချက်အလက်များကို မျှဝေသွားကြရန် အီးယူအဖွဲ့ဝင်နိုင်ငံများအား လာမည့် သီတင်းပတ်တွင် တိုက်တွန်းသွားမည်ဖြစ်ကြောင်း ချန်နယ်နယူးအေရှသတင်းတွင် ဖော်ပြသည်။ သို့ရာတွင် ဟွာဝေးနည်းပညာများနှင့် ပတ်သက်၍ အမေရိကန်အစိုးရ၏ တိုက်တွန်းချက်ကို လစ်လျူရှုသွားမည်ဖြစ်ကြောင်း ထိုကိစ္စနှင့်နီးစပ်သူ လေးဦးက မတ် လ ၂၂ ရက်က ပြောသည်။

ထိုကိစ္စနှင့် ပတ်သက်သော ထောက်ခံတင်ပြချက်များကို ဥရောပဒစ်ဂျစ်တယ်အကြီးအကဲ အန်းဒရပ် အန်းစစ်က မတ်လ ၂၃ ရက်တွင် တင်ပြမည်။ လမ်းညွှန်ချက်များက ဥပဒေကြောင်းအရ လွှမ်းမိုးမှုမရှိသော်လည်း နိုင်ငံရေးအရလွှမ်းမိုးနိုင်မှုရှိသဖြင့် နောက်ဆုံးတွင် အီးယူနိုင်ငံများ၌ အမျိုးသားဥပဒေအဖြစ် ပြဋ္ဌာန်းလာနိုင်ဖွယ်ရှိသည်။

တရုတ်အစိုးရက သူလျှိုလုပ်ငန်းအတွက် 5G ကိရိယာကို အသုံးပြုလာဖွယ်ရှိသည်ဟူသော အကြောင်းပြချက်ဖြင့် ဟွာဝေးအသုံးပြုခြင်းကို ပိတ်ပင်ကြရန် အမေရိကန်ပြည်ထောင်စုက ဥရောပနိုင်ငံများကို တိုက်တွန်းလျက်ရှိသည်။ စွပ်စွဲချက်များကို ဟွာဝေးက ပြင်းပြင်းထန်ထန် ကန့်ကွက်ပြီး ထိုကိစ္စအတွက် အမေရိကန်အစိုးရကို ယခုလစောစောပိုင်းက တရားစွဲခဲ့သည်။

ဆိုင်ဘာ လုံခြုံရေးအက်ဥပဒေကို ၂၀၁၆ ခုနှစ်ကအတည်ပြုခဲ့ပြီး မကြာသေးမီက ပြဋ္ဌာန်းထားပြီး ဖြစ်ရာ ထိုဥပဒေတွင်ပါဝင်သည့် ဆက်သွယ်ရေးကွန်ရက်နှင့် သတင်းအချက်အလက်စနစ်၏ လုံခြုံမှုဆိုင်ရာ အီးယူ၏ ညွှန်ကြားချက်အရ ဤကိရိယာများကို အသုံးပြုရန် အီးယူနိုင်ငံများကို အန်းစစ်က ပြောကြားသွားလိမ့်မည်ဖြစ်ကြောင်း ထိုပုဂ္ဂိုလ်များကပြောသည်။

အဖွဲ့ဝင်နိုင်ငံများသည် လုံခြုံရေးအန္တရာယ်ဆိုင်ရာ လေ့လာ အကဲဖြတ်ချက်ကိစ္စများနှင့် အင်တာနက်ကိရိယာများနှင့် 5G ကိရိယာများအတွက် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရေးကိစ္စများအတွက် သတင်းအချက်အလက်များကို မျှဝေပြီး ပေါင်းစပ်ညှိနှိုင်းသွားကြမည်ဖြစ်ကြောင်း သိရသည်။

စံမီအောင် စုစည်းသည်










Since 2009

## THAN LAR MON TRADING CO., LTD

Yangon Office

No.141-149, 8th Floor, RoomNo.906,
Bargayar Street, Bargayar Condo,
Sanchaung Tsp., Yangon, Myanmar.
Tel: (95)1 538902, 523369, 528047
Hp: (95)9 5117331, 09 785117331,
09 965117331
Fax: (95)1 523369
Email: theinhsu.tlm@gmail.com

Monywa Office

No. (4/1), Nyaung Yeik Thar St., Monywa (South) Qtr, Monywa, Sagaing Region, Myanmar.
Hp: (95)9 2130223, 09 962130223



### Types of Export Beans and Pulses From TLM Company




✓ Superior Quality & Fair Price

**TLM GROUPS**

Hsu Myanmar Trading Co.,Ltd

Pulses Top Trading Co.,Ltd

ZMM International Trading Co.,Ltd

Royal Pulses Trading Co.,Ltd


CHERRY OO
နှစ်သစ်ကူးသို့ ရက်ပေါင်း (၄၀)
ချယ်ရီဦး နှင့်အတူ လှူဒါန်းမယ်
နာရီတစ်လုံး ဝယ်ယူသူတိုင်း
10% Discount ရယူပြီး
1% လှူဒါန်းမယ်
Promotion Period
( 1-3-2019 ~ 12-4-2019 )
https://www.facebook.com/cherryoowatchgallery
Contact : 09 730 222 48, 09 451 522 228

ရန်ကုန်တာယာစက်ရုံ
YANGON TYRE
YANGON TYRE
AG - 357
9-5-24 (8PR)
12-4-24 (8PR)
12-4-24 (12 PR)
ယုံကြည်စိတ်ချသုံးစွဲပါ
"ရန်ကုန်တာယာ"
လယ်ယာသုံးထွန်စက်ကြီးများရှေ့ဘီးတွင်
တပ်ဆင်သုံးစွဲရန်အထူးထုတ်လုပ်ထားပါသည်။
Ph : 09794444487

COMMERCE INTERNATIONAL

# ဟောင်ကောင်အစိုးရမှ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများမှ သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်သူများခေါ်ယူရန် စဉ်းစားသွားမည်

ဟောင်ကောင်အစိုးရမှ အစိုးရအထောက်အပံ့ဖြင့် ဖွင့်လှစ်ထားသော ဘိုးဘွားရိပ်သာများ (elderly care homes) တွင် သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်သူများ (care workers)မလုံလောက်မှုကိုဖြေရှင်းရန် မြန်မာနိုင်ငံ အပါအဝင် အရှေ့တောင်အာရှနိုင်ငံများမှ နိုင်ငံခြားလုပ်သားများခေါ်ယူရန် စဉ်းစားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ပြီးခဲ့သည့် သုတေသနစစ်တမ်းအရ ၂၀၁၇ ခုနှစ်တွင် ဘိုးဘွားရိပ်သာများ၌ ပြုစုစောင့်ရှောက်သူများ၏ လစ်လပ်မှုနှုန်းမှာ ၁၈ ရာခိုင်နှုန်းရှိကြောင်း၊ အစိုးရအနေဖြင့် လေ့လာစစ်ဆေးမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ယခုနှစ်ကုန်တွင် ပြီးစီးမည်ခန့်မှန်းကြောင်း သိရှိရသည်။



လုပ်သားအင်အားပြတ်လပ်မှုကို မဖြေရှင်းနိုင်ပါက အစိုးရအနေဖြင့် နိုင်ငံခြားမှ အလုပ်သမားများအား ခေါ်ယူတင်သွင်းရန် အမြန်ဆုံးစဉ်းစားသွားမည်ဖြစ်ကြောင်း အမှုဆောင်ကောင်စီအဖွဲ့ဝင်နှင့် သက်ကြီးရွယ်အိုဆိုင်ရာ ကော်မရှင်ဥက္ကဋ္ဌဖြစ်သူ Mr. Lam Ching-choi က ပြောကြားခဲ့ပါသည်။ လက်ရှိလုပ်သားဖြည့်တင်းရေးစီမံချက်တွင် တရုတ်ပြည်မကြီးမှ လုပ်သားများအားပုဂ္ဂလိကပိုင် ဘိုးဘွားရိပ်သာများတွင်သာ ဖြည့်တင်းခွင့်ပြုထားပြီး အစိုးရဘိုးဘွားရိပ်သာများ မပါဝင်သေးကြောင်း၊ တရုတ်ပြည်မကြီး၏ အလုပ်သမားဈေးကွက်မှာလည်း ပိုမိုတင်းကျပ်လာသဖြင့် အစိုးရအနေဖြင့် ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများမှ သက်ကြီးရွယ်အိုစောင့်ရှောက်သူများအား ခေါ်ယူသွားမည်ဖြစ်ကြောင်း Mr. Lam က ပြောကြားခဲ့ပါသည်။

ယခုစီမံချက်သာ အတည်ပြုချက် ရရှိပါက ဘိုးဘွားရိပ်သာများအတွက် နှစ်စဉ်လုပ်သားအရေအတွက် ၁၀၀ ဦး မှ ၂၀၀ ဦးထိ ခေါ်ယူသွားမည်ဖြစ်ပြီး လစာမှာ တစ်လလျှင် ပျမ်းမျှဟောင်ကောင်ဒေါ်လာ ၁၃၀၀၀ ခန့်ဖြင့်ခန့်အပ်ရန် လျာထားကြောင်း၊ အဆိုပါ လစာနှုန်းကြောင့် အိမ်အကူ (Domestic helper) ဈေးကွက်နှင့် ယှဉ်ပြိုင်မှုဖြစ်လာမည်ကို အလုပ်ရှင်များမှ စိုးရိမ်လျက်ရှိကြောင်း၊ သို့သော်လည်း Mr. Lam အနေဖြင့် အိမ်အကူနှင့် သက်ကြီးရွယ်အို စောင့် ရှောက်သူများမှာ သီးခြားဈေးကွက်များဖြစ်သည်ဟု ယုံကြည်ပါကြောင်းလည်း ပြောကြားခဲ့သည်။

ဘိုးဘွားရိပ်သာများတွင် လုပ်ကိုင်လိုသူများအနေဖြင့် ဟောင်ကောင်၏ သင်တန်းပို့ချမှုတွင် ပါဝင်တက်ရောက်နိုင်ရန် ၎င်းတို့၏ မိခင်နိုင်ငံများတွင် သက်ကြီးရွယ်အိုများစောင့်ရှောက်ခြင်းနှင့် စပ်လျဉ်းသည့်သင်တန်း များတက်ရောက်ပြီး သူများဖြစ်ရန် လိုအပ်ကြောင်း၊ ယမန်နှစ်တွင် ဟောင်ကောင်၏ ဒေသတွင်းပြောင်းရွှေ့လုပ်သားဈေးကွက်မှ ဟောင်ကောင်စီးပွားရေးသို့ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၆ ဘီလီယံခန့်ပါဝင်၍ ဂျီဒီပီ၏ ၃ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ အာရှနိုင်ငံများမှ နိုင်ငံခြားသားလုပ်သားများမှ စင်ကာပူနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၂ ဘီလီယံနှင့် ဂျီဒီပီ၏ ၂ ဒသမ ၄ ရာခိုင်နှုန်းနှင့်မလေးရှားနိုင်ငံ၏ စီးပွားရေးတွင် အမေရိကန်ဒေါ်လာ ၉၀၀ သန်းနှင့် ဂျီဒီပီ၏ သုည ဒသမ ၃ ရာခိုင်နှုန်းပါဝင်ကြောင်း သိရှိရပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# ကျေးလက်စီးပွားရေးကို အားပေးမြှင့်တင်ရန်အတွက် အိန္ဒိယသို့ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၂၅၀ ကမ္ဘာ့ဘဏ်ထောက်ပံ့မည်

အိန္ဒိယနိုင်ငံရှိ ကျေးလက်အိမ်ထောင်စုများရှိ အမျိုးသမီးများအား အထောက်အကူပြုစေရေး စိုက်ပျိုးမွေးမြူရေးထွက်ကုန်များနှင့် အခြားထွက်ကုန်များဆိုင်ရာ အလားအလာကောင်းသည့် စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာရန် ရည်ရွယ်ဖော်ဆောင်မည့် National Rural Economic Transformation Project (NRETP) စီမံကိန်းအတွက် ချေးငွေ အမေရိကန် ဒေါ်လာ သန်း ၂၅၀ ကို ကမ္ဘာ့ဘဏ်က ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ အဆိုပါ ချေးငွေ၏ သက်တမ်းမှာငါးနှစ်ဖြစ်ပြီး ဆိုင်းငံ့ကာလ ငါးနှစ်သက်တမ်း ပါဝင်ကြောင်း သိရှိရပါသည်။



လက်ရှိတွင် အိန္ဒိယအစိုးရသည် NRLP အစီအစဉ်ကို နိုင်ငံတစ်ဝန်းရှိ ပြည်နယ် ၁၃ ပြည်နယ်၊ ခရိုင် ၁၆၂ ခု နှင့် ရပ်ကွက်ပေါင်း ၅၇၅ ခုတို့၌ ဖော် ဆောင်နေပြီး၊ နွမ်းပါးသည့် ကျေးလက် အိမ်ထောင်စုများမှ အမျိုးသမီး ၈ ဒသမ ၈ သန်းကျော်အား ကိုယ်ထူကိုယ်ထ အစုအဖွဲ့ ၇ ဒသမ ၅ သိန်းအဖြစ် စုဖွဲ့ပေးကာ လုပ်ငန်းများ ဆောင်ရွက်စေလျက်ရှိကြောင်း၊ ယင်းစီမံကိန်း၏ ဦးစားပေးလုပ်ငန်းစဉ်မှာ တန်ဖိုး ကွင်းဆက်တစ်ခုလုံး၌ အမျိုးသမီးပိုင်/ အမျိုးသမီးဦးဆောင်သည့် စိုက်ပျိုးမွေးမြူရေးနှင့် အခြားလုပ်ငန်းများကို အားပေးမြှင့်တင်ရန်နှင့် ငွေကြေး၊ ဈေးကွက်၊ ကွန်ရက်များ တိုးပွားလာစေပြီး ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်လာနိုင် စေရန်သာမက အလုပ်အကိုင်များပါ ပိုမိုဖန်တီးပေးလာနိုင်ရန် ရည်ရွယ်ဖော်ဆောင်နေခြင်း ဖြစ်ကြောင်း၊ ယခုချေးငွေဖြင့် ယခင်ဆောင်ရွက်နေသည့် ဒေသများရှိအစုအဖွဲ့များအား ဆက်လက်ထောက်ပံ့ပေးမည့်အပြင် အဆိုပါပြည်နယ်များအတွင်းရှိ ခရိုင် ၁၂၅ ခုတွင်လည်း ထပ်တိုးဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ်က စတင်ခဲ့သည့် NRLM အစီအစဉ်သည် ကိုယ်ထူကိုယ်ထအသင်းများနှင့် အခြားအဆင့်မြင့်သည့် အဖွဲ့အစည်းများသို့ ကျေးလက်နေနွမ်းပါးသည့် အမျိုးသမီး သန်း ၅၀ အထိ စုစည်းဝင်ရောက်စေပြီး စီးပွားရေးလုပ်ငန်းများ၌ ပါဝင်/ ဦးဆောင်လုပ်ကိုင်လာနိုင်စေရေး ရည်မှန်းဖော်ဆောင်နေကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ဟောင်ကောင်၏ အနိမ့်ဆုံး လုပ်ခလစာနှုန်း တိုးမြှင့်သတ်မှတ်

ဟောင်ကောင်၏ အနိမ့်ဆုံးလုပ်ခလစာမှာ လက်ရှိသတ်မှတ်ထားသည့် တစ်နာရီလျှင် ဟောင်ကောင်ဒေါ်လာ ၃၄ ဒသမ ၅၀ မှ ဟောင်ကောင်ဒေါ်လာ ၃၇ ဒသမ ၅ ထိ ၈ ဒသမ ၇ ရာခိုင်နှုန်း တိုးမြှင့်သတ်မှတ်မည်ဖြစ်ကြောင်း၊ အနိမ့်ဆုံး လုပ်ခလစာတိုးမြှင့်မှုနှုန်းမှာငွေကြေးဖောင်းပွမှုနှုန်းထက် ပိုမိုမြင့်မားမည်ဖြစ်ကြောင်း၊ အလုပ်သမားနှင့် လူဝင်မှုကြီးကြပ်ရေးဌာန ဝန်ကြီး Mr. Law Chi-wong ကပြောကြားခဲ့သည်။ ဥပဒေပြုကောင်စီမှလည်း တိုးမြှင့်မှုကိုအတည်ပြုခဲ့ပြီး လာမည့် မေလ ၁ ရက် တွင် စတင်အကျိုးဝင်မည်ဖြစ်ကြောင်း၊ လုပ်ခလစာ တိုးမြှင့်မှုနှုန်းမှာ လွန်ခဲ့သည့် ၂ နှစ်၏ ငွေကြေးဖောင်းပွမှုနှုန်းအပေါ် အခြေခံ၍ တွက်ချက်မှုအရ ၅ ရာခိုင်နှုန်းအောက် လျော့နည်းသည့် အတွက် ငွေကြေးဖောင်းပွမှုနှုန်းထက် ပိုများကြောင်း၊ အခြေခံလူတန်းစား များအတွက် စီးပွားရေးဖွံ့ဖြိုးတက်မှုမှ အကျိုးကျေးဇူးရရှိခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

သို့ရာတွင် ယမန်နှစ် မေလတွင်ကောက်ယူခဲ့သည့် အနည်းဆုံးလုပ်ခလစာတိုးမြှင့်မှုနှုန်းနှင့် ဝင်ငွေနည်း အခြေခံလူတန်းစားများဝယ်ယူသည့် စားသုံး ကုန်စည်များ၏ ဈေးနှုန်းတိုးတက်မှုနှုန်း ကိုနှိုင်းယှဉ်လေ့လာမှုစစ်တမ်းအရ စားသုံးကုန်စည်များ၏ ဈေးနှုန်းမြင့်တက်မှုမှာ အနည်းဆုံးလုပ်ခလစာမြင့်တက်မှုနှုန်းထက် သုည ဒသမ ၁ ရာခိုင်နှုန်းမြင့်မားနေသည့်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးကျေးဇူးအား အခြေခံလူတန်းစားများ မခံစားကြရကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

**Be green, Keep our planet clean**
**စိမ်းလန်းလှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကိုစောင့်ရှောက်စို့။**